


Generated by CamScanner from intsig.com

## စာဖတ်သူမိတ်ဆွေ

ဖြစ်နိုင်လျှင် ဝတ္ထုရှည်စာပေ၌ မလိုအပ်လျှင် အမှာစာမရေးတာ အကောင်းဆုံး ဖြစ်ပါသည်။

ယခုမူ ကျွန်တော်က လိုအပ်မည်ထင်၍ အမှာစာ ရေးလိုက်ပါသည်။

သို့သော် ဖြစ်နိုင်လျှင် အမှာစာကိုကျော်၍ ဝတ္ထုကိုသာဖတ်ကြပါ။ အကယ်၍ ဝတ္ထုဖတ်ပြီးမှ မိမိသိလိုသော မိမိစိတ်၌ မိုးလိုခုလု ဖြစ်နေသော အချက်ရှိပါမှ . . .

အမှာစာကို ပြန်၍ဖတ်ချင်ဖတ်ကြပါကုန်။

သုမောင်

* * *

ကျွန်တော်နှင့်ဆိုလျှင် ဦးလေးအရွယ်တိုင်နေပြီဖြစ်သဖြင့် 'ဦးလေးကိုတင်အောင်'ဟု ကျွန်တော်ကခေါ်သော 'ဆရာဖန်းမော်တင်အောင်'သည် သူ ကျွန်တော့်အရွယ်ကရေးခဲ့သော 'ဘုန်းမောင်တစ်ယောက်ထဲရယ်' ဝတ္ထုကို စတုတ္ထအကြိမ် ပြန်လည်ရိုက်နှိပ်ခြင်းအတွက် အမှာစာရေးသားရာတွင် . . . . . . .

'သို့ရာတွင် ငယ်စဉ်ကစိတ်လိုက်မာန်ပါ ရေးချခဲ့သော မိမိ၏ရေးဟန်နှင့် ရေးနည်းတို့ကိုမူကား အနည်းငယ်တော့ ပြုပြင်မိပေသည်'ဟု ဝန်ခံပါရှိလေသည်၊

Generated by CamScanner from intsig.com

နောင်တစ်ချိန်ချိန်တွင် ကျွန်တော်သည် ကျွန်တော်၏ 'အချစ်' ရှိ သော ဤဝတ္ထုလေးကို ပြန်လည်ဖတ်မိကောင်း ဖတ်မိပါလိမ့်မည်၊

ပြုံးမိမည်လားတော့ ကျွန်တော်မသိ။

သုမောင် ♥ အချစ်

အထက်ဖော်ပြပါ အမှာစာသည် ၁၉၇၃ ခုနှစ်က ဤ 'အချစ်' အမည်ရှိသော ဝတ္ထုကို ကျွန်တော်ရေးသားစဉ်က ရေးခဲ့သော အမှာစာဖြစ်ပါ သည်။

ဖော်ပြပါအတိုင်းပင်၊ ဆရာကြီးဇန်းမော်တင်အောင်သည် သူ၏ **'ဘုန်းမောင်တစ်ယောက်ထဲရယ်'** ဝတ္ထုကို သူငယ်စဉ်က ရေးခဲ့ပြီး၊ ဒုတိယ အကြိမ် ပြန်ထုတ်ဝေသောကာလ၊ သူ့အရွယ် ရင့်ကျက်လာသောကာလ၌ မိမိဟာသာ ပြန်ဖတ်သောအခါ **'အနည်းငယ်မျှ ပြုံးမိပေသည်'** ဟု ပညာသား ပါပါ အမှာရေးခဲ့ပါသည်။

ကျွန်တော်သည်ကား ဤ **'အချစ်'** အမည်ရှိ ဝတ္ထုကိုဒုတိယအကြိမ် (၁၉၇၇)က ပြန်လည်ပုံနှိပ်ရာတွင် မိမိဟာသာပြန်ဖတ်သောအခါ မပြုံးမိ မိမိဟာသာနှစ်သက်မြဲပင် ရှိခဲ့ပါသည်။ ထိုစဉ်က ကျွန်တော့်အသက်ကလည်း နှစ်ဆယ့်ငါး (၂၅)နှစ်မျှသာ ရှိပေသေးရာ ယင်းအရေးအသွဲ့မျိုးကို လက် လွှတ်ချင်တတ်သေးကြောင်း ဝန်ခံရပေမည်။

မိမိ၏ပထမဆုံး လုံးချင်းဝတ္ထုလည်းဖြစ်. .ရေးစဉ်ကာလကလည်း အသက် (၂၀)ကျော်မျှသာ ရှိသေးသည်လည်းတစ်ကြောင်း၊ တစ်အုပ်တည်း နှင့် အောင်မြင်ကျော်ကြားခဲ့သော ဝတ္ထုဖြစ်သည်လည်း တစ်ကြောင်းကြောင့်

Generated by CamScanner from intsig.com

သာယာမိသည်လည်း ပါပါသည်။

မည်သို့ပင်ရှိစေ…ယခု တတိယအကြိမ် ပြန်လည်ထုတ်ဝေမည် ဆိုသောအခါ 'နွမ်ဂျာသိုင်း'ကို မေးရပါသည်။

"ဖြစ်ပါ့မလားဗျာ…လွန်ခဲ့တဲ့ (၂၅)နှစ်က အရေးအသားနဲ့… ဒီနေ့ စာဖတ်ပရိသတ်နဲ့…"

"ဖြစ်ပါတယ်ဗျာ…ဒီလောက်လဲ မစိုးရိမ်ပါနဲ့"

တကယ်တော့မူ အထက်ပါ မေးခွန်းကို မေးမိသည်ပင် မိမိကိုယ်ကို မလုံမလဲဖြစ်ခြင်းပင် မဟုတ်ပါလား။

ယခု မိမိအသက် (၄၅)နှစ် ရှိပေပြီ။ လွန်ခဲ့သော နှစ်ပေါင်း(၂၅)နှစ်က ဝတ္ထုအရေးအဖွဲ့အကြောင်းအရာကို မိမိဖာသာပင် ပရိသတ်နေရာမှနေ၍ ခံစားကြည့်သောအခါ ရှက်မိသည်တော့ အမှန်ဖြစ်ပါသည်။ သို့သော် ယနေ့ စာဖတ်ပရိသတ်လူငယ်များအနေနှင့်မူ နွမ်ဂျာသိုင်းပြောသလို သိပ်စိတ်မပူရဟုဆိုလျှင်တော့ ကံကောင်းသည်ပဲ ဆိုရပေမည်။

မည်သို့ပင်ရှိစေ မိမိသည် စာရေးလက်သင်ဘဝကတည်းက …. တစ်ခုံတစ်ရာသော အကျိုးကျေးဇူးမပါလျှင် ဘယ်တော့မှ စာရေးသူ မဟုတ်ခဲ့လေရာ…။

* * *

ဆရာ ဗန်းမော်တင်အောင်က သူ၏ 'ဘုန်းမောင်တစ်ယောက်ထဲရယ်'ကို အလွယ်ရသဖြင့် ပြန်ဖတ်သောအခါ အနည်းငယ်မျှပြုံးမိသည်ဆိုသော်လည်း ယနေ့တိုင် သက်ရှိထင်ရှားရှိနေသူ ဆရာ တက္ကသိုလ်ဘုန်းနိုင် ဆိုလျှင် ယင်း 'ဘုန်းမောင် တစ်ယောက်ထဲရယ်' ဝတ္ထုမှ ဇာတ်လိုက်

Generated by CamScanner from intsig.com

ဘုန်းနိုင်ကို အားကျလွန်းသဖြင့် သူ့ စာစရေးသောအခါ... ကလောင်အမည်ကိုပင် 'တက္ကသိုလ်ဘုန်းနိုင်'ဟု ခံယူခဲ့သည်ဟု ကြားဖူးပါသည်။

ထိုမျှလောက်အထိ ကျွန်တော် မရည်ရွယ်ခဲ့သော်လည်း ငယ်ငယ်တုန်းက ကျွန်တော်၏ အရေးအသားနှင့် အကြောင်းအရာရှာပုံကို ယနေ့လူငယ်များ အနည်းငယ်တီးခေါက်မိမည်ဆိုလျှင် ကျွန်တော် ဝမ်းသာရပေမည်သာ။

ကိုင်း...ယခု ကျွန်တော်၏ ပထမဆုံးလုံးချင်းဝတ္ထုကို ပြန်လည်ထုတ်ဝေလိုက်ပါပြီ။

စာအုပ်ဖြစ်ပေါ်လာ၍ ပရိသတ်လက်ထဲရောက်ပြီဆိုလျှင်ကျွန်တော်သည် ပြုံးရုံမျှသာမဟုတ် အားရပါးရ ရယ်မောမိလိမ့်မည် ထင်ပါသည်။

လူကြီးရှက်တော့ ရယ်သတဲ့။

သုမောင်

(၁၉၉၆)




Generated by CamScanner from intsig.com

၁။

ဟုတ်ပါသတဲ့လား။

သူတို့က ပြောကြသတဲ့လား။

"အချစ်"အကြောင်းကို သိကြတယ်

တဲ့လား။

ကျွန်တော်ကတော့ ဦးစားပေးလိုက်ပါ

တယ်။

ကဲ…"အချစ်"အကြောင်းသိတဲ့လူတွေက

Generated by CamScanner from intsig.com

ပြောကြပါလေ။

သိတဲ့လူတွေက ပြောပြကြတဲ့အခါ ကျွန်တော်က ငြိမ်ငြိမ်ကလေး နားထောင်ပါ့မယ်။

တကယ်ပြောတာ၊ ကျွန်တော်က မညာတတ်ပါဘူး။

ဒါပေမယ့်... 'အချစ်'အကြောင်း ဟုတ်ရင်ဟုတ်၊ မဟုတ်ရင်တော့ ကျွန်တော်က ''အာလူး''လို့ ခေါ်မယ်။

မှတ်ဖူး မှတ်ဖူး....။

အဲဒီ 'အချစ်'အကြောင်းမှတ်ဖူး။

အဲဒီ 'အချစ်'အကြောင်းကတော့ ပါးစပ်ပါတဲ့လူတိုင်း ပြောနေကြတာဘဲဟာ။ ဓါတ်ပြားအဟောင်းကြီးကို သူတို့က ဘာပြုလို့ ပြန်ပြီးလှဲ့ချင်နေကြပါသလဲ၊ ကျွန်တော်ကလဲ ဘာဖြစ်လို့ နားထောင်ချင်ရမှာလဲ။

အဲဒီ 'အချစ်'အကြောင်းဟာ ဘယ်လောက်များ ပျင်းဖို့ကောင်းလိုက်ပါ



Generated by CamScanner from intsig.com

မလဲ။ ပျင်းဖို့ကောင်းတဲ့အကြောင်း
တွေကိုမှ လူတွေက ပြောပြချင်နေကြ
တာ၊ ဘာဖြစ်လို့လဲမသိဘူး။
ပျင်းဖို့ကောင်းတဲ့အကြောင်းတွေကို
ဘယ်သူတွေကကော နားထောင်ကြမှာ
ပါတဲ့လဲ။
မှတ်ဖူးလေ…ကျွန်တော်ပြောတာက
အဲဒီ 'အချစ်'အကြောင်းမှ မှတ်ပဲ။
အင်းပေါ့…ကျွန်တော့်ရဲ့ 'အချစ်'
အကြောင်းကို ပြောပြကြရမှာပေါ့။
ကျွန်တော့်ရဲ့'အချစ်'အကြောင်းမှာဘဲ
ကျွန်တော်က မပျင်းမှာပေါ့။
ဘယ်သူဖြစ်ဖြစ် ကိုယ့်'အချစ်'
အကြောင်းကိုဘဲ စိတ်ဝင်စားကြတာ
ဘဲမှတ်လား။
မှတ်ဖူးလေ…'အချစ်'တစ်ခုစီဆိုတာ
'အချစ်'တစ်ယောက်စီလို့ ပြောတာ
ပါ။ အဲဒီ 'အချစ်'အကြောင်းမျိုးကို
ကျတော့ ဘယ်သူဖြစ်ဖြစ် စိတ်ဝင်စား
ကြမှာပေါ့။ မပျင်းဘူးပေါ့။



Generated by CamScanner from intsig.com

အဲဒီတော့ ကျွန်တော့်ကို ပြောပြချင်ကြရင် ကျွန်တော့်ရဲ့ 'အချစ်' အကြောင်းကိုပဲ ပြောပြကြပေါ့။

မသိကြပါဘူး မဟုတ်လား။

ဘယ်လိုလုပ်ပြီးတော့ကော သိကြမှာလဲ။ ကျွန်တော့်အချစ်အကြောင်းကို ကျွန်တော်ကဘဲ ပိုပြီး သိရမှာဘဲပေါ့။

ဟုတ်တယ်မှုတ်လား။

လူတွေဟာ တော်တော်ခက်ကြတယ်။ ဘာဖြစ်လို့ ဒီလောက်တောင် ပြောပြချင်နေကြတာလဲ။ သူတို့မသိဘဲနဲ့လဲ ပြောပြချင်နေတာဘဲ။

'အချစ်'အကြောင်းလို့ စကား စလိုက်တာနဲ့ "ဒို့သိပြီ"ပေါ့လေ။ သိလိုက်ကြတာပဲ။ ပြောမယ်လို့လဲ ပါးစပ်ပြင်ကြတော့တာပဲ။ တော်တော်ရိုပ္ပိုကောင်းတယ်။

ကျွန်တော်ကတော့ သူတို့က 'အချစ်' အကြောင်းပြောပြမယ် ပြင်ကတည်းက ရီချင်နေမိပြီ၊ သူတို့တော့ အညာခံ

ပြီလို့လေ။ ဟုတ်တယ် မှတ်လား။
သူတို့ တကယ်အညာခံကြရတယ်
မဟုတ်လား။
ကျွန်တော်က မေးတယ်။ 'အချစ်'
အကြောင်း ပြောပြကြမှာလားလို့၊
အဲဒီတော့ သူတို့က ပြောပြကြတယ်
လေ။
အင်းတဲ့။ 'အချစ်'ဆိုတာတဲ့။
ဘာတဲ့။ ညာတဲ့။ ဘာညာကွိကွနဲ့၊
မငိုနဲ့လေ၊ သူတို့က အဘည်ကြီးပြော
ကြတာ။ တကယ်တော့ ကျွန်တော်ရဲ့
'အချစ်'အကြောင်းဘဲဟာ။
အင်းလေ……။ ချစ်တဲ့အခါကျရင်
'အချစ်'လို့ခေါ်ရတယ်မှတ်လား။ အဲဒီ
'အချစ်'အကြောင်းကို ပြောတာ။
ကျွန်တော်က ချစ်လို့ 'အချစ်'လို့
ခေါ်တဲ့ 'အချစ်'အကြောင်းကို ပြော
တာ။ သူ့နာမည်က 'အချစ်'တဲ့။ ဒါပေ
မယ့် သူတို့ကို အပြစ်မတင်ပါဘူး
လေ။ သူတို့မသိရင် ကျွန်တော်ကပြော



Generated by CamScanner from intsig.com

ပြရမှာပေါ့။ 'အချစ်'ရဲ့ အကြောင်းကိုသိတဲ့ ကျွန်တော်က 'အချစ်' အကြောင်းပြောပြနေတဲ့အခါ အားလုံးက ငြိမ်ငြိမ်ကလေး နားထောင်ကြရမယ်။ မရိုရဘူး။ 'အချစ်'က ရိုစရာမှ ဟုတ်ပဲ။ 'အချစ်'က တကယ့်တကယ်တော့ သနားစရာဘဲ။ အဟုတ်ပြောတာပါ။ ကျွန်တော်က မညာတတ်ပါဘူး။ 'အချစ်'ဟာ ဘယ်လောက်သနားစရာ ကောင်းလိုက်သလဲဆိုတာ 'အချစ်'အကြောင်း ကျွန်တော်ပြောပြနေရင်းနဲ့ သိကြမှာပါ။

အို....ကျွန်တော်က မေ့သွားလို့ပါနော်။ 'အချစ်'အကြောင်းကို အစီအစဉ်လိုက်ပြောပြမှ နားထောင်ကောင်းမယ်မှတ်လား။ ကဲ.....

ကျွန်တော် အစကနေစပြီးပြောပြမယ်။ 'အချစ်'က လှတယ်။

သိတယ်မှတ်လား။

✻ ✻ ✻



Generated by CamScanner from intsig.com

## ၂။

'အချစ်'က ကျွန်တော့်ထက် ပိုပြီး ဉာဏ်ကောင်းတယ်။ 'အချစ်'က ဘုရားတရားလဲ ကြည်ညိုတယ်။

ပြီးတော့ကျတော့ ပြောရအုံးမယ်။ 'အချစ်'က ကျော်ဟိန်းနဲ့ ဇော်ဝမ်းကို ကြိုက်တယ်တဲ့။ မင်းမင်းလတ်နဲ့ ဇော်မင်းလေးကိုလဲ ကြိုက်တာဘဲတဲ့၊ ကျွန်တော့်ကိုလဲ ကြိုက်တာဘဲတဲ့၊ ဒါပေမယ့် သူတို့ကိုကြိုက်တာနဲ့ ကျွန်တော့်ကိုကြိုက်တာကတော့ ဘယ်တူမှာလဲ၊ သိတယ်မှတ်လား။

ဟိုးတစ်ခါတုန်းက 'အချစ်'ကို ကျွန်တော်က မေးတယ်။ နှသည်

ကြီးမင်းသားတွေ၊ အဆိုတော်တွေနဲ့ ကျွန်တော်နဲ့ ဘယ်သူ့ကို ဗိုပြီး ကြိုက်သလဲလို့။ ဒီတုန်းက 'အချစ်'က ရီတယ်။ 'အချစ်'က ကျွန်တော့်ကို စတာဘဲလေ။

"အက္ခရာစဉ်အတိုင်းကြိုက်တာပေါ့"တဲ့။

'အချစ်'ကျွန်တော့်ကိုခေါ်တဲ့အခါ "အောင်"လို့ ခေါ်တယ်မှတ်လား။ "အောင်"ဆိုတာ အက္ခရာနဲ့ဆိုရင် "အ"ပေါ့။ "အ"ဆိုတာ အက္ခရာစဉ်အတိုင်းဆိုရင် နောက်ဆုံးအက္ခရာမှတ်လား။ အဲ့တော့ ကျွန်တော့်ကို နောက်ဆုံးဘိတ်မှ ကြိုက်တယ်လို့ ပြောတာပေါ့။ 'အချစ်'က အပြောင်ပြောတာလေ။ သိတယ်မှတ်လား။ အင်းပေါ့ ချစ်လို့ စ,တာကို ပြောတာပေါ့။

မှတ်မိုးလေ။ ကျော်ဟိန်းဆိုတော့ "က"နဲ့စတာမှတ်လား။ ဇော်ဝမ်းနဲ့ ဇော်မင်းလေးက "ဇ"နဲ့ စတာမှတ်လား။ မင်းမင်းလတ်ကျတော့ "မ"လေ။ ကျွန်တော်ကျတော့ "အောင်"၊ အဲ့ဒီတော့ "အ"အက္ခရာတွေထဲမှာ နောက်ဆုံးဆိုတော့ ကျွန်တော့်ကို မကြိုက်ဆုံးလို့ 'အချစ်" ကျွန်တော့်ကို နောက်တာလေ။ အဲ့ဒါကိုပြောတာ။

ချစ်တဲ့အခါကျရင် တစ်ယောက်ကိုတစ်ယောက် စ,တတ်ကြတယ်နော်။ ပျော်စရာသိပ်ကောင်းတာဘဲ။ ဒါပေမယ့် အပြတမ်းတော့ မှတ်မိုး၊

ဘယ်အရာဘဲဖြစ်ဖြစ် အမြဲတမ်းဖြစ်နေရင် ပျင်းစရာကောင်းလာတတ်တာဘဲ မှတ်လား။ မှတ်မိုးလေ...ကျွန်တော်တို့က ချစ်သူတွေပေမယ့် အမြဲတမ်း ပျော်စရာကောင်းမနေချင်ကြဘူး။ တစ်ခါတလေ ဝမ်းနည်းချင်

ကြတယ်။ အဲဒီအခါမှာ စိတ်ကောက်ကြတယ်။ ပြီးတော့ ပြန်တည့်သွားကြတယ်။ စိတ်ကောက်ပြီးလို့ ပြန်တည့်ကြတာဟာ ပိုပြီးပျော်စရာကောင်းတယ်။ အဲ့ဒါ ဘာဖြစ်လို့လဲ မသိဘူးနော်။ ကျွန်တော်ကတော့ ပြောမပြတတ်ပါဘူး။

ဒါပေမယ့် 'အချစ်'ရှိဖူးကြပါသလား။ 'အချစ်'နဲ့ကော စိတ်ကောက်ဖူးကြပါသလား။

'အချစ်'ရှိဖူးကြရင် ဖက်ထားကြဖူးမှာပေါ့။ 'အချစ်'ကလေးတွေ ငိုကြတဲ့အခါ ချော့ဘူးကြပါသလား။ ပျော်နေကြတဲ့အချိန်မှာ 'အချစ်'ကို ဖက်ရတာနဲ့ ငိုနေတဲ့ 'အချစ်'ကို ချော့ရင်း ဖက်ရတာ ဘာဖြစ်လို့များမတူပါသလဲ။ ကျွန်တော်က မသိလို့မေးတာပါနော်။

'အချစ်'ရင်ခွင်ကြားထဲမှာ ခေါင်းမှီပြီး စိတ်ကောက်ရတဲ့အခါ 'အချစ်'က ဆံပင်ကို လက်နဲ့ပွတ်ပြီး ချော့တာခံရဘူးပါသလား။ အဲဒီခါ 'အချစ်'ရဲ့ချွေးနံ့ကလေးတွေက ဘာကြောင့်များ မွှေးနေတတ်ပါသလဲကွယ်။ ကျွန်တော်က ထင်တာကိုပြောတာပါ။ စိတ်မရှိပါနဲ့နော်။

အဲ့လိုမျိုးပေါ့။ 'အချစ်'နဲ့ ကျွန်တော်နဲ့လဲ စိတ်ကောက်ကြည့်တာဘဲ။ 'အချစ်'က ''အကျရာစဉ်အတိုင်းကြိုက်တာပေါ့''လို့ပြောပြီး ကျွန်တော့်ကို စ,တုန်းကလဲ ကျွန်တော်က သိသိကြီးနဲ့ စိတ်ကောက်လိုက်တာဘဲ။ အဲ့လိုဆိုရင် 'အချစ်'က ကျွန်တော့်ကို ချော့ရမယ်လေ၊ ဟုတ်တယ်မှုတ်လား။ 'အချစ်'ကလဲ ချော့တတ်ပါတယ်။

''သူ့စိတ်ကြီးဘဲ''



Generated by CamScanner from intsig.com

'အချစ်'က ကျွန်တော့်ပါးကို နမ်းတယ်။

''ကြည်စေ အေးစေနော်''တဲ့။

'အချစ်'က နဖူးကိုနမ်းတယ်။

နောက်ပြီးတော့ လည်ပင်း။

ပြီးတော့ နားရွက်၊ ပြီးတော့ မျက်စိ။

ပြီးတော့ နှာခေါင်း။

နောက်ဆုံးကျတော့ နှုတ်ခမ်း။

''ကြေပြီလား''တဲ့ 'အချစ်'က မေးတယ်။

''မေးချိမေးချိ''ကျွန်တော်က ချွဲပြလိုက်တယ်။

'အချစ်'က ကျွန်တော့်ရဲ့မေးစေ့ကို နမ်းတယ်။

ကျွန်တော့်နှာခေါင်းထဲက ထွက်သွားတဲ့လေတွေက 'အချစ်'ရဲ့မျက်တောင်ကလေးတွေကို ထိသွားတယ်ထင်တယ်။ ပုတ်ခတ်ပုတ်ခတ်နဲ့။

အော်...ကျွန်တော်က မေ့သွားလို့ပါနော်။

'အချစ်'နဲ့ ကျွန်တော်ရဲ့ ဇာတ်လမ်းအစကိုမှ ပြောမပြရသေးဘဲ။ ဟုတ်သားဘဲ။

မှတ်ဖူးလေ၊ ဇာတ်လမ်းအစဆိုတာ စ,ပြီးချစ်သွားကြတာကို ပြောတာမှတ်ပါဘူး။ စပြီး 'အသိ'ဖြစ်ကြတဲ့ ဟိုးအစကို ပြောတာပါ။ သိတယ်မှတ်လား။

အဲဒီတုန်းက ကျွန်တော်က နောက်ဆုံးနှစ်။

မှတ်ဖူးလေ၊ တက္ကသိုလ်က ဒဿနိကဗေဒဌာန နောက်ဆုံးနှစ်

ကျောင်းသားကျွန်ုပ်ပြောတာပါ။ ဒီကလေးဆောင်းဖွဲ့ကလေးနှင်းကြီးတော် တသင် ရှာသပ်မှတ်လေး။ ကျွန်တော်ပြောသောသက သဲနှီးရောက်ဆုံးနှစ်ကိုပြောတာ။ ဒါပေမယ့် တကျွှသိုလ်ကို ကျွန်တော်ရောက်တာ ငါးနှစ်ရှိပြီ။ ရှပ်ကုန် ပေလား။ မှတ်မှုလေး…ကျွန်တော်က ပထမနှစ်မှာတုန်းက တစ်နှစ်ကျတယ် မှတ်လား၊ စာမေးပွဲတစ်ခါကျတယ်လေ။ မကြည်ပါဘူး။ ဒီလို ဒီလိုညာက် ရှာတာ။

သဲနှီးရောက်ဆုံးနှစ်မှာတုန်းက ကျွန်တော်က လျှောက်ဂလေရိုက်နေ တာများတယ်။ တက္ကသိုလ်တစ်ခုလုံး လျှောက်လည်နေတာကိုပြောတာ လေ၊

ဟုန်အင်း…ကျောင်းမတက်ဘူး။ ‘ကိုအောင်ရှင်’ဆိုင်၊ ‘ဦးချစ်’ဆိုင်၊ ‘သင်း’ အလိုမျိုးပေါ့။ လက်ဖက်ရည်ဆိုင်တွေ လျှောက်ထိုင်တယ်။ ရည်းစားဟောင်းတွေကို သတိရတဲ့အခါ သူများအတွဲတွေ လျှောက်ချောင်း တယ်၊

အင်းယားကန်စောင်းမှာ ဘူးသီးကြော်သွားစားတယ်၊ စာကြည့် တိုက်တွေ လျှောက်လည်တယ်။ မှတ်မှုလေ၊ စာကြည့်တိုက်တွေ လျှောက် လည်တယ်ဆိုတာ စာသွားဖတ်တာ ဘယ်ဟုတ်ရမှာလဲ။ အင်းပေါ့… ကောင်မလေးတွေ လျှောက်ကြည့်တာပေါ့။

ဟုတ်တယ်။ စာဖတ်ခန်းထဲမှာ ငြိမ်ငြိမ်ကလေးကုတ်ပြီး စာဖတ် ချင်ယောင်ဆောင်နေတတ်တဲ့ ကောင်မလေးတွေကြည့်ရတာ သိပ်ချစ်ဖို့ ကောင်းတာပဲ၊ ဆံပင်ကလေးတွေ ဖားလျားချပြီး ကွာနေလော်ဝါးနေတဲ့

ကောင်မလေးတွေရဲ့ မျက်နှာကလေးတွေဟာ မပေါ်တပေါ်နဲ့။ ဒါပေမယ့် သူတို့အားလုံး မျက်တောင်အတုတော့ တပ်ထားကြတာပေါ့။ မျက်တောင်အတုတပ်ထားတော့ အိပ်ပျော်နေရင်လဲ ဘယ်သူကမှ မသိကြဘူးပေါ့၊ ဂျပန် *Calendar* တွေကို ကြည့်ဘူးကြပါသလား။

ဟော…ဘယ်ရောက်သွားပြန်ပြီလဲ။ ကျွန်တော်ကလဲ သိပ်ပြောချင်နေတာကိုး။ ကျွန်တော်က လွှန်တယ်။ 'အချစ်' အကြောင်း ပြောပြကြေးဆိုရင် ကျွန်တော်က လွှန်တာပေါ့။

ဟုတ်ပြီ…ဟုတ်ပြီ။ အဲ့လို လျှောက်ဂလေရိုက်နေရင်း တစ်နေ့တော့ မိန်းလိုင်ဘရီ ကို ကျွန်တော်ရောက်သွားတယ်။

စာကြည့်ခန်းထဲမှာ အလှကလေး ဆယ့်လေးငါးယောက်လောက်ပဲ ရှိနေကြတယ်၊ ထောင့်ကျတဲ့နေရာတွေမှာတော့ အတွဲသုံးလေးတွဲ တကုတ်ကုတ်နဲ့ ခေါင်းချင်းဆွဲနေကြတယ်။ သူတို့ကတော့ ကမ္ဘာကြီးဟာ သေးသေးကလေးလို့ ပြောနေကြမှာဘဲ။

တစ်နေရာမှာ ဝကစ်ကစ်ကောင်မလေးတစ်ယောက် စာငုံ့ဖတ်နေတာတွေ့တယ်။ နှစ်ဖက်ဖားလျားကျနေတဲ့ဆံပင်တွေက စားပွဲပေါ်မှာ ပုံနေတယ်။ ဆံပင်တွေကြားမှာ စာရွက်ပန်းရောင်ကလေး၊ ဒီသိပါတယ်လေ၊ တမေးပွဲနီးလို့ ရိုးအားစာ လာကျက်နေတာမှတ်လား။ ကျွန်တော် သူ့ကိုကြည့်နေမှန်းသိတော့ မော့ပြီး ကျွန်တော့်ကို နှာခေါင်းရှုံ့ပြတယ်။ ဟာ…ဟ ဝက်ကလေးနဲ့တူလိုက်တာ။

အို…ဘယ်ကလာ 'အချစ်' ကမှာလဲ။ 'အချစ်' က ဝက်ကလေးနဲ့မှ



Generated by CamScanner from intsig.com

မတူတဲ့ဥစ္စာ၊ ပြီးတော့ကျတော့ 'အချစ်'ကို ကျွန်တော်က ပြေး တွေ့တာမှ မဟုတ်တာ။ အသံကပြေး ကြားရတာ။

အပေါ်ထပ်ကို ကျွန်တော် တက်လာခဲ့တော့ ''မရှိပါဘူး''ဆိုတဲ့ အသံကလေးကို ကျွန်တော် ပြေးကြားရတာ။ တခြားမဟုတ်ပါဘူး။ စာမေးပွဲနီးတဲ့အခါကျတော့ စာအုပ်တွေ အငှားရသွက်တယ်မဟုတ်လား။ အငှားနောက်ကျတဲ့လူတော့ ဒီစကားမျိုးဘဲ ကြားရမှာပေါ့။ ဆံပင်ဘုတ်သိုက်၊ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ထိုးထိုးထောင်ထောင်နဲ့ လူတစ်ယောက် ငေါ်ကြောင်စီစီနဲ့ လှည့်ထွက်သွားတယ်။ သူ့ထက်ကြီးတဲ့ လွယ်အိတ်ကြီးကို လွယ်ထားတဲ့ အဲဒီလူကို စာငှားကောင်တာထဲက ကောင်မလေးတွေက ငိုင်းကြည့်ပြီးရီတယ်။ ခစ်ခစ်လို့တောင် အသံထွက်သွားသေးတယ်။ အဲဒီမှာ 'အချစ်'ကို ကျွန်တော် ပြေး တွေ့ဘူးတာပဲ။

ဘယ်လောက်လှလိုက်တဲ့ 'အချစ်'ကလေးလဲ။

ဟင့်အင်း…ကျွန်တော် ပြောမပြတတ်ပါဘူး။ ဒါပေမယ့် 'အချစ်'ကို မြင်ဘူးရင်တော့ လှတယ်လို့ဘဲ ပြောကြမှာပဲ။ အဲ့လိုမျိုးပေါ့။

သူရှိတဲ့နားကို ကျွန်တော် လျှောက်သွားတယ်။

''*The Age of Reason* ရှိသလား''

''စာငှားကဒ်ပါသလား''

''ဟိုနားမှာ စကားလေး ထိုင်ကြည့်ရုံကြည့်မှာပါ''

''အရုပ်မှ မပါဘဲနဲ့''

''အဖုံးမှာတော့ အရုပ်ပါပါတယ်''



Generated by CamScanner from intsig.com

"ဒါပေမယ့် စာငှားကဒ်မပါရင်တော့ မငှားနိုင်ဘူး"

"ဘာလဲ မယုံကြည်တဲ့သဘောလား"

"မင်းမှမှတ်မှး…ဘယ်သူဖြစ်ဖြစ် စာငှားကဒ်မပါရင် ငှားမပြင်ဘူး…ကိုယ်မှာတာဝန်နဲ့"

"ဒီကျောင်းမှာ ကျွန်တော့်ကို မသိတဲ့လူမရှိဘူး"

"ဒါပေမယ့် ကိုယ်မသိဘူး"

"သိပ်အထင်သေးတာပဲ"

"မင်းကိုမင်းလဲ ပြန်ကြည့်ပါဦး"

"ဘာဖြစ်လို့လဲ…နွားကျောင်းသားဘောင်းဘီဝတ်တာကို ပြောတာလား…တက္ကသိုလ်ကျောင်းသားဘဲဟာ ဝတ်မှာပေါ့"

အချစ်က ကျွန်တော့်စကားကို သဘောကျသွားတယ်။ သူက ရီတယ်လေ၊ ကျွန်တော်နဲ့စကားပြောရတာကို သူကြိုက်သွားပုံရတယ်၊

"မင်း၊ သူဌေးသားလား"

"ဘာဖြစ်လို့လဲ"

"မင်းဘောင်းဘီမှာ အဖာရာ အပြဲရာတွေနဲ့"

"အို…ဒါက *Peace* ရဲ့ လက္ခဏာဘဲဟာ"

"*Peace* ကလဲ မသားနားဘူး"

'အချစ်'က ရီပြန်ရော၊ သွားတက်ကလေးရှိလို့နဲ့ တူတယ်၊ သူ ရီတဲ့အခါ နှုတ်ခမ်းကလေးက ကြေးစည်ကလေးနဲ့သိပ်တူတာပဲ၊ သူ ရီနေတုန်း သူ့နှုတ်ခမ်းကို ပါးနဲ့အကြာကြီး ကပ်ထားဖို့ သိပ်ကောင်းတာပဲ၊

ကျွန်တော်တို့ကလဲ ဘာဖြစ်လို့လဲမသိဘူးနော်။ ၄၄ တွေ့ဘူးကြပေမယ့် စကားပြောဖို့သိပ်ကောင်းတာဘဲ။ အဲဒါ ရှစ်သွားကြလို့လား၊ သိတဲ့ လူက ပြောပြပါလား၊ တကယ်တော့ အချစ်မှာ အကားအဆီးမရှိဘူးရဲ့ လူပါတယ်။

'အချစ်'က ရေမ်းနုရောင်အကျီရဲ့ ရေမ်းပြာရောင်မျိတ်ထမီ ဝတ်ထားတယ်၊ ဒါပေမယ့် သူ့အကျီက ကြယ်သီးတွေကတော့ ကျွန်တော့် အကြားတပ်တဲ့ ကြယ်သီးမျိုးတွေ၊ ငွေရောင် အလုံးကြီးတွေလေ။ သိပ်ရှိ့ ကောင်းတာဘဲ၊ ဒါပေမယ့် သူကတော့ ဖက်ရှင်တစ်မျိုးပေါ့လေ။

"မင်းက သားနားတယ်နော်"

"ကိုယ်က သားနားတယ် ဟုတ်လား"

"အင်း…အင်း…မင်း နေ့တိုင်း ဒီလိုပဲ သားသားနားနားဝတ်သလား"

"ဒီနေ့မှ ဘာဖြစ်လို့ထူးပြီး ဝတ်ရမှာလဲ"

"သိပါဘူး…တစ်နေရာများ သွားမလားလို့"

"ကိုယ့်မှာ ကော်ဖီဝါတ်ဗူးပါတယ်"

"မင်းကို ကော်ဖီဆိုင်သွားရအောင်လို့မှ မပြောသေးဘဲ"

"နေအုံးနော်…*The Age of Reason* သွားရှာပေးအုံးမယ်"

တအုပ်က သိပ်ဖျင်းဖို့ကောင်းတာပဲ။ ဂယ်လီလီယိုရဲ့အကြောင်းတွေ၊ ၁၆ ရာစုနှစ်က အတွေးအခေါ်တွေတဲ့။ အလုပ်လဲမပါဘူး၊ ကျွန်တော်က တင့်ပတ်ချင်ယောင်ဆောင်နေပြီး တငွားကောင်တာအောက်မှာ ဖြတ်

Generated by CamScanner from intsig.com

သွားနေတဲ့ ခြေထောက်ကလေးတွေကို လိုက်မှတ်နေတယ်။ ကောင်မလေးတွေရဲ့ ခြေထောက်ကလေးတွေကို လိုက်မှတ်ဖူးကြပါသလား၊ သိပ်ပျော်ဖို့ကောင်းတယ်။ ခြေခုံမို့မို့လေးတွေ၊ ခြေချောင်းသေးသေးရှည်ရှည်လေးတွေ၊ ဖနောင့်ဝိုင်းဝိုင်းကလေးတွေ၊ ခြေသဲနီနီကလေးတွေ အို…ခုံလို့၊

ကျွန်တော်ကလဲ 'အချစ်'ရဲ့ ခြေထောက်ကလေးကို ရောက်ကတည်းက မှတ်ထားပြီးသားပဲ။ အဲဒီခြေထောက်ကလေး သွားနေတဲ့နေရာပဲ လိုက်ကြည့်နေတာပေါ့။ ဒါပေမယ့် ခုမှ သုံးနာရီခွဲရှိသေးတာ၊ နောက်ထပ် နာရီဝက်စောင့်ရဦးမယ်။ မှတ်ဖူးလေ၊ ကျွန်တော်က စာဖတ်နေတာမှ မဟုတ်ဘဲနဲ့။ 'အချစ်'ရုံးဆင်းချိန်ကို စောင့်နေတာလေ၊ သိပ်ကြာတာပဲ၊ ကျွန်တော် အိပ်ပျော်သွားတယ်။

ဖိနပ်သံကြားလို့ ခေါင်းငုံ့ရက် မျက်လုံးဖွင့်ကြည့်လိုက်တော့ သဲကြိုးအနက်ကလေးနဲ့ တပ်ထားတဲ့ ခြေခုံဖောင်းဖောင်းလေးတစ်စုံ ကျွန်တော့်နားမှာ ရပ်နေတယ်။ 'အချစ်'ရဲ့ခြေထောက်ကလေးပါလား။ ဘာဖြစ်လို့မမှတ်မိရမှာလဲ၊ ဖနောင့်ကလေးက နီရဲနေတာဘဲမဟုတ်လား၊

"နောက်နေ့မှ ဆက်ဖတ်ပေါ့နော်။ ခု ရုံးဆင်းခါနီးပြီ"

"ဟုတ်တယ်…ကျွန်တော်လဲ ဖတ်ကောင်းကောင်းနဲ့ တစ်ရေးရသွားတယ်"

'အချစ်'က ရီပြန်ရော၊

စာကြည့်တိုက်က ထွက်လာတော့ သူ့အနားကနေ ကပ်ပြီးလျှောက်လာခဲ့တယ်။ သူက မျက်စောင်းထိုးပြုံးကလွဲလို့ ရှက်မနေပါဘူး။



Generated by CamScanner from intsig.com

"မင်း ဘယ်ကိုလိုက်လာတာလဲ"

"ကော်ဖီဆိုင်သွားမလို့ဆို"

"ဘယ်သူက ပြောလို့လဲ"

"ကျွန်တော့်ကို စကားကပ်မပါဘဲ စာအုပ်ငှားလို့ ကော်ဖီတိုက်ချင်လို့ပါ"

'အချစ်'က ပြုံးပြီး သူ့ခြေထောက်သူ ငုံ့ကြည့်နေတယ်။ ကိုရိုလာ တစ်စီး ဟွန်းတီးပြီး အနားကဖြတ်သွားတယ်။ အဲဒီကားပေါ်က ကောင်မလေးတစ်ယောက် ကျွန်တော့်ကို လက်ပြသွားပါသလား။

ကျွန်တော်တို့ ဦးချစ်ဆိုင်မှာ ထိုင်ကြတယ်။

"ထမင်းကြော်ကောင်းတယ်"

"မဆာပါဘူး"

"ပေါက်စီစားပါလား"

"မကြိုက်ပါဘူး"

ကော်ဖီနှစ်ခွက်မှာလိုက်တယ်။

"ကိုယ့်နာမည် 'အေး'လို့ မှတ်ထားပေါ့။ နာမည်အရှည်က 'ငြိမ်းအေးမယ်'။ ပဲခူးသူ...အလုပ်ရှာနေတဲ့သူငယ်ချင်းတွေနဲ့စုပြီး ခံရိပ်ငြိမ်မှာ အိမ်ငှားနေတယ်၊ ခု စိန်းလိုင်ဘရယ်ရီမှာ လုပ်အားပေးနေတယ်"

'အချစ်'ဟာ ချစ်ဖို့မကောင်းဘူးလို့ ဘယ်သူတွေက ပြောကြမှာတဲ့လဲ။ 'အချစ်'ရဲ့အပြုံးဟာ ဘယ်လောက်ရိုးသားသလဲ၊ သူကပြေး မိတ်ဆက်တယ်။ ဘယ်လောက် ပွင့်လင်းသလဲ။ ဘယ်လောက် ဟန်မဆောင်လိုက်

ပါလဲ။ ဟန်ဆောင်တဲ့ကောင်မလေးတွေ ကျွန်တော် သိပ်မုန်းတယ်။

"ကျွန်တော့်နာမည်က အောင်အောင်"

"အောင်အောင် ဟုတ်လား"

"သူများတွေကခေါ်ကြတာ"

"နာမည်ရင်းကရော"

"အောင်ဆိုတာ ကျွန်တော့်နာမည်ရဲ့ နောက်ဆုံးစာလုံး"

"ရှေ့ဆုံးကရော"

"ကြည်"

"[illegible]ယ် ကြည်အောင်ပေါ့ ဟုတ်လား"

"ဟင့်အင်း...အလယ်မှာ တစ်လုံးရှိသေးတယ်"

"ဒါဖြင့်"

" 'ကြည်ရအောင်'ပါ"

"အို...သိပ်ကောင်းတာပေါ့။ ကဗျာဆရာ သိရအောင်လိုနာမည်မျိုး"

"ဒါပေမယ့် သိရအောင်နဲ့ အမျိုးမတော်ပါဘူး"

"သိပြီ...သိပြီ...မင်း သူဌေး ဦးစိုးရအောင်ရဲ့သားမှုတ်လား ဒီကျောင်းမှာ သူဌေးဦးစိုးရအောင်ရဲ့သား ရှိတယ်တဲ့။ သူများတွေ ပြောပြောနေကြတယ်။ မင်းက သိပ်နာမည်ကြီးတာဘဲ"

ကြည့်စမ်း ကြည့်စမ်း၊ 'အချစ်'က ဘယ်လောက်များ သိနေသလဲ။ ကျွန်တော့်နာမည်ပြောတာနဲ့ သူက သိနေပြီ၊ ဟုက်လဲဟုတ်သားပဲ။

Generated by CamScanner from intsig.com

ကျွန်တော့်ဖေဖေကလဲ နာမည်ကြီးတာဘဲ။ ဖေဖေက ဟိုခေတ်တုန်းက တကယ့်သူဌေးလေ။ မှတ်မှူး…မှတ်မှူး။ ဖေဖေက ခုလဲ သူဌေးတုန်းပဲ။ သိတယ်မဟုတ်လား။ ကမာရွတ်တပိုက်မှာတင် ဓမ္မာရုံတွေ၊ ကျောင်းတွေ လှူထားတာ နဲမနဲဘဲ။ ဒါကြောင့် ကျွန်တော်က ကျောင်းမှာ နာမည်ကြီး တာပေါ့။ မှတ်မှူးလေ…ကျွန်တော့်ဟာသာလဲ နာမည်ကြီးတာပါပဲ။ မြိုင်ကား လေးနဲ့ 'ကြည်ရအောင်'လေ…သိတယ်မဟုတ်လား။

ကော်ဖီနှစ်ခွက်ကုန်သွားပြီ။

နောက်ထပ် ဘာမှမပြောဖြစ်ကြပြန်ဘူး။ ဒီလောက်နဲ့တင် စကား ဖြတ်ပြန်ကြရရင် နမြောစရာကောင်းမှာပေါ့။ ကဗျာဆရာ သိရအောင် အကြောင်းပြောရမယ်လား။ ကျွန်တော်မှ မသိဘဲနဲ့။ ဒါပေမယ့် 'အချစ်'က တပေအကြောင်းဆိုရင် စိတ်ဝင်စားမှာပဲပေါ့။ 'အချစ်'ရဲ့ရှေ့မှာ 'ငွေတောင် ရကန်'မှတ်စုစာအုပ်ကလေး ရှိနေတယ်။

"မင်း မြန်မာစာကလား"

"ခု စာကြည့်တိုက်မှာ လုပ်အားပေးနေတယ်"

"ငွေတောင်ရကန်ဆိုတော့ သုခနဲ့ မနော်ဟာရီရဲ့ အချစ်အကြောင်း ပေါ့နော်"

"သူငယ်ချင်းတစ်ယောက်အတွက် ငှားလာတာပါ"

"ကျွန်တော်တော့ စိတ်ဝင်စားတယ်"

"မင်း ဘယ်မေဂျာကမို့လဲ"

"ရိုးစားစာရေးရင် အထောက်အကူရလို့ပါ"

"အဲ့ဒါ ကိုယ်မသိဘူး"

"ကျွန်တော့်အကြောင်းကိုတော့ သိသလား"

"မင်း သူဌေးသားဘဲ။ တစ်နေ့မှာ ရှစ်မိုင်က 'စိုးရအောင်'ဂေဟာကို မင်းအမွေရမယ်။ အဲ့ဒါဘဲ သိတယ်"

"မှားသွားပြီ။ အဲ့ဒီတိုက်နဲ့ခြံကို အဖွားက ဝိပဿနာကျောင်းလုပ်ဖို့ လှူလိုက်ပြီ"

"ဒါပေမယ့် မင်း အဲ့ဒီခြံကိုသွားလည်တဲ့အခါ ဘုန်းကြီးကျက်သရေခန်းထဲက ပုန့်တွေ မင်းကို ထုတ်ကျွေးမှာဘဲနော်"

"မင်း ကျွန်တော့်အကြောင်း ကောင်းကောင်းမှ မသိဘဲ"

"မပြောပြဘူးမဟုတ်လား"

"ကျွန်တော်က ချမ်းသာတယ်။ ပြီးတော့ ရိုးစားများတယ်။ ဇနေ တစ်ပါတ်ကို ရိုးစားတစ်ယောက်ပြောင်းတယ်"

"တနင်္ဂနွေတစ်ပါတ် မဟုတ်ဘူးလား"

"တနင်္ဂနွေနေ့မှာ ကျောင်းပိတ်တာဘဲ"

"ခြောက်ရက်ကို ရိုးစားတစ်ယောက်လား...ဟုတ်လား...သိပ်မြန်တာပဲ"

"မြန်မှာပေါ့...ကျွန်တော့်မှာ ပြိုင်ကားရှိတာကိုး"

"ပြိုင်ကားစီးရတာ သူတို့ပျော်ကြမယ်နော်"

"ဟင့်အင်း...တစ်ခါစီးဘူးရင် သူတို့ ကျွန်တော့်ကို ကြောက်သွားကြတာဘဲ။ မင်းကော ကျွန်တော့်ကို မကြောက်ဖူးလား"

"ဟင့်အင်း…မကြောက်ပေါင်၊ မင်းက ခလေးလေးလိုပဲ၊ မညာတတ်ဘူး။ မင်းက ယောကျ်ားလေးပီသတယ်"

"ဟုတ်လား…ကျွန်တော့်ကိုယ်လုံးကိုယ်ပေါက်က လှလို့လား"

"ဘောင်းဘီပွပွနဲ့ဆိုရင် ပိုလှမယ်"

"ဟုတ်တယ်…ကျွန်တော်က အားကစားသမားဘဲဥစ္စာ"

ကျွန်တော်က ဘာဖြစ်လို့ ကြွားမိရပါသလဲ၊ ဒါပေမယ့် ကျွန်တော်က တကယ်ဘဲ ဘော်လုံးကန်ကောင်းတာဘဲမဟုတ်လား၊ တကယ်တော့ ကိုယ့်ဟာသာ ဘယ်လောက်ပဲတော်တော် သူများကို ပြောပြစရာမှ မဟုတ်ဘဲ။ ဒါပေမယ့် ကျွန်တော်က ဘာဖြစ်လို့ ကျွန်တော်တော်တဲ့အကြောင်း 'အချစ်'ကို ပြောပြချင်နေသလဲမသိဘူး၊ မဟုတ်ဘူးလေ၊ 'အချစ်'ရဲ့ စကားအကြာကြီး ဘာဖြစ်လို့ ပြောချင်နေရပါသလဲ၊

ကျွန်တော့်အဖို့ အရာရာဟာ ခဏလေးပဲ၊ နေရာတစ်နေရာမှာ ကျွန်တော်က ကြာကြာမနေချင်တတ်ဘူး၊ ကျွန်တော့်မှာ ပြိုင်ကားရှိနေလို့ပါလား။ ကျွန်တော်က ချစ်လိုက်ရင်လဲ ခဏလေးဘဲ၊ ဒီနေ့ *M.C* က မူယာဆိုရင် မနက်ဖြန် *R. I. T* က ဖြူပြာဘဲ၊ အဲ့ဒါ ခဏလေးပေါ့၊ ကျွန်တော့်အသဲမှာ ဗွေကလေးပါနေပါသလား၊

ဒါပေမယ့် 'အချစ်'က "ပြန်တော့မယ်"လို့ ပြောမယ့်အချိန်ကို ကျွန်တော်က ဘာဖြစ်လို့ ကြိုတင်ပြီးစိတ်ပူနေရပါသလဲ၊ ကျွန်တော့်မျက်စိရှေ့က ပျောက်သွားမှာကို ဘာဖြစ်လို့ ကြောက်နေမိပါသလဲ၊ မနက်ဖြန်မှာ 'အချစ်'နဲ့ထပ်တွေ့ဖို့ ဘာဖြစ်လို့ ကြံစည်နေရပါသလဲ၊



Generated by CamScanner from intsig.com

'အချစ်'ကို ကျွန်တော် ချစ်သွားပြီလား။ သိတဲ့လူတွေက ကျွန်တော့်ကို ပြောပြကြမယ်လား။

ကျွန်တော် ဘောလုံးကန် ဘယ်လောက်တော်သလဲဆိုတာကို ဘာဖြစ်လို့ 'အချစ်'ကို ပြောပြချင်နေရပါသလဲ။

"နက်ဖန် ဒဿနိကဗေဒအသင်းနဲ့ တက္ကသိုလ်လက်ရွေးစင်အသင်း ဘောလုံးခြေစမ်းကြမယ်"

"အဲ့ဒါ ဘာဖြစ်သလဲ"

" 'ငြိမ်းအေးမယ်' စိတ်ဝင်စားသလားလို့ပါ"

"ဟင့်အင်း"

"ဒါပေမယ့် လာကြည့်ရင်သိပ်ကောင်းမှာပဲ"

"ဘော်လုံးပွဲဆိုတာ အမဲဖျက်သလိုပဲဆို…ကိုယ်ကြောက်တယ်"

"ဒါပေမယ့် အဲဒီပွဲမှာ ကျွန်တော်ပါ ကစားမှာ"

'အချစ်'က ပြုံးတယ်။

အင်းယားဘက်ကလာတဲ့ လေပြေက ဘာဖြစ်လို့ ဦးချစ်ဆိုင်ရှေ့မှာ လာပြီး ဆော့ကစားနေရပါသလဲ။ ကျွန်တော်သိပါတယ်လေ။ ဘန့်ဘွက်ကလေး ကြွေကျတော့မှာပါ။

"မင်းက ဘယ်ဘက်အသင်းက ကစားမှာလဲ"

❊ ❊ ❊

စ ဒါ င ၊ ယာ ဥ် ပုံ အ နှ ပ ညာ လု ပ် ဝ န် ၊

Generated by CamScanner from intsig.com

## ၃။

"ဟော့ အောင်အောင်"

"..........."

"ဟော့ ခွေးကြီးအောင်အောင် ဘာဖြစ်လို့ ခေါ်နေတာ လှည့်မကြည့်တာလဲကွ"

"ဘာလဲ ခွေးကြီးရဲ့သား"

"မင်းမှာ ချိန်းတွေပို့နေရာ ဒီလောက်ရှားသလား။ ဘောလုံးကန်ခါနီးဆိုတာလဲ သတိထားပါဦးကွ"

Generated by CamScanner from intsig.com

"ဟော့ကောင်…ကျယ်လောင်ကျယ်လောင်နဲ့ မင်းအပေါက် ပိတ်ထားစမ်း"

ကျွန်တော်တို့အသင်း လက်ထောက်မန်နေဂျာ ဇော်ဗလရဲ့ဖင်ကို တစ်ချက်ပိတ်ကန်လိုက်မှ ဒီကောင် ငြိမ်သွားတယ်။ ဒီကောင့်အကျင့်က အဲ့သလိုပဲ။ လူကြားသူကြားမရှောင် သိပ်လောင်တာ။ ဒါကြောင့် ကောင်မလေးတွေက သူ့ကိုမကြည်တာပေါ့။

ခုလဲ 'အေး'နဲ့ ကျွန်တော် စကားပြောနေကြတုန်း နောက်ကနေ လာအော်နေတယ်။ မဟုတ်ဘူးလေ…မနေ့က ကျွန်တော်က 'အေး'ကို ဘောလုံးပွဲလာကြည့်ဖို့ ချိန်းလိုက်တယ်မဟုတ်လား။ ခု 'အေး'က သူလာကြည့်တဲ့အကြောင်း ကျွန်တော့်ကို နှုတ်ဆက်ရင်း လာပြတဲ့သဘောပါ၊ အဲ့ဒါကို ဇော်ဗလက ကျယ်လောင်ကျယ်လောင်နဲ့လာအော်တော့ 'အေး' ရှက်သွားမှာပေါ့။ ဇော်ဗလက အပြတန်းအဲ့သလိုပဲ။ သူ့အတွက်ပဲဖြစ်ဖြစ်၊ သူငယ်ချင်းတွေအတွက်ပဲဖြစ်ဖြစ်၊ ဝမ်းသာစရာတွေရင် ဘယ်တော့မှ ထိန်းမထားတတ်ဘူး။ သူ့ပါးစပ်ကြီး တစ်ထွာလောက်ဖြဲပြီး အားရပါးရပြော တော့တာပဲ။ အဲ့သလို ဟန်မဆောင်ဘဲ ရိုးသားတတ်လွန်းလို့ သူ့ကို ဘယ်သူကမှ မလေးစားတာ။ ဒါပေမယ့် သူက နာပုံမရပါဘူး။ ဘယ်လိုကော်စားမှန်း မသိဘူး။

မိုးကလေးက ရွာနေတာ ဘာကြောင့်လဲ။ ဘောလုံးကွင်းက စိုစိစိရွဲ၊ ပညာပြလို့မရရင်တော့ အခက်။ 'အချစ်'ကို ကျွန်တော် ဘယ်လောက် တော်တယ်ဆိုတာ ပြရအုံးမယ့်ဟာကို။ တော်တော်ဆိုးတဲ့မိုး။

ကျွန်တော်တို့တွေ သွေးပူလေကျင့်ခန်း ဆင်းနေကြပြီ။ တစ်ကွင်းလုံး ကျွန်တော် လျှောက်ပြေးတယ်။ ပွဲကြည့်စင်ဖက်တော့ မရောက်ဘူး။ ဘာဖြစ်လို့ရမှာလဲ။ 'အေး'ရှိနေလို့ပေါ့။ ကျွန်တော်ကလဲ ဘာမှန်းမသိပါဘူး။ ကျွန်တော့်ကိုယ်လုံးကိုယ်ပေါက် ဘယ်လောက်လှတယ်ဆိုတာ 'အချစ်'ကို ပြချင်ပေမယ့် 'အချစ်'က ကြည့်နေမယ်ဆိုတာ သိပြန်တော့ ရှက်လာတယ်။ ကျွန်တော်ပြေးတဲ့ဘက်ကို 'အေး'မျက်လုံးက လိုက်ကစားနေပါသလား။ ကျွန်တော့်ကိုယ်ကို သူငယ်ချင်းတွေနဲ့ ကွယ်ထားမိတယ်။ 'အေး'နဲ့ကျတော့ ကျွန်တော်က ဘာဖြစ်လို့ မျက်နှာမပြောင်ရဲတာလဲ။

ဒိုင်လူကြီးက ပွဲစဖို့ ခရာမှုတ်ပြီ။

ကျွန်တော်နဲ့အတူ ပြေးနေတဲ့ စိတ်ကလေးက ငြိမ်သွားရဲ့လား။

ပထမပိုင်း တစ်ဝက်ကျိုးတဲ့ထိ နှစ်ဖက်စလုံး ဂိုးမရကြဘူး။ ဟိုဖက်အသင်းက တက္ကသိုလ်လက်ရွေးစင်ဆိုပေမယ့် ဖွဲ့ထားတာ သုံးလလောက်ရှိအုံးမယ်။ လူမညီဘူး။ အသင်းလိုက်မှာ ကျွန်တော်တို့ဖက်က ခြေသာတယ်။ ကျွန်တော်တို့အသင်းက ဖွဲ့ထားတာ နှစ်နှစ်ရှိပြီ။

အလယ်တန်းမှာကစားတဲ့ ကျွန်တော်နဲ့စိုးမင်းကို ဒီကောင်တွေ သိပ်ဖြုံတယ်။ အမြဲသတိထားနေကြတယ်။ ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက်ကို မထိန်းနိုင်ပါဘူး။ ကျွန်တော်က သိပ်တော်တာပဲလေ။ သိတယ်မဟုတ်လား။

ပရိသတ်က ကျွန်တော်တို့အသင်းကို ပိုအားပေးတယ်။ ဒါက ထုံးစံ



Generated by CamScanner from intsig.com

ပဲဟာ။ ဘောလုံးကလဲ သူတို့ဂိုးပေါက်ကိုချည်း ဝဲဝဲပြီး သွားချောင်းနေတယ်။ ဒီကောင်တွေ ဒေါကန်ကုန်ကြပြီ။ ကျွန်တော်နဲ့စိုးမင်းကို အကျိုးချဖို့ သူတို့ကြိုးစားတယ်။ ဘယ်ရမလဲ။ သိပ်သိတာပေါ့။ အောင်အောင်က ဘောလုံးမှာ ဘုရားပဲဥစ္စာ။ သိတယ်မဟုတ်လား။

ဘောလုံးသမားတိုင်း သွေးဆူနေကြပြီ။ ဒီအချိန်မှာ ဘယ်သူဖြစ်ဖြစ် သေအောင်ချဖို့ ဝန်မလေးတတ်ဘူး။ 'အေး' ပြောတဲ့ စကားကို မှတ်မိကြပါသလား။ "ဘောလုံးပွဲဆိုတာ အမဲဖျက်သလိုဘဲဆို...ကိုယ် မကြည့်ရဲဘူး" ဆိုတာလေ။ ခုလဲ ဘာထူးတော့လဲ။ 'အေး' ကြောက်နေပြီလား။

သူတို့ဖက်က ရယ်ဂျီဆိုတဲ့အကောင် စိုးမင်းကိုကျော်ပြီး ကျွန်တော်တို့ကွင်းဖက်ရောက်လာတယ်။ ဒီဘဲက သိပ်မလွယ်ဘူး။ ကျွန်တော် သူ့ဆီကို အတင်းဖြတ်ပြေးရတာပေါ့။ သူက ခေါက်ထားဖို့ကြိုးစားပေမယ့် ကျွန်တော့်ဖနောင့်ကို သူ့ညို့သကြီးရှေ့မှာ ထောင်ထားပြီးသားဖြစ်နေပြီ။ ဒီတစ်နည်းဘဲရှိတာပဲ။ သူ့ကို လွှတ်လိုက်ရရင် သိပ်သေချာတာပေါ့။ တစ်ဂိုးဘဲ။

တက္ကသိုလ်လက်ရွေးစင်အသင်းက အင်္ကျီအဝါဝတ်ထားတယ်။ မြက်ခင်းအစိမ်းပေါ် အင်္ကျီအဝါကလေး ပုံကျသွားတာ သိပ်လှတဲ့ပန်းချီကားပါလား။ ကျွန်တော် ပျော်သွားတယ်။ အချစ်က ကျွန်တော့်ကို ချီးကျူးနေမလား။ သူက လက်ခုပ်တီးနေပါသလား။

ခရာသံကြားလိုက်ရတယ်။

"ပင်း ထွက်တော့"



Generated by CamScanner from intsig.com

လှည့်ကြည့်လိုက်တော့ ဒိုင်လူကြီး၊ သူက ကွင်းပြင်ကို လက်ညှိုး ထိုးထားတယ်။

"ကျွန်တော် ဘာမှားလို့လဲ"

ဒိုင်လူကြီးက မပြောဘဲ လှည့်ထွက်သွားတယ်။ သူ့နောက်ကို ကျွန်တော် ပြေးလိုက်သွားပေမယ့် ဒိုင်လူကြီးက ကွင်းပြင်ကိုဘဲ လက်ညှိုး ထိုးပြနေတယ်။ ဘယ်လောက်ရက်စို့ ကောင်းလိုက်ပါသလဲ၊ 'အချစ်'က ကျွန်တော့်ကို အထင်သေးသွားပြီလား။

ကွင်းပြင်ကို ကျွန်တော်ထွက်လာတော့ ပရိသတ်က လက်ခုပ်တီး တယ်။ ဒိုင်လူကြီးကို နောက်တာလား၊ ကျွန်တော့်ကို နောက်တာလား။ အပြေးလမ်းမှာ ကျွန်တော် ထိုင်ချလိုက်တယ်၊ ကျွန်တော့်အသင်းသား တွေလဲ မကျေနပ်ကြဘူး။ ကျွန်တော်တော့ ရှက်လို့ ခေါင်းပေါ် လက်ယှက်ပြီး မျက်နှာမှောက်ထားလိုက်တယ်။ မိုးပေါက်တွေက ကျောပိုးကို လာပြီး ထိနေကြပါသလား။

"မင်း ဒီနားမှာ ဘာလို့ထိုင်နေတာလဲ၊ အအေးမိလိမ့်မယ်"

'အေး'ရဲ့အသံပါလား။ 'အေး'က ဘာဖြစ်လို့ ကျွန်တော်တို့ရှိတဲ့နေရာ ကို လာပါသလဲ၊ သူက လာပြီး နောက်နေပြန်တာလား။ ကျွန်တော့်ကို သနားသွားလို့လား။ ဒါပေမယ့် ရှက်ဖို့တော့ ကောင်းမှာဘဲ။

"မင်းကို ဘာလို့ထုတ်ပစ်တာလဲဟင်"

"မသိဘူး"

"မင်းက တမင်လုပ်လိုက်တာလား"



Generated by CamScanner from intsig.com

"မသိဘူး"

"မင်းက လူဆိုးလားဟင်"

"ကျွန်တော် သိပ်စိတ်ပူတတ်တယ်"

'အချစ်'ကလဲ သိပ်စပ်စုတတ်ပါလား။ ကျွန်တော် စိတ်ဆိုးနေတာ သူ မသိဘူးလား။ သူ့မျက်နှာကို ကျွန်တော် မကြည့်ရဲတာကို သူ မသိဘူးလား။ ကွင်းဘက်ကို လှမ်းကြည့်တော့ ကျွန်တော်တို့ဘက်ကို အသိခံနေရတယ်။

"မင်းတို့ဂိုးသမားက တော်သားပဲ။ ကြည့်စမ်း...ဒါပေမယ့် ဒါလောက်ဖမ်းနေရတာ သနားစရာ"

"ဟုတ်တယ်...ဘုရားတကာကို ခွေးတွေ ဝိုင်းဆွဲနေသလိုဘဲ"

'အချစ်'က ရီတယ်။

"ကျွန်တော် အတည်ပြောနေတာ"

"မင်း သိပ်စိတ်ညစ်နေသလား"

"စိတ်ညစ်တာမဟုတ်ဘူး...စိတ်ဆိုးတာ"

"ဘယ်သူ့ကိုလဲ...ဒိုင်လူကြီးကိုလား"

"အားလုံးကို"

"'အေး'ကိုကော"

"နောက်ဆက်ပြီး စပ်စုနေရင်တော့ မပြောတတ်ဘူး"

"အို မင်းတကယ် စိတ်ဆိုးနေတာပဲ...'အေး'က စတာပါ"

'အေး'လှည့်ထွက်သွားတယ်။ ပထမပိုင်း ပြီးသွားပြီ။ ဖော်ဗလက



Generated by CamScanner from intsig.com

ဆရာဒေါ်ခိုင်းလို့ဆိုပြီး လာခေါ်တယ်။ အဝတ်လဲခန်းရောက်တော့ ကျွန်တော့်ကိုထုတ်ပစ်တဲ့ခိုင်လှကြီး ရောက်နေတာ တွေ့ရတယ်။ သူက ပြုံးလို့။ ကျွန်တော့်ပခုံးကို လာပုတ်တယ်။ ပွဲသိပ်ကြမ်းလာမှာစိုးလို့ ကျွန်တော့်ကို ထုတ်ပစ်တာပါတဲ့။ ဒုတိယပိုင်းမှာ ပြန်ကစားပေါ့တဲ့။ ကျွန်တော်က ခေါင်းငြိမ့်ပြလိုက်တယ်။ (မြေစမ်းကြတာလို့ ဥပဒေကပြင်လို့ရတယ်)

မိုးတိတ်သွားပြီ။ ဒုတိယပိုင်းပြန်စတော့ ကွင်းထဲကိုပထမဆုံးပြေးဝင်လာတာ ကျွန်တော်ပေါ့။ ကျွန်တော်က စကာဘဲစိတ်ဆိုးတတ်တယ်။ ခုစိတ်ပြေသွားပြီလေ။ သိတယ်မဟုတ်လား။

အေးကို ကျွန်တော်သတိရလာပြန်တယ်။ လူတွေက ဘာဖြစ်လို့မှန်းမသိဘူး။ စိတ်ဆိုးရင် တွေ့သမျှလူတွေကို စိတ်ဆိုးတတ်ပြီး ဝမ်းသာစရာတွေ့ရင်လဲ စိတ်ဆိုးထားတာတွေ မေ့ပစ်တတ်တယ်။ အခုလဲ 'အချစ်' အတွက် ကျွန်တော် စိတ်မကောင်းပြန်ဘူး။ အချစ်ကို ကျွန်တော် ပေါက်လွှတ်လိုက်မိတာကို ပြောတာလေ။ ခု သူ့ကို ကျွန်တော် ပြန်တောင်းပန်ချင်နေပြီ။ ဒါပေမယ့် ဘောလုံးပွဲက ပြန်စနေပြီ။

'အချစ်' ကြည့်နေတုန်းပဲ ရှိပါသေးသလား။

ပွဲကြည့်စင်ဖက်ကို ကျွန်တော် မိုးကြည့်လိုက်တော့ သူ ပထမထိုင်နေတဲ့နေရာမှာ မရှိတော့ဘူး။ ကျွန်တော် ဝမ်းနဲသွားတယ်။ ကျွန်တော့်ကို စိတ်ကောက်သွားပြီလား။

လေက ကျွန်တော်တို့ဘက်က ကူပြီးတိုက်ပေးနေတယ်။ ကျွန်တော်တို့နောက်တန်းက 'အရှည်ကြီး' ကန်လိုက်တဲ့ဘောလုံးကို သူတို့ဘက်က



Generated by CamScanner from intsig.com

နို့တွတ်က ခေါင်းနဲ့ခုန်တိုက်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် ဘောလုံးက သူ့ကိုကျော်ပြီး ကျွန်တော့်ဆီ ရောက်လာတယ်။ ရင်ဘတ်နဲ့ အသာဆီးဖမ်းပြီး ပွဲကြည့်စင်ဘက် မျဉ်းနားကနေ ကျွန်တော် တအားဆွဲပြေးတာပေါ့။

ပေါ်ဟုမှာ 'အချစ်' ဟုတ်ပါသလား။

ပွဲကြည့်စင်ဘေးမှာ ကောင်မလေးတစ်ယောက်နဲ့ စကားပြောရင်း ကြည့်နေတာလေ။ ပရိသတ်က လက်ခုပ်တီးကြတယ်။

ဝါဝါတစ်ကောင် ကျွန်တော့်ရှေ့က ရိပ်ခနဲဖြတ်ပြေးလာတယ်။ ဘယ်ဖက်ကိုဟန်ပြပြီး ညာဘက်က ဆွဲပြေးတော့ ဒီကောင် လဲကျန်ခဲ့တယ်။

အချစ်က သဘောကျနေပါသလား။

နောက်တစ်ယောက် ကျွန်တော့်ရှေ့တည့်တည့်က ပြေးဝင်လာတယ်။ တအားကန်လိုက်မယ်ရွယ်လိုက်တော့ ရှောင်ပေးတယ်။ 'ဘဲကြောက်'။

အချစ်က ကျွန်တော့်ကို အထင်ကြီးသွားပါသလား။

သူတို့ဂိုးစည်းထဲ ကျွန်တော် ရောက်လာပြီ။ ဂိုးသမားနဲ့ကျွန်တော် နှစ်ယောက်ချင်း။ ရှေ့ကို နဲနဲထပ်တိုးလိုက်တယ်။ ဂိုးသမားက နေရာအယူ မှားနေပြီ။ ညာနဲ့ပြပြီး ဘယ်နဲ့ရိုက်လိုက်ရင် ဂိုးသမားတော့ ကားယား ကားယားနဲ့ ဖြစ်တော့မှာပဲ။ ဘယ်လောက်လှတဲ့ဂိုးတစ်ဂိုး ဖြစ်လိုက်မ ...

အချစ်က လက်ခုပ်တီးနေပါသလား။

ကျွန်တော် ဖင်ထိုင်ရက်လဲကျန်ခဲ့တယ်။

ဘယ်ကောင် ကျွန်တော့်ကို ဝင်တွယ်သွားမှန်းမသိဘူး။ မိုက်ကန်း ဖြစ်သွားတာပဲ။ 'အချစ်'က ရီပျားနေမှာလား။ 'ဂိုး'ဆိုတဲ့အသံကြားရတယ်။



Generated by CamScanner from intsig.com

ဘယ်သူက ကန်သွင်းလိုက်ပါသလဲ၊

ပွဲပြီးတော့ နှစ်ဂိုး ဂိုးမရှိ၊

ကျွန်တော်တို့က နိုင်လိုက်တယ်၊

မိုးချုပ်ခါနီးပြီ၊ မိုးခွဲကလေးတွေက ဘာဖြစ်လို့ ပြန်ကျလာရပြန်တာလဲ၊

ကွင်းထဲက မထွက်သေးဘဲ တရှန်းရှန်းလုပ်နေကြတယ်၊ ထုံးစံအတိုင်း မြှောက်ပြကြတယ်၊ နောက်ဆုံးဂိုးကို ကျွန်တော် ဘယ်လို သွင်းလိုက်တယ်ဆိုတာ ပြောလို့ကိုအားမရနိုင်ဘူး၊ တစ်ယောက်ယောက်က ပြောရင်လ ကျန်တဲ့လူတွေက ဂရုစိုက်နားထောင်နေရှင်နေတယ်၊ ကျွန်တော် သိပ်ပျော်တာဘဲ၊

"ပထမဂိုးလဲ မင်းကန်ရင် ဝင်မှာဘဲကွ...မင်းက ဘာလေးနေမှန်းမသိဘူး"

မိုးမင်းက ပထမဂိုးကို သူကန်လိုက်ရတာကို စကားစ ပေးနေတယ်၊ သူလဲ ဂိုးသွင်းလိုက်ရတာကို ပျော်နေမှာဘဲ၊

"မင်း နဲနဲဒူးချောင်တယ်ကွ"

ကပ္ပတိန်မောင်မောင်ဌေးဝင်းက စေတနာနဲ့ပြောတယ်၊

"ဆားများများစားပေး"

"ဟုတ်ကဲ့ဆရာ"

ကျွန်တော်က နောက်လိုက်တယ်၊ ဇော်ဗလအသံပြကြီး ပေါ်လာတယ်၊



Generated by CamScanner from intsig.com

"ဘယ်ကလာ ဆားဝါတ်လိုရှုပ်လဲကွ..ဒီဈေးကောင်က ဘောလုံးလေ့ကျင့်ဖို့မကြိုးစားဘူး။ ဂိုးသွင်းဖို့ဘဲ ကြိုးစားနေတာ... ဟား...ဟား"

ကြည့်စမ်း ဆွေးသားကြီး ဘယ်လောက်မိုက်ရိုင်းသလဲ။ သူပြောတဲ့ အဓိပ္ပာယ်ကို သိကြတယ်မဟုတ်လား။ ပြီးရောပေါ့။

ဟယ်...ခုမှ သတိရတယ်။ 'အေး'...'အေး' ပြန်များသွားပြီလား။ ခုကွ။ သူ့ကို ကျွန်တော် ဒီညနေ တွေ့မှဖြစ်မှာပေါ့။ သူ့ကို ကျွန်တော် တောင်းပန်ရမယ်လေ။ ညနေက စိတ်တိုတိုနဲ့ ငေါက်လိုက်မိတာကို ပြန်တောင်းပန်မှဖြစ်မယ်မဟုတ်လား။ နောက်ပြီး သူက ဘောလုံးပွဲပဲကြိုက်တာ မဟုတ်ဘူး။ ကျွန်တော်က ဖိတ်လို့လာကြည့်ရှာတာ။ ကျွန်တော် စိတ်ရှုပ်သွားတယ်။ ကြက်သီးတောင် ထသွားပါသေးသလား။

'အချစ်'က တစ်ယောက်တည်း လာသလား။

ခံရိပ်ငြိမ်ကို တစ်ယောက်တည်း ပြန်သွားရမှာလား။

မိုးဖွဲကျနေတယ်။ 'အချစ်'မှာ ခေါက်ထီးကလေးပါရဲ့လား။

ကွင်းထဲက ပြေးထွက်လာခဲ့တယ်။ လေအေးကလေးက မျက်နှာကို ဘာကြောင့် လာဟပ်ရပါသလဲ။ ကျင်သွားတာဘဲ။ 'အချစ်' ချမ်းနေမှာဘဲ။ သူက ဘလောက်(စ်)အင်္ကျီကလေးနဲ့ မဟုတ်လား။

စောစောက အချစ်ရပ်ကြည့်နေတဲ့ ပွဲကြည့်စင်ဘေးကို ပြေးမိတယ်။ ကစားထားလို့ ထွက်တဲ့ချွေးက တိတ်သွားပြီးမှ ချွေးပြန်နိုလာတယ်။ ဘာဖြစ်လို့ ကျွန်တော့်စိတ်တွေ ဒါလောက်ပူနေရပါသလဲ။ ကြည့်ပါအုံး။ ကျွန်တော် ရှေ့တည့်တည့်က ကောင်မလေးနှစ်ယောက် လျှောက်လာကြတယ်။

"အေး"

ဘယ်ကလာ အေးဟုတ်ရမှာလဲ။ တခြားကောင်မလေးနှစ်ယောက်။ သူတို့က 'ခစ်'ခနဲ ရီသွားကြတယ်။ အရှက်ပြေ ပြန်ပြီးရီပြလိုက်ရတာပေါ့။

"ဟေး"

ဘယ်လောက်ချစ်ဖို့ကောင်းလိုက်ပါသလဲ။ ကျွန်တော် သူ့ကို လိုက်ရှာနေမှန်းသိလို့ ကျွန်တော့်ကိုစပို့ သူပုန်းနေတာကိုး။ အနားရောက်မှ မှောင်ထဲကနေ ခုန်ထွက်လာပြီး ကျွန်တော့်ကို ချောက်တယ်။ ကြောက်ချင်ယောင်ဆောင်လိုက်ရမှာလား။

ကျွန်တော် ဝမ်းသာသွားတယ်နဲ့တူတယ်။ ရင်ခုန်လာတယ်။ ပထမ ငေးကြည့်နေပြီး အေးဆီကို ကျွန်တော် ပြေးသွားတယ်။ အေးရဲ့လက်ကို ဖမ်းကိုင်လိုက်မိတယ်။ အေးရဲ့လက်က နွေးလိုက်တာ။ ဖောင်းဖောင်းအိအိကလေးရယ်။ သိပ်ကိုင်လို့ ကောင်းတာဘဲ။

အေးရဲ့လက်ကလေးကို ကျွန်တော်က ဘာဖြစ်လို့များ နမ်းလိုက်မိပါသလဲ။

"အို မင်းလူဆိုး"

"ဘာလို့"

"မင်းနဲ့အေးနဲ့ မနေ့ကမှ အသိဖြစ်ကြတယ်မဟုတ်လား"

"ဟုတ်လား...ဟုတ်လား"

"အေးကို မင်း ဘာဖြစ်လို့ လိုက်ရှာတာလဲ"



Generated by CamScanner from intsig.com

"အိပ်လိုက်ပို့မလို့"

"ဘာလို့ လိုက်ပို့မှာလဲ"

"လမ်းမှာတောင်းပန်မလို့"

"ဘာလို့တောင်းပန်မှာလဲ"

"အေးကိုစိတ်တိုပြီး အော်မိလို့"

"ဒါဖြင့် ဘာလို့ အေးလက်ကို နမ်းရတာလဲ"

"ဝှေ့ အေးက ကျွန်တော့်ကို ချောက်တာကို"

"ကြောက်ရင် နမ်းရတယ်လား"

"အေး ကျွန်တော့်ကို စောင့်နေတာလားဟင်"

'အချစ်'ကို အိပ်လိုက်ပို့တယ်။ ဂန့်ဂေါပင်တွေအောက်မှာ မှောင်နေတယ်။ ပေါ်မီးရောင်နဲ့မို့ သစ်ရွက်ကလေးတွေက ပြောင်နေတယ်။ မိုးဖွဲကလေးက ချစ်ဖို့ကောင်းတယ်။

"လှတယ်နော်အေး"

"ဘာကိုလဲ"

"ဂန့်ဂေါတောကြီးကိုပြောတာ"

"ဘယ်မှာမြင်ရလို့လဲ။ မှောင်နေတာဘဲ"

"စိတ်ကူးကြည့်ပေါ့။ စိတ်ကူးကြည့်တဲ့အခါ မှောင်ထဲမှာလဲ မြင်ရတာဘဲ။ မိုးပေါ်ကိုလဲ သွားလို့ရတာပဲ"

"ဟုတ်တယ်...ဟုတ်တယ်။ ဒါပေမယ့် မိုးပေါ်ကနေ ကြည့်ရင်တော့ ဂန့်ဂေါတောက သေးသေးကလေးဖြစ်သွားမယ်နော်"

ခင်၊ ယာဉ်ပုံ အနုပညာလုပ်ငန်း၊

Generated by CamScanner from intsig.com

"ဒါပေါ့။ အဲဒီအခါ ကျွန်တော်တို့နှစ်ယောက်ကလဲ ဝိဝိရွေးရွေး ကလေးဖြစ်သွားမှာပေါ့"

'အချစ်'က ရီပြန်ရော။ 'အချစ်'က စိတ်ကူးမယဉ်တတ်ဘူးလား။ ကစ်ခါကလေ စိတ်ကူးယဉ်ရတာ ပျော်စရာကောင်းတယ်လို့ 'အချစ်'က မသိဘူးထင်တယ်။

"လူတွေအားလုံး မိုးပေါ်ရောက်ကုန်ကြရင်ကောင်းမယ်"

"ဘာလို့"

"အဲဒီအခါကျတော့ ဂန့်ဂေါ်တော သေးသေးကလေးထဲက ကျွန်တော်တို့နှစ်ယောက်ကို ဘယ်သူကမှ မမြင်ရတော့ဘူးပေါ့"

'အချစ်'ရဲ့ လက်မောင်းကလေးကို ကျွန်တော် ကိုင်လိုက်တယ်။ ရှေ့နေတဲ့လက်မောင်းကလေးကို ကိုင်ကြည့်ဘူးကြပါသလား။ 'အချစ်''က ဘာမှမပြောဘူး။ ကျွန်တော်က 'အချစ်'ကို နမ်းလိုက်တယ်။ မဟုတ်ဘူး။ မဟုတ်ဘူး။ ဒီတစ်ခါတော့ လက်ကိုနမ်းတာမဟုတ်ဘူး။

လည်ပင်းကလေးကို။ ပြီးတော့ နှုတ်ခမ်းကလေးကို၊ ဟုတ်ပါဘူး။ ကျွန်တော်က အရမ်းကြီးမနမ်းပါဘူး။ ထိရုံကလေးထိထားတာပါ။ ဒါပေမယ့် အကြာကြီး။

"သိပ်မုန်းတာပဲ"

"ကျွန်တော့်ကိုလား"

"ခွေးကလေး"

'အချစ်'ရဲ့နှုတ်ခမ်းကို ကျွန်တော် ကိုက်ထားလိုက်တယ်။ ပြေး



Generated by CamScanner from intsig.com

ခြေကလေးဘဲ ကိုက်တာပါနော်။

ကျွပ်ဆင်ပေါက်လွန်တော့ 'အချစ်'က ကျွန်တော်နားကခွာပြီး လျှောက်တယ်။ ဘာဖြစ်လို့လဲလို့မေးကြည့်တော့ မာလာဆောင်ပေါ်က ကောင်မလေးတွေက ချောင်းကြည့်နေလိမ့်မယ်တဲ့။ အဲ့ဒီကောင်မလေးတွေ က ချောင်းကြည့်နေကြပါသလား။ ကျွန်တော်ပြိုင်ကားကလေးကျွန်ခဲ့တာ ကောင်းသွားတယ်။ နို့မို့ဆိုရင် မာလာဆောင်က မိုးမိုးတို့ ကျွန်တော့်ကို မှတ်မိသွားကြမှာပေါ့။

ကမာရွတ်ဂိတ်တဲ့နားရောက်တော့ 'အချစ်'က ကျွန်တော့်ကို ပြန် တော့တဲ့။ ခံရိပ်ငြိမ်ရောက်ရင် လူတွေသိကုန်လိမ့်မယ်တဲ့။ ဟုတ်မှာပေါ့။ ခံရိပ်ငြိမ်ရှေ့က ပြည်လမ်းမှာ မာကြူရီတွေ ထွန်းထားတာကိုး။ မှောင်မှ မမှောင်ဘဲ၊ ခံရိပ်ငြိမ်ကလူတွေက ဘာဖြစ်လို့ မိုးပေါ်မှာ သွားမနေကြတာ လဲမသိဘူး။

"နောက်ပြန်တော"

'အချစ်'က စာရွက်ကလေးတစ်ရွက်နဲ့ သူ့အိမ်ရှင်ရဲ့ ဖုန်းနံပါတ် ကို ရေးပေးတယ်။ လူချင်းတော့ မတွေ့စို့အုံးနဲ့ဆိုတဲ့သဘောပေါ့။

"နောက် လေးငါးရက်တော့ ဆက်ဖြစ်မှာမဟုတ်ဘူး"

"ဘာလို့"

"ခု အပြန် လှည်းတန်းကဆက်မှာမို့"

"ခွေးကလေး"

'အချစ်'ရဲ့အသံ တိုးတိုးကလေး။

လှည်းတန်းထိပ်ရောက်တော့ သူငယ်ချင်းတွေ အတော်စုံနေပြီ။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်လုံး ဘောလုံးသမားတွေချည်းပဲ၊ ကျွန်တော် ရောက်တော့ သူတို့က စပ်ပြီးပြီးလုပ်ကြတယ်။ ကျွန်တော်ကလဲ ဘာလို့ ရှိုးချင်နေပါသလဲ။ ပါးစပ်ကို ထိန်းထားလို့မရဘူး။

"မှီရတဲ့မျက်နှာနဲ့ပါလားကွ"

"နောက်စကားပုံတစ်ခု ရှိသေးတယ်လေကွာ"

"အေး..အေး ဒီကောင် ရှိုးချင်းရှင် မှီတော့ ရမှာမဟုတ်ဘူး... ဟား...ဟား...ဟား"

ဝိုင်းချွတ်ကြပေမယ့် ပျော်စရာကောင်းတယ်။

"အောင်အောင်...ဒီနေ့ မင်းဘယ်နှစ်ဂိုးသွင်းသလဲ"

"တစ်ဂိုးထဲပါကွာ"

"တစ်ဂိုးတည်းတဲ့..ဟား...ဟား"

"မင်း ဒီနေ့ အလိန်အခေါက် များတယ်ကွာ"

"မများပါဘူးကွ...ငါ ရိုးရိုးကစားသားဘဲ"

"ပြီးမနေ့နဲ့...ဂတ်တဲနားမှာ တွေ့ခဲ့ပြီးပြီ"

"ဘာကိုပြောတာလဲကွ"

"'အေး'လေ"

"ဘာကွ"

"ငြိမ်းအေးမယ်နဲ့လေကွာ...မဆိုးဘူးကွ။ ဂျီဖလားတယ်။ ငါတောင်"



Generated by CamScanner from intsig.com

"ဘာဖြစ်သလဲ"

"ငါတောင် စန္ဒယားခန်းထဲမှာ တစ်ခါမြင်ဘူးတယ်ပြောမလို့ပါကွ ဟား....ဟား"

"သူက စန္ဒယားတီးတတ်သလား"

'အလီမွှာ'စာအုပ်ဆိုင်ဘက် ထွက်လာခဲ့တယ်။ ဘာလုပ်ရမှာလဲ၊ ဖုံးဆက်မလို့ပေါ့။ 'အေး' ပေးလိုက်တဲ့ ဖုံးနံပါတ်ကို လှည့်လိုက်တော့ ချက်ချင်းဘဲ ဟိုဘက်က ဖုံးကောက်ကိုင်တယ်။ ဟော 'အေး'အသံမဟုတ်လား။ 'အချစ်'က စောင့်နေတယ်တာလား။

တိုးတိုးလေး စကားပြောကြတယ်။

"အေး"

"အင်းဟင်"

"ကျွန်တော်တို့ ချစ်နေကြပြီလားဟင်"

'အချစ်'က တယ်လီဖုံးမြန်ချသွားတယ်။

✲ ✲ ✲

Generated by CamScanner from intsig.com

# ၄။

နောက်တစ်နေ့ ကျွန်တော် ဆေးရုံတက်ရတယ်၊ ရန်ကုန်ဆေးရုံကြီး မဟုတ်ပါဘူး။ တက္ကသိုလ်ဆေးရုံမှာ။ ကျွန်တော်က တက္ကသိုလ်ကျောင်းသားမဟုတ်လား။ တစ်ခုခုဖြစ်ရင် တက္ကသိုလ်ဆေးရုံမှာဘဲ တက်ရတာပေါ့။ မဟုတ်ဘူးလေ၊ မနေ့က ကျွန်တော် ဘောလုံးပွဲမှာ ဒဏ်ရာရလိုက်တာပဲ။ ဦးခေါင်းယောင်နေတယ်။ ကိုက်လွန်းလို့ အော်နေရတယ်။ ဘယ်ဘက်ပါး များမှာလဲ အပုကြီးဖြစ်နေတယ်။ ပါးစပ်ဟလိုက်ရင် သိပ်နာတာပဲ။

တကယ်ရောဂါဖြစ်တဲ့အခါ ဆေးရုံတက်ရတာ ဘာဖြစ်လို့ စိတ်ညစ်ဖို့ကောင်းရပါသလဲ။ မဟုတ်ဘူးလေ။ ပထမတစ်ခါလဲ ကျွန်တော်ကဆေးရုံတက်ဖူးတာဘဲဟာ။ အဲဒီတစ်ခါတုန်းကတော့ ဘာမှဖြစ်လို့ မဟုတ်ဘူး၊ သူငယ်ချင်းတစ်ယောက်က နတ်(စ်)မလေးတွေ လှတယ်ပြောလို့ သွားနောက်တာ။ အဲဒီအခါတုန်းက ပျော်တယ်၊ အကျိုးမရှိတာတွေ အကုန်လုံးဟာ ပျော်စရာကောင်းနေတတ်ပါသလား။

တကယ်ရောဂါဖြစ်လာတော့ ဆေးရုံက ဘာလို့ပျော်စရာမကောင်းရပါသလဲ။ ခုဆိုရင် နတ်(စ်)မလေးတွေ ကြည့်ဖို့နေနေ မျက်လုံးတောင်ဖွင့်မထားချင်ဘူး။

နတ်(စ်)မလေးတစ်ယောက်က အပျားလာတိုင်းတယ်၊ ပြီးတော့ ရီတယ်။

"ကျွန်တော် ဖျားနေသလားဟင်"

"ကောင်းတယ်"

"နေကောင်းတာလား"

"၁၀၂"

နဲတောင်နဲသေးတယ်လို့မပြောပေမယ့် နတ်(စ်)မလေးမျက်လုံးကို ကျွန်တော် သိတယ်။ ပထမတစ်ကြိမ်ဆေးရုံတက်တုန်းက နောက်ထားခဲ့ပေမယ့် ကျွန်တော် တကယ်နေမကောင်းတဲ့အချိန် ကျွန်တော့်ကိုပြန်နောက်တော့ ကျွန်တော် ဘာဖြစ်လို့ ခေါက်နိုင်ပါသလဲ၊ တက်တချက်ခေါက်လိုက်တယ်။



Generated by CamScanner from intsig.com

''အောင်မယ်လေးဗျ''

''ဘာဖြစ်တာလဲ''

''တောက်ခေါက်လိုက်လို့ ပါးက နာသွားတာ''

နတ်(စ်)မလေးက ရီသွားတယ်။

ညနေပိုင်းမှာ ဖေဖေ ရောက်လာတယ်။ ကျွန်တော် သိတယ်။ ဆေးရုံပေါ်မို့ ရှောင်မှာမဟုတ်ဘူး။ အဖိုးကြီးက စွတ်ကောမှာပဲ။ မနေ့က သူလဲ ဘောလုံးပွဲလာကြည့်သွားတယ် မဟုတ်လား။ သူနဲ့ပတ်သက်ရင် ဘယ်တော့မှ ဂုဏ်သိက္ခာ အထိမခံဘူး။ မနေ့က ကျွန်တော့်ကို ဒိုင်လူကြီးက ထုတ်ပစ်ခဲ့တယ်မဟုတ်လား။ တစ်ခါတလေ ဖေဖေက ပိစိကွေးလေးကို အကြီးကြီးလုပ်ပြီး ကောတတ်တယ်။ အသက်ကြီးလာရင် လူတွေ ဘာဖြစ်လို့ စိတ်တိုတတ်ကြပါသလဲ။

''ငါ ဆရာဝန်နဲ့တွေ့ပြီးပြီ။ ဓါတ်မှန်လဲ ကြည့်ခဲ့တယ်။ မကျိုးပါဘူး။ အကြောနဲနဲလွဲသွားတာတဲ့''

ကျွန်တော်နဲ့ပတ်သက်ရင် ဖေဖေက သေသေချာချာ ဂရုစိုက်ပါတယ်။ ဒါပေမယ့် သူ ကျွန်တော့်ကို ဂရုစိုက်တာကိုတော့ ကျွန်တော်က ဝမ်းသာစေချင်တယ်။ ကျွန်တော်ကလဲ ဝမ်းသာတဲ့ပုံမျိုး ဘယ်တော့မှ မပြဘူး။ အဖေနဲ့သားဘဲဥစ္စာ။ ကျွန်တော့်မှာ ဖေဖေတစ်ယောက်ပဲရှိပါတယ်။ ဖေဖေ့မှာလဲ ကျွန်တော်တစ်ယောက်ဘဲရှိပါတယ်။ ဘာဖြစ်လို့ သားအဖချင်း ချစ်တာကို ဖေဖေက ဂုဏ်ယူချင်နေရပါသလဲ။ ဒါကြောင့်မို့ ဖေဖေနဲ့ကျွန်တော် မတဲ့ကြတာ ဟုတ်ပါသလား။

"မင်း ညက အိပ်ပြန်မအိပ်ဘူး၊ ဘယ်လျှောက်လည်နေသလဲ"

"ညကတုန်းကတော့ အနာက နာမှန်းမသိဘူးမေမေ"

"မနက်က အဆောင်ကိုလိုက်လာမှ ငါသိရတယ်"

"ကျွန်တော်က ခု နေကောင်းသွားပြီ"

"အစထဲက ငါပြောတယ်ကွာ…သတ်တာ ပုတ်တာ ဝါသနာပါရင် ကျူးဘာညီမ်းဆီ လိုက်ပို့ပေးမယ်လို့"

"ဘောလုံးပွဲမှာလဲ လဲရင်တော့ မျက်နှာကိုထိတတ်တာဘဲမေ့"

"ဒီလောက်ရမ်းကားရင် ငါအစကတည်းက လာမကြည့်ဘူး"

"စီးပွားရေးလုပ်တာမှ မဟုတ်ဘဲမေမေရယ်…ကန့်ကရတော့ ဘယ်ရှိပါ့မလဲ"

"ဟောကောင်…ငါ့ကို မငိုနဲ့…မင်း အားကစားတာနဲ့ ပတ်သက်လို့ ငါ ဘာပြောဘူးလို့လဲ"

မေမေ့စကော်ရုံတွေ ပြည်သူပိုင်အသိမ်းခံရတုန်းက မေမေမျက်ရည်ကျခဲ့တာကို ကျွန်တော် သိပါတယ်။ ကျွန်တော်လဲ ငိုခဲ့တာဘဲ။ မဟုတ်ဘူးလေ။ အဲဒီတုန်းက ကျွန်တော်က ကလေးဘဲ၊ ဘာကိုမှ သိလို့မဟုတ်ဘူး။ မေမေငိုလို့ ဝမ်းနဲ့ပြီးလိုက်ငိုတာဘဲ။ ခု ကျွန်တော်ပြောတာက မေမေ့ကို စိတ်မကောင်းဖြစ်အောင်မှ မဟုတ်ဘဲ။ ဒါပေမယ့် ကျွန်တော်က ဒီလိုဘဲ အမြဲစကားနိုင်လုတတ်တယ်။ မေမေ့ကို စကားနိုင်အောင်ပြောရတာကိုတော့ ကျွန်တော် ဝမ်းအသာဆုံးဘဲ။ ငယ်ငယ်ကထဲက မေမေ့ကို စကားနိုင်လုခဲ့ရတာရဲ့ အကျင့်ဖြစ်နေပြီ။ မွှားမွှားကလဲ မေမေ့ကို ကျွန်တော်

နိုင်အောင် ပြောပြီဆိုရင် တခစ်ခစ်နဲ့ရီတော့တာဘဲ။ အဲ့ဒါ ငယ်ငယ်ကလေး ထဲက အိမ်မှာဆိုရင်တော့ ကျွန်တော်က နံပါတ်ဝမ်းပါလေ။ ဖွားဖွားက ပြောတယ်၊ သူသေရင် ကျွန်တော့်ကို အမွေပေးမယ်တဲ့။ ဒါပေမယ့် ဖွားဖွား က ခုမှ သွားဘဲကျိုးသေးတယ်။ လူတွေရိကြတဲ့အခါ သွားပေါ်ရင် လှတတ် ပါသတဲ့။ ကျွန်တော့်အဖွားက သွားမရှိဘဲ ဘာဖြစ်လို့များ ရီရင်လှနေတတ် ပါသလဲ။

ဖေဖေကလဲ ဒီအတိုင်းနေမှာပါ။ သူသေရင် ကျွန်တော့်ကို အမွေ ပေးမှာဘဲပေါ့။ ဖေဖေက ကျွန်တော့်ကိုချစ်တာဘဲ။ ဒါပေမယ့် ငယ်ငယ် တုန်းက ချစ်တာနဲ့ ဘာဖြစ်လို့များ မတူရပါသလဲ။ ငယ်ငယ်တုန်းက ကျွန်တော်ပြောသမျှကို လက်ဖြောက်အရွှံးပေးခဲ့တဲ့ဖေဖေဟာ ခု ဘာဖြစ် လို့ ကျွန်တော့်ကို အမြဲနိုင်ချင်နေရပါသလဲ။ ကျွန်တော်မှတ်မိတယ်။ ကျွန်တော် တက္ကသိုလ်ရောက်ပြီး သုံးနှစ်လောက်ကထဲက ဖေဖေ အဲ့သလို နိုင်ချင်လာတာဘဲ။ အဲဒီအချိန်က ကျွန်တော့်အသက် ၁၉ နှစ်။ ကျွန်တော် ရီးစားထားတတ်နေပြီ။ ကျွန်တော့်ကို ဖေဖေက ပြိုင်ကားဝယ်ပေးပြီးပြီ။ ဖေဖေ့နားကို ကျွန်တော် သိပ်မကပ်တော့ဘူး။ အပေါင်းအသင်းကို စင်တွယ် တတ်နေပြီ။ ဖေဖေကလဲ အသက်ငါးဆယ်ကျော်နေပြီမဟုတ်ဘူး"

"ဟောကောင် ဒီဘက်လှည့်စမ်း"

"ရပါတယ်ဖေဖေ"

"မရလို့ ရမလားကွ...ဟိုဘက်ကနေ ဒီဘက်လှည့်တာဘဲ... မင်း အကျင့်က ဘာလဲ...ငါ စကားပြောရင် အမြဲမျက်နှာလွှဲထားတယ်"

"လှည့်ပြီးပါပြီဖေဖေ"

"ငါသိသားဘဲကွ…မှန်းစမ်း…မင်းမျက်နှာ တော်တော်နာရဲ့သလား"

"ဘောင်စင် အထိုးခံရသလောက်တော့ မနာပါဘူး"

"ငါ့ကို မရိပါနဲ့ကွ"

"ချစ်လို့ပါ"

"ချစ်ရင် ဒီလိုဘဲ ရိရသလား"

"ကောင်မလေးတွေကိုတော့ ကျွန်တော် အမြဲရိတာဘဲ"

"ဟာ…ငါက မင်းအဖေကွ"

"ချစ်တာချင်းတော့ မတူဘူးပေါ့ဖေဖေရာ"

"တူလို့ကော ရမလားကွ ခွေးသား"

"ခင်ဗျာ"

"ဘာခင်ဗျာလဲကွ"

"ဖေဖေခေါ်လို့ ထူးတာပါ"

"မင်းနဲ့စကားပြောရတာ ဒီနေ့ အဆင်မပြေဘူး"

"ဒါဖြင့် ကော်ဖီသောက်ကြရအောင်ဖေဖေ"

"အိုဗာတင်း ဓါတ်ဘူးနဲ့ယူလာတယ်"

"ဖေဖေလဲ သောက်ပါလား"

"ရပါသေးတယ်"

"ဘာလို့လဲဖေဖေ"



Generated by CamScanner from intsig.com

"ညနေကျရင် ငါ ဘာသောက်တတ်တယ်ဆိုတာ မင်းအသိပဲကွ"

"ညနေကျရင် ကျွန်တော် ဆင်းချင်ပြီဖေဖေ"

"မဖြစ်ဘူး။ ညနေ ဒေါက်တာခင်မောင်မြင့် မင်းကို လာကြည့်လိမ့်မယ်"

"ဘာအတွက်လဲဖေဖေ"

"သူက အရိုးအကြော စပယ်ရှယ်လစ်မဟုတ်လားကွ"

"ကျွန်တော်က ကောင်းနေပြီဘဲဖေဖေ"

ဖေဖေက အမြဲတမ်း အဲ့ဒီလိုဘဲ။ ဘာကလေးတခုဖြစ်လိုက် ဖြစ်လိုက် စပယ်ရှယ်လစ်တို့ မန်နေဂျာတို့ ဗိုလ်မှူးကြီးတို့ကို ထည့်ထည့်ပြောတတ်တယ်။ ကျွန်တော်က မကြိုက်ဘူး။ တော်ရုံတန်ရုံကိစ္စကို ကျွန်တော့်ဘာသာ နိုင်သလောက်နဲ့ ရှင်းပစ်ချင်တယ်။ အဲဒီအခါကျတော့လဲ ဖေဖေက တမျိုးသဘောပေါက်တတ်တယ်။ သူ့ကို အားမကိုးချင်ဘူး။ သူ့ကို အထင်မကြီးဘူးပေါ့လေ။ ဘုတ်ကြီးတွေနဲ့ပေါင်းရတာ သိပ်ခက်တာပဲ။ တကယ်တော့ အခွင့်အရေးတခု လွယ်လွယ်နဲ့ရမယ်ဆိုရင် ဘယ်သူမလိုချင်ဘဲရှိပါ့မလဲ။ ဒါပေမယ့် လူမသိသူမသိဆိုရင် တော်သေးတာပေါ့။ ခုတော့ ဖေဖေက ကြော်ငြာကျွန်းတယ်။

ပိုက်ဆံချမ်းသာတဲ့ လူတွေ အဲဒီလိုဖြစ်တတ်ပါသလား။

ညနေစောင်းပြီ၊ ဒေါက်တာခင်မောင်မြင့်ရောက်မလာဘူး။ ကိစ္စတော့မရှိ၊ စပယ်ရှယ်လစ်မလာပေမယ့် ကျွန်တော့်ဒူးခေါင်းက သက်သာသွားပြီဘဲ။



Generated by CamScanner from intsig.com

သက်ပြင်းသုံးလေးခါ ချပြလိုက်တော့ ဖေဖေက ဒေါက်တာတွေကို သွားမေးတယ်။ ဆေးရုံက ဆင်းချင်လဲဆင်းလို့ရပြီတဲ့။ မိုးချုပ်တော့ အိမ်ပြန်ရောက်တယ်။ အပေါ်ထပ်ကို ဖေဖေတွဲပြီး လိုက်ပို့တယ်။ ဖေဖေ့ပခုံးပေါ် ပထမဆုံးလက်တင်ဖူးတယ်။ 'အချစ်' ရဲ့ပခုံးပေါ် လက်တင်ဖူးတာနဲ့ ဘာဖြစ်လို့မတူရပါသလဲ။ ဖေဖေ့ပခုံးက မာဆတ်ဆတ်နဲ့။ ကျွန်တော့်ကိုတွဲပြီး ဖေးမနေရတဲ့အတွက် ဖေဖေက သိပ်ပျော်နေပါသလား။ အဲဒီအတွက် ဂုဏ်ယူရမှန်း ကျွန်တော် ဘာလို့မသိခဲ့ပါသလဲ။

"မင်းမအိပ်ချင်သေးရင် စကားပြောရအောင်"

"ဟုတ်ကဲ့...အိပ်ချင်ပြီဖေဖေ"

"နဲနဲတော့ သည်းခံပေါ့ကွာ၊ ငါတောင် မင်းနဲ့စကားပြောဖို့ ခုထိ အရက်မသောက်ရသေးဘူး"

ဖေဖေက ဘာပြောမယ်ထင်ပါသလဲ။

အလုပ်အကြောင်းဘဲ ဖြစ်မှာပေါ့။

ကျွန်တော် စိတ်မဝင်စားတာတွေ မှန်သမျှ ဖေဖေက ဘာဖြစ်လို့ ပြောချင်နေရပါသလဲ။ အင်းလေ...ကျွန်တော်က တက္ကသိုလ်ကျောင်းသားဘဲ။ ဒါပေါ့ နောက်ဆုံးနှစ်လေ။ အဲ့ဒါ ဘာဖြစ်သလဲ။ ကျွန်တော်က သူဌေးသားဘဲ။ ဘွဲ့ရပြီးတိုင်း အလုပ်လုပ်ရမှာလား။ သူဌေးသားမဟုတ်တဲ့ လူတွေတောင် ဘွဲ့ရပြီး ဘာမှမလုပ်ကြဘူးလေ။ သိတယ်မဟုတ်လား"

"မင်း *R.L* ဆက်တက်ဖို့ ကိစ္စဘယ်လိုလဲ"

"ဥပဒေ ကျွန်တော် စိတ်မဝင်စားဘူး"

"သိထားရင်တော့ ကောင်းတာပေါ့ကွ"

"အဲဒီအလုပ်မျိုးမှ ကျွန်တော် မလုပ်ချင်ဘဲ"

"ငါက တရားရေး၌ာနက ငါ့သူငယ်ချင်း ကြီးကြီးမာစတာတွေ တောင် ခုကတည်းက ပြောထားသေးတယ်"

"ဘာလို့လဲဖေဖေ"

"မင်း *R.L* သင်တန်းကဆင်းရင် အလုပ်မြန်မြန်ရအောင်ပေါ့ကွ"

"ဟာ…ဖေဖေကလဲ ရှက်စရာကြီး"

"ဘာကွ…ငါ့သားဖြစ်ရတာ ရှက်စရာလား"

"ကျွန်တော်ပြောတာ ဒီအဓိပ္ပာယ်မဟုတ်ပါဘူး"

"ဖေဖေ့မျက်နှာနဲ့ ကျွန်တော် အလုပ်ရတာ ကျွန်တော့်အဖို့ ရှက် စရာကောင်းတယ် ပြောတာပါ"

"ဒါပေမယ့် အလုပ်တစ်ခုရဖို့ဆိုတာ မလွယ်ဘူးကွ"

"ကျွန်တော် ငြိမ်ငြိမ်စိမ်စိမ်အလုပ် မလုပ်ချင်ဘူး"

"ဒါဖြင့် မင်း ရဲလုပ်မလား၊ ငါ သွားပြောပေးမယ်"

"သေနတ်လဲ မကိုင်ချင်ဘူးဖေဖေ"

"ဟ ရဲဆိုတာ သေနတ်ကိုင်ရပေမယ့် ပစ်ရခဲသားလားကွ"

"စစ်တိုက်တာလောက်တော့ မပစ်ရဘူးပေါ့ဖေဖေရယ်"

"ကဲ…ဒါဖြင့် မင်းဘာလုပ်ချင်သလဲ"

"တယ်လီဖုံးဆက်ချင်တယ်ဖေဖေ"

ဖေဖေနဲ့ကျွန်တော်နဲ့ ချစ်ကြပါတယ်။ ဒါပေမယ့် မတည့်ကြပါ။

Generated by CamScanner from intsig.com

ဖေဖေဟာ ကျွန်တော့်ကို အမြဲပဲအပြစ်ရှာနေတယ်လို့ ကျွန်တော်က ထင်တယ်။ ဖေဖေကလဲ ကျွန်တော်ဟာ သူ့ကို အထင်မကြီးတော့ဘူးလို့ ထင်နေတယ်။ ကျွန်တော် ဝန်ခံပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော်လောက်တော့ ဖေဖေ့ကို အထင်မကြီးပါ။ ကျွန်တော် တက္ကသိုလ်ရောက်ပြီးကထဲက ဘာဖြစ်လို့ ဒီစိတ်ဝင်လာရတယ်။ ကျွန်တော် မသိပါ။ ဒါပေမယ့် ဖေဖေ့ကို ကျွန်တော် ချစ်ပါတယ်။ ကျွန်တော့်ဘဝမှာ ဖေဖေ့ကိုဘဲ ကျွန်တော် သိပါတယ်။ မေမေ့ကို ကျွန်တော် မသိပါ။ မေမေဆုံးတာ ကြာခဲ့ပြီဘဲ။

အခန်းထဲက ဖေဖေ ပြန်ထွက်သွားတော့ ကျွန်တော် ဘာလို့ပျော်သွားရပါသလဲ။ ဖေဖေစကားပြောနေတုန်းက အိပ်ချင်နေတဲ့ ကျွန်တော် မျက်လုံးတွေက ခုပြန်ကျယ်လာတယ်။

'အချစ်'ဆီကို ကျွန်တော် တယ်လီဖုံးဆက်တယ်။

" 'အေး'လား"

"အင်းဟင်"

"ကျွန်တော် ဆေးရုံတက်ရတယ်"

"ဟုတ်လား၊ ခုဆေးရုံက ဆက်တာလား"

"အိမ်ပြန်ရောက်နေပါပြီ။ ခု ဒူးခေါင်းက ရောင်ပြီး နာနေတယ်၊ မျက်နှာမလဲ ဖူးနေတယ်။ သိပ်ခိုက်တာပဲ"

ကျွန်တော် ဒဏ်ရာရလို့ ဆေးရုံတက်ရတဲ့အကြောင်း 'အချစ်'ကို ဘာလို့ပြောပြချင်နေရပါသလဲ။ ကျွန်တော် ပြောပြတဲ့အခါမှာ 'အချစ်'က ကျွန်တော့်ကို သနားသွားပါသလား။ ခုလို ကျွန်တော်ဖြစ်တဲ့အကြောင်း

သာ နွယ်နွယ့်ဆီဖုံးဆက်လိုက်ရင် နွယ်နွယ်ကတော့ ငိုမှာဘဲ။ နောက်နေ့ ကျွန်တော့်ဆီလာပြီး ပြုစုတော့မှာဘဲ။

'အချစ်'ကတော့ အဲဒီလို မဟုတ်ဘူး။

"အဲ့ဒီကောင်စုတ်ကို မင်းပြန်ချလိုက်ရဲ့လား"

"ဘယ်ရမလဲ...ပြန်တွယ်လိုက်တာပေါ့"

"သူကော...ဆေးရုံတက်ရတာဘဲလား"

"ဟင့်အင်း"

"သူတို့အသင်းနဲ့ ဘယ်နေ့ကစားအုံးမလဲ"

"လကုန်လောက်ကျ ကစားမယ်"

"အဲ့ဒီအခါကျရင် အဲဒီကောင် ဆေးရုံတက်ရအောင် ပြန်ချမှာလား"

"ဒါပေါ့"

"အဲ့ဒီပွဲကျရင် 'အေး'ကို လာခေါ်နော်"

"ဟင့်အင်း...နက်ဖန်လာခေါ်မယ်"

"ဘာလုပ်ဖို့"

"ဒူးခေါင်းယောင်နေတာလဲ ပြချင်လို့"

"ပြီးတော့ကော"

"ရုပ်ရှင်သွားကြည့်မလို့"

"နေ့လည် ၁၂ နာရီမှာ 'အေး'စနွယားခန်းမှာရှိမယ်"

"အချစ်"က တယ်လီဖုံးပြန်ချသွားတယ်။ တယ်လီဖုံးကို ကျွန်တော်



Generated by CamScanner from intsig.com

နမ်းတယ်။ ကျွန်တော့်လက်မောင်းကို ကျွန်တော် နမ်းတယ်။ ကျွန်တော့် ခေါင်းအုံးကို ကျွန်တော်ဖက်တယ်။ ကျွန်တော် အိပ်ပျော်သွားတယ်။ အိပ် မက်လှလှကလေးတွေ မက်ပါစေ။

❊ ❊ ❊



Generated by CamScanner from intsig.com

# ၅။

'' 'အေး' ရှိလားဟင်''

''ဘယ်က 'အေး' လဲ''

''ဆောရီး... 'ငြိမ်းအေးမယ်' ကိုပြောတာပါ''

''ဟိုးက ဆိုင်ကလေးမှာ တယ်လီဖုံးသွားပြောတယ်''

စန္ဒယားခန်းထဲမှာ ရပ်နေတဲ့ ကောင်မလေးက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ကြည့်တယ်။ ပြီးတော့ ပြုံးပြတယ်။ ကျွန်တော့်ကို သိပုံ

Generated by CamScanner from intsig.com

ရတယ်။

စန္ဒယားခန်းထဲက လှိမ့်ပြီးတီးနေတဲ့ လက်သံကို သဲ့သဲ့ဘဲကြားရတယ်။ ဒါပေါ့။ ဟိုဘက်ခန်းက ဆိုင်းဝိုင်းကြီးက ဆူညံနေတာကိုး။ သိပ်အောက်တာဘဲ။

အဲဒီစန္ဒယားသံဟာ 'အချစ်'ရဲ့ လက်သံဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။ အင်းလေ…'အချစ်'ကို ကျွန်တော်က အထင်ကြီးရမှာပေါ့။

ဒီအတွက်ပဲ 'အချစ်'က ကျွန်တော့်ကို ဒီနေရာချိန်းတာနေမှာပေါ့။ မဟုတ်ဘူးလေ။ သူက စန္ဒယားတီးတတ်တယ်မဟုတ်လား။ သူ ဘယ်လောက်တော်သလဲဆိုတာ ကျွန်တော့်ကို ကြွားချင်လို့နေမှာပေါ့။ တကယ်တော့ ချစ်သူတွေချိန်းကြတယ်ဆိုရင် ဘယ်သူမှမရှိတဲ့နေရာ၊ ဘာသံမှ မကြားရတဲ့နေရာမျိုးဘဲဖြစ်ရမယ် မဟုတ်လား။

ကျွန်တော့်အလှည့်တုန်းက ဘာလို့ ဘောလုံးကွင်းကို 'အချစ်'ကို ချိန်းရပါသလဲ။ ကျွန်တော်တောင်မှ ကျွန်တော် ဘောလုံးကန်တော်ကြောင်း ပြချင်သေးတာ။ သူကလဲ သူ့စန္ဒယားတီးတော်တာကို ကြွားချင်မှာပေါ့။ ကျွန်တော်တို့က ဘာလို့များ တစ်ယောက်တစ်ယောက်ကို အထင်ကြီးစေချင်ရပါသလဲ။

ဒါပေမယ့် 'အချစ်'က ဘာလို့ ခု တယ်လီဖုံးသွားဆက်နေရတာလဲ။ ဒါပေါ့ 'အချစ်'က ဆက်တာပဲဖြစ်ရမှာပေါ့။ ဈေးဆိုင်က တယ်လီဖုံးကိုတော့ အပြင်ကဆက်ပြီး 'အချစ်'ကို ခေါ်နိုင်းလို့ ဘယ်ရမှာလဲ။



Generated by CamScanner from intsig.com

ကျွန်တော်နဲ့ ချိန်းတဲ့အချိန်က ၁၂နာရီမဟုတ်လား။ ကျွန်တော်တို့ ရုပ်ရှင်သွားကြမလို့ဆို။ စန္ဒယားတီးပြချင်တယ်ဆိုရင်လဲ ကျွန်တော့်ကို စန္ဒယားခန်းမှာဘဲ စောင့်နေရမှာပေါ့။ ခု ၁၂ နာရီ ၁၀မိနစ်ရှိပြီ။ 'အချစ်' က တယ်လီဖုံးစကားပြောတာ ဘာလို့ကြာနေရတာလဲ။ ဘယ်သူနဲ့ပြောနေတာမို့လဲ။ ဒါပေမယ့် ကျွန်တော်ကတော့ စောင့်မှာပါလေ။ ကျွန်တော့် ခေါင်းပေါ်မှာ ခေါင်မိုးအရှိသားဘဲ။ မဟုတ်ဘူးလေ။ ကျွန်တော့်ဘောလုံး ပွဲတုန်းက 'အချစ်'က မိုးဖွားတွေကျနေတဲ့အထဲမှာ စောင့်နေခဲ့ရတာ မဟုတ်လား။

"သူ စကားပြောလို့ မပြီးသေးဘူးလားမသိဘူးနော်"

"ဘာလဲ...ယူက မယုံလို့လား။ မယုံရင် ကိုယ့်ဟာကိုယ် သွားကြည့်ပေါ့"

ကျွန်တော်က ဘာဖြစ်လို့ စောစောကကောင်မလေးကို သွားမေးမိရတာလဲ။ ကျွန်တော့်စိတ်က လှုပ်ရှားနေတာ လွန်လွန်းပါတယ်။ ရုပ်ရှင်နောက်ကျမှာစိုးလို့လား။ 'အချစ်'က ကျွန်တော့်ကို ဂရုမစိုက်လို့လား။ 'အချစ်'က တစ်ခြားဘဲတစ်ယောက်နဲ့ စကားပြောနေတယ်များ ထင်မိလို့လား။

'အချစ်' တယ်လီဖုံးပြောနေတဲ့နေရာကို လျှောက်သွားတယ်။ဆိုင်မှာ လူရှင်းနေပေမယ့် ကျွန်တော်ရောက်လာတာကို 'အချစ်'က မသိဘူး။ ဘယ်သိပါ့မလဲ။ ဟိုဘက်လှည့်ပြီး စကားပြောနေတာကိုး။ ပြီးတော့ ရီနေတာကိုး။ တခစ်ခစ်နဲ့။

သူ့ကျောကုန်းကလေးက တွန့်တွန့်သွားတယ်။ ဖားလားကျနေတဲ့ သူ့ဆံပင်ကလေးတွေက ဟိုရမ်းဒီရမ်းနဲ့။ ဘာလို့ ဒါလောက် ရီနေရတာလဲ။

ဝေါင်း ယာဥ်မှုံ အာဇပညာ လုပ်ငန်း

Generated by CamScanner from intsig.com

ဘယ်သူနဲ့စကားပြောနေရတာမို့ ကျွန်တော့်ကို ချိန်းထားတာကို မေ့သွားရပါသလဲ။

"တလား…မနေကမှ ရတယ်။ ဆယ်နာရီလောက်က တစ်ခါဆက်သေးတယ်။ 'ချစ်ပေ' ထမင်းစားနေတယ်တဲ့။ ဒါနဲ့ခုမှ ထပ်ဆက်ရတာ"

ချစ်ပေဆိုတာ ဘယ်သူလဲ။ ကျွန်တော့်ရင်တွေ ခုန်လာပြီ။ ကျွန်တော့်နဖူးမှာ ချွေးတွေစို့လာတယ်။ ကျွန်တော့်ကိုချိန်းထားတဲ့နေရာမှာ ပစ်ထားပြီး ဘာလို့ 'အချစ်'က ချစ်ပေနဲ့ စကားလာပြောနေရတာလဲ။ 'အချစ်' ဆီကို ဖုံးဆက်ဖို့အတွက် ညက ပေပေနဲ့စကားပြောရတာကို ကျွန်တော်စိတ်မဝင်စားခဲ့ဘူး။ 'အချစ်'က ခု ကျွန်တော့်ကို ဘာလို့စိတ်မဝင်စားရတာလဲ။ 'ချစ်ပေ'ဆိုတာ 'အချစ်'ရဲ့ရီးစားလား။ ကျွန်တော့်မှာလဲ ရီးစားတွေရှိခဲ့ဘူးတာပဲ။ ဒါပေမယ့် သူတို့ကို ကျွန်တော်က ချစ်ခဲ့ပြီးပြီပဲ၊ အခု ကျွန်တော်က 'အချစ်'ကိုဘဲ သိတော့တယ်။ 'အချစ်'ကကော ချစ်ပေကို ချစ်ခဲ့ဘူးလို့လား။ ဒါဆိုရင်လဲ ခု မေ့လိုက်တော့ပေါ့။ ကျွန်တော်ရှိနေပြီပဲ။ ကျွန်တော်က ရွှင်လွှတ်တတ်ပါတယ်။ သိတယ်မဟုတ်လား။

"အင်းပါ…'အေး' စောင့်နေပါ့မယ်။ ချစ်ပေ ထမင်းလဲ စားမလာရဘူးနော်။ 'အေး'ချက်ထားမယ်။ နောက်ပြီးကျတော့ 'အေး''ချစ်ပေ'ကို ဘယ်လောက်များချစ်တယ်ဆိုတာ မနက်ဖြန်ခါ ပြရဦးမယ်။ 'ချစ်ပေ'ရဲ့ ပုံတူတခု 'အေး'အလွှတ်ဆွဲထားတယ်"

အမှားက တစ်ခါပြောဘူးတယ်။

အဝိစိရဲ့ဟိုဘက်မှာ ငရဲမရှိတော့ဘူးတဲ့။ အဝိစိဟာ အနက်ဆုံး

ရေဲဘဲတဲ့။

ကျွန်တော့်ရဲ့ဦးခေါင်းက ဘာလို့ပိုပြီး နာလာရပါသလဲ။ ကျွန်တော့်ရဲ့မျက်နှာက ဒဏ်ရာကကော ဘာလို့ပိုပြီး ဖူးယောင်လာရပါသလဲ။ ထမင်းစားပြီးခါစပေမယ့် ဘာဖြစ်လို့ ဗိုက်ထဲက ဆာလာရပါသလဲ။ မငိုဘဲနဲ့ ဘာလို့မောရပါသလဲ။ ရိုးစားများများထားဘူးတဲ့သူဟာ ဝမ်းမနဲတတ်ဘူးဆို။

'အေး' ကျွန်တော့်ကို မြင်သွားတဲ့အခါမှာ ကျွန်တော်က ဘာလို့ မျက်နှာက အနာကို ကိုင်ပြနေမိပါသလဲ။ 'အေး'သနားသွားအောင်လို့လား။ ကျွန်တော့်နှုတ်ခမ်းတွေက အလိုလိုစူနေကြတယ်။

"အို မျက်နှာလဲ မကောင်းပါလား။ ဘာလို့လဲ"

"ဒဏ်ရာရထားလို့"

"သိပ်နာနေလား"

"သေချင်သေသွားနိုင်တယ်"

"ဘာလို့ ဆေးရုံက ဆင်းလာလဲ"

"ဆေးရုံက ဆင်းလာမှ အနာက ပိုနာတာ၊ ဆေးရုံမှာဆို သက်သာတယ်"

"ဆရာဝန်တွေက ဂရုစိုက်ရဲ့လား"

"ကျွန်တော့်ကို ဂရုမစိုက်တဲ့လူ ကမ္ဘာပေါ်မှာ တစ်ယောက်ထဲရှိတယ်"

"မင်းကို ကမ္ဘာပေါ်မှာ ဂရုအစိုက်ဆုံးလူလဲ ရှိတယ်မဟုတ်လား"

''ဒါပေမယ့် အဲဒီလူက ကမ္ဘာပေါ်မှာ ကျွန်တော့်ကို အညာဆုံးပဲ''

''ဒါပေမယ့် 'အေး'က မညာတတ်ပါဘူး''

''ဟုတ်ရင်တော့ ကမ္ဘာပေါ်မှာ ကျွန်တော် အပျော်ဆုံးပေါ့''

''လက်စသတ်တော့ မင်းက စိတ်ကောက်နေတာကိုး။ မင်း ဆေးရုံတက်တုန်းက 'အေး'လာမကြည့်လို့ပေါ့လေ။ ဟုတ်လား''

''ကျွန်တော့်အဖေ လာကြည့်သွားဘဲ။ ကိစ္စမရှိပါဘူး''

''ဒါဆိုရင် 'အေး'ကံကောင်းတာပေါ့။ နို့မို့ဆို ဆေးရုံမှာ 'အေး' မင်းပေပေနဲ့တွေ့နေမှာ သိပ်ရှက်ဖို့ကောင်းမှာဘဲ''

''ဒါပေမယ့် ကမ္ဘာပေါ်မှာ ညာတာဟာ ရှက်ဖို့အကောင်းဆုံးဘဲ''

''ဘယ်သူက ညာတာလဲ''

'' 'အချစ်'က 'အချစ်'ကို နောက် 'အချစ်အသစ်'အတွက် ညာတာ''

''မင်းစကားတွေ 'အေး'နားမလည်''

''ဒါပေါ့ 'အေး'က ကမ္ဘာပေါ်မှာ ကျွန်တော့်ကို နားမလည်ဆုံးပဲဟာ''

''မင်းစကားထဲမှာ ကမ္ဘာ ခဏခဏပါတယ်နော်။ သိပ်ဆန်းတာပဲ''

''ဒါပေါ့...ကမ္ဘာပေါ်မှာ ကျွန်တော်က အနာဆုံးအနာကို ရထားတာကိုး''

''ဒါဖြင့်ရင် အေးက ကမ္ဘာပေါ်မှာ အကောင်းဆုံးဆေးနဲ့ ကုပေး

မယ်။ လာခဲ့"

ချစ်ဖေနဲ့စကားပြောပြီးတော့ ကျွန်တော့်ကို ပြောတဲ့စကားတွေလေ။ ဘယ်လောက်ချစ်ဖို့ကောင်းလိုက်သလဲ။ ဒါပေမယ့် ဘယ်လောက်ညာလိုက်သလဲ။ 'အချစ်'ကို ရုပ်ရှင်ထဲမှာလို နှစ်ကိုယ်ခွဲလို့ရတယ်နော်။ 'အချစ်'မှာ အသဲနှလုံးဘယ်နှစ်စုံရှိသလဲ။

'အချစ်'က ကျွန်တော့်လက်ကိုဆွဲပြီး ဘော်လီဘောရုံဘက်ကို ခေါ်သွားတယ်။ လူသိပ်ရှင်းတာဘဲ။ ပွဲကြည့်စင်တွေပေါ်မှာတော့ အတွဲသုံးလေးတွဲ ချောင်ခိုနေတယ်။ နားကလေးတွေနားကို နှုတ်ခမ်းလေးတွေကပ်ပြီး တိုးတိုးကလေး စကားပြောနေကြတယ်။ 'အချစ်'က ကျွန်တော့်လည်ပင်းကို ရီးလေးခိုပြီး ကျွန်တော့်ညာဘက်ပါးကို နမ်းတယ်။ ဒဏ်ရာရထားတဲ့ ဘယ်ဘက်ပါးထက် အနမ်းခံရတဲ့ညာဘက်ပါးက ဘာဖြစ်လို့ ပိုပြီးနာရပါသလဲ။

'အဝီစိငရဲ'ရဲ့ဟိုဘက်မှာ 'အနမ်းငရဲ'ရှိသေးတယ်ဆိုတာ အဖွားကိုပြောပြဖို့ ကောင်းတယ်။

"ဒီနေ့ ဘာဖြစ်နေသလဲ။ မင်းကိုကြည့်ရတာ ရီးစားပျောက်တဲ့မျက်နှာမျိုးနဲ့"

"ဟုတ်တယ်။ ရီးစားပျောက်လို့"

" 'အေး'ပိုင်းရှာပေးရမလား"

" 'အေး'ပိုင်းရှာပေးရင် ခဏလေးနဲ့တွေ့မှာပေါ့။ ဘာလို့လဲဆိုတော့ 'အေး'မှာ မျက်နှာတွေအများကြီးရှိတာကိုး"

Generated by CamScanner from intsig.com

"ဟုတ်လား…ဒါဖြင့် နာမည်ပြောလေ"

"ဟင့်အင်း…မပြောတော့ဘူး"

"ဒါဖြင့်ရင် မပြောနဲ့လေ"

"ဟင့်အင်း…မေးမလို့"

"ဒါဖြင့်ရင် မေးလေ…'အေး'က ဖြေချင်လှပြီ"

"ကျွန်တော်ကမှ မမေးရသေးဘဲ"

"ဒါပေမယ့် ဘာမေးမယ်ဆိုတာ 'အေး'သိသားဘဲ"

"ဒါဖြင့်ရင် ဖြေလေ"

"သိပ်မှန်းတာဘဲလို့"

"ဘာကိုလဲ"

" 'ချစ်ရဲ့လား'လို့ မေးမှာ ဟုတ်ဖူးလား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘာကိုမေးမှာလဲ"

"ချစ်ပေဆိုတာ ဘယ်ကကောင်လဲ"

'အချစ်'က ရှိတယ်၊ ရှိပေါ့။ ရှိရတာဘဲဥစ္စာ၊ ပြိုင်ပွဲတစ်ခုမှာ ဆုရလို့ရှိရင် အဲ့ဒီဆုထက် အဖိုးတန်တာဟာ နိုင်လို့ရှိရတာဘဲ မှတ်လား။

"ဟယ်…မင်းတော့ ငရဲကြီးလိမ့်မယ်"

"ငနဲ ကြီးပြီးပြီ၊ ငါ ဘာလို့ ထပ်ကြီးရမှာလဲ"

"ချစ်ပေကို 'အကောင်'လို့ ပြောလို့ပေါ့"

"ဘာဆိုင်လို့လဲ"



Generated by CamScanner from intsig.com

''ချစ်ပေဆိုတာ 'အေး'ရဲ့ပေပေလေ''

ကင်တီး(န်)ဘက်က ရေဒီယိုသံ လွင့်လာတယ်။ သဲ့သဲ့ကြားရပေမယ့် လာနေကျသီချင်းတွေဖြစ်မှာပေါ့။ ချစ်တာရယ်၊ မေတ္တာရယ်၊ သစ္စာရယ် ဆိုတာမျိုးတွေလေ...သိတယ်မှတ်လား။

'အချစ်'က ကားတံခါးဆွဲပိတ်လိုက်တယ်။ ကျွန်တော်က စက်နှိုးပြီး မောင်းထွက်လာခဲ့တယ်။ ဂီယာတံကိုင်ထားတဲ့ ကျွန်တော့်လက်ကို 'အချစ်'က ကိုင်ထားတယ်။

''ပေပေက ပဲခူးမှာနေတယ်။ ခု ရန်ကုန်ကို သူ ခဏလာတာ''

'' 'အေး'က အေးပေပေကို ချစ်ပေလို့ ခေါ်တယ်လား''

''အင်းပေါ့''

''သူ့နာမည်က ဦးချစ်ပေလား''

''အို အဲ့လိုဆို 'အေး'ငရဲကြီးမှာပေါ့''

''ဒါဖြင့် ချစ်ပေဆိုတာ ဘယ်သူလဲ''

''အေးပေပေပါဆို''

''ဘာဖြစ်လို့ ချစ်ပေလို့ ခေါ်ရတာလဲ''

''ပေပေ့ကို အေးက သိပ်ချစ်တာ၊ ဒါကြောင့် ငယ်ငယ်ကထဲက 'ချစ်ပေပေ'လို့ ခေါ်တယ်။ နောက်တော့ 'ချစ်ပေပေ'ကနေ 'ချစ်ပပေ' ဖြစ်၊ အဲဒီကနေ 'ချစ်ပေ'ဆိုပြီး ဖြစ်သွားတာ ခုတော့ ခေါ်ကျင့်ကျနေပြီ''

ကျွန်တော် ပျော်သွားပြန်ပြီ။ စောစောက အလွမ်းတွေ ဘယ်ရောက်

ကုန်ပြီလဲ။ ဘယ်လောက် မျက်လှည့်ဆန်တဲ့အဖြစ်လဲ။ ခဏလေးနဲ့ တစ်နေ ရာကနေ တစ်နေရာကို ရောက်သွားတယ်။ ဒါပေါ့၊ ကျွန်တော်တို့က ခု ပြင်ကားပေါ် ရောက်နေကြပြီဘဲ။ သိတယ်မဟုတ်လား။

ပြည်လမ်းမပေါ် ရောက်လာကြတယ်။

"ကျွန်တော်ဖြင့် စိတ်ပူလိုက်ရတာ 'အေး' ရယ်"

"ဘာလို့လဲ၊ သူများရီးစားထားတယ်မှတ်လို့လား"

"အင်းပေါ့"

"ဟုတ်သားပဲ၊ 'အေး' မှာ ရီးစားရှိတာပဲ"

"ဘယ်သူလဲဟင်"

"သိဘူး"

"ကျွန်တော်ပါ"

"သိပါဘူးဆို"

"ဒါဖြင့် ကျွန်တော်နဲ့ ဘာလို့လိုက်လာတာလဲ"

"ရုပ်ရှင်ကြည့်မလို့"

"ရုပ်ရှင်ဆိုတာ ရီးစားဖြစ်မှ နှစ်ယောက်တည်းသွားရတာ"

"ဒါဖြင့် ရုပ်ရှင်မသွားကြစို့နဲ့ကွယ်"

"ဒါဖြင့် ဘယ်သွားကြမလဲ"

"ဘိုင်စကုတ်"

ကျွန်တော့် ဘယ်ဘက်ပါးပေါ်က ဒဏ်ရာတွေက ပြန်ပြီးနာလာ တယ်။ ညာဘက်ပါးပေါ်က 'အချစ်' နမ်းခဲ့တဲ့ အနမ်းကလေးတွေက တစ္ပ



Generated by CamScanner from intsig.com

နဲ့ ဂလိထိုးသလို ဖြစ်လာပြန်ပြီ။ ချစ်လို့နမ်းတဲ့ အနမ်းကလေးတွေက သိပ်ရှိတတ်ပါသလား။ ယိုးဒယားသကြားလုံး အနမ်းကလေး။

"မင်းကကော မင်းဖေဖေကို ဘယ်လိုခေါ်သလဲ"

"ဘုတားကြီးလို့"

"ဟယ်၊ မင်းသိပ်ဆိုးပါလား"

"သူက ဘာမှမပြောပါဘူး"

"ဒါပေမဲ့ ဘယ်ကြိုက်ပါ့မလဲ၊ သူ့ရှေ့မှာကော ဒီလိုဘဲခေါ်သလား"

"အင်းပေါ့"

"သူက စိတ်မဆိုးဘူးလား"

"သူက နားလေးတယ်"

"အို၊ သနားစရာကွယ် ဖေဖေတွေ အဲ့လိုဖြစ်ရင် 'အေး' စိတ်မကောင်းဘူး"

"ငယ်ငယ်က လက်ဖွေ့ထိုးရင်း ထိမိတာ"

"ဟုတ်လား၊ သူကလဲ မင်းလို အားကစားသမားဘဲလား"

"ကျားဘညိမ်းနဲ့ သူငယ်ချင်းပေါ့"

"သူက တော်ရဲ့လား"

"အိုလံပစ် ဝင်ထိုးဘူးတယ်"

"သူနိုင်ရဲ့လား"

"ပထမပွဲမှာ အလဲထိုးခံရတာဘဲ"

"ဟင် နောက်တစ်ပွဲကျတော့ကော"



Generated by CamScanner from intsig.com

"အဲဒီပထမပွဲမှာ အလဲထိုးခံရလို့ မေ့သွားပြီး ဆေးရုံမှာ မနဲ့ကုယူရတယ်"

"အို၊ 'အေး' သိပ် သနားတာပဲ"

"အဲဒီကထဲက ဖေဖေ နားလေးသွားတာ"

နှစ်ယောက်စီးချင်းအတူတူပေမဲ့ ဝင်းဦးကားထက် ကျွန်တော့်ကားက ပိုပြေးသတဲ့။ ဝင်းဦးကားကို မောင်းဘူးတဲ့လူတစ်ယောက်က ပြောတာပဲ ဝင်းဦးဆိုတာ ရုပ်ရှင်မင်းသားကိုပြောတာလေ၊ သိတယ်မှုတ်လား။ ဒါပေမဲ့ ကျွန်တော့်စိတ်က ကျွန်တော့်ပြိုင်ကားထက် ပိုပြေးပါတယ်လေ။ စကြဝဠာအပြင်ဘက်ကို ရောက်သွားလိုက် ကျွန်တော့်ဆီပြန်ရောက်လာလိုက်နဲ့ ကျွန်တော့်စိတ်က ပင်ပေါင်ဘောလုံးကလေးလို ပြေးနေတယ်။

ဂီယာထိုးတဲ့အခါမှာလဲ ကျွန်တော်နဲ့ 'အချစ်' နဲ့က လက်တွဲရက်ပဲ၊ 'အချစ်' ရဲ့လက်ဖဝါးက ပျော့ပျော့ဖောင်းဖောင်းကလေး။ ကျွန်တော့်လက်ဖဝါးကတော့ မာမာဖောင်းဖောင်းကလေး။ ဒါပေမဲ့ တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းဆုပ်ထားကြတဲ့အခါ ဘာလို့လက်ဖဝါးနှစ်ခုကြားမှာ ချွေးစို့လာရပါသလဲ။

အဝါကလေးတွေ အနီကလေးတွေ ရွှေရောင် ငွေရောင် နောက်ချေးရောင်ကလေးတွေ ကျွန်တော်တို့ရဲ့နောက်မှာ လှစ်ကနဲ လှစ်ကနဲ ကျန်ရစ်ခဲ့ကြတယ်၊ မှတ်ဖူးလေ၊ မော်တော်ကားကလေးတွေကို ပြောပါတယ်။

ပြည်လမ်းပေါ်မှာရှိတဲ့အရာတိုင်းကို ကျွန်တော်တို့က နောက်မှာထားရစ်ခဲ့တယ်။ ကျွန်တော်နဲ့ 'အချစ်' က ပြိုင်ကားကလေးနဲ့ ရှေ့ကို

တရှိန်ရှိန်သွားနေကြသေးမဲ့ 'အချစ်' ပြောပြနေတဲ့ စကားကလေးတွေကတော့ ဟိုးနောက်ကိုပြန်ပြေးနေတယ်။ သူငယ်ငယ်တုန်းကတဲ့။

'အချစ်' ငယ်ငယ်တုန်းကလဲ 'အချစ်' ရယ် 'အချစ်' ရဲ့ဖေဖေရယ် (ဟုတ်တယ် ဟုတ်တယ်၊ ချစ်ဖေကိုပြောတာလေ)ရယ်တဲ့။ ပြီးတော့ကျတော့ 'အချစ်' ရဲ့မေမေရယ်တဲ့။ ပဲခူးကနေ ရန်ကုန်ကို သူတို့ပိုင်တဲ့ကားလေးနဲ့ အလည်လာကြရောတဲ့။ ကားမောင်းတာက 'အချစ်' ရဲ့မေမေတဲ့။ သူ့မေမေ ကနိုလ်ကပြူးနဲ့တော့ ခေတ်ဆံတာပေါ့လေ။ သိတယ်မှတ်လား။ အဲဒါတဲ့ ဘယ်နေရာမှန်းတော့ 'အချစ်' က မမှတ်မိတော့ဘူးတဲ့။ သူ့ဖေဖေကလဲ စိတ်နာလို့တဲ့ အဲဒီအကြောင်းကို မမေးရဘူးဆိုတာနဲ့ သူလဲမမေးရဲလို့ နေရာကိုတော့ သူ မသိဘူးတဲ့။ အဲဒီနေရာလဲရောက်ရောတဲ့ တစ်ဖက်ကလာ နေတဲ့ ကုန်တင်ကားကြီးတစ်စီးနဲ့ တိုက်မိပါရောတဲ့။ 'အချစ်' ကလဲ အဲဒါဘဲ မှတ်မိတယ်တဲ့။ ဘာလို့ဆို ကားတိုက်မိလို့ သူလဲ မူးမေ့သွားတာနဲ့ ဆေးရုံ ပေါ်ကဆင်းမှ သူ့မေမေဆုံးသွားတာကို သိရတယ်တဲ့။ မွဲချင်းပြီးသေသွား တာဆိုပဲ။ ကျွန်တော်တော့ သိပ် တကယ်သနားတာပဲ။

" 'အေး' ကားမောင်းတတ်ချင်လို့လား"

"အဲဒါကြောင့် ခု 'အေး' ကားမမောင်းတတ်တာပေါ့..ဖေဖေက ကားမမောင်းရဘူးတဲ့။ သူလဲ ဘယ်တော့မှ မမောင်းဘူး"

" 'အေး' ကို ကျွန်တော် ကားမောင်းသင်ပေးမယ်လေ"

"ဟင့်အင်း၊ 'အေး' မေမေ့ကိုလဲ ဖေဖေက ဒီလိုပဲ ကားမောင်းသင် ပေးခဲ့တာ၊ အေးကြောက်တယ်" ·



Generated by CamScanner from intsig.com

"လမ်းက အကျယ်ကြီးပဲ၊ ပြီးတော့ကျတော့ ကျွန်တော်ကလဲ ပြေးပြေးပဲမောင်းမှာပေါ့။ 'အေး'က စတီယာရင်ကိုင်ထားလေ၊ သိပ်မျော်စရာကောင်းတာ 'အေး'ရဲ့"

"ဟင့်အင်းကွယ်၊ ဖေဖေမကြိုက်တာ 'အေး'မလုပ်ချင်ဘူး"

"ကားမောင်းမသင်ချင်လဲနေလေ၊ ကျွန်တော့်များတော့ တိုးထိုင်ပါလား"

"ဟင့်အင်း၊ လမ်းမကြီးမှာ"

"ဒါပေမဲ့ လူတွေက ကားမောင်းသင်ပေးနေတယ် ထင်ကြမှာပေါ့"

❋ ❋ ❋



Generated by CamScanner from intsig.com

# ၆။

ပြီးတော့ကျတော့ ပြောပြရအုံးမယ်။

တနင်္ဂနွေနေ့တိုင်း 'အချစ်'နဲ့ ကျွန်တော်နဲ့ ဘုရားလည်ပူးကြတယ်။ ဒါပေမဲ့ အဲဒီအလုပ်က ကျွန်တော်လုံးလုံးမကျွမ်းကျင်တဲ့အလုပ်ပဲ။ ဘယ်ဘုရား ဘယ်မှာရှိလို့ ဘယ်ဘုရား ဘယ်လောက်တန်ခိုးကြီးတယ်ဆိုတာ ကျွန်တော်မသိဘူး။ 'အချစ်'ကတော့ ဘုရား တရားကြည်ညိုလို့ အကုန်သိတယ်။ 'အချစ်'ကို ကျွန်တော်ချစ်တဲ့အခါကျတော့ 'အချစ်' သွားချင်တဲ့နေရာတွေကို ကျွန်တော်က လိုက်ပို့ရတာပေါ့။ ဒါပေမဲ့ တနင်္ဂနွေနေ့မှာတော့

ကျွန်တော်သိပ်စိတ်ညစ်တာပဲ။ ဘာလို့ဆို 'အချစ်'က ဘုရားသွားတဲ့နေ့မှာ သူ့ကို မနမ်းရဘူးတဲ့။ သိတယ်မှတ်လား။

တစ်ပတ်မှာ ခုနစ်ရက်လုံးလုံး 'အချစ်'နဲ့ ကျွန်တော်နဲ့တွေ့ကြတယ်၊ ခြောက်ရက်ချစ်ကြပြီး တစ်ရက်နားတယ်။ အင်းလေ ဘုရားသွားတဲ့နေ့ဆိုရင် 'အချစ်'ကို နမ်းမှ မနမ်းရဘဲနဲ့။ တခြားရက်တွေဆိုရင် သိပ်ပျော်ဖို့ကောင်းတာပဲ။

ကားလမ်းမမှာ မြင်းကားကိုထားခဲ့ပြီး ဂန့်ဂေါပင်တွေအောက်ကို လျှောက်သွားကြတယ်။ ထိုင်ပြီးစကားပြောကြတယ်။ ကျွန်တော်က သူများ မကောင်းကြောင်းတွေလျှောက်ပြောတယ်။ 'အချစ်'က ရီတယ်။ 'အချစ်'က တန်ခိုးရှိတဲ့လူတွေ ထူးဆန်းတဲ့လူတွေအကြောင်းပြောတယ်။ ကျွန်တော်က ရီတယ်။ ဒါပေမဲ့ စိတ်မဆိုးကြဘူး။ စကားပြောရတာ သိပ်ပျော်ဖို့ကောင်းတာပဲ။ ဂန့်ဂေါပင်အောက်က စကားပြောအရသာလေ သိတယ်မှတ်လား၊

အင်းယားကန်စောင်းမှာသွားထိုင်ကြတယ်။ ကျွန်တော်က ရေပေါ်ကို ရှုပ်ပြီး ကျောက်ခဲအပြားကလေးတွေပစ်ကြည့်တယ်။ ဘယ်နှစ်ချက် ရေပေါ်မှာခုန်သွားသလဲလို့သိရအောင်လို့။ သုံးချက်လောက် ရေပေါ်မှာ ခုန်သွားတယ်ဆိုရင် ကျွန်တော့်ဖာသာ လက်ခုပ်တီးတယ်။ 'အချစ်'ကတော့ ခြေသလုံးကလေးတွေ မြုပ်တဲ့အထိ ရေစပ်ကိုဆင်းပြီး မတ်တတ်ရပ်တယ်၊ ရေပြင်ကိုငေးကြည့်တယ်။ ပြီးတော့မှ လေတိုက်ရင် လှိုင်းကြက်ကလေးတွေက မကဘဲ နေလို့မရတဲ့အကြောင်း ဘယ်လောက် အကတော်တဲ့ လှိုင်းကလေးတွေဖြစ်ဖြစ် ကမ်းစပ်ရောက်ရင် သေကုန်ကြတဲ့အကြောင်း၊ အဲလိုမျိုး



Generated by CamScanner from intsig.com

စကားတွေ ကျွန်တော့်ကို ပြောပြတတ်တယ်။ ကျွန်တော်ကတော့ 'အချစ်' ဘာကိုပြောချင်မှန်းမသိဘဲနဲ့ "ဒါပေါ့ ဒါပေါ့"လို့ပဲ ပြောတတ်တယ်။ ပြီးတော့ကျတော့ အင်းယားဆောင်ရှေ့နားမှာ ကျွန်တော်တို့ ဘူးသီးကြော် သွားစားကြတယ်။

အင်းယားကန်စောင်းမှာချစ်တဲ့ လေညှင်းခံအချစ်လေ သိတယ် မှတ်လား။

ယုဒသန်ဘုရားရှိခိုးကျောင်းကြီးက အမြဲပဲပိတ်ထားတယ်။ အဲဒီတော့ ကျွန်တော်တို့က တစ်ခါတလေ အဲဒီဘုရားကျောင်းကြီးအောက်မှာ သွားထိုင်ကြတယ်။ ဟုတ်တယ် ဟုတ်တယ်။ မိုးရွာတဲ့အခါမျိုးမှာပေါ့။ အဲဒီအခါမျိုးမှာ မာလာဆောင်ဘက်က ကောင်မလေးတွေ ကျွန်တော့်ကိုမြင်သွားကြမှာ စိုးလို့ ကျွန်တော်က မျက်နှာကိုဖွက်ထားမိတတ်တယ်။ ဟုတ်တယ်လေ။ မာလာဆောင်က မိုးမိုးတို့က သိပ်ဆွာတာ။ တော်ကြာနေ ကျွန်တော်နဲ့'အချစ်' စကားပြောနေကြတဲ့နေရာကို လာပြီးရှိမှာစိုးရတယ်။ သူတို့ သိပ်မနာလို တတ်တာဘဲ။ 'အချစ်'ကတော့ 'ယုဒသန် ဘုရားရှိခိုးကျောင်းအောက်ကို ရောက်တိုင်း သူ့မေမေကို သိပ်သတိရတာပဲတဲ့။ သူ့မေမေက ခရစ်ယာန်တဲ့။ သူကတော့ ဖေဖေနဲ့သာအနေများခဲ့ရလို့ ဗုဒ္ဓဘာသာဖြစ်နေတာတဲ့။ သူ့မေမေ သာ စောစောစီးစီးသေမသွားရင် သူလဲ ခရစ်ယာန်ဖြစ်ချင် ဖြစ်နေမှာပဲတဲ့။ ဒါပေမဲ့ 'အချစ်'က ဘယ်ဘုရားဖြစ်ဖြစ် ကြည်ညိုမှာပါပဲလေ။

ညနေမိုးချုပ်လို့ လူခြေတိတ်ပြီဆိုရင် ကျွန်တော်တို့ နမ်းကြတယ်။ 'အချစ်'ရဲ့ နှုတ်ခမ်းကလေးတွေက ပူပူနွေးနွေးကလေးတွေ။ ပြီးတော့

တဆတ်ဆတ်ခုန်နေတတ်တယ်။ 'အချစ်'က တခြားကောင်မလေးတွေနဲ့ မတူဘူး။ ပိုးရှေးခေတ်တုန်းကလိုပဲ နှုတ်ခမ်းနီကို ရဲနေအောင် ဆိုးတတ်တယ်။ သူ့နှုတ်ခမ်းက နှုတ်ခမ်းနီနံ့ကို ကျွန်တော်ကျက်မိနေပြီ။ 'အချစ်'ရဲ့ နှုတ်ခမ်းက နှုတ်ခမ်းနီနံ့က ဘာလို့ နှုတ်ခမ်းနီနံ့ရီးရီးမဟုတ်ရပါသလဲ။

နှုတ်ခမ်းနီနံ့ လုံးဝမရှိတော့တဲ့အခါကျမှ ယုဒသန်ဘုရားရှိခိုးကျောင်းအောက်က ကျွန်တော်တို့ ထွက်ကြတယ်။

ယုဒသန်ဘုရားရှိခိုးကျောင်းအောက်မှာ ချစ်တဲ့နှုတ်ခမ်းနီအချစ်လေ ဆိုကြတယ်မှတ်လား။

'အချစ်'က ရုပ်ရှင်လည်းသိပ်ကြိုက်တယ်။ ဝေါ့(စ်)မက်ကွင်းနဲ့ ဝမ်တန်ဖြိုက်တီးယားကို 'အချစ်'က သိပ်သဘောကျတာပဲတဲ့။ ဒါပေမဲ့ သမ္မတရုံမှာ ကားသစ်လဲတိုင်း ကျွန်တော်တို့ ရုပ်ရှင်ကြည့်ကြတယ်။

'အချစ်'က မင်းသားမင်းသမီးတွေပြောတဲ့စကားလုံးတွေကို သူကြိုက်သွားရင် တအားရီတာပဲ။ ပြီးတော့ကျတော့ မင်းသားမင်းသမီးတွေ လမ်းလျှောက်လာတာကိုလဲ ကျွန်တော့်ကို လက်ကုတ် ကုတ်ပြီး ပြောတတ်တယ်။ သူများတွေ မမြင်တတ်တာကို 'အချစ်'က မြင်တတ်တယ်။ ကျွန်တော်ကတော့ အင်္ဂလိပ်စကားကို 'အချစ်'လောက် မတတ်ဖူး။ အဲဒီတော့ 'အချစ်'ရီရင် ဘာမှန်းမသိဘဲ လိုက်ရီတယ်။ 'အချစ်'က စုတ်တသတ်သတ်လုပ်ရင် "သိပ်သနားစရာကောင်းတာပဲနော်" ဆိုပြီး ပြောနေတတ်တယ်။ ကျွန်တော်က သိပ်ရီစရာကောင်းတာပဲနော်။

ရုပ်ရှင်ရုံထဲရောက်ရင်တော့ ပြေတဲ့အချိန်ကနေ ပြီးသွားတဲ့အချိန်ထိ

ကျွန်တော်က 'အချစ်'ရဲ့ လက်ဖဝါးကလေးကို ကိုင်ပြီးနေတော့တာပဲ။ ပြီးတော့ကျတော့ ကျွန်တော်တို့ ယိုးဒယားသကြားလုံးတွေ ဝယ်စားကြတယ်။

ရှပ်ရှင်ရုံထဲမှာချစ်တဲ့ ယိုးဒယားသကြားလုံးအချစ်လေ သိတယ်မှတ်လား။

စနေနေ့ကျရင်တော့ ကျွန်တော်တို့အမြဲတန်း ဗိုလ်ချုပ်ဈေးကို သွားကြတယ်။ ဗိုလ်ချုပ်ဈေးမှာ အမြဲတန်းမျက်မှေးရောင်ရောင်ပြစ်နေသလား။ လူတိုင်းလိုလို နေကာမျက်မှန်တပ်ထားကြတယ်။

ခေါက်ထီးပြင်တဲ့ကုလားဆီကိုလည်း နှစ်ခါ သုံးခါရောက်ဖူးတယ်။ 'အချစ်'က ခေါက်ထီးအဟောင်းကို နှမြောလို့တဲ့။ 'အချစ်'ရဲ့အသိ အပ်ချုပ်ဆိုင်ကိုတော့ ခဏခဏ ရောက်တတ်တယ်။ မှတ်ဖူးလေ အင်္ကျီခဏခဏချုပ်တာ မှတ်ပါဘူး။ အဝတ်စအဟောင်းတွေ သွားတောင်းတာ။ 'အချစ်'က အဝတ်စကလေးတွေနဲ့ အရုပ်ကလေးတွေ အမျိုးမျိုးလုပ်တတ်တယ်။ သိပ်လှတဲ့ အရုပ်ကလေးတွေ။ ပြီးတော့ အဲဒီအရုပ်ကလေးတွေကို ရေမွှေးဖြွတ်ပြီး ဘယ်ကိုသွားသွား 'အချစ်'က သွားခြင်းတောင်းကလေးထဲမှာ ထည့်ထည့်သွားတတ်တယ်။

ပြီးတော့ကျတော့ ဗိုလ်ချုပ်ဈေးမှာ ကျွန်တော်တို့ အမြဲတန်းပေါင်မုန့်ရိုက်ကြတယ်။ ဗေဒင်ကဒ်ပြားကလေးတွေရရင်လဲ 'အချစ်'က အမြဲပဲသိမ်းတယ်။ အကောင်းဆိုရင် 'အချစ်'က ဝမ်းသာပြီး မကောင်းတာဆိုရင် 'အချစ်' မျက်နှာပျက်တော့တာပဲ။ ဒါပေမဲ့ ဗေဒင်ကဒ်ပြားကလေးတွေက

တော့ အပြဲလိုလို အကောင်းချည်း ရေးထားတာပါပဲလေ။

ဗိုလ်ချုပ်ဈေးထဲမှာ ကောင်မလေးတွေ အရောင်မျိုးစုံတွေ့ရတယ် မှတ်လား။ ဒါပေမဲ့ 'အချစ်'က ဘယ်တော့မှ ဘယ်သူဘာဝတ်တယ် ဘာတွေအဆန်းထွင်တယ်ဆိုတာ ဂရုမစိုက်ဖူး။ သူသွားစရာရှိတဲ့နေရာကိုပဲ ကျွန်တော့်လက်ကိုဆွဲပြီး သွားတာပဲ။ အပြဲတန်းကတော့ ခေါက်ဆွဲသုပ်ဘူး တာရယ်၊ ပေါင်ချိန်တာရယ်၊ ရေခဲရေသောက်တာရယ်၊ ပြီးတော့ကျတော့ အဝတ်စကလေးတွေ လျှောက်စုတာရယ်၊ အရုပ်ကလေးတွေ လုပ်ပြီးရင် ရေမွှေးစွတ်ဖို့ ရေမွှေးဝယ်တာရယ်။

ဗိုလ်ချုပ်ဈေးမှာချစ်တဲ့ ရေမွှေးနံ့အချစ်လေ သိတယ်မှတ်လား။

အဲလိုမျိုးကတော့ ကျွန်တော်ချစ်ခဲ့ဘူးပေါင်းများပါပြီ။ ပြုပြာတို့ မှယာတို့ မာလာတို့ မာယာတို့နဲ့လေ။ ဒါပေမဲ့ သူတို့တွေနဲ့ ချစ်ခဲ့တုန်းက ထူးဆန်းတာတွေ ကျွန်တော်မတွေ့ခဲ့ရဘူး။ သူတို့ကတော့ ရန်ကုန်မြို့မှာ အဆန်းပြားဆုံးအလုပ်တွေ လုပ်ချင်ကြတယ်။ ကျွန်တော်ကလဲ သူတို့လုပ်ချင် တာ အကုန်လုပ်ပေးတယ်။ ဒါပေမဲ့ လျှပ်စီးလက်တာနဲ့ တူတူပဲ။ ခဏပဲ ကြည့်လို့ကောင်းတယ်၊ ခဏပဲ ပျော်ဖို့ကောင်းတယ်။ ကြာတော့ အီလာ တယ်။ နောက်တော့ ကြောက်လာတယ်။ သူတို့နဲ့သွားရတဲ့နေရာတွေကို 'အချစ်'နဲ့သွားရတာ ဘာလို့ပျော်စရာကောင်းတတ်ပါသလဲ။

ပြီးတော့ကျတော့ သူတို့တတွေက သိပ်ဟန်လုပ်တာပဲ။ တွေ့ကာ တော့ ဟန်လုပ်တာကလေးတွေက ချစ်စရာကောင်းနေတတ်ပေမဲ့ ကြာတော့ စိတ်ညစ်ဖို့ ကောင်းလာတယ်။ သူတို့က စကားလဲ သိပ်များကြတာပဲ၊

မျက်တောင်အတုတပ်ထားတဲ့ သူတို့မျက်လုံးကလေးတွေက တွေ့စတော့ တစ်မျိုးပဲ။ မျက်ကွင်းတစ်ခုလုံး မဲနက်နေပေမဲ့ မျက်စောင်းထိုးနေတာကို သိရတယ်။ အဲဒီမျက်စောင်းကလေးတွေဟာ တနင်္လာနေ့ကနေ ကြာသပ တေးနေ့လောက်အထိပဲ လုတတ်တယ်။ သောကြာ၊ စနေဆိုရင် ရိုးအီပြီး ရွံလာတတ်တယ်။

တွေ့စက သူတို့ပြောတဲ့စကားတွေဟာ ကဗျာကလေးတွေလို ချစ်စ ရာကောင်းတတ်ပေမဲ့ နေ့တိုင်းကြားရဖန်များတော့ စိတ်ညစ်လာရတယ်။ သူများက အတင်းပြောတာ နားထောင်ခံရဘူးပါသလား။ သူတို့ကိုယ်ပေါ်က ရေမွှေးနံ့တွေကလဲ ကျွန်တော့်ကို မမြူဆွယ်နိုင်ကြတော့ဘူး။ ဒါပေါ့လေ အဲဒီရေမွှေးတွေကလဲ ဗိုလ်ချုပ်ဈေးက ကျွန်တော်ဝယ်ပေးတဲ့ ရေမွှေးတွေကိုး၊ သိတယ်မှတ်လား။

ဒါကြောင့် စနေတပတ်ကို 'အချစ်'တစ်ယောက် ကျွန်တော်ပြောင်းခဲ့ တာပေါ့။ ဟုတ်တယ်လေ၊ စနေတစ်ပတ်ဆိုတာ ခြောက်ရက်ပဲရှိတာပေါ့။ တနင်္ဂနွေနေ့မှာ ကျောင်းပိတ်တာကိုး။ ကျောင်းပိတ်တဲ့နေ့မှာ 'အချစ်'မရှာ ဘူး။ သူငယ်ချင်းတွေအိမ် လျှောက်လည်တတ်တယ်။ ဟုတ်တယ် ဟုတ် တယ်၊ တက္ကသိုလ်မှာဆို ကျောင်းဖွင့်တဲ့နေ့တွေမှ 'အချစ်'ရှာလို့ရတယ်လေ။ သိတယ်မှတ်လား။

ဆိုပါတော့ ကျွန်တော်နဲ့တွဲခဲ့တာက M.C ကမူယာ။
တနင်္လာနေ့မှာ ဂန့်ဂေါပင်အောက်မှာ စကားပြောကြတယ်။
အင်္ဂါနေ့မှာ အင်းယားကန်စောင်းမှာ ဘူးသီးကြော် သွားစားကြ



Generated by CamScanner from intsig.com

တယ်။

ဗုဒ္ဓဟူးနေ့မှာ ယုဒသန် ဘုရားရှိခိုးကျောင်းအောက်မှာ ဆွေးဆွေးနွေး ကြတယ်။

ကြာသပတေးနေ့မှာ ရုပ်ရှင်ကြည့်ရင်း ယိုးဒယားသကြားလုံး စား ကြတယ်။

သောကြာနေ့မှာ ဗိုလ်ချုပ်ဈေးက ရေမွှေးဝယ်တယ်။

စနေနေ့မှာ မယာနဲ့ ကျွန်တော်နဲ့ အဆက်ပြတ်ပြီး လွမ်းကြည့်ကြ တယ်။

ဟုတ်တယ်၊ ကျွန်တော်တို့က ဘာလို့ လွမ်းကြည့်နေချင်ကြပါသလဲ။ ဒါပေမဲ့ တကယ်တော့ ဝမ်းမနဲကြဘူး။ လွမ်းကြည့်ရတာ ပျော်စရာကောင်း တယ်။

နောက်တစ်ပတ် တနင်္လာနေ့မှာ ကျွန်တော်က စီးပွားရေးက 'မာယာ' နဲ့တွဲတယ်။ အင်းပေါ့ မာယာကလဲ သဘောကျမှာပေါ့။ ပြိုင်ကား စီးရမယ်၊ ရေမွှေးဝယ်ရမယ်၊ ယိုးဒယားသကြားလုံးစားရမယ်လေ။ သိတယ် မှတ်လား။

'မာယာ'ကလဲ ဒီအတိုင်းပေါ့။ R.I.T က'နန္ဒာအေးဇေ'နဲ့ ဆက်ပြီး တွဲမယ်။ အဲဒီအခါ သူကလဲ ကိုရိုလာစီးရမယ်။ ဒိုမိနိုတက်ရမယ်လေ သိတယ်မှတ်လား။

ဒါပေမဲ့ ဘယ်တော့မှ ကျွန်တော် 'အချစ်' လွှင့်မသွားခဲ့ဘူးဘူး၊ မှတ်ဖူးလေ၊ ကျွန်တော်က နားမလည်လို့မှမှတ်ပဲ။ လတိုင်း PLAY BOY



Generated by CamScanner from intsig.com

မဂ္ဂဇင်းဖတ်တာပဲ။ ကျွန်တော် 'အချစ်'မလွန်ခဲ့တာက ကြောက်လို့၊ ဟုတ်တယ်။ တစ်ခါတလေ ကျွန်တော်က အဝေးကြီးကို တွေးကြည့်တတ်တယ်။ သူတို့ရဲ့မျက်စောင်းအမဲတွေကို ကျွန်တော်တစ်ပတ်ထက်ပိုပြီး မခံချင်ဘူး။ တစ်သက်လုံး ကျွန်တော်ဘယ်လိုလုပ်ပြီးခံရမလဲ။ သူတို့ရဲ့ လက်သဲရှည်တွေနဲ့ဆိတ်တာကိုလဲ စဏလေးပဲ ခံချင်တယ်။ တစ်သက်လုံးခံရရင် ကျွန်တော့်တစ်ကိုယ်လုံး ဘယ်မှာ အသားကျန်တော့မှာလဲ။

ကျွန်တော်အကြောက်ဆုံးကတော့ သူတို့ရဲ့စကားတွေပဲ။ ကျွန်တော့် တစ်သက်လုံး နားညည်းရမှာ ကျွန်တော်အကြောက်ဆုံးပဲ။

အဲဒါ သူတို့ကို ကျွန်တော်က အထင်မကြီးလို့ပေါ့။ ဟုတ်တယ် မှတ်လား။ အထင်ကြီးရင် သူတို့ကို ကျွန်တော်က တကယ်ချစ်မှာပေါ့။

'အချစ်'ကိုတော့ ကျွန်တော်က တကယ်ချစ်တာပါ။ ကျွန်တော်က မညာတတ်ပါဘူး။ 'အချစ်'ကို ကျွန်တော်က အထင်လဲကြီးတယ်မှတ်လား။ 'အချစ်'က ဆိုရင် ကျွန်တော့်လောက်တောင် စကားမပြောဘူး။ ဟန်လဲ မလုပ်ဘူး။ ပွင့်လင်းတယ်၊ ရိုးသားတယ်၊ ဘုရားလဲကြည်ညိုတယ်။ ပြီးတော့ ကျတော့ အဝတ်စကလေးတွေနဲ့လဲ အရုပ်လုပ်တတ်တယ်။

ကျွန်တော့်ထက် 'အချစ်'က ပိုတော်လို့ 'အချစ်'ကို ကျွန်တော်က အထင်ကြီးတာလား။

'အချစ်'ကို ကျွန်တော်က တကယ်ချစ်လို့ 'အချစ်'ကို အထင်ကြီးတာလား။ စနေအပတ်ပေါင်း ဘယ်လောက်လွန်လာခဲ့ပြီလဲ။ ဘယ်သူနဲ့မှ မတွဲဘဲ ကျွန်တော် 'အချစ်'နဲ့နေခဲ့တာ။



Generated by CamScanner from intsig.com

'အချစ်'ကို အထင်ကြီးလာတဲ့အခါ ဘယ်ကိုပဲသွားရသွားရ 'အချစ်' နဲ့ဆိုရင် သွားချင်လာတယ်။

ဘုရားလည်ဖူးရတာကို ကျွန်တော်ပျော်တတ်နေပြီ။ ဖွားဖွားကို ပြောပြရအုံးမယ်။

✻ ✻ ✻

Generated by CamScanner from intsig.com

ရှု။

---

‘အချစ်နုံ’ကလေးတွေအကြောင်း နားထောင်ကြမယ်လား။

‘အချစ်လွန်’ဘူးမှ ‘အချစ်နုံ’ကလေးတွေအကြောင်းသိကြမှာ။

ကျွန်တော်ကလဲ ‘အချစ်’နဲ့ကျမှ ‘အချစ်နုံ’ကလေးတွေအကြောင်း သိလာတာ။ ‘အချစ်’နဲ့ကျတော့ ‘အချစ်နေရာ’ကို ကျွန်တော်ရောက်ဘူးတယ်။ ဒါပေါ့ ဒါပေါ့ ‘အချစ်နေရာ’ဆိုတာ ဒီပြင်ဘယ်သူတွေမှ မရှိတဲ့နေရာပေါ့။ ‘အချစ်နေရာ’တွေကို ရောက်ဖူးမှ ‘အချစ်နုံ’ကလေးတွေအကြောင်း သိရမှာပေါ့။

အချစ်ရဲ့ပေပေ (ချစ်ပေ)ပြန်သွားပြီးတဲ့ နောက်တနေ့မှာ 'အချစ်နေရာ'ကို ရှာတွေ့ကြတယ်။ တကယ်ဆိုရင် အဲ့လောက် မြန်မြန်ကြီး 'အချစ်နေရာ'ကလေးကို ရှာတွေ့ဖို့မှတ်ဖူး။ ဘာလို့ဆို 'အချစ်နေရာ'ကို သွားကြဖို့ 'အချစ်'ကို ပြောရမှာကို ကျွန်တော်က ရှက်နေမှာကိုး 'အချစ်' ကလဲ အဲဒီအခါကျရင် ရှက်မှာပေါ့။ ပြီးတော့ကျတော့ 'အချစ်'က ကျွန်တော့်ကို အဲဒီအတွက် အထင်သေးသွားမှာလဲ ကျွန်တော်သိပ်စိုးရိမ်တာပဲ။ ကျွန်တော်က ဘာလို့များဟန်ဆောင်ရျင်နေရတာလဲ မသိဘူးနော်။ ကျွန်တော့်ရဲ့ စိတ်ကူးအိပ်မက်ထဲမှာ 'အချစ်'နဲ့ ကျွန်တော်နဲ့ အချစ်လွှန်ပြီးကြပြီးမှတ်လား။

ကျွန်တော့်ရဲ့စိတ်ကူးအိပ်မက်ကလေးတွေက သိပ်တကယ်ဖြစ်ရာကောင်းတာပဲ။ ဘာကြောင့်ဆို ကျွန်တော့်စိတ်ကူး အိပ်မက်ထဲမှာ 'အချစ်'ကို ကျွန်တော်က 'အချစ်နေရာ'ကလေးတွေကို ခေါ်သွားတတ်တယ်။ ပြီးတော့ 'အချစ်လွှန်'ဖို့ ကြိုးစားတယ် ဒီတော့ 'အချစ်'က စိတ်ဆိုးတယ်၊ ကျွန်တော်ကလဲ 'အချစ်'နာလောက်တဲ့စကားမျိုးတွေနဲ့ ခေါ်သတကြီးပြန်ပြောတယ်။ အဲဒီအခါကျတော့ 'အချစ်'က ကျွန်တော့်ပါးကို ရိုက်တယ်။ ကျွန်တော်က မျက်ရည်တွေကျပြီး "ရိုက်ပါ 'ဒေး'ရယ် ရိုက်ပါ"ဆိုပြီး ဝမ်းနည်းပြတယ်။ 'အချစ်'က ပြန်ချော့တယ်။ ပြီး 'အချစ်'ကလဲငိုတယ်။ နောက်ပြီးကျတော့ ကျွန်တော်တို့ 'အချစ်လွှန်'ကြတယ်။

မိုးလင်းလို့ အိပ်ယာကနိုးတဲ့အခါကျတော့ ဘာဖြစ်နေတတ်သလဲသိလား။ မှတ်ဖူးလေ ခေါင်းအုံးကလေး ကြေနေတာပေါ့။သိတယ်



Generated by CamScanner from intsig.com

မှတ်လား။

တစ်ခါတလေကျတော့ 'အချစ်'နဲ့ကျွန်တော်နဲ့က ကျွန်တော့်စိတ်ကူးအိပ်မက်တွေထဲမှာ လက်ထပ်ပြီးလို့ သားသားကလေးတစ်ယောက်တောင် ရနေတတ်တယ်။ သားသားကလေးကို နေ့စဉ်လေးထိန်းကျောင်းသွားဖို့ရတဲ့ အိပ်မက်မျိုးဆို 'အချစ်'ကို ကျွန်တော်က ပြောပြတတ်တယ်။ အဲဒီအခါ အချစ်က ရီပြန်ရော။ 'အချစ်'က ကျွန်တော့်ကိုဆိုရင် အထင်မကြီးဘူးနဲ့ တူတယ်၊ သိပ်နိုင်ချင်တာ၊ 'အချစ်'ကလေ၊ ကျွန်တော့်စိတ်ကူးအိပ်မက်တွေ အကြောင်း အကုန်လုံးသိနေသလိုပဲ။ သူ့ရီသံက ခနဲ့တဲ့တဲ့နဲ့။

ဒါကြောင့်မို့ 'အချစ်'ကို 'အချစ်နေရာ'ခေါ်သွားဖို့ ကျွန်တော် တကယ်တန်း မပြောရဲတာပေါ့။ ဒါပေမဲ့ 'အချစ်'ရဲ့ဖေဖေ ရန်ကုန်ရောက်နေတဲ့ရက်အတွင်းမှာ 'အချစ်'နဲ့ လုံးလုံးကို မတွေ့ရလို့ ကျွန်တော်အနေရခက်တာကိုတော့ ပြောမပြတတ်အောင်ဘဲ၊ 'အချစ်'ကကော ကျွန်တော့်လိုပဲ ဖြစ်နေမှာလား။ 'အချစ်'ရဲ့ဖေဖေက ရန်ကုန်မှာ ဘာလို့ အကြာကြီးနေရတာလဲ။ ကျွန်တော်တယ်လောက်ကြာအောင် ဆောင့်အီးနေရတာယ်မှတ်သလဲ၊

'အချစ်'ဆီ တယ်လီဖုန်းဆက်လိုက်တယ်။

" 'အေး' ရှိပါသလားခင်ဗျာ"

"ဘယ်သူကွယ့်"

"အော် 'ဦးမိအေးမယ်'ကိုပြောတာပါ"

"စကာကိုင်ထားနော်"

"ရှင်"

" 'အေး' လား"

"ရှင်"

"ကျွန်တော်ပါ"

"အင်းဟင်"

" 'ချစ်ပေ' ရှိလား"

"မနေ့ကဘဲပြန်သွားတယ်"

"ခု ကျွန်တော်ကဘဲ 'အေး' ဆီဆက်ရတယ်နော်"

" 'အေး' က ဘာလုပ်နေလို့ ချစ်ပေပြန်သွားတဲ့အကြောင်း မဆက်တာလဲ"

"ရေချိုးနေလို့၊ သနပ်ခါးလိမ်းနေလို့"

"ပြီးရင်ကော"

"မင်းလာမလို့လား"

"ထမင်းအပြင်မှာ ထွက်စားကြမယ်နော်"

"ပြီးရင်ကော'

"တစ်နေရာရာကို သွားချင်တယ်"

"ရုပ်ရှင်ကိုလား"

"ဟင့်အင်း"

"ဗိုလ်ချုပ်ဈေးကိုလား"

"ရေမွှေးကုန်ပြီလား"

"ဒါပြင့် လ ကမ္ဘာကိုလား"



Generated by CamScanner from intsig.com

“ပြင်ကားနဲ့မှ သွားလို့မရဘဲနဲ့”

“ဒါဖြင့် ဘယ်ကိုလဲ”

“ ‘အချစ်နေရာ’ ကို”

“ဟယ် နာမယ်က သိပ်ဆန်းတာပဲ”

“ပိုပြီး ထူးဆန်းတာတွေ ‘အချစ်နေရာ’ ကျ တွေ့ရမယ်”

“ဒါပေမဲ့ ‘အေး’ မလိုက်ချင်ဘူး”

“ဘာလို့”

“ ‘အေး’ ခုစာဖတ်နေတယ်”

“ကျွန်တော်လဲ စာဖတ်ခန်းထဲက ဆက်တာပဲ”

“ ‘အချစ်နေရာ’ မှာ စာအုပ်တွေရှိရဲ့လား”

“ကျွန်တော် ခုလာခဲ့မယ်နော်”

“ဟိုရောက်ရင် စာဖတ်ကြမယ်နော်”

ပြည်လမ်းပေါ်ရောက်တော့ အချစ်က လေချွန်တယ် ဒါပေမဲ့ ကျွန်တော့်ကားကလေးကို အမိုးဖွင့်ထားတော့ လေက အရမ်းကြီးတိုက်နေတယ်။ ဟုတ်တယ်နော် လေတိုက်နေတဲ့အခါ လေချွန်ရင် ဘာလို့မပြည်သလဲ မသိဘူး။ ကျွန်တော်တို့နှစ်ယောက်လုံး ရီကြတယ်။

ကိုကြီးကျော်ရဲ့ အိမ်ဘက်ကို မောင်းလာခဲ့တယ်။ မှတ်မှုး မှတ်မှုး ကိုကြီးကျော်ဆိုတာ ဘယ်ကလာ ‘နတ်’ ဟုတ်ရမှာလဲ။ အညာသားပါ။ ကျွန်တော်တို့ရဲ့ ငယ်သူငယ်ချင်းပေမဲ့ ကျွန်တော်တို့ထက် အသက်ကြီးတယ်။ ချမ်းသာသိပ်ဆုတာဘဲ။ ဒါကြောင့် ကျွန်တော်တို့က နောက်ပြီး ‘ကိုကြီးကျော်’



Generated by CamScanner from intsig.com

လို့ ခေါ်ကြတာ။ သူ့နာမည်ရင်းက ''ကျော်မောင်မောင်ကျော်''တဲ့။ သူက ဟုမ်းလမ်းမှာ အိမ်ခန်းငှားနေတယ်။

ကိုကြီးကျော်က ကျွန်တော်တို့ကို ညီကလေးတွေလိုပဲ အမြဲအုံးမ တတ်တယ်။ သူက သိပ်သဘောကောင်းတာပဲ။ ဒါကြောင့် ကျွန်တော့်မှာ ပြဿနာတစ်ခုဖြစ်လာပြီဆိုရင် သူ့ဆီကိုပြေးတာပဲ။ တနင်္ဂနွေနေ့တိုင်းလိုလိုပဲ သူ့ဆီကျွန်တော်ရောက်တတ်တယ်။ ကြာတော့ သူ့အခန်းရဲ့ ဟိုဘက် အခန်းကမိသားစုနဲ့ပါ ကျွန်တော်နဲ့ခင်လာတယ်။ ဒါကြောင့်မို့ သူမရှိတဲ့အခါ ကျွန်တော်တို့သူငယ်ချင်းတွေ လာချင်လာရအောင်ဆိုပြီ သူ့အခန်းသော့ကို ဟိုဘက်ခန်းက ကရင်မလေးကို အပ်ထားတတ်တယ်။ ကရင်မလေး နာမယ်က 'အမီစိန်'တဲ့''

'အချစ်'က တစ်လမ်းလုံးအသံလဲမပြည်ဘဲနဲ့ ဘာလို့လေချွန်နေရ ပါသလဲ။ ကျွန်တော့်ကို နောက်နေတာလား။ သူ့လေချွန်သံက ကျွန်တော့် စိတ်ကူးတွေကို သိတဲ့အကြောင်းပြောနေသလိုပဲ။ ကျွန်တော်ရှက်သွား မိတယ်။ အဲဒီအခါ ကျွန်တော့်နှုတ်ခမ်းတွေက အလိုလိုပြုံးသွားကြတယ်၊ ဘယ်လိုထိန်းထားလို့မှ မရဘူး။ ဘာလို့လဲမသိဘူးနော်။ အဲဒါကို 'အချစ်'က တွေ့သွားလို့မေးတယ်။ ''ဘာပြုံးတာလဲ''တဲ့ ကျွန်တော် ခစ်ကနဲရီလိုက်မိ ရော။ အင်းလေ သူမေးတဲ့အသံကိုက သိရက်သားနဲ့မေးတဲ့အသံမျိုး။ ပြီးကျတော့ သူက အပြုံးမျက်စောင်းလဲ ထိုးထားသေးတာကိုး။ သိတယ် မှတ်လား။

ဒါပေမဲ့ ကျွန်တော်ကဘာလို့ 'အချစ်'ရဲ့ခြေသလုံးကို ကျွန်တော့်ရဲ့



Generated by CamScanner from intsig.com

မြွေဖမိုးနဲ့ ထိတားမိသလဲမသိဘူး။ အချစ်ရဲ့ခြေသလုံးကလေးက နွေးနွေး ကလေး။ ပြီ့တော့ ပြောင်ချော်ချော်ကလေး။

"ဒါဒါက ဘာလုပ်တာလဲ"

ကျွန်တော်က ဘာမှမပြောဘူး။ လေချွန်နေတယ်။ ကျွန်တော်လေချွန် တော့လဲ ဘာသံမှမပြည်ဘူး။ ကျွန်တော်တို့ နှစ်ယောက်လုံး ဝိုကြပြန်ရော။

'ကိုကြီးကျော်'တို့ အိမ်ကိုရောက်လာတယ်။

သူ့အခန်းတံခါး သော့ခတ်ထားတယ်။ ကျွန်တော်ဝမ်းသာသွားတာ ပေါ့။ သူရှိမှမရှိဘဲ။ ခု နေလည်နှစ်နာရီထိုးနေပြီ။ သူက ဘာလို့အိမ်မှာမရှိရ တာလဲ။ ခရင်ဆို သူ ဒီအချိန်အိမ်ပြန်ရောက်နေပြီဘဲ။ သူတို့ရုံးက နေ့လည် နှစ်နာရီ လွှတ်တယ်ထင်တယ်။ သိဘူးလေ၊ ထင်တာပြောတာ။

တစ်ခါတလေ သူက လမ်းထိပ်လက်ဘက်ရည်ဆိုင် ရောက်ရောက် နေတတ်တာမို့ ပွန်းနှစ်ချက်တီးကြည့်တယ်။ ဟိုဘက်ခန်းက 'အမိစိန်' သော့ကလေးကိုင်ပြီး ပြေးထွက်လာတယ်။ သော့ကိုင်ထားတဲ့လက်နဲ့ဘဲ သူ့ဖလေးကို တွဲလောင်းချီလာတယ်။ အပေါ်အင်္ကျီ ကြယ်သီးတွေ တပ် မထားပေမဲ့ အောက်ဆုံးအောက်ကြယ်သီးကလဲ ပြုတ်နေတယ်။ ဗိုက်ခေါက် ကလေးက ပြူလို့။ ဒါပေမဲ့ အသားဖြူတယ်။

'အချစ်'က အမိစိန်ကို ကြောင်စီစီနဲ့ကြည့်လိုက်တယ်။ ပြီးတော့ ဖားလားကျနေတဲ့ ဆံပင်နဲ့ မျက်နှာကိုကွယ်ပြီး ငုံ့နေတယ်။ အင်းပေါ့၊ 'အချစ်'က ရှက်လို့ပေါ့။

အမိစိန်ကလဲ 'အချစ်'ကိုတလှည့်၊ ကျွန်တော့်ကိုတလှည့်ကြည့်ပြီး

ဝင်း ၊ ယာဉ်မှုအနုပညာလုပ်ငန်း ၊

Generated by CamScanner from intsig.com

သူ့ပါးစပ်ကို သူ အတင်းပိတ်ထားတယ်။ ကျွန်တော့်ကို ကိုကြီးကျော်ရဲ့ အခန်းသော့လှမ်းပေးတော့ ကျွန်တော်က မျက်စိမှိတ်ပြလိုက်တယ်။ အမိဒွန့်က ပါးစပ်ကိုလက်နဲ့အုပ်ပြီး ထွက်ပြေးသွားတယ်။ သူက သိပ်ရီချင်နေသလား။ စလေးအမေပေမဲ့ ရီးစားစုံတွဲအသစ်ကလေးတွေ တွေ့တဲ့အခါ ဒီလိုဘဲ ရီချင်တတ်ပါသလား။

"ဟိုကရင်မလေး ရီသွားတာကို 'အေး' တွေ့သလား"

"အဲဒါ ဘာဖြစ်လဲ"

"မသိဘူးလေ"

"အောင်မာ၊ မင်း ဒီအိမ်ကို ကောင်းမလေးတွေနဲ့ တစ်ခါမှ မလာဘူးလို့ ကရင်မလေးက အထူးအဆန်းလုပ်ပြီး ရီတာလို့ ပြောချင်တာပေါ့လေ၊ ဟုတ်လား"

ကြည့်စမ်း၊ 'အချစ်'က ဘယ်လောက်များသိလိုက်ပါသလဲ၊ ဘယ်လောက်များကော ပွင့်လင်းလိုက်ပါသလဲ။ ပြီးကျတော့ ဘယ်လောက်များကော ခွင့်လွှတ်တတ်လိုက်ပါသလဲ။ အင်းလေ၊ သူက စိတ်မဆိုးလို့ ခုလို ရီမောပြီးပြောတာပေါ့။ ကျွန်တော်ခုလို ကောင်မလေးတစ်ယောက်နဲ့ ဒီအိမ်ကို မလာဘူး ဘူးဆိုတာ 'အချစ်'ကယုံလို့ပေါ့။

ကားပေါ်က တော်တော်နဲ့မဆင်းဖြစ်ကြဘူး။ နှစ်ယောက်စလုံး ရှက်နေကြတယ်။ အရွယ်တူတွေပေါ်တဲ့ တက္ကသိုလ်မှာတော့ ကျွန်တော်တို့က မရှက်ကြဘူးနော်။ ဟုတ်တယ် ဟုတ်တယ်။ တက္ကသိုလ်မှာကျတော့ ရှက်စရာ မလိုဘူးလေ။ သိတယ်မှုတ်လား။



Generated by CamScanner from intsig.com

အိမ်ထဲရောက်တော့လဲ နှစ်ယောက်စလုံး ဘာလုပ်ကြရမှန်း မသိပြန်ဘူး။ 'အချစ်'က ကျွန်တော့်ကိုကျောပေးပြီး နံရံမှာချိတ်ထားတဲ့ ကိုကြီးကျော်ရဲ့ဓာတ်ပုံတစ်ပုံကိုကြည့်နေတယ်။ အဲဒီဓာတ်ပုံက ကိုကြီးကျော်ဘုန်းကြီးဝတ်တုန်းက ဆွမ်းခံကြွခါနီး ကျောင်းပေါက လှမ်းဆင်းလာတုန်းရိုက်ထားတဲ့ပုံ။ ဓာတ်ပုံက တော်တော်ကောင်းတယ်၊ ဟုတ်တယ်၊ ရှိရတယ်။ အဲဒီကိုကြီးကျော် ဘုန်းကြီးဝတ်ကြီးနဲ့ဓာတ်ပုံကို ကျွန်တော်ရိုက်ပေးတဲ့အကြောင်း၊ ကျွန်တော်က အနေအထားလှအောင် ခြေထောက်နဲ့နဲကြွ၊ နဲနဲချလုပ်ခိုင်းတော့ ဘုန်းကြီးဝတ်ကြီးနဲ့ အိုက်တင်လုပ်တာ ရီစရာကောင်းတဲ့အကြောင်းတွေ 'အချစ်'ကို ကျွန်တော်က ပြောပြတော့ 'အချစ်'က ဓာတ်ပုံကြည့်ရင်းနဲ့ တခစ်ခစ်ရီတယ်။ ခါးကလေးရမ်းပြီးရီတော့ ဆံပင်ကလေးတွေက လိုက်ရမ်းနေတယ်။ ကျွန်တော် 'အချစ်'ကို နောက်ကနေ သိုင်းဖက်လိုက်တယ်။

'အချစ်'ကိုဖက်ခဲ့ရတဲ့အထဲမှာ ခုအကြိမ်မှာ ကျွန်တော်ရင်အခုန်ဆုံးပဲ 'အချစ်'ရဲ့ဆံပင်ကို ကျွန်တော်နမ်းလိုက်တယ်။ ဆံပင်ခြောက်ဆေးနံ့အသိုးကလေးက လှိုက်ကနဲထွက်လာတယ်။

ဆံပင်ကြားထဲကရတဲ့ 'အချစ်နံ့'လေ၊ သိတယ်မှတ်လား။

" 'အေး'ဒါမျိုးဆိုမုန်းတယ်"

"ကျွန်တော်ဘာလုပ်လို့လဲ 'အေး'ရဲ့"

"ဒီအိမ်ကို ဘာလုပ်ဖို့လာတာလဲ"

" 'အေး'နဲ့ နှစ်ယောက်ထဲတွေ့ချင်လို့ပေါ့"



Generated by CamScanner from intsig.com

"မင်း လူညာ"

"ချစ်လို့ညာတာဘဲ"

"အစကပြောတော့ ဒီမှာ စာအုပ်တွေရှိတယ်ဆို"

"ဟိုအခန်းထဲမှာ ရှိတယ်"

"အဲဒါ အိပ်ခန်းမှတ်လား"

"စာအုပ်ဘီဒိုလဲရှိတယ်"

"စာသွားဖတ်ကြရအောင်နော်"

အိမ်ရှေ့တံခါးမကြီးကို ဂလန့်ထိုးလိုက်ပြီး အခန်းထဲကို သွားကြတယ်။ အင်းပေါ့၊ အိပ်ခန်းထဲမှာ စာသွားဖတ်ကြမလို့ပေါ့။ သိတယ်မှတ်လား။

ကျွန်တော်က ပြုတင်းပေါက်နားသွားပြီး စာအုပ်တစ်အုပ်ဖတ်နေတယ်။ ဘာစာအုပ်မှန်း မသိပါဘူး။ မျက်စိတွေ ကစားနေတယ်။ လက်တွေက တုန်နေတယ်၊ ရင်တွေက ခုန်နေတယ်။ 'အချစ်'ကတော့ ကိုကြီးကော့အဲ့ ကုတင်ပေါ်မှာ တင်ပါးလွှဲထိုင်ပြီး စာအုပ်တစ်အုပ် ဖတ်နေတယ်။ သူလဲ လက်တွေတုန်နေမှာပါဘဲ။ ဘာလို့ဆို သူ့ခြေထောက်ကလေးတွေလဲ တုန်နေတာကိုး။ အင်းပေါ့၊ စာအုပ်အောက်ကနေ ကျွန်တော်က ခိုးကြည့်နေတော့ မြင်ရတာပေါ့။

"ဟိတ်၊ ချွေးကလေး၊ ဘာလို့ သူများခြေထောက်ကို ကြည့်နေတာလဲ"

"ဘယ်မှာကြည့်လို့လဲ"



Generated by CamScanner from intsig.com

"ခြေထောက်ကိုကြည့်တာ ကိုက်ချင်တဲ့ခွေးမှ ကြည့်တတ်တာ"

" 'အေး'က ဘယ်လိုလုပ်သိလဲ ဟင်။ 'အေး'ခြေထောက်မှာ မျက်စိပါလို့လား"

"ပါတာပေါ့။ ခြေမျက်စိ"

"ဒါပေမဲ့ စာတစ်ကြောင်းဆုံးမှ တစ်ခါဘဲကြည့်တာပါ"

"ဒါပေမဲ့ အဲဒီစာအုပ်က စာကြောင်းတိုတိုကလေးတွေဘဲ"

"ဟုတ်လား"

"အင်းပေါ့။ အဲဒါ သိပ္ပံမောင်ဝရဲ့စာအုပ်မှတ်လား"

"ဒါမေမဲ့ 'အေး'ရယ်။ ကျွန်တော်ဘယ်လိုလုပ်ပြီး စာပတ်လို့ရမှာလဲ"

ကုတင်နားကို ကျွန်တော်ထသွားတယ်။ 'အချစ်'က မသိချင်ဟန်ဆောင်နေတယ်။ နှစ်ဖက်ခွဲချထားတဲ့ ဆံပင်အောက်မှာ မျက်နှာကလေးငွက်ပြီး ငုံ့နေတယ်။ စာအုပ်ကို ကြည့်နေပေမဲ့ စိတ်မဝင်စားမှန်း ကျွန်တော်သိပါတယ်။ သူ့မျက်လုံးတွေက ကျွန်တော့်ခြေထောက်ကို ခိုးကြည့်နေကြမှာဘဲ။

'အချစ်'က ဘလောက်(စ်)အင်္ကျီလက်ပြတ်ကလေးနဲ့။ လက်မောင်းကလေးတွေက ဖောင်းဖောင်းကလေးတွေမို့ ပါးနဲ့အကြာကြီးကပ်ထားချင်စိတ် ဝင်လာတယ်။ ကျွန်တော် သူ့အနားသွားရပ်တဲ့အခါ အဲဒီလက်မောင်းကလေးတွေမှာ ဘာလို့ ကြက်သီးကလေးတွေ ထနေရပါသလဲ။ 'အချစ်'က စာပတ်ချင်ယောင်ဆောင်ပြီး တရွက်တွေကို လှန်နေတယ်။ ကျွန်တော်

ကလဲ စာရွက်တစ်ရွက်ကိုဖတ်တဲ့အချိန်ဟာ ဒါလောက်မမြန်ဘူးဆိုတာ သိနေတယ်၊ 'အချစ်'ရဲ့လက်ချောင်းကလေးတွေက တုန်နေတယ်။

'အချစ်'ရဲ့ဘေးမှာ ကျွန်တော်ဝင်ထိုင်လိုက်တယ်။ ကျွန်တော့်ကို မကြည့်ပေမဲ့ ကျွန်တော့်ကို ဂရုစိုက်နေမှန်း ကျွန်တော်ကသိနေတယ်၊ သူ့ပေါင်တန်ကလေးကို သူ့ဖါသာ ငုံ့ကြည့်နေတယ်။ မှတ်ပုံးလေ ကျွန်တော်ကလဲ သူ့ပေါင်တန်ကလေးကို ကြည့်နေတာဘဲ။ 'အချစ်'က ကုတင်ပေါ်မှာ တင်ပါးလွှဲထိုင်နေတော့ သူ့ထမီကလေးက မွေ့ယာနဲ့ ပေါင်တန်ကြားမှာ ညပ်ပြီး 'အချစ်'ရဲ့တင်ပါးနဲ့ ပေါင်တန် ဘယ်လောက်လှသလဲဆိုတာကို ပြနေသလိုဘဲ။ ကျွန်တော်က ဘာလို့ခေါင်းအုံးပြီး အိပ်ချင်စိတ် ပေါ်လာရပါသလဲ။

'အချစ်'ရဲ့ပါးကို ကျွန်တော်နမ်းဘူးတယ်။ ခါးကလေးကိုလဲ ကိုင်ထားဘူးတယ်။ နှုတ်ခမ်းကလေးကိုလဲ အကြာကြီး ထိကပ်ထားဘူးတယ်၊ လက်ချောင်းကလေးတွေကိုလဲ ငုံထားဘူးတယ်။ ဒါပေမဲ့ အခု အဲဒါတွေအကုန်လုံးပြန်ပြီးလုပ်ချင်နေတယ်။ အသစ်ဖြစ်နေကြပြီလေ သိတယ်မှတ်လား။

နှုတ်ခမ်းကို နမ်းချင်ဘူးကြသလား။ နမ်းပြီးတော့ ထပ်နမ်းချင်လာတာကိုကော သိသလား။ ဒါပေမဲ့ နမ်းနေရတဲ့အချိန်မှာ ဘာကိုမှတော့ မသိဘူးမှတ်လား၊ ရင်ခုန်နေလို့လေ သိတယ်မှတ်လား။

အခု ကျွန်တော်အဲလိုမျိုးဖြစ်နေတယ်။ ဂန့်ဂေါ်ပန်းကလေးတွေကို နမ်းဘူးကြပါသလား။ တစ်နေ့ပဲအနမ်းခံတယ်မှတ်လား။ နောက်နေ့ နွမ်းသွား

တာပဲ။ အနမ်းကတော့ ဒီလိုမှတ်ပူး။ ဘယ်တော့နမ်းနမ်း ဒီအနမ်းပဲ။ အနမ်းအပြောင်းမရှိဘူး။ နှုတ်ခမ်းနီဆိုးထားတာနဲ့ ပြယ်သွားတာပဲ ကွာတယ်။

'အချစ်'ကို ကျွန်တော်သိုင်းဖက်လိုက်တယ်။ သူ့လက်မောင်းက ကြက်သီးကလေးတွေက ကျွန်တော့်လက်ဖဝါးကို လာတွန်းကြတာ ကျွန်တော်သိနေတယ်။ 'အချစ်'ရဲ့ဆံပင်ကလေးတွေကို ဆွဲဖယ်လိုက်တော့ သူ့ပါးကလေးက နီနေတယ်။ နှုတ်ခမ်းကလေးတွေက ဆတ်ဆတ်တုန်နေကြတယ်။ အဲဒီနှုတ်ခမ်းကလေးကို ကျွန်တော့်နှုတ်ခမ်းနဲ့ သာသာကလေး ဖိထားလိုက်တယ်။ 'အချစ်'က မရုန်းဘူး။ နှုတ်ခမ်းနီတွေ ပြယ်သွားတဲ့အထိ ကျွန်တော်ကနမ်းတယ်။ နှုတ်ခမ်းနီပြယ်ခါမှ 'အချစ်'ရဲ့ နှုတ်ခမ်းက အချစ်နံ့ကလေးရလိုက်တယ်။

'အချစ်'ရဲ့ တစ်မျက်နှာလုံး ကျွန်တော်လျှောက်နမ်းတယ်။ လည်ပင်း၊ ပါး၊ မျက်စိ၊ နားရွက်၊ နဖူး ပြီးတော့ မေးချိုး။ သနပ်ခါး ရေကြဲ လိမ်းထားတဲ့ 'အချစ်'ရဲ့မျက်နှာမှာ ချွေးစေးကလေးပြန်နေတယ်။ အချစ်ရဲ့ မျက်နှာဆီက 'အချစ်နံ့'တစ်မျိုး ရလိုက်တယ်။

'အချစ်'ရဲ့လက်မောင်းကိုလဲ ကျွန်တော်နမ်းမိတယ်။ 'အချစ်'ရဲ့ ကျောကုန်းနဲ့ ရင်ဘက်ကိုလဲ နမ်းတယ်။ မီးပူတိုက်ပြီးခါမှ 'အချစ်'ရဲ့ ဘလောက်(စ်)အင်္ကျီကလေးက ချွေးတွေစိုပြီးကြေနေပြီ။ အဲဒီဘလောက်(စ်) အင်္ကျီကလေးကလဲ အချစ်နံ့တစ်မျိုးကို ကျွန်တော်ရတာပဲ။

ပြီးတော့ကျတော့ ရေချိုးပြီးခါမှ 'အချစ်'ရဲ့ခြေသလုံးကလေးနဲ့



Generated by CamScanner from intsig.com

ဖုံမှုန့်တွေကပ်နေတဲ့ 'အချစ်'ရဲ့ခြေဖဝါးနီနီကလေးတွေက ကျွန်တော်နမ်းတယ်၊ ခြေထောက်လေးတွေမှာလဲ 'အချစ်နံ့'ကလေးတွေ ရှိနေတာပဲပါလား။

'အချစ်'ကို ကျွန်တော်တအားသိုင်းဖက်လိုက်တယ်။ ကိုကြီးကျော်ရဲ့ ခေါင်းအုံးကလေးတစ်လုံး ကုတင်ပေါ်က ပြုတ်ကျသွားတယ်။ 'အချစ်'က ကျွန်တော့်ကို ပြန်ဖက်တယ်။ သူ့လက်ချောင်းကလေးတွေနဲ့ ကျွန်တော့်ရဲ့ ဆံပင်တွေကို ကျစ်ပေးနေတယ်။

'အချစ်'ရဲ့ကျောကုန်းက ဘလောက်(စ်)အင်္ကျီကြယ်သီးတစ်လုံးကို ကျွန်တော်က ဖြုတ်ပစ်လိုက်မိတယ်။

"အို"

"သိပ်ချစ်တယ် 'အေး'ရယ်"

'အချစ်'က ကျွန်တော့်ရင်ဘက်ကို တွန်းလိုက်တယ်၊ နှစ်ယောက်စလုံးအသံတွေတုန်နေကြတယ်။ ကျွန်တော်ကတော့ 'အချစ်'ကို ဖက်ထားတုန်းပဲ။

" 'အေး'ကြောက်တယ်ကွယ်"

"ဘာကိုလဲ"

"ဟင့်အင်း 'အေး'မသိဘူး။ ဒါပေမဲ့ စာပဲဖတ်ကြရအောင်နော် မင်းအပြင်ဘက်ခန်းမှာ စာသွားဖတ်ပါလားဟင်"

'အချစ်ကိုယ်'ကို တစ်ချက်စိုက်ကြည့်ပြီး အပြင်ဘက်ကို ထွက်လာခဲ့တယ်။ ဘယ်လိုကြည့်ပစ်ခဲ့တယ်ဆိုတာတော့ ကျွန်တော်မပြောတတ်ဘူး အိမ်ရှေ့မှာ ဟီးနိုးကားကြီးတစ်စီးက ကျွန်တော့်ပြိုင်ကားကို သတိထား



Generated by CamScanner from intsig.com

ကျောင်းရင်း တဝုန်းဝုန်းနဲ့ မောင်းသွားတယ်။

ကျွန်တော်ပက်လက်ကုလားထိုင်ပေါ်မှာ လက်ပိုက်ပြီး ထိုင်နေမိတယ်။

"ဟိတ်"

အိပ်ခန်းထဲက 'အချစ်'က လှမ်းခေါ်တယ်။ ကျွန်တော်က ပြန်မထူးဘူး။

"အောင်အောင်"

'အချစ်'က ကျွန်တော့်ကို ပထမဆုံးပြောင်းခေါ်တာလေး။ ကျွန်တော်ဟန်မဆောင်နိုင်ဘူး။ အိပ်ခန်းဘက်ကို ပြန်လာခဲ့တယ်။ စာအုပ်ဘီဒိုနားမှာ 'အချစ်'က ရပ်နေတယ်။ ပြီးတော့ ချောင်းတချက်ဟန့်တယ်။

"ဒီဘီဒိုထဲက စာအုပ်တစ်အုပ်လိုချင်လို့ ဘီဒိုကကြပ်နေတယ် ဖွင့်မရဘူး"

'အချစ်'ရဲ့အသံတွေ တုန်နေတယ်။ ဘီဒိုတံခါးကို ဆွဲကြည့်တော့ အသာကလေးပွင့်လာတယ်။ 'အချစ်'က သူ့ဖါသာဖွင့်ရင်လဲ ရနိုင်မှန်း ကျွန်တော်သိပါတယ်။ 'အချစ်'ကိုလှည့်ကြည့်လိုက်တော့ ကျွန်တော့်ကို မော့ပြီး စိုက်ကြည့်နေတယ်။ အဲဒီအကြည့်ကို ကျွန်တော်မေ့တော့မှာ မဟုတ်ဖူး။

" 'အေး' ကျွန်တော့်ကိုညာတယ်"

'အချစ်'ကို ကျွန်တော်သိုင်းဖက်လိုက်တယ် 'အချစ်'ရဲ့ဘလောက်(စ်)အင်္ကျီက ကြယ်သီးတွေ ဘာလို့အကုန်လုံးပြုတ်နေရပါသလဲ။ နောက်ဆုံး



Generated by CamScanner from intsig.com

အချစ်နံ့ကလေးကို ကျွန်တော်ရလိုက်တယ်။ ဒါပေမယ့် ကျွန်တော်ပြောမပြ တတ်တော့ဘူး။

အဲဒီအချိန်မှာ အချိန်ဆိုတာ ဘယ်ရောက်သွားပါသလဲ။ နာရီ စက္ကန့်တန့်ကလေးက ဂွင်ပေါ်ကထုံးလို မှုတ်မှုတ်လည်နေပြီလား။ မေ့လည်ခင်းမှာ ဘာလို့ မှောင်နေရသလဲ။ မျက်စိမှိတ်ထားရက်နဲ့ အလှမှန်သမျှ ရောင်စုံပိတ်ကားပေါ်မှာ ပေါ်လာကြပါသလား။

တစ်ခုပဲသိတယ်။ ရင်ခုန်နေတယ်။

" 'အောင်အောင့်'ကို 'အေး'က ချစ်တယ်လို့ ပြောခဲ့ဘူးသလား"

"ဟင့်အင်း"

"အောင်အောင်ကကော ဘာလို့မမေးလဲ"

"သိဘူး"

"ခု မေးတော့လေ"

" 'အေး' မောင့်ကို ချစ်နေပြီလား"

"ဟင့်အင်း၊ မချစ်နေပြီဘူး"

"ဘယ်လိုလဲ 'အေး'ရယ်"

"မှတ်ပုံးလေ၊ 'အေး'က မောင့်ကို ချစ်နေတာကြာလှပြီပဲ"

❊ ❊ ❊



Generated by CamScanner from intsig.com

## ၈။

အမေရိကန် ပြောက်ကျားတပ်သားတွေဝတ်တဲ့ ဂျာကင် 'ကိုကြီးကျော်'တို့အိမ်မှာ ကျန်ခဲ့တယ်။ မှတ်မိုးလေ။ အဲဒါက ကျွန်တော့် ဂျာကင်ဘဲ။ သဘော်သားတစ်ယောက်ဆီက ပြန်ဝယ်ထားတာ မကြာသေးဘူး။

'အချစ်'နဲ့ ကိုကြီးကျော်အိမ်ကို လာတဲ့နေ့က အဲဒီမှာ မေ့ကျန်ခဲ့တာ။ ဒီနေ့ညမှာ ကျွန်တော့်လိုလဲ ချမ်းသာတဲ့သမိုင်းဌာနက ကောင်မလေးတစ်ယောက်ရဲ့အိမ်မှာ ပါတီရှိတယ်။ အဲဒီပါတီကို ဝတ်သွားချင်လို့ ကိုကြီးကျော်ရဲ့အိမ်ကို ကျွန်တော်ဂျာကင်ပြန်လာယူတယ်။ ညနေ ငါးနာရီ

လောက်ရှိပြီ၊ ကိုကြီးကျော်က အိမ်မှာပဲရှိနေတယ်။ ထုံးစံအတိုင်း ဆေးတံခဲပြီး သတင်းစာတစ်စောင်ကို ငုံ့ဖတ်နေတယ်။

"ဟော့ ကိုကြီးကျော် ကျွန်တော်ဂျာကင်မေ့ကျန်ခဲ့လို့ လာယူတာ"

အိမ်ထဲဝင်ပြီး ဂျာကင်သွားယူတယ်။ 'အချစ်'နဲ့လာတဲ့နေ့က မေ့ကျန်ခဲ့တဲ့အတိုင်း ပုံမပျက်ပြန်တွေ့တယ်။ အိမ်ထဲမှာတင် ဂျာကင်ဝတ်ကြည့်ပြီး ကုတင်ဘေးက မှန်ကလေးထဲမှာ ကျွန်တော့်မျက်နှာကို ကြည့်လိုက်တယ်။ ပြီးတော့ကျတော့ ကိုကြီးကျော်ရဲ့ကုတင်ကို ကြည့်မိပြန်တယ်၊ ကျွန်တော် ရီချင်သွားတယ်၊ ရီလိုက်တယ်။

အပြင်ဘက်ခန်းက ကိုကြီးကျော် ချောင်းတစ်ချက်ဆိုးလိုက်တယ်၊

"ဟော့ ဘင် အောင်အောင် မင်း တစ်နေ့က ဒီမှာ ဘာလာလုပ်သလဲ"

ကျွန်တော်က အခန်းအပြင် ပြန်ထွက်လာတယ်။ ကြမ်းပြင်မှာ တင်ပလ္လင်ခွေထိုင်လိုက်တယ်။

"ငါ လေးနာရီလောက်ပြန်ရောက်တော့ မင်းကားကိုတွေ့တာနဲ့ အိမ်ပေါ်တက်မယ်လုပ်တော့ တံခါးကို အထဲက ဂလန့်ထိုးထားတာ တွေ့ရတယ်"

"ကျွန်တော်အခန်းထဲရောက်နေတုန်း သူခိုးဝင်မှာစိုးလို့ပါ"

"ဒါပေမဲ့ မင်းဖိနပ်နားမှာ မိန်းခလေးဖိနပ်တစ်ရံလဲ တွေ့တယ်၊ မင်း ဘာလာလုပ်တာလဲ"

"ဟာ ကိုကြီးကျော်ရဲ့အိမ်ပဲဟာ ကျွန်တော်ဘာလုပ်လုပ်ပေါ့"



Generated by CamScanner from intsig.com

"ငါ ဘယ်သူ့အတွက် ပြောနေတယ်ဆိုတာ မင်းသိတယ်မှတ်လား"

"ဒါပေမဲ့ ကိုကြီးကျော်မှာ ချစ်သူရှိဘူးတယ်မှတ်လား"

"ဒါကြောင့်ပြောတာပေါ့ကွ၊ မင်းဟာ အားကစားသမား၊ ကျန်း မာရေးထိခိုက်လာလိမ့်မယ်"

"ဘယ်ဟာလဲ"

"ဘယ်ဟာလဲဆိုတာ မင်းသိသားနဲ့ကွာ၊ ကျန်းမာရေးထိခိုက်တာကို ခဏဖယ်ထားအုံး၊ ဒီကိစ္စမျိုးဆိုတာ မင်းတို့ ခုအခြေအနေလောက်နဲ့ဆိုရင် ဘယ်ဘက်ကတွက်တွက်၊ အန္တရာယ်မကင်းတာတော့ သေချာတယ်"

" 'အချစ်' ဆိုတာ အန္တရာယ်မကင်းတာကို ခေါ်တာပဲမှတ်လား ကိုကြီးကျော်ရယ်"

"ဘာကွ၊ 'အချစ်' ဟုတ်လား"

"ဒီမယ်ကိုကြီးကျော်၊ 'အချစ်' ဆိုတဲ့စကားကိုပြောတဲ့နေရာမှာ ဒါလောက်ဒေါသကြီးတဲ့လေသံနဲ့ မပြောကောင်းပါဘူး"

"မင်း ငယ်ပါသေးတယ် အောင်အောင်ရာ၊ အေးလေ ငါကတော့ နိုးရိမ်လို့ပါ၊ အေး၊ မင်းတို့ချင်းအဆင်ပြေလို့ လက်ထပ်ဖြစ်သည့်တိုင်အောင် စိတ်ညစ်စရာကို အချိန်စောပြီးတွေ့ရတာပဲ အဖတ်တင်မယ်"

"ကျွန်တော်ကတော့ သိပ်ပျော်နေတာပဲ"

"အေး၊ မင်းကို ငါမေးမယ်၊ မင်း ကျောင်းပြေးဘူးသလား"

"အဲဒါလဲ ပျော်စရာကောင်းတာပဲ"

"အေး၊ မင်းကျောင်းသားဘဝကိုလွန်ပြီးတဲ့အခါကျရင်သာ ကျောင်း



Generated by CamScanner from intsig.com

သားကလေးတွေကို မနှာလိုမဖြစ်ပါစေနဲ့လို့ ငါဆုတောင်းပါတယ်"

"ကိုကြီးကျော်စကား ကျွန်တော်နားမလည်ဘူး"

"ဟာ၊ မင်း တစ်ချိန်ချိန်မှာ လူပျိုဘဝကို ပြန်ပြီးတောင်းတ နေမိလိမ့်မယ် ဆိုတာကိုပြောတာကွ၊ အဲဒီအခါကျမှ မင်းငါ့အိမ်မှာ တစ်ညလုံးထိုင်ပြီးစကားပြောရတဲ့ လွတ်လပ်မှုမျိုးကို ပြန်ပြီးလိုချင်နေလို့ မရတော့ဘူး"

"ဒါပေမဲ့ အဲဒီအခါကျရင်လဲ ကျွန်တော်တို့နှစ်ယောက် အတူတူလာပြီး ကိုကြီးကျော်နဲ့ တစ်ညလုံးစကားပြောလို့ရသားပဲ"

"အေး၊ မိန်းမတစ်ယောက်ပါလာပြီဆိုကထဲက ဒို့စကားဝိုင်းဟာ ပျော်စရာကောင်းမှာ မဟုတ်တော့ဘူး"

"ဒါပေမဲ့ ကျွန်တော့်ကောင်မလေးက တခြားကောင်းမလေးတွေလို မဟုတ်ဘူး၊ ပွင့်လင်းပါတယ်၊ ကျွန်တော့်ထက်လဲ ပိုပြီးတော်တယ်၊ ကိုကြီးကျော်လဲ သူနဲ့တစ်ခါလောက် စကားပြောပြီးရင် နေ့တိုင်း သူနဲ့စကားပြောချင်စိတ်ပေါက်လာမှာပါ"

"အေး၊ ဒါပေမဲ့ မင်းတို့နဲ့ ငါနဲ့ နေ့တိုင်းစကားပြောစရာ အကြောင်းအရာတွေက တဖြေးဖြေး နည်းလာလိမ့်မယ်"

"အဲဒီအခါကျတော့ ကျွန်တော်တို့နှစ်ယောက် တခြားသူငယ်ချင်းတွေနဲ့ တလှည့်သွားပြီး စကားပြောကြအုံးမှာပေါ့"

"မင်း စိတ်ကူးယဉ်နေတာပါ အောင်အောင်ရာ"

"ကျွန်တော်က ဖြစ်နိုင်တာကိုပဲ စိတ်ကူးယဉ်တတ်တာပါ"

"အေး ဖြစ်နိုင်တာပဲရှိတယ်ကွ။ ဖြစ်မှာသေချာတာ လောကမှာ

မရှိဘူး''

''ဒါပေမဲ့ သူ့ကို ကျွန်တော်က အမြဲချစ်နေမှာပဲ။ သူကလဲ ကျွန်တော့်ကို ဘယ်တော့ဖြစ်ဖြစ် ချစ်နေမှာပဲ။ ကျွန်တော်တို့ချစ်နေကြသမျှ မဖြစ်နိုင်တာလဲ မရှိပါဘူး''

''အေး၊ မင်းတို့ အခုချစ်ကြတဲ့ 'အချစ်'မျိုးဟာ ဘယ်အချိန်ထိ ခံမလဲဆိုတာ ငါကြည့်နေပါ့မယ်''

''ဘယ်အချိန်ထိရမှာလဲ တစ်သက်လုံးထိပေါ့''

''ခလေးတွေငြင်းကြသလိုတော့ မပြောနဲ့အောင်အောင်။ မင်းကို ငါတစ်ခုပဲပြောလိုက်မယ်။ သမီးရီးစားချစ်ရဲ့အသက်ဟာ လက်ထပ်ပြီးတဲ့ အချိန်မှာ ကုန်ဆုံးသွားလိမ့်မယ်ဆိုတာ မင်း မှတ်ထားလိုက်စမ်းပါ''

''ကျွန်တော် သူ့ကို တကယ်ချစ်တာပါ ကိုကြီးကျော်ရယ်''

''မင်းပြောချင်တာ ငါသိပါတယ်ကွာ၊ ဒါပေမဲ့ ငါပြောချင်တာ မင်းမသိသေးဘူး''

ကျွန်တော်တကယ်လဲ မသိပါ။ သိလဲမသိချင်ပါ။ ကျွန်တော် ခု အချိန်မှာ ပါတီသွားဖို့ပဲသိပါတယ်။ ပါတီရောက်ရင် ကျွန်တော့်ကို လူဝိုင်း ကြည့်မှာပဲ သိပါတယ်။ ကျွန်တော်နဲ့မသိသေးတဲ့ ကောင်မလေးတွေက ကျွန်တော့်ကို လာမိတ်ဆက်ကြမှာပဲသိပါတယ်။ ဒါကြောင့်မို့ 'အချစ်' ကိုတောင် ကျွန်တော်ပါတီသွားမယ့်အကြောင်း မပြောခဲ့ဘူးမှတ်လား။

ကျွန်တော်နဲ့ 'အချစ်'နဲ့ အချစ်လွန်ခဲ့ကြတဲ့ ကိုကြီးကျော်ရဲ့ကုတင်ကို ဘာလို့ နောက်တခါထပ်ပြီး သွားကြည့်ချင်စိတ် ပေါ်လာရပါသလဲ။ ကိုကြီး



Generated by CamScanner from intsig.com

ကျော်ကို နှုတ်မဆက်တော့ဘဲ ထွက်လာခဲ့တယ်။

"ဟော့ အောင်အောင်၊ ငါမေးတာ မင်းမဖြေရသေးဘူး"

"ဘာလဲ"

"မင်း တနေ့က ငါ့အိမ်မှာ ဘာလာလုပ်သလဲ"

ကျွန်တော် ဘာမှမဖြေပဲ ပြေးဆင်းလာခဲ့တယ်။ ကျွန်တော်စိတ်ထိ ခိုက်သွားပြီလို့ ကိုကြီးကျော်ထင်သွားအောင် ကားကိုတအားမောင်းထွက် လာခဲ့တယ်။ လမ်းမ,ရောက်တော့လဲ ကျွန်တော်က ဘာမှမတွေးတော့ပြန် ဘူး။ တစ်ခုတည်း၊ ပါတီကိုဝင်ရင် လူတွေဝိုင်းကြည့်အောင် ကျွန်တော် တစ်ခုခုတော့ ထူးထူးခြားခြား လုပ်မှပဲ။ သိတယ်မှတ်လား၊

လျှပ်စီးအတုကလေးတွေ လက်ကြတာမြင်ဘူးကြပါသလား၊ မိုးခြိမ်းသံအတုကလေးတွေ မြည်ကြတာကော ကြားဘူးကြပါသလား၊ နတ်သမီးအတုကလေးတွေ 'ဂိုးဂိုး'က,တာကော တွေ့ဘူးကြပါသလား၊

ဝင်ဒါမီယာထဲကို ရောက်လာတယ်။ ပါတီလုပ်နေတဲ့ခြံမရောက်ခင် ငါးခြံကျော်လောက်ကတည်းက လျှပ်စီးအတုလက်တာကို မြင်ရတယ်၊ မိုးခြိမ်းသံအတုကလေးတွေက 'ဒိုညက် ဒိုညက်'နဲ့ ကြားရတယ်။ နတ်သမီး အတုကလေးတွေကိုတော့ ခြံထဲရောက်မှပဲ မြင်ရမှာပဲ။

ပါတီလုပ်နေတဲ့ခြံရှေ့ရောက်တော့ ကျွန်တော့်ကားကို တအားမောင်း ပြီး ခြံကိုကျော်သွားတယ်။ ကားစက်သံက ပြင်းတော့ ခြံဝနားမှာရှိတဲ့ လူတွေက လှည့်ကြည့်ကြမှာပဲ။ နှစ်ခြံလောက်ကျော်သွားမှ ကျွန်တော်က ကားကိုနောက်ပြန်အရှိန်နဲ့မောင်းပြီး ခြံထဲကို ကွေ့ဝင်လိုက်တယ်။ ခြံထဲမှာ



Generated by CamScanner from intsig.com

ရှိနေတဲ့လူတွေအားလုံး ကျွန်တော့်ကို ဝိုင်းကြည့်နေကြတယ်။ 'ဟေး'လို့ အော်လိုက်တဲ့ ကောင်မလေးတစ်သိုက်ရဲ့ အသံကိုကြားလိုက်ရတယ်။ ခနနေ တော့ ကျွန်တော့်နှာခေါင်းထဲကို ရေမွှေးနံ့တွေ တိုးဝှေ့ဝင်လာကြတယ်။ ကျွန်တော်ရဲ့ကားတံခါးကို သူတို့လာဖွင့်ကြတယ်။

''သိပ်နောက်ကျတာပဲ 'အောင်'ရယ်''

ပါတီရဲ့အရှင်သခင်မကလေးက ကျွန်တော့်ကို လာနှုတ်ဆက်တယ်။ ကျွန်တော်ကားပေါ်ကနေ နောက်ပြန်ဆင်းလိုက်တယ်။ ကောင်မလေးက ကျွန်တော့်လက်မောင်းကို ဖမ်းကိုင်ပြီးဆွဲခေါ်သွားတယ်။ ကျွန်တော်ကတော့ နောက်ပြန်ပဲ လိုက်သွားတယ်။ ကျွန်တော့်ဘေးက တခြားကောင်မလေး နှစ်ယောက် ကပ်ပြီးလိုက်လာကြတယ်။ သိပ်ကဲတဲ့ဟာလေးတွေ။ ထိုင် တောင်မထိုင်ရသေးဘူး သူတို့က မိတ်ဆက်ချင်နေကြပြီ။

သိပ်မြူးတဲ့ဂီတသံကို ခုမှသတိထားမိတယ်။ မိုးခြိမ်းသံမျိုးလိုလေ၊ သိတယ်မှတ်လား။ စားသောက်နေကြတဲ့ စားပွဲကုလားထိုင်တွေကြားထဲကို ရောက်တဲ့ထိ ကျွန်တော်က နောက်ပြန်လမ်းလျှောက်ရက်ပဲ။ လျှပ်စီးအတု တွေလက်တဲ့အခါ လူတွေကျွန်တော့်ကို ဝိုင်းကြည့်နေတာ မြင်ရတယ်။

ဗို့(ဒ်)အက်(စ်)ကော့(ဒ်)တစ်စီး ဟွန်းအရှည်ကြီးတီးပြီး ခြံထဲကို တအားမောင်းဝင်လာတယ်။ ပါတီရဲ့အရှင်သခင်မလေးက ကျွန်တော့်ကိုထား ခဲ့ပြီး အဲဒီကားရှိရာကို ပြေးသွားတယ်။ လျှပ်စီးအတုလက်တဲ့အခါ သူ့ တကိုယ်လုံး အနုမြူရောင်တွေ လက်သွားကြတယ်။

ဗို့(ဒ်)ကားပေါ်က နှစ်ယောက်ဆင်းလာတယ်။ ကလီယိုပါထရာနဲ့ ဆီဇာ။



Generated by CamScanner from intsig.com

မှုတ်ဖုးလေ။ ကောင်မလေးက ကလီယိုပါထရာလို ဝတ်ထားပြီး၊ ဘဲ့ကတော့ ဆီဇာလိုဝတ်ထားတယ်။ ဒါပေမဲ့ နှစ်ယောက်စလုံး နေကာမျက်မှန်တွေနဲ့၊ လျှပ်စီးရောင်အတုအောက်မှာ တွေ့ရသမျှလူတွေဟာ ခွေးလိုကြောင်လို ပင်လယ်ဓားပြလို အမေရိကန်လူနီတွေလို ဝတ်ထားကြတယ်၊ မှုတ်ဖုးလေ၊ လျှပ်စီးရောင်အတုဆိုတာ မသိဘူးလား။ ပါတီလုပ်နေတဲ့ကွင်းရဲ့ဘေးမှာ တိုင်ကြီးလေးတိုင်ရှိတယ်။ အဲဒီတိုင်ကြီးတွေရဲ့ ထိပ်တွေကနေ မာကျူရီမီးလုံးကြီးတွေကို မှိတ်လိုက် ဖွင့်လိုက် လုပ်ပေးနေကြတာကို ပြောတာ။ မာကျူရီတွေ ပိတ်သွားကြတဲ့အခါကျတော့ မှောင်သွားကြတာပေါ့။ သိတယ်မှုတ်လား။ မီးရောင်စုံတွေ အကွင်းလိုက် အကွက်လိုက် လျှောက်ပြေးနေကြတဲ့ မြက်ခင်းပြင်မှာတော့ နတ်သမီးအတုကလေးက တလက်လက်နဲ့ 'ဂိုးဂိုး'က,နေကြတယ်။ ဟုတ်တယ်၊ ဟုတ်တယ်၊ နတ်သမီးအတုကလေးတွေက 'ဂိုးဂိုး'မျက်မှန်ကလေးတွေနဲ့လေ။ သိတယ်မှုတ်လား။

စလယ်ခေါင်မှာတော့ လူနှစ်ရပ်လောက်မြင့်တဲ့စင်ကြီး၊ စင်ကြီးရဲ့အပေါ်မှာ ဂီတာကိုင်ထားတဲ့ အနီရောင်ဝတ်စုံနဲ့ ဘဲသုံးမွေ။ သူတို့ရဲ့ဘေးမှာ အပြာရောင်ဝတ်စုံနဲ့ 'ဒရမ်'သမား၊ ပြီးတော့ကျတော့-

ကျွန်တော်အရမ်းအံ့သြသွားတယ်၊ စင်မြင့်ကြီးရဲ့ ဘယ်ဘက်ခေါင့်ရွှန်းမှာ စန္ဒယားကြီးတစ်လုံး။ စန္ဒယားကြီးကို တီးနေတာက ခရမ်းပြာရောင်ပက်ရှင်နဲ့ 'အချစ်'။ ဒါပေါ့ ကျွန်တော့်ရဲ့'အချစ်'ပေါ့။ 'အချစ်'က ဒီကွင်းထဲကို ဘယ်လိုလုပ်ပြီးရောက်လာရပါသလဲ။ စန္ဒယားနဲ့ ဂီတာတွေနဲ့ကော



Generated by CamScanner from intsig.com

ဘယ်လိုလုပ်ပြီး တွဲတီးလို့ရပါသလဲ။

ကုလားထိုင်အလွတ်တစ်ခုမှာ ဝင်ထိုင်လိုက်တယ်။ ကျွန်တော်မသိတဲ့ ကောင်မလေးတွေက ကျွန်တော့်ကိုလာနှုတ်ဆက်ကြတယ်။ ပြန်ပြီးရိုပြနေရတာ သိပ် အညောင်းတာပဲ။ တီးလုံးသံတွေ ရပ်သွားတယ်။ ခဏကြာတော့ 'အချစ်' ကျွန်တော့်နားကိုရောက်လာတယ်။ 'အချစ်'က မျက်စိဘယ်လောက်လျင်သလဲ။

''မောင်ရောက်နေတာ ကြာပလား''

တိုးတိုးကလေး ကျွန်တော့်ကိုမေးတယ်။

''ပြန်ကြစို့''

'အချစ်'ကိုလက်ဆွဲပြီး ကွင်းထဲကထွက်လာခဲ့တယ်။ ခဏလေးနဲ့ ကန်တော်ကြီးစောင်းကို ရောက်လာတယ်။ ကန်တော်ကြီးစောင်းက မာကျူရီမီးတွေကတော့ မှိတ်လိုက် ပွင့်လိုက်မှုတ်ဖူး။ အမြဲပဲ လင်းနေကြတယ်။ လေရူးကလေးက ဘာလို့ ဆော့နေရပါသလဲ။

'' 'အေး'က အဲဒီကို ဘာလို့ လာရတာလဲ''

''စန္ဒယားတီးဖို့ပေါ့''

''သူတို့နဲ့သိလို့လား''

''သူတို့ သူငယ်ချင်းနဲ့သိလို့''

''ဒါပေမဲ့ 'အေး'ရဲ့ စန္ဒယားသံကို မောင် အနုပညာအသင်းမှာပဲ ကြားချင်တယ်''

''ဒီမှာလဲ 'အေး'ရဲ့လက်သံက ကောင်းတာပဲ မှုတ်လား''



Generated by CamScanner from intsig.com

" 'အေး' ရဲ့လက်သံကတော့ အမြဲပဲကောင်းပါတယ်လေ"

"ကောင်းရမှာပေါ့၊ 'အေး'က ပညာပြပစ်ခဲ့တာ၊ မောင်ကြားတယ်မှတ်လား။ ဒါလောက်ဆူညံနေတဲ့ ဂီတာသံတွေထဲမှာ စန္ဒယားသံပေါ်လာအောင် 'အေး'တီးပြခဲ့တာ။ ဒါတောင် သူတို့က 'အေး'ကို လက်ကွက်မှားအောင်လုပ်ကြသေးတယ်။ ဒါပေမဲ့ စန္ဒယားဆိုတာ တီးဝိုင်းရဲ့ ခေါင်းဆောင်ပဲ၊ သူတို့ခံသွားရတာပေါ့"

'အချစ်'က သူအောင်ပွဲခံလာတာကို ဝမ်းသာနေပုံရတယ်။ 'အချစ်'ဟာ ဘယ်တော့မှ အရှုံးမပေးတတ်တဲ့ ကောင်မလေးပဲ။ ဘယ်သူ့ကိုမှလဲ ကြောက်မနေတတ်ဘူး။ သူ့ကိုယ်သူပဲ အားကိုးတယ်။ ဘယ်နေရာမျိုးကိုပဲ ရောက်ရောက် စိတ်ယိုင်မသွားဘူး၊ သူ့နေရာကလေးမှာ သူနေတတ်တယ်၊

"အစကတော့ အဲဒီပါတီလုပ်တဲ့ကောင်မလေးက ဗမာသီချင်းတွေ သူဆိုချင်ရင် ဆိုလို့ရအောင်ဆိုပြီး 'အေး'ကို တဆင့်ခေါ်နိုင်းတာ"

"ဒါနဲ့ပဲ 'အေး'က လိုက်တီးပေးရသလား"

"အင်းပေါ့၊ ပိုက်ဆံရတာကိုး"

"ဘာပြောတယ် 'အေး' "

"ပိုက်ဆံရလို့လေ"

"ပိုက်ဆံရတိုင်း လုပ်ရမှာတဲ့လား"

"ဟင့်အင်း၊ စန္ဒယားတီးလို့ရတဲ့ပိုက်ဆံဆိုရင် 'အေး'က သိပ်မြတ်နိုးတာ"

" 'အေး'က စန္ဒယားတီးစားချင်တယ်လား ဟုတ်လား"



Generated by CamScanner from intsig.com

"ဟုတ်တယ်၊ ချပ်(ချ်) တစ်ခုကတောင် ဘုရားသီချင်းတွေ တီး တတ်တဲ့ စန္ဒယားဆရာလိုတယ်ကြားလို့ 'အေး'လျှောက်မလို့ စဉ်းစားနေ သေးတယ်."

"ဘယ် ချပ်(ချ်)လဲ"

" 'အေး'ဆရာရဲ့မိတ်ဆွေ အင်္ဂလိပ်ဘုန်းကြီးတစ်ပါးရဲ့ ချပ်(ချ်)ပါ၊ ဝေးတော့ဝေးတယ် မောင်ရဲ့"

"ဝေးတယ်"

"အင်း၊ တောင်ကြီးမှာ"

"တောင်ကြီးမှာ"

"အင်း"

" 'အေး' စဉ်းစားထားတာတွေ မောင်လဲ ဘာမှမသိရပါလား။ မောင်က 'အေး'လောက်မတော်လို့ မောင့်ကို မတိုင်ပင်တာလား ဟုတ်လား၊ 'အေး'က မောင့်ကို အထင်မကြီးဘူး"

"အို၊ မောင်ကလဲ စလေးစကားတွေ မပြောနဲ့"

"ဘွဲ့မရခင်တော့ မောင်တို့စလေးတွေလိုပဲ နေတာကောင်းတယ် မှတ်လား"

"ဒါပေမဲ့ဘွဲ့ရပြီးတဲ့အခါ ကိုယ့်လမ်းကိုယ် သွားကြရမှာပဲ"

"ကိုယ့်လမ်းကိုယ် သွားရမယ် ဟုတ်လား 'အေး' "

ဘာလို့ 'အချစ်'ကို ကျွန်တော် ဒေါသဖြစ်မိရပါသလဲ။ 'အချစ်'က ဘာလို့ဒါလောက် လေးနက်ရပါသလဲ။ ကျွန်တော်ဟာ 'အချစ်'ကို ဘယ်



Generated by CamScanner from intsig.com

တော့မှ လိုက်လို့ဓိမှာ မှတ်တော့ဘူးလား။ ကျွန်တော်က သတိထားမိသလား

''မောင့်ပေပေက ဘာအလုပ်မှ မလုပ်ပေမဲ့ ချမ်းသာတာကိုး''

'' 'အေး'ပေပေကတော့ မုန့်ဟင်းခါးဖိုလုပ်နေပေမဲ့ ဆင်းရဲတာကိုး။ တခြားစီပါကွယ်''

'အချစ်'က ဝမ်းနည်းသွားပုံရတယ်။ ကျွန်တော်ခံစားမကောင်းဘူး။ အချစ်ရဲ့ပုခုံးကလေးကို ကျွန်တော်ဖက်လိုက်တယ်။

''တက္ကသိုလ်ဟာ 'အေး'တို့လို ပွဲရှေ့တန်းကလေးပေါ့။ ကြည့်ချင်တာကြည့်၊ စားချင်တာစား၊ ဒါပေမဲ့ မိုးလင်းတဲ့အခါ ပြန်ကြရ တာပဲ မှတ်လား''

''ဒါဆိုရင် 'အေး' ပဲခူးပြန်ပြီး မုန့်ဟင်းခါးဖိုမှာ မုန့်ညှစ်တဲ့အလုပ် လုပ်ပါလား''

'' 'အေး'ပေပေရဲ့အလုပ်ကိုတော့ မောင် မလုပ်စေချင်ဘူး၊ 'အေး' မကြိုက်ဘူး''

''ဒါဆိုရင် မောင့်ကိုပစ်မသွားပါနဲ့ 'အေး'ရယ်''

''ဒါပေမဲ့ 'အေး'ဘဝကို 'အေး' ကျော်းရမှာ၊ မောင်ကြီး ရန်ကုန်လိုနေရာမျိုးမှာထက် နယ်မှာ 'အေး'က ပိုပြီးအလုပ်လုပ်ချင်တာ''

'' 'အေး'နယ်မှာသွားအလုပ် လုပ်မယ်ဆိုရင် 'မောင်'က ရန်ကုန်မှာ နေခဲ့ရမယ် ဟုတ်လား''

''အင်းပေါ့''

''ဒါဖြင့် မောင်တို့ လက်ထပ်ကြစို့ကွာ''



Generated by CamScanner from intsig.com

'အချစ်'က မပြုံးဘူး၊ ကျွန်တော့်ကိုပဲ စိုက်ကြည့်နေတယ်။

'အချစ်'ရဲ့မျက်လုံးတွေက ပြောင်နေတာပဲ။ ကျွန်တော်'အချစ်'ကို ကြာကြာ ပြန်မကြည့်ရဲဘူး၊ ကျွန်တော်က ဘာကိုရှက်နေရတာပါလဲ။

''လက်ထပ်တာနဲ့ပတ်သက်လို့ 'အေး'တို့ ဘယ်တုန်းက ပြောဖူးကြလို့လဲ''

''ခု မောင်က ပြောပြီပဲ''

'' 'မောင်'က တကယ် 'အေး'ကို လက်ထပ်ချင်တယ်လား''

ကျွန်တော်က ခေါင်းကို မြန်မြန်ကြီး ဆတ်ပြလိုက်တယ်။

''ဘာဖြစ်လို့ လက်ထပ်ချင်ရတာလဲ ဟင်''

''ဘာဖြစ်လို့လဲဆိုတော့''

ကျွန်တော်ဘာပြောရမှန်းမသိဘူး။ 'အချစ်'ကိုပဲ ကြည့်နေမိတယ်။ 'အချစ်'ကပြုံးတယ်။ ပြီးတော့ကျတော့ ကျွန်တော့်ရဲ့လက်မောင်းကိုကိုင်ပြီး ပြောတယ်။

''ဟုတ်တယ် ဟုတ်တယ်၊ မောင့်ရဲ့ အကြောင်းပြချက်က ခိုင်လုံပါတယ်''တဲ့။

ကျွန်တော့်ရဲ့ကားလေးရှိရာကို ပြန်လျှောက်လာကြတယ်။ ကရဝိတ်ခမ်းမှာ ဇတ်မီးရောင်တွေ ထိန်လို့....။

❊ ❊ ❊



Generated by CamScanner from intsig.com

# ၉။

ကောင်မလေးတစ်ယောက်က လက်ထပ်ပါ့မယ်လို့ ဂတိပေးတဲ့ စကားကို ကြားဘူးပါလား။ ကိုယ်ကိုယ်တိုင်ကလဲ အဲဒီကောင်မလေးကို တကယ်ချစ်ပြီး တကယ်လက်ထပ်တော့မယ်လို့ ဆုံးဖြတ်တဲ့အခါမှာဆိုရင် ပြောပါတယ်။ လောကမှာ ကျွန်တော်မကြုံဘူးတဲ့ ဝမ်းသာစရာတွေ ဘယ်လောက်ရှိလိမ့်အုံးမလဲ။ သိပ်ဝမ်းသာဖို့တဲ့အခါမှာ ဘာလို့စိတ်က မြန်နေတတ်ပါသလဲ။ မဖြစ်နိုင်တဲ့အချိန်အတွင်းမှာ အရာရာပိုပြီး ပြည့်စုံစေချင်တာ ဘာလို့လဲ။ ဖြစ်ချင်တာတစ်ခုကို ခဏကလေးနဲ့ ဖြစ်လိုက်ပြီး

တဲ့နောက် ဖြစ်ချင်တာ အသစ်တွေဟာ ဆက်တိုက်ပေါ်လာတော့တာပါသလား။

ကနေ့ဒီကျွန်းကနေ ဦးဝိစာရလမ်းပေါ်ရောက်တဲ့အထိ နှစ်မိနစ်ခွဲပဲကြာတယ်။ ဘာလို့ ကျွန်တော်က ကားကို ဒါလောက်မြန်မြန် မောင်းလိုက်မိပါသလဲ။

"ဘယ်ကိုလဲ"

"ပြန်မယ်လေ"

"ပါတီကိုပြန်သွားမလို့လား"

"ဟင့်အင်း ခု သွားမဲ့နေရာက ပါတီထက် ကြောက်စရာကောင်းတဲ့နေရာ၊ ပြီးတော့ 'အေး'ကို လိုက်ပို့မယ်"

"အဲဒီနေရာမှာ လျှပ်စီးလက်သလား"

"လျှပ်စီးတော့ မလက်ဖူး မိုးကြိုးပစ်တယ်"

"မိုးကြိုးပစ်တယ် ဟုတ်လား"

"ဟုတ်တယ် မိုးကြိုးတွေ အမြဲပစ်နေတဲ့အိမ်ကို သွားမလို့"

"မောင့်အိမ်ကိုလား"

"မဟုတ်ဘူး ဖေဖေ့အိမ်ကို"

" 'အေး' လိုက်လို့ မကောင်းဘူးထင်တယ်ကွယ်"

ဖေဖေ့အိမ်ကို ကျွန်တော့်အိမ်မဟုတ်ဘူးလို့ ပြောလိုက်တော့ 'အချစ်'က ကျွန်တော့်ကို ဆတ်ကနဲလှည့်ကြည့်တယ်။ ဟုတ်တယ်လေ ဖေဖေ့အိမ်က ကျွန်တော့်အိမ်မှ မဟုတ်ဘဲ။ ကျွန်တော်က ဖေဖေ့အိမ်မှာ နေတာပဲ၊ ဒါပေမဲ့ ဖေဖေသေသွားရင်တော့ အိမ်နဲ့ခြံကို ကျွန်တော်က



Generated by CamScanner from intsig.com

အမွေရမှာပေါ့။ မဟုတ်ဘူးလေ၊ အိမ်မဟုတ်ပါဘူး၊ တိုက်။

ကိုယ်က ပြန်ပြီးဘာမှရှေ့ပနိုင်ခွင့်မရှိတဲ့ လူတစ်ယောက်က အထင်မှားတာကို ခံရဘူးပါသလား။ အသားတဆတ်ဆတ်တုန်ရတာကလွဲလို့ မောရတာ ရင်ခုန်ရတာပဲ အဖတ်တင်တတ်တယ်မဟုတ်လား။ ကျွန်တော်နဲ့ ပေပေနဲ့က အဲလိုမျိုး။

သူ့ကို ကျွန်တော်က အထင်မကြီးဘူးလို့ ပေပေက အမြဲထင်နေတယ်။ ပေပေနဲ့ကျွန်တော် မတွဲကြတာနဲ့ပတ်သက်လို့ ကျွန်တော်တော့ ဒါလောက်ပဲသိတယ်။

"ဟင်လို့"

"ဘာကိုလဲ"

" 'အေး' မလိုက်ချင်ဘူးကွယ်"

"ဘာလို့လဲ"

"ဘာလို့လဲလို့ ဘာလို့မေးရတာလဲ 'မောင်' သိရမှာပေါ့"

"ဟင့်အင်း၊ မောင် တကယ်မသိ"

"မဟုတ်ဘူးလေ 'အေး' က ကောင်မလေးမဟုတ်လား မောင်က ကောင်ကလေးမဟုတ်လား၊ ကောင်းကလေးရဲ့အိမ်ကို ကောင်မလေးက တစ်ယောက်ထဲလိုက်လာရင် ဘယ်ကောင်းမှာလဲ သိတယ်မဟုတ်လား"

"ကောင်ကလေးရဲ့အိမ်မှမဟုတ်ဘဲ၊ သူ့အဖေရဲ့အိမ်ပဲ"

"ဟုတ်တယ် ဟုတ်တယ် ဒါပေမဲ့ အဲဒီလိုဆိုရင်ပိုပြီး မကောင်းမှာပေါ့"

"ဟင့်အင်း ပိုပြီးကောင်းတယ် ဘာလို့ဆို ဖေဖေကလဲ 'အေး'ကို တွေ့ချင်နေလို့ပါ"

" 'အေး'ကို တွေ့ချင်နေလို့ ဟုတ်လား၊ 'အေး'အကြောင်းတွေကို မောင်က ပြောပြထားလို့လား"

"ဟင့်အင်း ပြောမပြထားပါဘူး"

"မောင့်စကား 'အေး'နားမလည်"

"မဟုတ်ဘူးလေ ဖေဖေက မောင့်ကိုတစ်ခါပြောဘူးတယ်၊ မောင် တကယ်လက်ထပ်ယူတော့မယ်လို့ ဆုံးဖြတ်ထားတဲ့ကောင်မလေးကျမှ သူ့ဆီကိုခေါ်လာရမယ်တဲ့"

"အို သိပ်ရှက်စရာ ကောင်းမှာပဲ"

'အချစ်'အဖို့တော့ ရှက်စရာကောင်းမှာ အမှန်ပဲ။ ဟုတ်တယ်လေ။ ကောင်မလေးတစ်ယောက်က သူ လက်ထပ်တော့မဲ့ ကောင်ကလေး တစ်ယောက်ရဲ့အိမ်ကိုလိုက်ပြီး သူ့အဖေရှေ့ကို ဘယ်လိုမျက်နှာမျိုးနဲ့ သွားရမှာလဲ။ ဖေဖေက သိပ်ခက်တယ်။ သူဖြစ်စေချင်တာပဲသိတယ်။ တခြားလူအတွက် မစဉ်းစားဘူး။ ဖေဖေဟာ သူငယ်ငယ်တုန်းက သိပ်ဆင်းရဲခဲ့လို့ သူ့ကိုယ်သူ အားကိုးခဲ့ရတယ်တဲ့။ ဒါကြောင့်မို့ သူ အခုချမ်းသာလာတဲ့အခါ ဘယ်သူ့ကိုမှ သူ့ကိုယ်သူလောက် အထင်မကြီး တော့ဘူးလို့ ကျွန်တော့်ကိုပြောပြတယ်။ ဘာ့ဆိုင်လို့လဲတော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ အမြဲတန်း သူဖြစ်စေချင် တစ်ခုထဲပဲသိတယ်။ မဟုတ်ဘူး လေ၊ မကောင်းတာကိုတော့ ဖေဖေက ဘယ်ဖြစ်စေချင်မှာလဲ။ ဒါပေမဲ့



Generated by CamScanner from intsig.com

သူကောင်းတယ်ထင်တာကို လုတိုင်းကကြိုက်ကြမှာတဲ့လား။

ခုကိစ္စမှာလဲ ဖေဖေဟာ ကျွန်တော်ကြိုက်တဲ့ကောင်မလေးကို လက်ထပ်နိုင်တယ်လို့ အခွင့်အရေးပေးတဲ့သဘောလဲ။ ဒါပေမဲ့ ဘာလို့ကော ကျွန်တော်ယူတော့မယ့် ကောင်မလေးကို သူက ကြည့်ချင်သေးတာလဲ၊ အဲဒီကောင်မလေးက ကျွန်တော့်ဖေဖေ့ဆီကို မရှက်ဘဲနဲ့လာရဲမှာ မဟုတ်ဘူး ဆိုတာ ဖေဖေမသိဘူးလား။

'အချစ်'ကရှက်တယ်လို့ပြောပေမယ့် မသွားချင်ဘူးလို့ ကျွန်တော့်ကို ခွတ်မပြောဘူး။ မဟုတ်ဘူးလေ၊ 'အချစ်'က တကယ်ရှက်နေတာတော့ သေချာပါတယ်၊ ကျွန်တော်သိတာပေါ့။ ဒါပေမဲ့ ဘာလို့ ခုလို ညမိုးချုပ်ကြီး မှာ ကျွန်တော့်အဖေအိမ်ကို လိုက်လာရဲရတာလဲ။ ဖေဖေနဲ့ကျွန်တော့်ကြားမှာ ပွင့်ပွင့်လင်းလင်း ဆက်ဆံရတာကို 'အချစ်'ကသိနေပါသလား။ ခုကိစ္စကို ဒီလိုပဲရှင်းမှပြီးမယ်ဆိုတာကော 'အချစ်'က နားလည်ပါသလား။ ကျွန်တော့် ကို တကယ်ချစ်လို့ ကျွန်တော်နဲ့ပတ်သက်ရင် အပြုအနစ်နာခံတော့မှာလား၊ သိပ်တော်တဲ့ 'အချစ်'ပဲကွယ်။

'အချစ်'အကြောင်းကိုလည်း ကျွန်တော်သိတယ်။ ဖေဖေ့အကြောင်း ကိုလည်း ကျွန်တော်သိတယ်၊ ဒါပေမဲ့ အိမ်ပြန်တဲ့လမ်းကနေ ဘာလို့ ··ကို ပြန်မကွေ့ချင်နေရတာလဲ။ မဟုတ်ဘူးလေ၊ ပြည်လမ်းပေါ်မှာ ကျွန်တော့် ကားဟာ တစ်နာရီမိုင် ၇၀နှုန်း။

'အချစ်'ရှက်နေမှာဘဲလို့ ကျွန်တော်ထင်တယ်ဆိုရင် ကားအရှိန်ကို လျှော့ပြီး ပြန်ကွေ့ရင်ကောင်းမလားပေါ့ စဉ်းစားတို့ကောင်းတယ်၊



Generated by CamScanner from intsig.com

ဒါပေမယ့် ကျွန်တော် မပြတ်သားဘူး။ ပေမေ့အိမ်ကိုရောက်ချင်စော အားကြီးနေမိတယ်။ မဟုတ်ဘူးလေ 'အချစ်'ကို ပေမေ့ဆီသွားပြပြီးရင် 'အချစ်'နဲ့ လက်ထပ်ဖို့ကိစ္စဟာ ဘာမှမခက်တော့ဘူးလို့ ကျွန်တော်က ထင်နေတယ်။ ကျွန်တော်ကလဲ ကျွန်တော်ဖြစ်စေချင်တာပဲ သိတယ်နော်။ ဘာလို့လဲ မသိဘူး။

ကျွန်တော့်စိတ်ထဲ ဖြစ်နေတာကို 'အချစ်'က သိနေသလားမသိဘူး။ 'အချစ်'က ကျွန်တော့်ကိုမကြည့်ဘဲ ပြုံးနေတယ်။ ဒီလိုမျိုးအပြုံးကို 'အချစ်'က ခနခနပြုံးတယ်။ သိပ်အခံရခက်တာပဲ။ 'အချစ်'က ကျွန်တော့်ကို ခလေးတစ်ယောက်လိုပဲ သဘောထားသလားမသိဘူး။ ကျွန်တော်ဖြစ်ချင်တာတွေ အကုန်လိုက်ဖြစ်ပေးတယ်။ နောက်ပြီး အဲလိုမျိုး အမြဲပြုံးတယ်။ ကျွန်တော့်စိတ်ထဲမှာရှိနေတာတွေ သူအကုန်သိနေတတ်ပေမဲ့ သူ့စိတ်ထဲရှိတာတွေတော့ ကျွန်တော့်ကို ဘယ်တော့မှ ပြောမပြဘူး။ 'အချစ်'က အဲလို လူကြီးဆံတာမျိုး ကျွန်တော် မနှာလိုဘူး။

မရမ်းကုန်းမီးပွိုင့်က မီးက ဝါနေရာကနေပြီး ချက်ချင်းနီသွားတယ်။ မီးဝါကိုဖြတ်မလို့စိတ်ကူးထားတာမို့ တအားကြီး ဘရိတ်အုပ်လိုက်ရတယ်။ နံပါတ် ၆ကားကြီးတစ်စီး ရှေ့ဖြတ်သွားတယ်။ ကံကောင်းလို့။

"ဖြေးဖြေးမောင်းပါ မောင်ရယ်။ မောင့် ပေပေကြောင့်မသေဘဲ မောင့်ကြောင့်သေနေရပါအုံးမယ်"

"ဘာပြောတယ် 'အေး' "

"မဟုတ်ဘူးလေ မောင့်ပေပေက 'အေး'တို့ကို သဘောမတူရင်



Generated by CamScanner from intsig.com

ပြောပါတယ်။ 'အေး'တို့ ရှင်ရက်နဲ့ သေကြရမှာပဲ''

''ဟင့်အင်း၊ ပေပေက မောင်ယူမယ့်မိန်းမကို မောင့်ဟာသာရွေးဖို့ အခွင့်အရေးပေးထားတာပဲ။ 'အေး'ကိုမြင်ဘူးသွားရင် သူ ပိုတောင် သဘောတူသွားအုံးမှာ''

''ဒါနဲ့ မောင့်ပေပေနဲ့ မောင်နဲ့က မတွဲကြဘူးဆို။ အဲလိုဆို မောင်နဲ့ တွဲတဲ့လူနဲ့ကော သူနဲ့တွဲပါ့မလား''

''မောင်ကလွဲရင် ဒီပြင်လူအားလုံးနဲ့တွဲတယ်''

''ဟုတ်လား၊ သိပ်ထူးဆန်းတာပဲ။ မောင်နဲ့ကျတော့ သားအဖချင်း ဖြစ်ပြီး ဘာလို့ မတွဲကြရတာလဲ''

''သူနဲ့ ဒီပြင်လူအားလုံးနဲ့ တွဲကြလို့ပေါ့''

'အချစ်'က ရီတယ်။

၇ မိုင်ခွဲရောက်တော့ ဘယ်ဘက်က မြေနီလမ်းထဲကို အရှိန်မလျှော့ဘဲ ကွေ့ဝင်လိုက်တယ်။

''မောင်တို့ပေပေရဲ့အိမ်က ဘယ်မှာလဲဟင်''

''အင်းယားမြိုင်မှာ''

''ဟင် ခုကကော''

''ဒါက ပေပေရဲ့ အိမ်အသစ်''

''သူက ခု အဲဒီမှာ ရှိပါ့မလား''

''မောင် ဖုန်းဆက်ပြောပြီးပြီ၊ ပေပေက ထမင်းလဲ အဲဒီမှာပဲ စားရမယ်တဲ့''



Generated by CamScanner from intsig.com

"အဲဒီတိုက်က ဘယ်သူနေဖို့လဲ"

"မောင်မသိဘူး ဒါပေမဲ့ မြို့ထဲမှာတိုက်တွေအများကြီး ပေပေဖိုင် သေးတယ်။ အားလုံးငှားထားတယ်။ ဒီတိုက်ကတော့ အကောင်းဆုံးပဲ မောင် မိန်းမယူပြီးနေဖို့ဆိုရင် သိပ်ကောင်းမှာပဲ"

"မောင်က သိပ်စိတ်ကူးယဉ်တာပဲ 'အေး'တော့ မထင်ပါဘူး"

"ဘာလို့လဲ"

"တိုက်ကိုမှမမြင်ရဘဲ၊ သစ်ပင်တွေပဲမြင်နေရတယ်၊ အဲဒါ နမိတ် မကောင်းဘူး"

"အဲဒီသစ်ပင်တွေရဲ့နောက်မှာ ဆောက်ထားတာ"

"ဆို လမ်းမနဲ့ အဝေးကြီးပဲနော်"

"ဒါပေမဲ့ အဲဒီလမ်းအထိ ပေပေ့မြေပဲ"

"ဟုတ်လား မောင့်ပေပေက အရမ်းချမ်းသာတယ်နော်"

တစ်လမ်းလုံး ကျွန်တော်က 'ပွန်း'တီးလာလို့ မြို့ဝရောက်တော့ မြို့တံခါးဖွင့်ပြီးသားဖြစ်နေတယ်။ မြို့ထဲက မာကြူရီမီးရောင်အောက်မှာ မြို့စောင့်ကုလားက ရိုရိုသေသေရပ်နေတယ်။ သူ့ဘေးနားက ကျွန်တော် ကားဖြတ်သွားတဲ့အခါ ထုံးစံအတိုင်း ကျွန်တော့်ကို 'ဆလံ'ပေးတယ်။ ဒါပေမဲ့ ကျွန်တော့်ဘေးမှာ 'အချစ်'ရှိနေလို့လားမသိဘူး၊ ဒီတစ်ခါ ကုလား ရဲ့'ဆလံ'ဟာ အရသာအရှိဆုံးပဲ။

ဆင်ဝင်အောက်မှာ နီယွန်းမီးတွေက ပြာလဲ့လဲ့နဲ့။

တိုက်တံခါးတော့ ဘယ်သူမှ လာမဖွင့်သေးဘူး။ ကျွန်တော် ပွန်း

နှစ်ချက်တီးလိုက်တယ်။

" 'အေး' တို့ ခုနေပြန်လစ်ကြရအောင်"

ဒီတစ်ခါတော့ 'အချစ်' ပြုံးနေကျအပြုံးမျိုး ကျွန်တော်က ပြုံးလိုက်တယ်။ ဘာလို့ဆို အချစ်ရဲ့စိတ်ထဲမှာရှိနေတာကို ကျွန်တော်က သိလိုက်လို့ပေါ့။ ဟုတ်တယ်လေ 'အချစ်' က ကောင်မလေးမဟုတ်လား။ တစ်ခါတလေတော့ ကောင်မလေးနဲ့တူတာပဲပေါ့။ သိတယ်မဟုတ်လား။

ဧည့်ခန်းထဲရောက်တော့ ပန်းချီကားကြီးတစ်ချပ်နားမှာ 'အချစ်' က ယောင်လည်လည်နဲ့ သွားရပ်ကြည့်နေတယ်။ ဖေဖေနဲ့ တွေ့ဖို့ကို အချိန်ဆွဲနေမှန်း ကျွန်တော်သိလိုက်တယ်။ ကျွန်တော်ပြုံးမိပြန်ရော။

"မောင့် မေမေရဲ့ပုံလေ"

"မောင်နဲ့ တူတယ်နော်"

"လာ သွားကြစို့"

အိပ်ခန်းတွေကိုဖြတ်လာတော့ 'အချစ်' က ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်နဲ့ တုံ့နှေး တုံ့နှေးလုပ်နေတယ်။

"မောင့်ပုံတူ ပန်းချီကားတွေကော ရှိသလား"

"အပေါ်ထပ်မှာ"

"ခု သွားကြည့်ကြရအောင်"

ကျွန်တော်ပြုံးပြလိုက်တယ်။ ဖေဖေနဲ့တွေ့ဖို့ သူရှက်နေတာ ဖုံးဖို့ကြိုးစားမှန်း ကျွန်တော်က သိနေတယ်မဟုတ်လား။ ဒီနေ့ညတော့ 'အချစ်' ကို ကျွန်တော်နိုင်လိုက်ပြီ။ ဒါကြောင့်မို့ ကျွန်တော့်ကိုယ် ကျွန်တေ



Generated by CamScanner from intsig.com

လူကြီးကလေးလို့ထင်ပြီး 'အချစ်'ကိုကျ ခလေးကလေးလို့ ထင်မိလာတယ်။ အဲဒီအခါ ကျွန်တော်ဘာလို့ ဝမ်းသာသွားပါသလဲ။ ကျွန်တော်တို့ သူငယ်တန်းမှာတုန်းက ဆရာက တန်းစိပြီးရိုက်တဲ့အခါမှာ နောက်ဆုံးနေရာကို လုတတ်ကြတာ မှတ်မိပါသလား။

"ဖေဖေနဲ့အရင် သွားတွေအုံးစို့။ ပြီးရင် မောင့်ပုံတူ ပန်းချီကားတွေလဲ ကြည့်ရမယ်။ ပြီးကျတော့ စန္ဒယားလဲတီးရမယ်"

"ဟုတ်လား စန္ဒယားလဲရှိလား၊ သိပ်ကောင်းတယ်ပေါ့"

စန္ဒယားတီးရမယ်ပြောလိုက်တော့ ဖေဖေနဲ့တွေ့ဖို့ ကြောက်နေတာကို 'အချစ်'က မေ့သွားသလိုပဲ။ 'အချစ်'က စန္ဒယားဆိုရင် သိပ်သဘောကျတယ် မဟုတ်လား။

စာကြည့်ခန်းထဲကို ကျွန်တော်ကအရင်ကွေ့ဝင်လိုက်တယ်။ 'အချစ်'ကတော့ အခန်းဝမှာရပ်ကျန်နေသေးတယ်။ အထဲကိုတစ်ချက်လှမ်းကြည့်ပြီး အချစ်က သူ့ပါးစပ်ကိုလက်နဲ့အုပ်ပြီး ရီတယ်။ ပြီးတော့ပြောတယ်။

"ဘာလဲ စာသွားဖတ်အုံးမယ်လား ဟုတ်လား"

"မဟုတ်ဘူး၊ ဖေဖေအထဲမှာရှိတယ်"

ကျွန်တော်တို့နှစ်ယောက်စလုံး အသံမထွက်အောင် ရီလိုက်ကြတယ်။

'အချစ်'က ထမိကို ဘယ်ဖုံးဝတ်တယ်၊ အဲဒီအဖုံးကြားထဲကို လက်လျှိုပြီး 'အချစ်'က ထမိကို ပုံစံကျသွားအောင် ပြင်လိုက်တယ်။

"ဟဲလို သား"

မိုးကြိုးသံ။ ဟုတ်တယ် အဲဒါမိုးကြိုးသံရဲ့အစပဲ။

"ဖေဖေ ဒါ 'အေး'ပါ"

"ဟဲလို 'အေး' "

"ငြိမ်းအေးမယ်ပါ ဖေဖေ"

'အချစ်'က ဖေဖေနဲ့ ကျွန်တော့်ရဲ့ဆက်ဆံရေးကို အံ့သြသွားပုံရတယ်။ ပြီးတော့ သူလဲယောင်ရမ်းပြီး လိုက်ပြောရှာတယ်။

"ဟုတ် ဟုတ်ကဲ့ ငြိမ်းအေးမယ်ပါ"

ဖေဖေက ဖတ်လက်စ စာအုပ်ကိုဘေးချပြီး အခန်းဝကို ထွက်သွားတယ်။ ကျွန်တော်တို့ကို လှည့်မကြည့်ဘဲ ပြောတယ်။

"မင်းအဖွား လသာဆောင်မှာ စောင့်နေတယ်"

ဖေဖေ့နောက်က ကျွန်တော်တို့လိုက်သွားကြတယ်။

လသာဆောင်မှာ ပက်လက်ကုလားထိုင်လေးလုံး အသင့်ချထားတယ်။ အဖွားက ဝရံတာနားမှာသွားပြီးရပ်နေတယ်။ ခြံအပြင်ဘက်ကို ငေးပြီးကြည့်နေတယ်။ ကျွန်တော်စိတ်ပူသွားတယ်။ အဖွားဘာလို့ ကျွန်တော့်ကို ချက်ချင်းနှုတ်မဆက်တာလဲ။

ပက်လက်ကုလားထိုင်မှာ ထိုင်လိုက်ကြတယ်။ ပထမတော့ 'အချစ်'က ရွံ့နေသေးတယ်။ ကျွန်တော်က အတင်းထိုင်ခိုင်းမှ ကုတ်ကုတ်ကလေး ထိုင်လိုက်တယ်။

အဖွားက 'အချစ်'ကိုမေးတယ်။

"သမီးလေးနာမည်က ဘယ့်နဲ့ခေါ်သလဲ"

ဖေဖေက ဝင်ဖြေတယ်။



Generated by CamScanner from intsig.com

"အေးငြိမ်းမယ်တဲ့"

ကျွန်တော်က ဝင်ရှင်းတယ်။

"မဟုတ်ဘူးဖေဖေ၊ ငြိမ်းအေးမယ်ပါ"

'အချစ်'က ခေါင်းငုံ့နေရာက မော့လာတယ်။ အဖွားက 'အချစ်'ကို မျက်လုံးလေးမှေးပြီး ကြည့်လိုက်တယ်။ 'အချစ်'ကို ကျွန်တော်အံ့ဩသွားတယ်။ ဘာလို့ဆို အဖွားကိုသူ ရဲရဲတင်းတင်းဘဲ ပြန်ကြည့်နေလို့။ နှစ်ယောက်စလုံး ပြုံးထားကြပေမဲ့ အပြုံးချင်းမတူဘူး။

"သမီးလေးက ကျောင်းတက်တုန်းလား"

"ကျမ ဘွဲ့ရပြီးပါပြီ"

"သူ စု လုပ်အားပေးနေတယ်ဖွားဖွား"

"သမီးလေးရဲ့ အဖေ 'အမေများကကော ဘာလုပ်ကြသလဲ"

"ကျမမှာ မေမေမရှိပါဘူး၊ ဖေဖေကတော့ မုန့်ဟင်းခါးဗိုလ် လုပ်ပါတယ်"

"ဒါပေမဲ့ ပဲခူးမှာဆို သူတို့မုန့်ဟင်းခါးဗိုက နာမည်ကြီးပေါ့ ဖွားဖွားရဲ့"

ခုအချိန်မှာ 'အချစ်'က ပြန်ငြိမ်းတည်ငြိမ်စပြုလာပြီ။ 'အချစ်'ရဲ့ အပြုံးကလေးတွေကို မသိမသာပြန်မြင်လာရပြီ။ 'အချစ်'ရဲ့ အပြုံးလေးတွေဟာ တော်တော်ကြာရင် ဖေဖေနဲ့ အဖွားကို အနိုင်ရသွားလိမ့်မယ်။ သိတယ်မဟုတ်လား။

ငြိမ်ငြိမ်းမတည်မငြိမ်ဖြစ်လာတာက ကျွန်တော်။ 'အချစ်'ကို သူတို့



Generated by CamScanner from intsig.com

အထင်သေးသွားကြမှာကို ကျွန်တော်အရမ်းကြောက်နေတယ်။ 'အချစ်'ကို ကျွန်တော်လိုက်ပြီး ကာကွယ်နေမိတယ်။ 'အချစ်'က ကျွန်တော့်ကို တစ်ချက် လှည့်ပြီး ပြုံးကြည့်တယ်။ အဲလိုတော့မကြည့်ပါနဲ့ 'အချစ်'ရယ်၊ မောင်က 'အချစ်'ဘက်ကလူ မဟုတ်လား။

"ပြီးတော့ကျတော့ 'အေး'က စန္ဒယားလဲတီးတတ်တယ် ဖွားဖွားရဲ့၊ တီးဝိုင်းတွေ ဘာတွေ အင်္ဂလိပ်ဘုရားကျောင်းတွေ ဘာတွေကတောင် သူ့ကို ခနခန လာငှားနေကြတာ၊ အဲဒါသက်သက် ခုစာကြည့်တိုက်မှာ လုပ်အား ပေးနေတယ်လေ။

ဒါပေမဲ့ 'အေး'က တပေလဲ ဝါသနာပါနေတော့ တနည်းတော့ သူ့အဖို့ ကောင်းတာပါပဲ"

'အချစ်'က ကျွန်တော့်ကိုပြုံးပြီးကြည့်ပြန်ရော။

အဖွားကတော့ "အော်၊ အော်"တဲ့။

ဘူတားကြီးကတော့ "အော့ အော်"တဲ့။

ကျွန်တော် ဖေဖေ့ကို တစ်ချက်ခိုက်ကြည့်လိုက်တယ်။

"ကျွန်တော်တို့ပြန်တော့မယ် ဖွားဖွား"

"ထမင်းစားသွားအုံးလေ၊ ဖွားတို့က မင်းတို့ကိုစောင့်နေတာ"

"ထမင်းစားပြီးမှ ပြန်ရမယ် သား"

"ကျွန်တော်တို့ ကိစ္စကလေးရှိသေးလို့ပါ ဖေဖေ"

"ထမင်းမစားခင်. သွားရမဲ့ ကိစ္စမို့လားကွ"

"ကျွန်တော် မစားချင်ဘူးဖေဖေ"



Generated by CamScanner from intsig.com

'အချစ်'က ကျွန်တော့်ဘက်ကိုတလှည့် ဖေဖေ့ကိုတလှည့် ကြည့်လိုက်တယ်။

" 'အေး'တို့ စားသွားရအောင်ပါ"

"လမ်းကျမှ စားမယ်အေးရယ်"

"ဟင့်အင်း၊ အေး ဆာလှပြီ"

'အချစ်'က ဘယ်လောက်ရိုးသားလိုက်ပါသလဲ။ ဘယ်လောက်များ လိမ်မာပါးနပ်လိုက်ပါသလဲ။ ပြီးတော့ကျတော့ ဘယ်လောက်များကော စကားတတ်လိုက်ပါသလဲ။ မဟုတ်ဘူးလေ၊ သူများအိမ်မှာ ထမင်းစားဖို့ဆိုတာ ချက်ချင်းခေါင်းငြိမ့်လို့ မဖြစ်ဘူးမဟုတ်လား။ 'အချစ်'က သူ့ရဲ့သတ္တိကို ပြလိုက်တာပေါ့။ သိတယ်မဟုတ်လား။

ထမင်းစားခန်းထဲ ရောက်လာကြတယ်။

"ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်ကျေးဇူးပဲ"

အဖွားက ထမင်းဝိုင်းကိုကြည့်ပြီး ညည်းလိုက်တယ်။

"သား မင်း ထမင်းစာကာနီးတိုင်း စိတ်ထဲမှာ ဘာကို စွဲထားရမယ်ဆိုတာ မှတ်မိတယ်နော်"

ကျွန်တော့်ကို ဖေဖေက ထမင်းစားခါနီးတိုင်း အလုပ်လုပ်မှ ထမင်းစားရတယ်လို့ မှတ်ထားနိုင်းထားဘူးတယ်။ ဒါပေမဲ့ ခု ဘာလို့ ထပ်သတိပေးရသလဲ။ ကျွန်တော် ဒေါသဖြစ်သွားတယ်။ အဖွားကိုးကွယ်တဲ့ ဘုန်းကြီးရဲ့ကျောင်းက ကျောင်းသားလေးတွေ ထမင်းစားခါနီးဆိုကြတဲ့ ဆောင်ပုဒ်ကလေးကို ကျွန်တော်သတိရမိတယ်။ ဖေဖေ့ကို တစ်ချက်စိုက်

ကြည့်ပြီး ကျွန်တော်အော်ဆိုလိုက်တယ်။

"ပညာသင်ရန် ထမင်းစားပါသည်"

ဖေဖေက ပြုံးတယ်။ ဒါပေမဲ့ သူ့အပြုံးက မရှိးသားဘူး။ အဖွားက 'အချစ်'ကို ဂရုစိုက်ကြည့်နေတယ်။ 'အချစ်'က အဖွားကို ထမင်းခပ်ထည့်ပေးလိုက်တယ်။

"သမီးလေးရဲ့မိဘများက ပဲခူးဇာတိပဲလား"

"အမေက ပြည်ဇာတိပါ"

"ပြည်မှာကော အမျိုးတွေရှိသေးသလား"

"ဦးလေးတစ်ယောက်တော့ ပြည်ကဆန်စက်တစ်ခုမှာ အလုပ်လုပ်ပါတယ်"

ဖေဖေက 'အေး'ကိုတချက်လှမ်းကြည့်ပြီး ဖွတ်ဝင်ပြောတယ်။

"ဘယ်ဆန်စက်လဲ"

"နံမယ်တော့ ကျမ မသိဘူး၊ ပြည်မှာတော့ အကြီးဆုံးဆန်စက်လို့ပြောတာပဲ"

"ဟော ဒါဆိုရင် ဦးတို့ဆန်စက်များလားမသိဘူး။ ဦးတို့ဆန်စက်တွေ ပြည်မှာ ရှိတယ်ကွဲ့"

ဖေဖေဘာပြောချင်မှန်း ကျွန်တော်သိလိုက်တယ်။ ဒါကြောင့် ဖေဖေ့စကားမဆက်ခင် ကျွန်တော်က အတင်းဝင်ပြောတယ်။

"ခုတော့ ပြည်သူပိုင်ပါ"

"ဪ ပြည်သူပိုင်ဆိုမှ သတိရတယ်။ သားကို မပြောရသေးဘူး။



Generated by CamScanner from intsig.com

ဖေဖေ့ပြည်သူပိုင်လျှော်ကြေးတွေ ပြန်ရခါနီးပြီကွ။ ဖေဖေ့မိတ်ဆွေ ကြီးကြီး မာစတာတစ်ယောက် ပြောလိုက်တယ်''

''ကောင်းပါတယ်။ ဖေဖေ ခုထက် ပိုချမ်းသာအုံးမှာပေါ့''

''အေးပေါ့ကွ။ ဖေဖေက အလုပ်လုပ်တာကိုး''

ဖေဖေကတော့ ကျွန်တော့်ကို အကြီးအကျယ် တိုက်ခိုက်နေပြီ။ အကောင်းဆုံးက ထုံးစံအတိုင်း သူ့ကိုရှမဝိုက်ဘဲနေလိုက်ဖို့ပဲ၊ ကျွန်တော် ဟင်းချိုတဇွန်းခပ်သောက်လိုက်တယ်။ ပြီးတော့ မီးဖိုချောင်ဘက်ကို လှမ်း အော်လိုက်တယ်။

''အချိုမှုန့် အချိုမှုန့်''

ဖေဖေက ကျွန်တော့်ကိုပြုံးပြီးကြည့်တယ်။ ပြီးတော့ 'အချစ်' ကို တစ်ချက်ကြည့်တယ်။

''ငါ့သားက တယ်အချိုကြိုက်တာကိုးကွ''

ကျွန်တော်ထမင်းဝိုင်းက ထလာခဲ့တယ်။

ဖေဖေနဲ့အဖွားကို နှုတ်ဆက်ပြီးမှ 'အချစ်' က နောက်က လိုက်လာ တယ်။

ခြံထဲကနေ တအားမောင်းထွက်လာခဲ့တယ်။ ကားစက်သံက ပြင်း လွန်းတယ်။ ခြံထိပ်က သရက်ပင်ကြီးပေါ်မှာ အိပ်နေကြတဲ့ ကျီးကန်းတွေ လန့်ပြီး ထပျံကုန်ကြမှာပဲ။

❋ ❋ ❋



Generated by CamScanner from intsig.com

# ၁၀။

အပြန်လမ်းမှာ အလာတုန်းကထက် ကျွန်တော်ကားကို ပိုပြီးမြန်မြန်မောင်းတယ်။ အမိုးဖွင့်ထားတော့ ကားစက်သံက သိပ်ကျယ်တာပဲ။ ကျွန်တော်တို့ စကားတိုးတိုးပြောလို့ မရဘူး။ တကယ်တော့ ကျွန်တော်ကလဲ စကားပြောချင်မနေပါဘူး။ ဖေဖေတို့ အဖွားတို့နဲ့ အဆင်ပြေပုံမပေါ်လို့ ကျွန်တော်စိတ်ညစ်နေတယ်။ ဒါပေမဲ့ 'အချစ်'ကတော့ သိပ်စကားပြောချင်နေပုံရတယ်။ ကျွန်တော့်အနားကို တိုးထိုင်ပြီး အတင်းအော်ပြောနေတယ်။ ပထမ သူပြောနေတဲ့စကားတွေ ကျွန်တော်မကြားရဘူး။

"မောင် စိတ်မဝင်စားဘူးလား"

"အင်း"

Generated by CamScanner from intsig.com

"မောင့်ပေပေကို မောင် ဆက်ဆံပုံ 'အေး' မကြိုက်ဘူး"

"ဘာလို့လဲ၊ မောင်နဲ့ပေပေနဲ့က အပြဲဒီလိုပဲဟာ"

"အပေတွေကို ဒွေးလိုပြန်ကိုက်တာ 'အေး' မကြိုက်"

" 'အေး' နဲ့ မဆိုင်ဘူးလို့ သဘောထားလိုက်ပေါ့"

"ဒါဖြင့် 'အေး' တို့ လက်ထပ်ဖို့က ဘယ်လိုလဲ"

"ဘာဆိုင်လို့လဲ 'အေး' ရဲ့"

" 'အေး' မောင်နဲ့ လက်ထပ်ပြီးရင် မောင့်ပေပေနဲ့လဲ ဆိုင်လာရမှာပဲ မဟုတ်လား"

"မောင်တို့လက်ထပ်ဖို့ကိစ္စက မောင်နဲ့ အေးနဲ့ နှစ်ယောက်ထဲပဲဆိုင်တယ်၊ သိတယ်မဟုတ်လား"

" 'ချစ်ပေ' ကျတော့ကော"

'အချစ်' ဝမ်းနဲသွားပုံရတယ်။ ကျွန်တော်စိတ်မကောင်းဘူး။ ကားကိုလမ်းဘေးကပ်ရပ်လိုက်တယ်။ ကျွန်တော်ကျော်တက်လာခဲ့သမျှကားတွေက ကျွန်တော့်ကို ပြန်ကျော်တက်သွားကြတယ်။ ဒါပေါ့လေ ရပ်နေတဲ့ လူတွေကိုတော့ သွားနေတဲ့လူတွေက ကျော်တက်သွားကြမှာပေါ့။ သိတယ်မဟုတ်လား။

'အချစ်' က သူ့ဝမ်းနဲသွားတာကို ကျွန်တော်သိမှာစိုးလို့ ချက်ချင်းမျက်နှာပြန်တည်လိုက်တယ်။ 'အချစ်' ရဲ့လက်ဖဝါးကလေးတွေကိုကျွန်တော်ဆုပ်ကိုင်လိုက်တယ်။

"မဟုတ်ဘူးလေ၊ မောင်တို့လက်ထပ်ဖို့ကိစ္စက 'ချစ်ပေ' ရယ်၊

မောင်ရယ်၊ 'အချစ်'ရယ်နဲ့ပဲ ဆိုင်တယ်လေ"

"ဒါဆိုရင် 'အေး'နဲ့တော့ မဆိုင်ဘူးပေါ့ ဟုတ်လား"

"မဟုတ်ဘူးလေ 'အချစ်'ဆိုတာ 'အေး'ကိုပြောတာပေါ့"

" 'အေး'နဲ့မယ် 'အချစ်မှမဟုတ်ဘဲ' "

"ဒါပေမဲ့ ချစ်တဲ့အခါကျရင် 'အချစ်'လို့ ခေါ်ရတယ်မဟုတ်လား 'အေး'ကို မောင် 'အချစ်'လို့ခေါ်မယ်နော်၊ ကြိုက်တယ်မဟုတ်လား"

"ဟင့်အင်း ကြိုက်တယ်မဟုတ်ဘူး"

"သိပြီ သိပြီ သိပ်ကြိုက်တယ်လို့ ပြောမယ်မဟုတ်လား"

ကျွန်တော်တို့ရီလိုက်ကြတယ်။

ကျွန်တော့်ပါးကို 'အချစ်'က တစ်ခါနမ်းတယ်။ မီးထိုးပြီး ကျွန်တော့်ကားကို ကျော်တက်သွားတဲ့ ကားတစ်စင်းပေါ်က ဘဲတွေ ဟားလိုက်သံ ကြားရတယ်။ အဲဒီကားကို ပြန်ကျော်တက်ဖို့ ကျွန်တော် တအားမောင်းထွက်ခဲ့တယ်။ စောစောကကိစ္စတွေ ကျွန်တော်မေ့သွားပြီ။ ရှ ကျွန်တော်ပျော်နေပြန်ပြီ။ 'အချစ်'ကတော့ လမ်းဘေးကိုကြည့်ပြီး တစ်ခုခုကို စဉ်းစားနေသလို။

ပြည်လမ်းတလျှောက် မာကျူရီတွေ လင်းနေတယ်။

ဒါပေမဲ့ လ မသာဘူး။

'အချစ်'ကို လိုက်ပို့တယ်။

ပြီးကျတော့ (၇)မိုင်ခွဲဘက်ကို ပြန်မောင်းလာခဲ့တယ်။ ဒီနေ့ည မောင်းခဲ့တဲ့အထဲမှာ ခုတစ်ခါမောင်းတာ အမြန်ဆုံးပဲ။



Generated by CamScanner from intsig.com

(၇)မိုင်ခွဲကတိုက်မှာ အမွှားမရှိတော့ဘူး။ အင်းယားမြိုင်ကတိုက်ကို ပြန်သွားပြီတဲ့။ ပေပေကတော့ စာပတ်ခန်းထဲမှာဘဲ ရှိသေးတယ်။

အမှန်က ခုလို ဒုတိယအခေါက် ဒီတိုက်ကို ပြန်လာစရာ အကြောင်း မရှိဘူး။ ပေပေက ကျွန်တော် 'အချစ်'ကို အိမ်ခေါ်လာခဲ့ဖို့မှာတာ ကျွန်တော် လက်ထပ်မယ့် ကောင်မလေးကို သူကြည့်ချင်တယ်ဆိုတဲ့သဘောလို့ပဲ ကျွန်တော် နားလည်တယ်။ ဒါတောင် တော်တော်တရေးလွန်နေပြီ။ ကျွန်တော့် 'အချစ်' ကို ပေပေတွေ့ဘူးစရာ ဘာလိုလဲ။ လက်ထပ်ရမှာက ကျွန်တော်နဲ့ပဲ။ ချစ်ခဲ့တာကလဲ ကျွန်တော်နဲ့ချစ်ခဲ့တာပဲ။ 'အချစ်'ကို ကျွန်တော်ကချစ်ပြီး 'အချစ်'ကလဲ ကျွန်တော့်ကို ချစ်တယ်ဆိုရင် ပြီးတာပဲမဟုတ်လား။ ပေပေနဲ့က ဘာဆိုင်လို့လဲ။ ဒါပေမယ့် ပေပေက ကြည့်ချင်တယ်ဆိုလို့ 'အချစ်'ကို မငဲ့ဘဲ ခေါ်သွားခဲ့တယ်။

တကယ်တော့ ပေပေဟာ 'အချစ်'ကိုကောင်းကောင်းမွန်မွန် လေးလေးစားစား ဆက်ဆံပြဖို့ကောင်းတယ်။ ခုတော့ ပေပေ ကျွန်တော်တို့ကို ဆက်ဆံပုံဟာ တော်တော်မရိုးသားဘူး။ ဘာမရိုးသားဘူးဆိုတာတော့ ကျွန်တော်ပြောမပြတတ်ဘူး။ သိတော့သိနေတယ်။ ဘာလို့ဆို ပေပေ့ အကြောင်း ကျွန်တော်ကောင်းကောင်းသိနေလို့။ ပေပေအမြဲညာတယ်။

"ဟဲလို သား"

ကျွန်တော် ပေပေ့ကို ပြန်နှုတ်မဆက်ဘူး။

"ထိုင်လေကွာ"

ကျွန်တော်မထိုင်မိဘူး။ ပေပေ့ကိုလဲ ကြည့်မနေဘူး။ တစ်နေရာရာ



Generated by CamScanner from intsig.com

ကို ကျွန်တော်စိုက်ကြည့်နေပေမဲ့ ဘယ်နေရာကို ကြည့်နေမှန်းလဲ ကျွန်တော် မသိဘူး။

"ဘာဖြစ်လို့ တစ်ခေါက်ပြန်လာတာလဲ သား"

"ဘာဖြစ်လို့ဆိုတာ ဖေဖေ မသိဘူးလား"

"တစ်ခုခုကျန်ခဲ့လို့များလား။ တယောက်ယောက်ကို ရှာခိုင်းလေ၊ သားအမောဖြေအုံးပေါ့"

"ကျွန်တော် ဘာမှမကျန်ခဲ့ဘူး၊ ဖေဖေသာ ကျန်ခဲ့တာ"

"ဟော ဖေဖေဘယ်မှမှ မသွားဘဲ ဘာကျန်စရာရှိမလဲ"

"ဖေဖေပြောစရာကျန်သေးတယ်"

ဖေဖေက ပြုံးလိုက်တယ်။ ပြီးကျတော့ ကျွန်တော့်ကို စိုက်ကြည့်တယ်။

"ပြောစေချင်လို့လား သား"

"ကျွန်တော်က ပြောစေချင်နေတာ မဟုတ်ဘူး၊ ဖေဖေက ပြောချင်နေတာ။ ခုန 'အေး' ရှိနေတုန်း ဖေဖေပြောဖို့ကြိုးစားနေတဲ့ စကားတွေလေ"

"ဘာပြောမလို့ပါလိမ့်၊ ဖေဖေမေ့သွားပြီ"

"မဟုတ်ဘူး၊ ကျွန်တော် 'အေး' ကိုခေါ်လာမယ်ဆိုကတည်းက ဖေဖေ စဉ်းစားထားတဲ့ စကားတွေဘဲဟာ ဖေဖေမေ့တယ်ဆိုတာ မဖြစ်နိုင်ဘူး"

"မင့် မိန်းကလေးနဲ့ပတ်သက်တဲ့စကားမို့လား သား"

"ကနေ့ည ဖေဖေ့ဆီကို ကျွန်တော်တို့လာကြတာ ဘာကိစ္စမို့လဲ



Generated by CamScanner from intsig.com

ဖေဖေ၊ ဖေဖေ 'အေး'ကို တွေ့ချင်တယ်ဆိုတာကကော ဘာကိစ္စမို့လဲ''

ဖေဖေက ဘာမှပြန်မပြောသေးပဲ မတ်တပ်ထရပ်လိုက်တယ်။ ကျွန်တော့်လိုပဲ ဘယ်နေရာကိုမှန်းမသိဘဲ စိုက်ကြည့်နေတယ်။ ပြီးတော့ ကျတော့ သက်ပြင်းချပြီး ပြုံးတယ်။

''မင့် မိန်းကလေးနဲ့ပတ်သက်လို့ ပြောစရာစကားမရှိဘူးထင်တယ် သားရယ်''

''အဲဒီစကားကို ဖေဖေတကယ်ပြောတာလား''

ဖေဖေက ခေါင်းငြိမ့်ပြတယ်။ ကျွန်တော့်ကိုတော့ ကြည့်မနေဘူး။

''ဒါဖြင့် ခုနကျွန်တော်နဲ့ 'အေး'လာကြတုန်းက ဖေဖေတစ်ခုခုကို ပြောဖို့ ဘာလို့ကြိုးစားရတာလဲ''

''ဟော ငါကြိုးစားမိသလား၊ ဟုတ်လား''

''ဖေဖေ ဟန်ဆောင်မကောင်းပါဘူးလေ''

ဖေဖေကရီတယ်။ အသံတော့ မထွက်ဘူး။

''ဟုတ်တယ်၊ မင်းပြောတာမှန်တယ်။ ငါဟန်ဆောင်မကောင်းခဲ့လို့ မင်းရိပ်မိသွားတာပေါ့။ အေး၊ မင်းနဲ့ မင့်မိန်းကလေး တွဲလာကြတုန်းက ငါ့မှာ ပြောစရာစကားတစ်ခုခုရှိနေတာတော့ သေချာတယ်''

''ကျွန်တော်အဲဒီစကား ကြားချင်တယ်''

''ဒါပေမဲ့ မင့်မိန်းကလေးကိစ္စတော့ မဟုတ်ဘူးကွ သိရဲ့လား''

''ဒါပေမဲ့ ခုကိစ္စမှာ အရေးကြီးဆုံးဟာ 'အေး'မဟုတ်လား ဖေဖေ၊ ဖေဖေပြောစရာရှိရင် 'အေး'အကြောင်းပဲဖြစ်ရမှာပေါ့''



Generated by CamScanner from intsig.com

"ငါ စိတ်မဝင်စားပါဘူးကွာ၊ သူ့အကြောင်းကို မင်းကဘဲ စိတ်ဝင်စားရမှာ မဟုတ်လား"

"ဒါဖြင့် 'အေး' ကို ဘာလို့ခေါ်လာခိုင်းတာလဲ ဖေဖေ"

"မြင်ဘူးထားချင်လို့ပေါ့ကွ။ ဒါပေမယ့် သူနဲ့ဆိုင်တဲ့ကိစ္စအဝဝကို တော့ မင်းကပဲသိထားရမှာ ငါပြောတာ မင်းနားလည်တယ်မဟုတ်လား"

ဖေဖေနဲ့ကျွန်တော်ဟာ မတဲ့ကြပေမဲ့ ကျွန်တော်ချစ်တဲ့ 'အချစ်' ကို ဖေဖေက စိတ်မဝင်စားဘူး ပြောလိုက်တာတော့ ကျွန်တော်မကျေနပ်ဘူး။ 'အချစ်' ကို ကျွန်တော်ချစ်တဲ့နေရာမှာ ဖေဖေနဲ့ ဘာမှမဆိုင်ဘူးလို့ ကျွန်တော် ထင်ထားခဲ့ပေမဲ့ ခု ဖေဖေက 'အချစ်' ရဲ့အကြောင်းကို ဘေးဖယ်လိုက်တဲ့ အခါမှာ ကျွန်တော်ဘာလို့ ဝမ်းနဲ့မိရပါသလဲ၊ တစ်ခုပဲသိတယ်။ ကျွန်တော် 'အချစ်' ကိုလက်ထပ်ပြီးတဲ့အခါမှာ ဖေဖေ့အိမ်မှာပဲနေမယ်မဟုတ်လား။ ပြီးကျတော့ ဖေဖေက 'အချစ်' တစ်ယောက်အတွက်လဲ တာဝန်ဘာမှပိုမှာ မဟုတ်ဘူးမို့လား။ ဖေဖေက သူဌေးဘဲ။ အဲဒီအခါကျ ဖေဖေက 'အချစ်' ကို ခုလိုပဲ စိတ်မဝင်စားဘူး ဂရုမစိုက်ဘူးဆိုရင် 'အချစ်' ကလေး စိတ်ညစ်နေမှာဘဲ။ အဲဒါကို ကျွန်တော်တွေးပူနေတာဖြစ်မယ်၊ သိတယ်မဟုတ်လား။

"ဒါပေမဲ့ ဖေဖေ ခုပြောချင်တယ်ဆိုတဲ့စကားဟာ ကျွန်တော် လက်ထပ်တော့မယ်ဆိုတာနဲ့တော့ ဆိုင်တယ်မဟုတ်လားဖေဖေ"

ဖေဖေက ခေါင်းမငြိမ့်ချင်ပဲ ငြိမ့်လိုက်တယ်။ ကျွန်တော်ဒေါသဖြစ် သွားတယ်။ အစကတော့ ကျွန်တော်လက်ထပ်မဲ့ကိစ္စမှာ ဖေဖေဘာမှ ဝင်မပြောဘူးလို့ပဲ ကျွန်တော်သိထားတယ်။ ခုတော့ ဖေဖေက ပြောတော့

မယ်တဲ့။ ဖေဖေ မတရားဘူး။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ သား"

ကျွန်တော်မဖြေမိဘူး။

"မင်း အခု ဘယ်နှစ်တန်းအောင်ပြီလဲ"

ကျွန်တော်မဖြေမိဘူး။

"မင်း ဘာအလုပ်ကော လုပ်တတ်နေပြီလဲ"

ကျွန်တော်မဖြေမိဘူး။

ဟုတ်တယ်လေ။ ဒီမေးခွန်းတွေ ကျွန်တော်ဖြေစရာမှမလိုဘဲ။ ဖေဖေသိပြီးသားတွေမဟုတ်လား။ ဖေဖေဟာ လူတစ်ယောက်ကို ချီဖို့ တုတ်ဖို့ ဘာလို့အမြဲကြိုးစားတတ်တာလဲ။

"ဟော့ကောင်၊ ငါမေးနေတာတွေ မင်းတစ်ခုမှ မဖြေသေးဘူး"

"ကျွန်တော်ဖြေစရာမှမလိုဘဲ၊ အားလုံး ဖေဖေသိပြီးသားပဲ"

"အေး၊ ငါဘဲသိတယ် မင်းမသိဘူး"

"ကျွန်တော်မသိဘဲ နေပါ့မလားဖေဖေ"

"မင်း မသိသေးလို့ ခုလိုမိန်းမယူဖို့ စဉ်းစားတာပေါ့ကွ"

ဖေဖေ့စကားတွေ ကျွန်တော်နားမလည်ဘူး။ ကျွန်တော့်အသက် ဘယ်လောက်လဲ၊ ကျွန်တော် ဘယ်နှစ်တန်းအောင်ပြီလဲ၊ ကျွန်တော် ဘာလုပ်တတ်သလဲဆိုတာတွေကို ကျွန်တော်မသိဘဲနေပါ့မလား။ အဲဒါနဲ့ 'အချစ်'ကို ကျွန်တော်လက်ထပ်ချင်တာနဲ့ ဘာဆိုင်လို့လဲ။ လက်ထပ်ချင်တယ်ဆိုတာ သိပ်ချစ်နေလို့မဟုတ်လား။ ကျွန်တော်ခုလိုအရွယ် ခုလိုအတန်း ခုလို



Generated by CamScanner from intsig.com

အခြေအနေမှာ သိပ်မချစ်ရတော့ဘူးလား။ 'အချစ်'အကြောင်းကို ဖေဖေ 'ကျွန်တော့်လောက် မသိပါဘူးလေ။

"မင်းသူ့ကို ဘာလို့ လက်ထပ်ချင်တာလဲ"

"ချစ်လို့ပါဖေဖေ"

"ချစ်တာနဲ့လက်ထပ်တာ တခြားစီဘဲကွ"

"ဟုတ်တယ်ဖေဖေ လက်ထပ်တာနဲ့ ဘွဲ့မရသေးတာလဲ တခြားစီပါပဲ"

"အေး ဒီလိုဆိုရင် မင်းတို့လက်ထပ်ကြတာနဲ့ မင်းတို့ရဲ့ဘဝကို ထူထောင်တာဟာလဲ တခြားစီလို့ မင်းပြောချင်တာလား"

"ဘာလဲ ဖေဖေကျွန်တော်တို့လက်ထပ်ပြီးရင် ဖေဖေက ဘာမှ အကူအညီမပေးတော့ဘူးဆိုတဲ့ သဘောလား ဟုတ်လားဖေဖေ"

"ဟ ငါနဲ့လက်ထပ်မှာမှ မဟုတ်ဘဲကွ"

ကျွန်တော် တော်တော်ဝမ်းနဲသွားတယ်။ ဖေဖေ ဒီလောက်ထိ ပြောလာလိမ့်မယ်လို့ ကျွန်တော်မထင်ထားခဲ့ဘူး။ ကျွန်တော့်စိတ်ကူးအိပ်မက်တွေ ဘယ်ရောက်ကုန်ကြပြီလဲ။ ကျွန်တော့်စိတ်ကူးအိပ်မက်ထဲမှာဆိုရင် ကျွန်တော်တို့လက်ထပ်ပြီး ဖေဖေနဲ့အတူနေမယ်။ မနက်ကျွန်တော်က ကျောင်းသွား 'အချစ်'ကစာကြည့်တိုက်သွား။ အပြန်ကျရင် စာကြည့်တိုက်မှာ 'အချစ်'ကို ကားနဲ့ဝင်ကြို တကယ်လို့ သားသားကလေးရပြီးလို့ သားသားလေးက သုံးနှစ်သားလောက် ရောက်ပြီဆိုရင်လဲ သားသားလေးကို မနက်စောစော နေ့ကလေးထိန်းကျောင်းပို့ အပြန်နေ့ကလေးထိန်းကျောင်းမှာ

ဝင်ကြို။ ကျွန်တော်တို့က အကြိုနောက်ကျတဲ့အခါ သားသားကလေးက ကျောင်းအဝမှာပဲ။ အဲဒီအခါ ကျွန်တော်ရယ် 'အချစ်' ရယ်က ကန်တော်ကြီးစောင်းမှာ ကားမောင်းရင်း သားသားလေးကိုချော့။ အဲ့လိုမျိုးလေ။ သိတယ်မဟုတ်လား။

သားရဲ့ဖိုးဖိုး ကျွန်တော့်ဖေဖေနဲ့ သားသားရဲ့ဘွားဘွား ကျွန်တော့်အဖွားကလဲ သားသားကို သူကပိုချစ်တယ်၊ ငါကပိုချစ်တယ်ဆိုပြီး အဲဒီအခါကျရင် ငြင်းကြမှာပဲ။ ဘယ်လောက်ပျော်စရာကောင်းမလဲနော်။

ခုတော့ ကျွန်တော့်စိတ်ကူးအိပ်မက်တွေ ဘယ်ရောက်ကုန်ပြီလဲ။ ဖေဖေ့ကို တွေပြီးစိုက်ကြည့်မိတယ်။ ဖေဖေကလဲ ကျွန်တော့်ကို ငိုက်ကြည့်နေတယ်။ ကျွန်တော့်စိတ်ကူးအိပ်မက်မျိုး ဖေဖေ မမက်ကြည့်ဖူးဘူးလား။

"မင်း သူ့ကို တကယ်လက်ထပ်တော့မှာလား"

ကျွန်တော်ခေါင်းငြိမ့်ပြလိုက်တယ်။ ဖေဖေလဲ စိတ်ထိခိုက်သွားပုံရတယ်။ ကျွန်တော့်နားကို ဖေဖေလျှောက်လာတယ်။ ကျွန်တော့်ပုခုံးကို ကိုင်တယ်။

"စဉ်းစားပါအုံးသားရယ်"

"စဉ်းစားစရာ မလိုဘူးထင်လို့ ကျွန်တော်ချက်ချင်း ခေါင်းငြိမ့်ပြခဲ့တယ် မဟုတ်လား ဖေဖေ"

"ဖေဖေပြောတာ လက်ထပ်ဖို့ မထပ်ဖို့ မဟုတ်ပါဘူး၊ ချက်ချင်း လက်ထပ်ဖို့ မထပ်ဖို့ကိုပြောတာပါ"

ဝ ဒါ င် း ယာ ဉ် မှု အ နု ပ ညာ လု ပ် ငန်း ၊

Generated by CamScanner from intsig.com

“ ‘အချစ်’မှာ အချိန်ရှိလို့လား ဖေဖေ”

“လက်ထပ်တာမှာတော့ ရှိတယ်သား”

“ကျွန်တော် မစောင့်နိုင်ဘူးဖေဖေ”

“ဘွဲ့ရတဲ့အထိကလေးပါသားရယ် တစ်နှစ်လောက်ထဲပါ”

ဖေဖေ့ကို ကျွန်တော်သနားလာမိတယ်။ ဒါပေမယ့် ဖေဖေကျွန်တော့်ကို ညာအုံးမယ်ဆိုတာလဲ သိနေတယ်။ ကျွန်တော်နောက်တစ်နှစ်လောက်ကြာရင် ‘အချစ်’ကိုလက်ထပ်ချင်စိတ် ရှိမှာမဟုတ်ဘူးလို့လဲ ဖေဖေက ထင်နေပုံရတယ်။ ကျွန်တော် ‘အချစ်’ကို ဘယ်လောက်ချစ်တယ်ဆိုတာ ဖေဖေ နားမလည်ပါဘူး။

“ကျွန်တော်ဘွဲ့မရခင် လက်ထပ်ရင်တော့ ဖေဖေက ကျွေးမထားနိုင်တော့ဘူးလား”

“ငါပြောချင်တာ မင်းနားမလည်ဘူးကွာ”

“ဖေဖေပြောခဲ့တဲ့စကားတွေ ကျွန်တော်တစ်ခုမှ နားမလည်တာ အမှန်ပဲဖေဖေ”

“ဖေဖေပြောချင်တာကိုမှ မဟုတ်ဘူး။ မင်းဘာဆိုဘာမှ နားမလည်သေးဘူး”

“မဟုတ်ဘူးဖေဖေ၊ ကျွန်တော်နားလည်တာ တစ်ခုတော့ရှိတယ်”

“မင်းဘာနားလည်သလဲ”

“ ‘အေး’ကို ကျွန်တော်လက်ထပ်ချင်တာကိုပေါ့ ဖေဖေ”

ဖေဖေက ကျွန်တော့်ကို ဆတ်ကနဲကြည့်လိုက်တယ်။ ဖေဖေ့



Generated by CamScanner from intsig.com

မျက်လုံးတွေက ဝင်းနေတယ်။ နှစ်ခါသုံးခါ ခပ်မြန်မြန် ခေါင်းကိုငြိမ့်တယ်။ တစ်ခုခုကို ပေပေဆုံးဖြတ်လိုက်ပုံရတယ်။

"ကောင်းပြီ မင်းလက်ထပ်ချင်ပုံမျိုးက ခုညတွင်းချင်းလက်ထပ်လို့ကိုရတယ်။သွား ခု သွားလက်ထပ်တော့"

"ပေပေ ကျွန်တော့်ကို အမိန့်ပေးတာလား"

"မင်းဘဝကို ငါက အမိန့်ပေးလို့မရဘူး။ မင်းဘာသာ အမိန့်ပေးနေတာသိရဲ့လား"

"ဒါဆိုရင် ပေပေ အစတည်းက ဘာမှ ပြောဖို့မကောင်းဘူး။ ပေပေ တစ်ခါက ကျွန်တော့်ကို ဂတိပေးဘူးသားပဲ။ မင်းယူမဲ့မိန်းကလေးကျရင် ငါ့အိမ်ခေါ်လာဆိုတာလေ ပေပေမှတ်မိတယ် မဟုတ်လား၊ ခုတော့ ပေပေက ကျွန်တော်လက်ထပ်ဖို့ကိစ္စကို ဝင်ပြီးကန့်ကွက်ချင်နေတယ် ဟုတ်တယ်မဟုတ်လား ပေပေ"

"မင်းယူမဲ့မိန်းကလေးကို ခေါ်လာလို့သာ ငါပြောခဲ့တာဘဲ။ ချက်ချင်း လက်ထပ်ပေးမယ်လို့မှ ငါမပြောခဲ့ဘဲ"

ပေပေ့စကားရဲ့အဓိပ္ပါယ်က ဘာတဲ့လဲ။ ကျွန်တော့်ကို သူလက်ထပ်စေချင်တဲ့အခါမှ လက်ထပ်ပေးမယ်။ သူလက်မထပ်စေချင်သေးတဲ့အခါမှာ လက်ထပ်ရင် သူတာဝန်မယူတော့ဘူးဆိုတဲ့သဘောလား။ ဟုတ်မှာပါလေ၊ ပေပေဟာ တကိုယ်ကောင်းဆန်တယ်ဆိုတာ ဟုတ်မှာပါပဲ။ ပေပေ့ အကြည့်ထက် ပြင်းထန်တဲ့အကြည့်နဲ့ ပေပေ့ကို ပြန်ကြည့်လိုက်တယ်။

"ပေပေ ကျွန်တော့်ကို ညာတယ်"

ကျွန်တော် ဖေဖေ့ကို နှုတ်မဆက်ဘဲ စာကြည့်ခန်းထဲက ပြန်ထွက်လာခဲ့တယ်။ ဟင့်အင်း၊ ကျွန်တော်မျက်ရည်မကျဘူး။ ဖေဖေ့အတွက်နဲ့ ကျွန်တော်ဘယ်တော့မှမငိုဘူး။ ဟုတ်တယ် ကျွန်တော့်အသက် ဆယ်နှစ်သားလောက်ကစပြီး။

တိုက်ဆင်ဝင်အောက်ရောက်မှ တစ်ခုခုကြောင့် ကျွန်တော့်စိတ်တွေ လေးလာပြန်တယ်။ ဟုတ်တယ် ဟုတ်တယ်။ 'အချစ်'နဲ့ပတ်သက်လို့ ဖေဖေကပြောတယ်မဟုတ်လား။ 'အချစ်'ကို သူစိတ်မဝင်စားဘူးလို့။ အဲဒါကို ကျွန်တော့်စိတ်ထဲမှာ မကျေနပ်ဘူး။ ခုအချိန်မှာ ဖေဖေဟာ 'အချစ်'ကို ဘယ်လိုလုပ်အရေးထားပြီး စဉ်းစားမှာလဲ။ ကျွန်တော့်ကိုတောင် ဖေဖေက စိတ်မဝင်စားတော့ဘူးမဟုတ်လား။ ဒါပေမဲ့ 'အချစ်'နဲ့ပတ်သက်ပြီး ဖေဖေတစ်ခုခု ပြောစေချင်နေတယ်။ ဘာလို့လဲ ကျွန်တော်မသိဘူး။ ကျွန်တော်စာဖတ်ခန်းထဲ ပြန်ဝင်ခဲ့တယ်။

"ဖေဖေ 'အေး'ရဲ့အကြောင်း တစ်ခုခုတော့ ပြောပါလား"

ဖေဖေက ကျွန်တော့်ကို သနားစရာကောင်းတဲ့ သတ္တဝါကလေးလိုပဲ ကြည့်နေတယ်၊ ပြီးကျတော့ သက်ပြင်းချတယ်။

"မင်း သိပ်ကြားချင်သလား"

ကျွန်တော် ခေါင်းငြိမ့်ပြလိုက်တယ်။

"မင်း ဘာသိချင်လို့လဲ"

" 'အေး'ကို မိန်းမပျက် မိန်းမပေါ့တစ်ယောက်လို့တော့ ဖေဖေ မထင်ဘူးမဟုတ်လား"



Generated by CamScanner from intsig.com

မေမေကပြုံးတယ်။

"အေး မင်း မိန်းကလေးဟာ မိန်းမပျက် မိန်းမပေါ့တစ်ယောက်ဖြစ်မှာမဟုတ်သလို ဘာမှလဲ ဖြစ်လာမှာမဟုတ်ဘူး"

ကျွန်တော်နဲနဲမခံချင်ဖြစ်သွားတယ်။

"ကျွန်တော်လဲ ဘာမှဖြစ်လာမှာကောင်းမှ မဟုတ်တော့ဘဲမေမေ"

"အေး အဲဒီအခါမှာ သူက မင်းထက်တော့ ပိုပြီးတော်လိမ့်မယ်ဆိုတာတော့ ငါယုံတယ်"

ကျွန်တော်ဘာလို့ နဲနဲဝမ်းသာသွားရပါသလဲ။

ဘာလို့ကော အားတက်သွားရပါသလဲ။

မေမေ့ဆီက အကူအညီမရတော့မဲ့အချိန်မှာ 'အေး'ကို ကျွန်တော်အားကိုးရလိမ့်မယ်လို့များ ကျွန်တော်တွေးမိသွားပါသလား။ မေမေ့ဆီက ကျွန်တော်အသိချင်ဆုံးကို မေးလိုက်တယ်။

" 'အေး'က လှရဲ့လား မေမေ"

မေမေက ကျွန်တော့်ကို စိုက်ပြီးကြည့်လိုက်တယ်။ မေမေ့မျက်လုံးမှာ မျက်ရည်ဝဲနေသလိုပဲ။ ပြီးကျတော့ မေမေကပြုံးတယ်။ ဒါပေမဲ့ မေမေ့ပါးစပ်က မဲ့နေသလိုပဲလို့ ကျွန်တော်ထင်တယ်။ မေမေ့ကို နှုတ်မဆက်ဘဲ စာဖတ်ခန်းထဲက လှည့်ထွက်လာခဲ့တယ်။ ဖြဲစောင့်ကုလားရဲ့နာရီသံချောင်း သံကြားလိုက်ရတယ်။ ဒါပေမယ့် ဘယ်နှစ်ချက်လဲ။

❊ ❊ ❊

ဝဒ်င်၊ ယာဉ်မှုအနုပညာလုပ်ငန်း၊

## ၁၀။

ဂန့်ဂေါပင်အောက်မှာ စကားပြောကြတယ်။
ဒါပေမယ့် ဂန့်ဂေါပန်းနံ့တွေ ဘယ်ဆီမှာ မွှေးနေပြီလဲ။
အင်းယားကန်စောင်းမှာ ဘူးသီးကြော် သွားစားကြတယ်။
ဒါပေမယ့် လေညှင်းကလေးက ဘယ်ဆီကိုပြေးနေပြီလဲ။
ယုဒသန်ဘုရားကျောင်းအောက်မှာ နှုတ်ခမ်းချင်းထိကြတယ်။
ဒါပေမယ့် နှုတ်ခမ်းနီတွေ ဘယ်ဆီပျောက်ကုန်ပြီလဲ။
ဗိုလ်ချုပ်ဈေးကို ရောက်သေးတယ်။

Generated by CamScanner from intsig.com

ဒါပေမယ့် ရေမွေးနံ့မသင်းတော့ဘူး။

ရုပ်ရှင်သွားကြည့်တဲ့အခါမှာလဲ ယိုးဒယားသကြားလုံးကလေးတွေ ငုံရတာ မချို မမွှေးတော့ပါလား။

'အချစ်'နဲ့သွားနေကျနေရာကလေးတွေကို လျှောက်သွားကြတယ်။ ဒါပေမယ့် ဘယ်လိုလုပ်ပြီး ပျော်ရမလဲ။ 'အပျော်နေရာ'တွေတိုင်းမှာ ပျော်စရာရှိသလား။ 'အပျော်နေရာ'တွေကို သွားကြတဲ့အခါတိုင်း ပျော်ရမယ်ဆိုရင် ဘယ်မှာငိုတဲ့လူ ရှိတော့မှာလဲ သိတယ်မဟုတ်လား။

ဘာလို့လူတွေက ရီကြတာလဲ။ ဘာလို့ကော ငိုကြတာလဲ။ ဝမ်းသာဘူးကြပါသလား။ ဝမ်းကော နဲဘူးကြပါသလား။ အဲဒါတွေကို ဘယ်သူတွေက တားပေးနိုင်ကြပါသလဲ။ မဟုတ်ဘူးလေ။ ဝမ်းသာစရာ ရီစရာတွေကိုတော့ တားမပေးကြပါနဲ့။ ဝမ်းနဲစရာတွေ ငိုစရာတွေကိုပဲ တားပေးကြပါ။ ဟုတ်တယ် ဟုတ်တယ် တားပေးနိုင်တဲ့လူတွေရှိနေတယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ။ 'အချစ်'ပြောဘူးသလို ခုအချိန်မှာ တန်ခိုးရှင်တွေ တကယ်ရှိနေရင် သိပ်ကောင်းမှာပဲနော်။ 'အချစ်'ရယ်၊ တန်ခိုးရှင်တွေကို မောင် ယုံကြည်ချင်လာပါပြီ။

မှတ်မိသလား။

ကျွန်တော်တို့လက်ထပ်ဖို့ရာမှာ 'အချစ်'ရယ် ကျွန်တော်ရယ်ဘဲ လိုတယ်လို့လေ။ မှတ်မိတယ်မဟုတ်လား။ ခု ကျွန်တော်တို့နှစ်ယောက်ထဲ ရှိတယ်။ မဟုတ်ဘူးလေ၊ ကျွန်တော်တို့နှစ်ယောက်ကလွဲလို့ ဒီပြင်ရှိနေရင်လဲ ကျွန်တော်ဘယ်မှာ မြင်တော့မလဲ။ အစတော့ ကျွန်တော်က အဲလိုဘဲထင်ခဲ့

တယ်။ ကျွန်တော်တို့နှစ်ယောက်တည်း ရှိနေတဲ့အခါ ‘အချစ်’ကို ကျွန်တော်က အားကိုးမယ်။ ‘‘အချစ်’ကလဲ ကျွန်တော့်ကိုပဲ အားကိုးလိမ့်မယ်။ နေပူရင် ရေအတူချိုးကြမယ်။ မိုးရွာတဲ့အခါကျ စောင်တစ်ထည်ထဲနဲ့၊ မော်တော်ကားမရှိပေမယ့် ခြေထောက်နဲ့ ခရီးသွားကြမယ်။ အဲဒီအခါ ‘အချစ်’ရဲ့ လက်ဖဝါး ကလေးကိုကိုင်ရတာ ကျွန်တော့်အဖို့ အမောပြေဆေး။ ထမင်းမရှိရင် ဆန်ပြုတ်သောက်မယ်။ ‘အချစ်’က ငွှန်းအကျိုးနဲ့ ခွံ့ပါစေအုံး၊ ယိုးဒယား သကြားလုံးကို ကျွန်တော်မေ့သွားလိမ့်မယ်။ အိမ်ခေါင်မိုးက မိုးယိုမယ်လား။ ဒန်အိုးကလေးတွေနဲ့ ခံထားမယ်။ တတောင်တောင်နဲ့ ရေစက်ကျသံကို ‘အချစ်’က စန္ဒယားသံလို့ မှတ်လိမ့်မယ်။ သားသား ကလေးကို ‘အချစ်’က မွေးပေးမလား။ သားသားလေးကစားဖို့ အဝတ်စတွေနဲ့ အရုပ်ကလေးတွေ ‘အချစ်’က ချုပ်ပေးအုံးမလား။ အဲဒီအခါ ကျွန်တော်က ဆင်ရုပ်ကြီးလုပ်ပြီး သားသားကို ကျောပေါ်တင်မယ်။

ကျွန်တော်နဲ့ ‘အချစ်’နဲ့ ဘယ်သူ့ကို မှုရအုံးမလဲ။

ဘယ်လောက်ကော ပျော်စရာကောင်းလိုက်မလဲ။

ဒါပေမယ့် ကျွန်တော်က ဘယ်လောက်ကော စိတ်ကူးယဉ် လိုက်ပါသလဲလို့နော်။

အခု ကျွန်တော်တို့နှစ်ယောက်တည်း ရှိနေပြီလေ။ ဟုတ်တယ် ပြိုင်ကားပေါ်မှာ နှစ်ယောက်ထဲ။ ပြိုင်ကားဆိုတာလဲ နှစ်ယောက်တည်း စီးလို့ရတယ် မှတ်လား။ ကျွန်တော်နဲ့ ‘အချစ်’နဲ့ ပြိုင်ကားပေါ်မှာပဲ အမြဲတန်း နေကြရတော့မယ်လား။ ဒါတော့ ကျွန်တော်မသိ ဒီနေ့တစ်နေ့လုံးကတော့



Generated by CamScanner from intsig.com

ရန်ကုန်တစ်မြို့လုံးအနှံ့။

ညနေ ဖြနှာရီ။

မာကြူရီတွေ လင်းနေကြပြီ။ ကျွန်တော်နဲ့ 'အချစ်' ရုပ်ရှင်ရုံထဲက ထွက်လာတော့ ဘာရုပ်ရှင်ကြည့်ခဲ့တယ်ဆိုတာ ကျွန်တော်မမှတ်မိတော့ဘူး။ ဘာဆို ဘာမှ အရသာမရှိတော့ဘူး။ ဘာမှ မကြားတော့ဘူး။ ဘာကိုမှ ကောင်းကောင်းမမြင်တော့ဘူး။ ဟုတ်တယ် ဟုတ်တယ်။ မှောင်ကလဲ မှောင်နေမှကိုး။ မိုးချုပ်နေပြီလေ။ သိတယ်မဟုတ်လား။

မိုးချုပ်တဲ့အခါမှာ ကြောက်စရာကောင်းတတ်သတဲ့လား။ ဒါဆို ဒီနေ့ 'မိုးချုပ်တာ' ဟာ ကျွန်တော့်အတွက် ပထမဆုံးဖြစ်လိမ့်မယ်။ ဘာလို့ဆို ခု ကျွန်တော်ကြောက်နေလို့။ ဟုတ်တယ် ကျွန်တော်ဘာကို ကြောက်နေတာလဲ။ ကျွန်တော်မသိဘူး။ ဒါပေမဲ့ 'အချစ်' လဲ ကြောက်နေမှာပါပဲ။

ဆူးလေလမ်းမကို ထက်ခြမ်းပိုင်းထားတဲ့ သံဇကာကွက်ကလေးတွေကို ညအချိန်မှာ သေသေချာချာ ကြည့်ဘူးကြပါသလား။ နှင်းကျနေတာကို မမြင်ရပေမဲ့ သံဇကာကွက်ကလေးတွေ ပြောင်နေတာကိုတော့ မြင်ရမယ်။ နှင်းအမှုန့်ကလေးတွေ ကပ်နေတဲ့အဲဒီသံဇကာကွက်ကလေးတွေကို ကိုင်ကြည့်ရင် ဘယ်လောက်အေးလိုက်မလဲ။ ဒါပေမဲ့ အဲဒီ သံဇကာကွက်ကလေးတွေရဲ့ တချို့နေရာတွေမှာတော့ မီးတောက်လိုဘဲ နီရဲနေတယ်။ အေး စက်နေကြမဲ့ သံဇကာကွက်ကလေးတွေ ဘာလို့နီရဲနေသလဲဆိုတာကို ကျွန်တော်စိတ်ဝင်စားလို့ ငေးကြည့်နေမိတယ်။ ခဏကလေးပဲကြာတယ် ပြောင်လက်နေတဲ့ အနီရောင်ကလေးတွေဟာ အစိမ်းရောင်ကလေးတွေ

ဖြစ်သွားကြပြန်တယ်။ ဘာတွေဖြစ်နေတာလဲလို့ ကျွန်တော်အံ့ဩသွားတယ်။ ခဏကြာတော့ ဆူဆူညံညံအသံတွေ ကြားရတယ်။ ဟုတ်တယ် ဟုတ်တယ်။ မော်တော်ကား ဟွန်းသံတွေပါလား။ ကျွန်တော့်နောက်မှာ ကားတွေ တန်းစီလို့။

"မောင် မီးစိမ်းနေပြီလေ"

မီးပွိုင့်က မီးရောင်ကလေးတွေ နှင်းဆီနေတဲ့ သံဇကာကွက်ပေါ်မှာ ဆော့ကစားနေကြတာပါလား။ ဒီမီးပွိုင့်ကို နေ့တိုင်း ညတိုင်းလို ကျွန်တော် ရောက်ဖူးသားပဲ။ အရင်တုန်းက ခုလိုတစ်ခါမှ ဂရုစိုက်မကြည့်မိဘူးဘူး။ အင်းလေ၊ အဲဒီအခါတွေတုန်းက ကျွန်တော့်ဘေးမှာ ကောင်မလေး တစ်ယောက်ယောက် အမြဲပါနေတာကိုး။ သံဇကာကွက်တွေကို ကျွန်တော် ဘယ်စိတ်ဝင်စားမိမှာလဲ။ အရင်တုန်းကတော့ 'အချစ်'နဲ့သွားတဲ့အခါလဲ 'အချစ်'ကလွဲရင် ဘယ်ကိုမှ ကျွန်တော်ဂရုမစိုက်တတ်ဘူး။ ခုတော့ ကျွန်တော့်ဘေးမှာ 'အချစ်'ရှိနေရက်နဲ့ပဲ တခြားနေရာတွေကို ဂရုစိုက်မိနေတယ်။ ကျွန်တော့်မျက်စိထဲမှာ လှုပ်သွားတဲ့အရာမှန်သမျှနောက်ကို လိုက်ကြည့်နေမိတယ်။ ဒါပေမဲ့ ကြည့်ရုံကြည့်တာပါ၊ မြင်တယ်တော့ မဟုတ်ဘူး။ ခုလဲကြည့်လေ မီးပွိုင့်က မီးစိမ်းပြတာကို ကျွန်တော်မေ့နေမိလို့ ကျွန်တော့်နောက်ကကားတွေ ဆူညံကုန်ကြတာပေါ့။

ကားကိုကြောင်တောင်တောင်နဲ့ တအားမောင်းထွက်လာခဲ့တယ်။ 'အချစ်'ရဲ့သက်ပြင်းချသံကို ကြားလိုက်ရတယ်ထင်တယ်။ ဆူးလေကုန်းတံတားပေါ်ရောက်တဲ့အခါ ဘယ်ဘက်လမ်းကို ယူမောင်းရမလဲဆိုတာ

စဉ်းစားမရပြန်ဘူး။ ဘယ်ဘက်နားက ကပ်မောင်းရင်တော့ ယောက်လမ်း၊ လန်ဂက်စတာလမ်း၊ ညာဘက်နားက ကပ်မောင်းရင်တော့ ဘူတာကြီးဘက်။

" 'အချစ်' ဘယ်သွားချင်သေးလဲ"

'အချစ်'က ကျွန်တော့်ကို လှည့်ကြည့်တယ်။ သက်ပြင်းချပြန်ရော။ မနက်ပိုင်းတုန်းလောက်ကတော့ 'အချစ်'က ရီဖော် ပြုံးဖော်ရသေးတယ်။ နောက်တော့ ကျွန်တော့်လိုပဲ သူလဲ မရီနိုင် မပြုံးနိုင်ခဲ့တော့ဘူး။ ကျွန်တော်ကတော့ မရီမပြုံးနိုင်တာ တစ်နေ့နဲ့ တစ်ညရှိသွားပြီပဲ။ ဟုတ်တယ်လေ။ 'အချစ်'ကို လက်ထပ်ဖို့နဲ့ပတ်သက်ပြီး ဖေဖေနဲ့ အဆင်မပြေခဲ့တဲ့ ညကတည်းက။ ဒါပေါ့။ အဲဒီကတည်းက ဖေဖေနဲ့ကျွန်တော် ပြန်မတွေ့တော့ဘူး။ အိမ်လဲပြန်မအိပ်တော့ဘူး။ အဲဒီအခါမျိုးကျတော့ ကိုကြီးကျော်အိမ်မှာပေါ့။ ဖေဖေနဲ့အဆင်မပြေလို့ အိမ်ပြန်မအိပ်တဲ့ အကြိမ်ပေါင်းကတော့ များပါပြီလေ။ ဒါပေမယ့် ဒီတစ်ခါတော့ စိတ်အထိခိုက်ဆုံးပဲ။

ညက ကိုကြီးကျော်အိမ်မှာအိပ်ပြီး မနက်အစောကြီး 'အချစ်'ကို သွားခေါ်တယ်။ ညကတည်းက သွားပြန်ခေါ်ဖို့စိတ်ကူးသေးတယ်။ ကျွန်တော့်ခေါ်ရင် 'အချစ်'လိုက်လာမှာ သေချာပါတယ်။ ဒါပေမယ့် ကျွန်တော်မရဲဘူး။ ဖေဖေနဲ့ဖြစ်ခဲ့တဲ့ပြဿနာကို ညတွင်းချင်း ပြန်ပြောပြလိုက်ရင် 'အချစ်' စိတ်ထိခိုက်သွားမှာကို စိုးတယ်။ ကျွန်တော်က 'အချစ်'ကို သိပ် တကယ်ချစ်တယ် မဟုတ်လား။ ပြီးကျတော့ အဲဒီလိုအချိန်မျိုးမှာ 'အချစ်'ကို ကျွန်တော်မတွေ့ချင်ဘူး။ 'အချစ်လွန်' မိမှာစိုးလို့။ မဟုတ်ဖူး

လေ။ 'အချစ်'နဲ့ကျွန်တော်နဲ့ အရင်ကလဲ အချစ်လွန်ဘူးကြသားဘဲ။ ဒါပေမယ့် ခုကျွန်တော်က ဘာလို့စိုးရိမ်နေရပါသလဲ။ ဖေဖေ့စကားတွေ ကျွန်တော်နားယောင်မိလို့လား။ 'အချစ်'ကိုလက်ထပ်ရမှာ ကျွန်တော် ကြောက်နေလို့လား။ ဘာမှမဆိုင်ဘူး၊ ဘာမှမဆိုင်ဘူး။ ဒါဖြင့်ရင် ဘာလို့လဲ၊ ဘာလို့မှလဲ မဟုတ်ဘူး။ ကျွန်တော်ဘာမှလဲ မသိဘူး၊ တစ်ခုပဲသိတယ်။ ကျွန်တော် တစ်ခုခုကို ကြောက်နေတယ်။

ဘာစိတ်ကူးမှမရှိဘဲ လန်ဂက်စတာလမ်းဘက်ကို ချိုးကွေ့ပြီး မောင်းလာခဲ့တယ်။ နေ့လည်ခင်း ညနေခင်းဆိုရင်တော့ လန်ဂက်စတာလမ်းမှာ ကားတွေပြည့်ကြပ်နေတတ်တယ်။ ကျောင်းရှိလို့လေ။ ခုတော့ တလမ်းလုံးရှင်းနေတာပဲ။ ဒါပေမဲ့ ကားကိုဘီးလိမ့်တယ်ဆိုရုံကလေးပဲ ကျွန်တော်မောင်းတယ်။ ဘာလို့ဆို လန်ဂက်စတာလမ်းဆုံးရင် ရွှေတိဂုံဘုရားလမ်းနဲ့ ဆုံအုံးမယ်။ အဲဒီအခါ လေဟာပြင်ဈေးဘက်ကို ကွေ့ရမလား၊ ဘုရားဘက်ကို ကွေ့ရမလားဆိုတာ ကျွန်တော်စဉ်းစားရလိမ့်မယ်။ အဲဒီအတွက် လန်ဂက်စတာလမ်းနဲ့ ရွှေတိဂုံဘုရားလမ်းဒေါင့်ကိုရောက်မှာ ကျွန်တော်ကြောက်နေတယ်။ ခုအချိန်မှာ ဘာပဲဖြစ်ဖြစ် တစ်ခုခု ဆုံးဖြတ်စရာရှိနေမှာ ကျွန်တော်ကြောက်နေတယ်။ တစ်ယောက်ယောက်က ကျွန်တော့်ကို တစ်ခုခု လုပ်ခိုင်းနေစေချင်တယ်။ သူလုပ်ခိုင်းတာ ကျွန်တော်လုပ်မိမှာပဲ။ 'အချစ်'ကလဲ ကျွန်တော့်ဘေးမှာသာလိုက်လာတယ်၊ ဘာမှမပြောဘူး။ 'အချစ်'က ကျွန်တော့်ကို တစ်ခုခုပြောရင် သိပ်ကောင်းမှာပဲ။ မဟုတ်ဘူးလေ၊ 'အချစ်'ကလဲ ကျွန်တော့်လိုပဲ လက်ထပ်ဖို့ကိစ္စ



Generated by CamScanner from intsig.com

အတွက် စဉ်းစားနေတာပဲမဟုတ်လား။ 'အချစ်'စဉ်းစားတာက ကျွန်တော် စဉ်းစားတာထက်တော့ သာမှာပဲလို့ ကျွန်တော်ထင်နေတယ်။ ဘာလို့ဆို 'အချစ်'က တစ်ခုခုကိုစဉ်းစားရင် အဲဒီတစ်ခုထဲကိုပဲ စဉ်းစားတယ်။ အဖြေမရရင် ရတဲ့အထိ ကြိုးစားပြီးစောင့်တယ်။ ကျွန်တော်ကတော့ အဲလိုမဟုတ်ဘူး။ တစ်ခုခုကို စဉ်းစားလို့ နဲနဲခက်လာပြီဆိုရင် အဲဒီတစ်ခုခုကို မေ့ပစ်တတ်တယ်။ မေ့ပစ်လို့မရဘူးဆိုရင် တစ်ယောက်ယောက်ကို အကူအညီတောင်းပြီး ဖြေရှင်းတယ်။ ကိုကြီးကျော်ကို မှတ်မိလား။ သူဟာ ကျွန်တော့်ရဲ့ပြဿနာတွေကို အများဆုံးဖြေရှင်းပေးခဲ့တဲ့လူပေါ့။ ကျွန်တော့်အဖို့ တော်တော်ကြီးကျယ်တဲ့ ပြဿနာတွေကို ကိုကြီးကျော်က လွယ်လွယ်ကလေး အဖြေပေးတတ်တယ်။ ပြီးတော့ ကျွန်တော့်ပြဿနာတွေကို ရီလဲရီတတ်တယ်။ ''မင်းဟာက ကလေးကလားကွာ''လို့လဲ ပြောတတ်တယ်။ အဲဒီအခါ ကျွန်တော်မခံချင်တတ်ဘူး။ ဒါပေမဲ့ ကြီးကျယ်တဲ့ ပြဿနာဆိုတာ ဘာလဲ,လဲ ကျွန်တော်မသိဘူး။

အဲလိုမျိုးပဲ။ ကျွန်တော်ဟာ ဘယ်တော့မှ တစ်ခုခုကိုပြီးအောင် မစဉ်းစားဘူး။ ဖြစ်တာနဲ့ ဆိုင်တာတွေရော မဆိုင်တာတွေရော လျှောက်စဉ်းစားတယ်။ ပြီးတော့လဲ ဘာတွေစဉ်းစားမိမှန်း မမှတ်မိပြန်ဘူး။ တစ်ခုတော့ရှိတယ်။ ကျွန်တော်စဉ်းစားသမျှတွေဟာ ကျွန်တော်ဖြစ်ချင်တာတွေကို ဘယ်လိုဖြစ်အောင်လုပ်ရမလဲဆိုတာပဲ။ ကျွန်တော်လိုချင်တာပေးတဲ့လူကို ချစ်လိုက်တယ်။ မပေးတဲ့လူကို အပြစ်ရှာပြီးမုန်းလိုက်တယ်။ ဒါပေမယ့် ကျွန်တော်မုန်းထားတဲ့လူက ကျွန်တော်လိုချင်တာတစ်ခုကို



Generated by CamScanner from intsig.com

ပေးလိုက်ပြန်ရင်လဲ ကျွန်တော်ပြန်ချစ်လိုက်တယ်။

ခုလဲ အဲလိုပဲ။ ကျွန်တော် အချစ်ကို လက်ထပ်ချင်နေတာ ပဲသိတယ်။ ကျွန်တော့်ကိုတားဖို့ကြိုးစားတဲ့ ဖေဖေ့ကို ကျွန်တော်မုန်းပစ်လိုက်တယ်။ စဉ်းစားနေတဲ့ 'အချစ်'ကို ကျွန်တော်အားမလိုအားမရဖြစ်နေတယ်။ ဟုတ်တယ်လေ၊ ဖေဖေနဲ့ညကဖြစ်လာတဲ့ပြဿနာကို ကျွန်တော်ကပြောပြတဲ့ အခါ 'အချစ်'က ''သူသဘောမတူလဲ ဘာဖြစ်လဲ၊ မောင်နဲ့အေးနဲ့ သဘောတူရင်ပြီးတာပဲ''လို့ ပြောလိုက်စေချင်တယ်။ ဒါပေမယ့် ကျွန်တော် ဖြစ်စေချင်သလို မဖြစ်ဘူး။ ကျွန်တော်ပြောပြလိုက်တဲ့အခါမှာ 'အချစ်' မျက်နှာပျက်သွားတယ်။ ပြီးကျတော့ စကားသိပ်မပြောတော့ဘဲ၊ စဉ်းစား နေတယ်။ 'အချစ်'က စဉ်းစားနေတော့ ကျွန်တော်လဲ စဉ်းစားရတာပဲပေါ့။ ဒါပေမယ့် ဘာတွေကို ကျွန်တော်စဉ်းစားမိနေပါသလဲ။ တန်ခိုးရှင်တွေ အကြောင်း။ မီးပွိုင့်က မီးရောင်တွေ သံဇကာကွက်ပေါ် လျှောက်ပြေးနေတဲ့ အကြောင်း။ လန်ဂက်စတာလမ်းဆုံးရင် ဘယ်ဘက်ကိုသွားရကောင်းမလဲ ဆိုတဲ့အကြောင်း။ ဘာဆိုင်လို့လဲနော်။ ဟုတ်တယ်လေ ဘာမှမဆိုင်မှန်း တော့ ကျွန်တော်လဲအသိသားပေါ့။ ဒါပေမယ့် ကျွန်တော့်မှာ တစ်ခုခု အခက်အခဲရှိလာပြီဆိုရင် ကျွန်တော်ဒီလိုပဲ မြင်မြင်ကရာ လိုက်လျှောက် စဉ်းစားနေတတ်တာ ကျွန်တော့်အကျင့်ပဲ။ ဘယ့်နဲ့လုပ်ရမလဲ။

ဒါပေမဲ့ 'အချစ်'ဆီက အကြံဉာဏ်ကောင်းတစ်ခုခုတော့ ရလာ မှာပဲလို့ ကျွန်တော်ထင်နေတယ်။ ကျွန်တော်တို့လက်ထပ်ကြဖို့ကိစ္စနဲ့ ပတ်သက်ပြီး 'အချစ်'က ပိုပြီးစဉ်းစားတတ်မယ်မဟုတ်လား။ 'အချစ်'ကို



Generated by CamScanner from intsig.com

ကျွန်တော်အားကိုးမိတယ်။ ကျွန်တော်ကိုကျွန်တော်တော့ တစ်ခုထဲသိတယ်။ 'အချစ်'ကို လက်ထပ်ရရင် သိပ်ကောင်းမှာပဲလို့။ အဲဒီတစ်ခုထဲရယ်။

လန်ဂက်စတာလမ်းထိပ်ကိုရောက်တော့ ရှေ့တီဂုံဘုရားလမ်းပေါ်မှာ ဟိုဘက်ကကော ဒီဘက်ကကော ကားတွေသွားလာနေကြတယ်။ ကျွန်တော် ဝမ်းသာမိတယ်။ ဘာလို့ဆို အဲဒီကားတွေ ကုန်သွားတဲ့အထိ လန်ဂက်စတာ လမ်းထိပ်မှာ ရပ်စောင့်နေရလို့။ မဟုတ်ဘူးလေ လန်ဂက်စတာလမ်းထိပ် ကနေ ဘယ်ဘက်ကိုသွားရမှန်းမှ ကျွန်တော်မသိဘဲ။ 'အချစ်'ကလဲ ဘယ်ကိုသွားချင်တယ်လို့မှ မပြောဘဲ။ ဘယ်ကိုသွားရမှန်းမသိတဲ့ စိတ် ပင်ပန်းမှုကနေ နဲနဲကလေး သက်သာသွားလဲ မနဲဘူးဆိုတဲ့သဘောလေ။ သိတယ်မဟုတ်လား။

ကျွန်တော်ကားထွက်လို့ရတဲ့အချိန်ထိ မထွက်သေးဘဲ အချိန်ဆွဲ နေတော့ 'အချစ်'က သတိပေးတယ်။

"မောင် ကားရှင်းပြီလေ"

'အချစ်'ရဲ့စကားက တော်တော်အေးအေးဆေးဆေးရှိတယ်။ အဲဒီ စကားကို ကျွန်တော့်မကြည့်ဘဲနဲ့ပြောတယ်။ သူ့မေးစေ့ကလေးကို ပင့်ပြီး ရှေ့တည်းတည့်ကိုစိုက်ကြည့်နေတယ်။ ကျွန်တော်သိလိုက်တယ်။ ကျွန်တော် ဘာလုပ်ရမှန်း မသိဖြစ်နေတာကို 'အချစ်'ကသိနေတယ်လို့။ 'အချစ်' ကတော့လေ ကျွန်တော့်စိတ်ထဲဖြစ်နေတာတွေ သူ့အကုန် သိနေတတ်တာ ပါဘဲ။

'အချစ်'က ကျွန်တော့်ကို ဆတ်ကနဲ လှည့်ကြည့်တယ်။ တစ်ခုခုကို



Generated by CamScanner from intsig.com

သူစဉ်းစားမိလိုက်သလိုဘဲ။ နဲနဲကလေးပြုံးလိုက်တယ်။

"မောင်"

ကျွန်တော်မထူးမိဘူး။ 'အချစ်'ကိုဘဲ စိုက်ကြည့်နေလိုက်တယ်။ 'အချစ်'ဆက်မဲ့စကားကိုဘဲ နားစွင့်နေလိုက်တယ်။ အကြံဉာဏ်ကောင်း တခုခုများ 'အချစ်'ရလိုက်သလားလို့လဲ ဝမ်းသာသွားတယ်။

"မောင် ခု ဘယ်သွားအုံးမယ်စိတ်ကူးလဲ"

"မသိဘူး၊ 'အချစ်'ကော"

" အေး တစ်ခုစဉ်းစားမိလို့ပါ။ ခုအချိန်မှာ 'အေး'တို့သွားဖို့ အကောင်းဆုံးနေရာကို သွားကြရအောင်"

"ဘယ်ကိုလဲ၊ သွားလေ"

"ဟိုရောက်တဲ့အခါသာ မောင် တညည်းညည်း တညူညူ မလုပ်ရ ဘူးနော်"

"သွားချင်တဲ့နေရာကို မောင့်ကို အရင်ပြောပြပါအုံးလား 'အချစ်' ရယ်"

"ပြောမယ်လေ၊ ဒါပေမဲ့ ခုန 'အေး'တောင်းတဲ့ ဂတိတွေပေးမှ"

" 'အချစ့်'လိုချင်တာ ဘာမဆိုပါ"

"ဒါပြင့် ညာဘက်ကိုမောင်း"

"ဘယ်ကိုသွားမယ်ဆိုတာ ပြောမယ်ဆို"

"ဟိုမှာလေ"

ကျွန်တော် ဘာလို့မျော်သွားပါသလဲ၊ 'အချစ်'ရဲ့လက်မောင်းကလေး



Generated by CamScanner from intsig.com

ကို ညာဘက်လက်နဲ့ ဖက်လိုက်တယ်။ ဘယ်ဘက်လက်တဖက်ထဲ့ စတီယာရင်ကိုကွေပြီး 'အချစ်'ပြတဲ့ဆီဘက်ကို မြန်မြန်မောင်းထွက်ခဲ့တယ်။ ရွှေတိဂုံဘုရားလမ်းမကြီးပေါ်ကို ရောက်တဲ့အခါ ရွှေတိဂုံစေတီကြီးကို ဦးတိုက်ရက်ဖြစ်နေတယ်။ 'အချစ်'က ကားပေါ်ကနေ လက်အုပ်ချီပြီး ကန်တော့နေတယ်။

စေတီကြီးကို ဝိုင်းပြီးထိုးထားတဲ့ 'ဓလိုက်မီး'တွေရဲ့အရောင်ဟာ ကောင်းကင်ကိုတောင် ရောက်နေသလားထင်ရတယ်။ ဒါပေမယ့် ကောင်းကင်ဆိုတာ အဆုံးမှမရှိဘဲ။ မီးရောင်ဆိုတာကလဲ သူ့အရောင်ကိုခံတဲ့ 'အရာဝတ္ထုရှိမှ လင်းမှန်းသိရတာမဟုတ်လား။ စေတီကြီးဟာ မီးခိုးရောင် ကောင်းကင်ရဲ့ရှေ့မှာ ဘယ်လောက်လှပနေသလဲ။ ကျွန်တော် အဲဒါကိုလဲ တစ်ခါမှ ဂရုမစိုက်မိဘူးပါလား။

"သိပ်လှတာဘဲနော် 'အချစ်'"

"ဟယ် လှတယ်မပြောရဘူး၊ သပ္ပါယ်တယ်လို့ ပြောရတယ်၊ မောင် ငရဲကြီးတော့မှာပဲ"

ရွှေတိဂုံစေတီကြီးမှာ မျက်လုံးဘယ်မှာ ပါပါ့မလဲ။ ပါးစပ်ကော ဘယ်မှာ ပါပါ့မလဲ။ ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက်ကို အပေါ်ကနေ မိုးပြီး ပြုံးကြည့်နေသလိုပဲ။ ကျွန်တော့်စိတ်က ထင်နေတာကိုပြောတာလေ သိတယ်မဟုတ်လား။

ရွှေတိဂုံစေတီတော်ကြီးပေါ်ကို ပွဲတော်ရက်တွေလောက်ပဲ ရောက်ဖူးတယ်။ အမှန်အတိုင်းပြောရရင် ကျွန်တော်တစ်ခါမှတောင် စေတီကြီးပေါ်



Generated by CamScanner from intsig.com

ကဘုရားတွေကို မကန်တော့ဖူးဘူး။

ဘယ်ဘက်မုခ်လဲတော့ ကျွန်တော်မသိဘူး။ ရွှေတိဂုံဘုရားလမ်း ဦးတိုက်နေတဲ့မုခ်ပဲ။ အဲဒီမုခ်မှာ ကျွန်တော်တို့ကားကလေးရပ်ပြီး လှေကား အတိုင်း လမ်းလျှောက်တက်လာခဲ့တယ်။ ကျွန်တော်က ဓာတ်လှေကားနဲ့ တက်ဖို့ပြောပေမဲ့ 'အချစ်'က ဒီအတိုင်း လမ်းလျှောက်တက်ချင်တယ်တဲ့။

ဘယ်လောက်လှတဲ့ အဆောက်အဦကြီးလဲ။

အပြာရောင်ရယ်၊ အနီရောင်ရယ်၊ ရွှေရောင်ရယ်နဲ့ ဆေးသုတ်ထား တာကော ဘယ်လောက်ယဉ်သလဲ။ အဲဒီမုခ်ဘက်ကနေ ကျွန်တော် လမ်း လျှောက်တက်ဖူးသားပဲ။ ဒါပေမယ့် ဒါလောက်လှမှန်း တစ်ခါမှ ကရုမစိုက် ဖူးဘူး။ ဘယ်လိုလုပ်ပြီး ဂရုစိုက်မိမလဲ။ အဲဒီအခါတွေတုန်းက ကရုစိုက် စရာတွေက များတာကိုး။ ပြီးကျတော့ အဲဒီအခါတွေမှာ နံရံပေါ်က ငြိမ်နေတဲ့ဆေးရောင်တွေထက် လှေကားပေါ်က လှုပ်နေတဲ့ ဆေးရောင်တွေ က ကျွန်တော့်မျက်စိကို ပိုပြီးဆွဲငင်နိုင်တာကိုး။

ဖိနပ်မပါဘဲ လှေခါးပေါ်တစ်လှမ်းချင်းတက်သွားကြတဲ့ ခြေထောက် ကလေးတွေကို လိုက်ကြည့်ဘူးကြပါသလား။ ပေါ်လာလိုက် ပျောက်သွား လိုက်ဖြစ်နေတဲ့ ခြေသလုံးဖြူဖြူကလေးတွေ၊ ရဲကနဲနီပြီး တင်းသွားလိုက် နဂိုအတိုင်း ပြန်ဖြူပြီး ရောသွားလိုက်ဖြစ်နေတဲ့ ဖနောင့်ကလေးတွေနောက်ကို ခေါင်းငုံ့ပြီး တကောက်ကောက်လိုက်နေတဲ့နောက် ဘေးပတ်ဝန်းကျင်ကို ကျွန်တော်ဘယ်မှာ ကရုစိုက်မိမှာလဲ။

ဂုတော့ လှေကားတလျှောက်မှာ ကျွန်တော်စိတ်ဝင်စားစရာတွေ



Generated by CamScanner from intsig.com

အများကြီးပဲ။ မြင်ရတာတွေထားပါအုံး၊ ရှူရတဲ့အနံ့တွေ၊ ကြားရတဲ့အသံ တွေကိုက စိတ်ကိုတစ်မျိုးဖြစ်အောင် လုပ်နိုင်ကြတယ်။ ဟုတ်တယ်၊ ဟုတ်တယ်၊ ပြေးနေတဲ့စိတ်ကလေး ပြန်ပြီးငြိမ်ကျသွားသလိုပဲ။

'အချစ်'က အဖွားကြီးအိုငယ်ငယ်ကလေးနဲ့ သိပ်တူတာပဲ။ ဘာလို့ ဆို ဘုရားရင်ပြင်ပေါ်ကိုတက်ကြတဲ့အခါ ဒီအတိုင်းမတက်နိုင်ဘူး။ မဟုတ် ဘူးလေ၊ လှေကားအလယ်မှာ.အသွားလမ်း၊ အပြန်လမ်းအတွက် ကာထား တဲ့ သံပိုက်လုံးကိုကိုင်ပြီး ဖြေးဖြေးချင်းတက်နေရတာကိုပြောတာ။ ပြီးကျ တော့ လှေကားတလျှောက်မှာ သုံးခါတောင်နားရသေးတယ်။ 'အချစ်'က မောလို့တဲ့။ ဘာလို့လဲဟင်၊ 'အချစ်'က အသက်ငယ်ငယ်လေးရှိသေးတာပဲ။ ကျွန်တော်ဆိုရင် ပြေးတက်တာတောင် မောမှာမဟုတ်ဘူး။ တစ်ခုတော့ ရှိတယ်။ 'အချစ်'က စိတ်မောနေတာလား။

ပန်းပေါင်းစုံအနံ့တွေ မွှေးသွားတယ်။ ဒါပေမယ့် အနွမ်းပန်းနံ့။ ဆည်းလဲသံတွေကြားရတယ်။ ဒါပေမယ့် သဲ့သဲ့ကလေး။ ဘုရားပေါ်မှာ လူမစည်လှဘူး။ ဒါပေါ့လေ ပွဲတော်ရက်မှ မဟုတ်ဘဲပဲ။ ဒါပေမယ့် စိတ်ထဲမှာတော့ တစ်မျိုးပဲ။ ကျွန်တော့်ရင် သိပ်မခုန်တော့ဘူး။

"မောင် ဘာနေသားလဲ"

"အင်္ဂါ"

"ဟယ် 'အေး'လဲ အင်္ဂါပဲ"

"အဲဒါဆိုရင် ဘာဖြစ်တတ်လဲဟင်"

'အချစ်'က ကျွန်တော့်ကို ပြုံးပြီးကြည့်တယ်။ ထုံးစံအတိုင်း



Generated by CamScanner from intsig.com

ကျွန်တော့်စိတ်ထဲမှာ ဖြစ်နေတာတွေ သူသိပါတယ်ဆိုတဲ့ အပြုံးမျိုးလေ သိတယ်မှတ်လား။ ဟုတ်သားပဲ ကျွန်တော်ကလဲ ဘာလို့မေးမိရသလဲ။ အင်္ဂါသားသမီးအချင်းချင်း လက်ထပ်ကြရင် ဘာဖြစ်တတ်သလဲဆိုတာ ကျွန်တော်သိချင်သွားမိတာကိုး။ ကျွန်တော် ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့တာတွေကို ခု ကျွန်တော်ဘာလို့သိချင်နေမိရပါသလဲ။

"မောင် 'အေး'ကို ဂတိပေးထားတယ်မဟုတ်လား၊ 'အေး'ပြောတာ အကုန်လိုက်လုပ်ပါ့မယ်ဆိုတာလေ"

ကျွန်တော့်လက်ကိုဆွဲပြီး၊ တစ်နေရာကို 'အချစ်'က ခေါ်သွားတယ်။ ဘယ်နေရာမှန်း ကျွန်တော်မသိဘူး။ ပြီးတော့ 'အချစ်'က လူကြီးတစ်ယောက်ကို တစ်ခုခုသွားပြောတယ်။ အဲဒီလူကြီးက ရေနှစ်ထမ်းထမ်းယူလာပြီး ကျွန်တော်တို့နှစ်ယောက်ထိုင်နေကြတဲ့ ရှေ့က ဘုရားကလေးတစ်ဆူကို ရေတွေလောင်းပြီး ရွတ်ဖတ်တော့တာပဲ။ ကျွန်တော်မရိုးချင်မိပါဘူး တကယ်ပြောတာ။ ကျွန်တော့်စိတ်ထဲမှာ တစ်ခုခုအတွက် အားတက်သွားသလိုပဲ။ အဲဒီလူကြီး ရွတ်ဖတ်တာပြီးတော့ ကျွန်တော် 'အချစ်'ကိုလှည့်ကြည့်တယ်။ 'အချစ်'က ကျွန်တော့်ကို ဦးချဖို့ ဟန်နဲ့ပြတယ်။ ကျွန်တော် 'အချစ်'နဲ့တပြိုင်တည်းကျအောင် စောင့်ပြီး ဦးချလိုက်တယ်။ ကျွန်တော် သိပ်စိတ်ချမ်းသာတာပဲ။ ဘာလို့လဲတော့မသိဘူး။

"မောင် ဟိုနားမှာ ဆုတောင်းပြည့်စေတီကလေး တစ်ဆူရှိတယ်။ 'အေး'တို့ သွားဆုတောင်းရအောင်နော်"

ကျွန်တော်ဘာမှပြန်မပြောဘူး။ ပြောစရာလဲ လိုမှမလိုတော့ဘဲ။



Generated by CamScanner from intsig.com

ကျွန်တော့်ကို ပြောပြီး 'အချစ်'က ထွက်သွားတာကိုး။ 'အချစ်'နောက်က ကျွန်တော်လိုက်လာခဲ့ရတယ်။ ကျွန်တော်ကတော့လေ 'အချစ်'ရဲ့နောက်ကပဲ အမြဲလိုက်နေတတ်တာပါ။

ညောင်ပင်ကြီးတစ်ပင်ရှိတာလောက်ပဲ ကျွန်တော်သိတယ်။ ဘယ်နေရာရယ်တော့ မပြောပြတတ်ဘူး။ 'အချစ်' ပြောတဲ့ဆုတောင်းပြည့်စေတီကလေးက သေးသေးကလေးပေမဲ့ အထင်သေးလို့တော့ ဘယ်ရမလဲ။ ဟုတ်တယ်မဟုတ်လား။ 'အချစ်'နဲ့အတူ အကြာကြီးလိုက်ပြီး ဆုတောင်းနေမိတယ်။ 'အချစ်'က ဘာတွေဆုတောင်းသလဲတော့ ကျွန်တော်မသိဘူး။ ကျွန်တော်ကတော့ 'အချစ်'နဲ့လက်ထပ်ရပါစေ။ 'အချစ်'ရဲ့ဖေဖေ 'ချစ်ဖေ' ကလဲ သဘောတူပါစေ။ ကျွန်တော့်ဖေဖေနဲ့ ဖွားဖွားတို့ကလဲ သနားပြီး ပြန်သဘောတူလာပါစေလို့ဘဲ ထပ်ခါထပ်ခါ ကျွန်တော်ဆုတောင်းနေမိတယ်။ ဆုတောင်းပြီး 'အချစ်'က ဘာဆုတောင်းလဲလို့မေးတဲ့အခါ ကျွန်တော်က ပြန်ပြီးဆုတောင်းရွတ်ပြလိုက်တယ်။ 'အချစ်'က အဲဒီတော့ ရီတယ်လေ။ ဘာလို့မှန်းလဲမသိဘူး။ ကျွန်တော်ကလဲ ပြန်မေးတာပေါ့။

" 'အချစ်'ကကော မောင့်လိုပဲ ဆုတောင်းရဲ့လား" လို့။

'အချစ်'ကရီပြန်ရော။ ဒါပေမဲ့ ခြောက်ကပ်ကပ်ရီသံလေ။ သိတယ်မဟုတ်လား။

"မောင် စိန်ဖူးတော်ကို သေသေချာချာကြည့်ဖူးသလား"

"ဟင့်အင်"

"ဘာအရောင်လဲကော သိလား"

“စိန်ဖူးဆိုမှ စိန်ရောင်နေမှာပေါ့”

“မဟုတ်ဘူး၊ အဲ၊ အဲဒီညောင်နားကနေ သွားကြည့်ကြည့်စမ်း ဘာရောင်မြင်ရသလဲလို့”

‘အချစ်’ကို ကျွန်တော်က ဂတိပေးထာတော့ ‘အချစ်’ပြောသမျှ လုပ်ရတော့တာပေါ့၊ ဒါပေမယ့် လက်လက် လက်လက်နေတာကလွဲလို့ စိန်ဖူးက ဘာမှမထူးခြားဘူး။ ‘အချစ်’က ပြုံးပြီး ကျွန်တော့်ကိုကြည့်တယ်။ ပြီးကျတော့ ကျွန်တော့်နားကိုတိုးလာတယ်။ ကျွန်တော့်လည်ပင်းကို သူ့အက်ဆွဲဖက်ပြီး လက်ညှိုးညွှန်ပြတယ်။ ‘အချစ်’ရဲ့လက်ညှိုးညွှန်တဲ့ နေရာကိုကြည့်ဖို့ ကျွန်တော့်ခေါင်းကို စောင်းလိုက်တဲ့အခါကျ ‘အချစ်’ရဲ့ ပါးနဲ့ ကျွန်တော့်ရဲ့ပါး မထိတထိဖြစ်သွားတယ်။ ကျွန်တော်ကတော့ အတင်းလိုက်ထိထားလိုက်တာပဲ၊ ဒါပေမယ့် ကြက်သီးထမသွားဘူး။ ဘာလို့ဆို ‘အချစ်’လက်ညှိုးညွှန်ပြတဲ့နေရာမှာ ကျွန်တော်တစ်ခါမှမမြင်ဘူး၊ မကြားဘူးတာကို တွေ့လိုက်ရတော့ အံ့ဩနေလို့။ ဟုတ်တယ်လေ၊ စိန်ဖူးတော့ စိန်ဖူးပါပဲ။ ဒါပေမယ့် တွေ့နေကျလက်လက်၊ လက်လက်နဲ့ စိန်အရောင် စိန်ဖူးမဟုတ်ဘဲ နီရဲနေတဲ့ စိန်ဖူးဖြစ်နေလို့။ ‘အချစ်’ကို ကျွန်တော် လှည့်ကြည့်လိုက်တယ်။ ‘အချစ်’ကဘာလို့ ဒါလောက် တော်ရတာလဲ။

“အဲဒါ ပြည်တန်ပတ္တမြားပေါ့ မောင်ရဲ့”

“ပြည်တန်ပတ္တမြား ဟုတ်လား”

“ဟုတ်တယ်၊ အဲဒီစိန်ဖူးတော်ထဲမှာ ပြည်တန်တဲ့ပတ္တမြားတစ်လုံး

Generated by CamScanner from intsig.com

ရှိတယ်မောင်ရဲ့၊ ပျော့သလောက်ကလေး"

'အချစ်'က သူ့လက်သဲ့နုကလေးကို ထောင်ပြတယ်။

"အဲဒီပန်းပွင့်ကလေးဟာ လသာတဲ့ညဆိုရင် အဲလိုပဲ အရောင်ထွက်တယ်။ သူ့ဘေးကစိန်တွေ အကုန်လုံးကို သူ့အရောင်ကလေးက ဖုံးသွားတာပဲ။ စနေရာကကြည့်မှလဲ မြင်ရတယ်။

ကျွန်တော် 'အချစ်'ကို အံ့သြပြီးစိုက်ကြည့်နေမိတယ်။ ကျွန်တော့်စိတ်ထဲမှာဖြစ်နေတဲ့ အကျဉ်းအကြပ်တွေ အားလုံးပျောက်ကုန်သလိုပဲ။

စိန်ဖူးကလေးကို ကျွန်တော်ပြန်ပြီးကြည့်မိတယ်။ မဟုတ်ဘူးလေ။ နီနေရာကနေ စိမ်းသွားအုံးမလားလို့၊ ဒါပေမဲ့ စိန်ဖူးရဲ့ အနီရောင်ကတော့ ပြောင်းမသွားဘူး။ ဟုတ်တယ် ဟုတ်တယ်။ စိန်ဖူးကတော့ နီးပွင့်မှမဟုတ်ဘဲ။ ဘယ်မှာ နီရာကနေ စိမ်းလိမ့်မလဲ။

'အချစ်'က ကျွန်တော့်လက်ကိုကိုင်လိုက်တယ်။

"ပြန်ကြစို့"

"ဘယ်ကို သွားအုံးမလဲ"

"အိမ်ပြန်ကြစို့ပေါ့။ 'အေး'အဆောင်ကလဲ ဆယ်နာရီဆိုရင်ပိတ်မှာ၊ ဒါလောက်လယ်ရရင် တော်ရော့ပေါ့မောင်ရယ်၊ မောင်လဲ အိမ်ပြန်တော့လေ"

ကျွန်တော်စိတ်ပျက်မိတယ်။ ဟုတ်တယ်လေ။ ကျွန်တော်တို့ကိစ္စက ပြတ်မှ မပြတ်သေးဘဲနဲ့။ 'အချစ်'ကို ကျွန်တော်က ပေမနေ့ညက အဆင်မပြေဖြစ်ခဲ့တာကိုပဲ ပြောပြရသေးတယ်မဟုတ်လား။ ဘာဆက်လုပ်ရမယ်



Generated by CamScanner from intsig.com

ဆိုတာမှ မပြောကြရသေးဘဲ။ အဲဒီကိစ္စမပြတ်သေးဘဲနဲ့ အိမ်ပြန်ကြလို့ ဘယ်ဖြစ်ပါ့မလဲ။

" 'အချစ်'ကလဲ မောင်တို့ကိစ္စကကော"

"မောင်တို့ကိစ္စ ဘာလဲ"

"မောင်တို့ကိစ္စလေ၊ လက်ထပ်ဖို့လေ"

" 'အေး'မှ မသိဘဲနဲ့"

" 'အချစ်'မသိဘူး ဟုတ်လား။ မောင်တို့လက်ထပ်ကြဖို့ကိစ္စကို 'အချစ်'က မသိဘူး"

"အင်းလေ၊ မောင့်ဖေဖေက သဘောမတူဘူးဆိုတာလောက်ပဲ မောင်ပြောပြတာပဲဟာ နောက်ထပ် 'အေး' ဘာကိုသိရမှာလဲ"

" 'အချစ်'သိရမှာပေါ့၊ မောင့်ကို 'အချစ်'လက်ထပ်မယ်ဆို၊ ဖုမောင့်ဖေဖေက သဘောမတူဘူးတဲ့၊ အဲဒါ မောင်တို့ဘယ်လိုလုပ်ကြရမှာလဲ"

" 'အေး'က ဘယ်လိုလုပ်ရမှာလဲ မောင်ရယ်၊ 'အေး'ကော ဘာတတ်နိုင်မှာမို့လဲ"

"မောင့်ကို 'အချစ်'က ချစ်တယ်မဟုတ်လား"

"ချစ်တာနဲ့ လက်ထပ်ကြတာ ဘာဆိုင်လို့လဲ"

"အဲဒီစကား မပြောနဲ့"

"ဘာလို့လဲ"

"မောင့် ဖေဖေပြောပြီးသားစကား"



Generated by CamScanner from intsig.com

"မောင့်ပေပေ မှန်တာပဲဟာ"

" 'အချစ်'က ထောက်ခံတယ်လား"

"အင်းပေါ့"

ကောင်းတယ် ကောင်းတယ်။ သိပ်ကိုကောင်းတာပဲ။ ဘယ်လောက်တော်တဲ့ 'အချစ်'ဆိုတာ သိကြပြီလား။ ကျွန်တော့်အပေစကားကိုများ မှန်သတဲ့။ ကျွန်တော်နဲ့ 'အချစ်'ကို ခွဲပစ်မဲ့ပေဖေ့စကားကိုများ မှန်သတဲ့။ မကြေဘူး။ ပေဖေ့ကို တသက်လုံးမကြေဘူး။ ဘာလို့ 'အချစ်'ထောက်ခံမဲ့စကားမျိုးကို ပေပေပြောခဲ့ရသလဲ။

" 'အချစ်'ခုနပြောတာ တကယ်လား"

"တကယ်ပေါ့"

"မဟုတ်ပါဘူး။ ပေဖေ့ကို သက်သက်ရိတာ မဟုတ်လားဟင်။ ဟုတ်တယ်လို့ ပြောစမ်းပါ 'အချစ်'ရယ်"

"အို့ လူကြီးတွေစကားကို ဘာလို့နှောက်ရမှာလဲ"

"ဟင့်အင်း ပေဖေ့စကားက တရားမှ မတရားဘဲ။ မတရားတာပြောတဲ့လူကို ဟုတ်ပါတယ်၊ တရားပါတယ်ဆိုပြီး ရိပစ်ရတယ် မဟုတ်လား"

" 'အေး'တကယ်ပြောနေတာမောင်။ မောင့်ပေဖေ့စကားမှန်တယ်"

"ပေဖေ့စကားတိုင်း မှန်တာမှမဟုတ်ဘဲ"

"ဒါပေမယ့် သူ့အတွက်တော့ မှန်တာပေါ့မောင်ရယ်။ ဟုတ်တယ်မဟုတ်လား"



Generated by CamScanner from intsig.com

"ဒါပေမယ့် မောင်တို့အတွက်တော့ မှန်မှမမှန်ဘဲ"

"မမှန်ပေမယ့် 'အေး'တို့ နားထောင်ရမယ်"

"ဘာလို့လဲ"

"ဘာလို့ဆို သူက ဖေဖေမို့လို့ပေါ့"

"ဖေဖေ့စကားတိုင်း မောင်နားမထောင်ပါဘူး"

" 'အေး'တော့ နားထောင်တာချည်းပဲ"

" 'အချစ်'ရဲ့ဖေဖေက မောင်တို့ကို သဘောမတူဘူးဆိုရင်ကော"

"ဗိုပြီးနားထောင်ရမှာပေါ့"

"မောင့်ကို မချစ်လို့လား 'အချစ်'ဟုတ်လား"

"ဟင့်အင်း၊ 'အေး'က ဖေဖေ့ကိုလဲ သိပ်ချစ်တာပဲလေ၊ သိတယ်မဟုတ်လား"

ကျွန်တော်ဒေါသလဲဖြစ်သွားတယ်။ ဝမ်းလဲနဲသွားတယ်။ ငိုတော့မငိုဘူး။ 'အချစ်'ကိုစိုက်ပြီး ကြည့်လိုက်တယ်။ ဒါပေမယ့် ဘာပြောရမှန်းတော့ မသိဘူး။ ကျွန်တော့်အသားတွေ တဆတ်ဆတ်တုန်နေတယ် ထင်တယ်။ 'အချစ်'ကို ပထမဆုံးအကြိမ် ကျွန်တော်ဒေါသဖြစ်မိတယ်။

"ကောင်းတယ် ကောင်းတယ်။ မောင့်ဘက်ကတော့ မောင်တစ်ယောက်တည်းပေါ့ ဟုတ်လား"

"ဘယ်သူဖြစ်ဖြစ် တစ်ယောက်တည်းပဲပေါ့မောင်ရယ်"

" 'အချစ်'၊ ချစ်တယ်ဆိုတာ တစ်ယောက်တည်း ချစ်လို့မရဘူးသိရဲ့လား"

"ရတယ်မောင်၊ ရတယ်။ မောင်နဲ့ 'အေး'နဲ့ သေကံမတော်လို့ ကွဲကွာသွားရင်လဲ မောင့်ကို 'အေး'ချစ်နေမှာပဲ။ 'အေး'ဟာမောင့်ကိုပဲ ချစ်နေမှာပဲ သိရဲ့လား"

'အချစ်'ရဲ့အသံက ဝမ်းနည်းသံပါလာတယ်။ ကျွန်တော်စိတ်မကောင်း ဖြစ်ရပြန်ရော။ 'အချစ်'က သက်ပြင်းချလိုက်တယ်။ 'အချစ်'ဟာ တစ်ခု ခုကို ဆုံးဖြတ်ပြီးတိုင်း သက်ပြင်းချတတ်တယ်။

"သိပ် ခံနိုင်ရည်ရှိတဲ့ 'အချစ်'၊ သိပ်တော်တဲ့ 'အချစ်'၊ သိပ်မျိုသိပ် နိုင်တဲ့ 'အချစ်'၊ သိပ်အနိုင်ယူနိုင်တဲ့ 'အချစ်'။ ပြီးတော့ သိပ်ဟန်ဆောင် ကောင်းတဲ့ 'အချစ်' "

ကျွန်တော်ပြောချင်တာတွေ ပြောချလိုက်တယ်။ 'အချစ်'ကို ကျွန်တော်သိပ်ချစ်တယ်။ ဒါကြောင့် အမြဲအနိုင်ပေးခဲ့တယ်။ ကျွန်တော်က အနိုင်မပေးလဲ သူကနိုင်နေကျပါ။ ဒါပေမဲ့ ခုကိစ္စနဲ့ပတ်သက်လို့တော့ ကျွန်တော် သူ့ကို အနိုင်မပေးချင်ဘူး။ 'အချစ်'နဲ့ ကျွန်တော်နဲ့က ပြိုင်ဘက် မှမဟုတ်ဘဲ။ ကျွန်တော်တို့က တစ်ဖက်၊ မေမေကတစ်ဖက်မဟုတ်လား။

ဘာကြောင့်မှန်းတော့ မသိဘူး။ ကျွန်တော်ပြောချင်တာတွေပြောပြီး 'အချစ်'မျက်နှာကို ကျွန်တော်မကြည့်ရဲတော့ဘူး။ 'အချစ်'ရှေ့မှာလဲ ကြာကြာမနေရဲတော့ဘူး။ 'အချစ်'ကျွန်တော့်ကို ပြုံးနေကျအပြုံးနဲ့ ကြည့် မှာလဲ ကြောက်လာတယ်။ တစ်ခုခုကျွန်တော့်ကို ပြန်ပြောရင်လဲ ကျွန်တော် ခံနိုင်တော့မှာ မဟုတ်ဘူး။ ကျွန်တော်ထွက်ပြေးလာခဲ့တယ်။ တကယ် တကယ် ဘောလုံးပွဲမှာပြေးသလိုကိုပြေးပြီး ဘုရားပေါ်ကဆင်းလာခဲ့တယ်။



Generated by CamScanner from intsig.com

ဆည်းလဲသံလဲ မကြားတော့ဘူး။

ပန်းအနွမ်းနံ့တွေလဲ မမွှေးတော့ဘူး။

ရွှေတိဂုံဘုရားလှေကားဟာ ဘယ်နှစ်ထစ်ရှိပါသလဲ။

နှစ်ယောက်စီးပြိုင်ကားပေါ်မှာ ကျွန်တော်တစ်ယောက်တည်း။

ကားကိုစက်နိုးပြီး တအားမောင်းထွက်ခဲ့တယ်။ ဒါပေမယ့် စတီယာရင်ကို တခါတည်း ဘာလို့ကွေ့ထားမိပါသလဲ။ အဲလိုဆို ကားဟာ ထွက်လာတဲ့နေရာပဲ ပြန်ရောက်မှာပေါ့။ ကားကို တဖက်ဖက် ကွေ့သွားချင် တယ်ဆိုရင် အဲဒီသွားချင်တဲ့ဘက်ကို ကွေ့ပြီးရင် ပြန်ဖြောင့်ရတယ် မဟုတ် လား။ ခုတော့ ကျွန်တော်က စတီယာရင်ကိုကွေ့ပြီး ပြန်မဖြောင့်မိဘူး။ အဲဒီတော့ ကျွန်တော်စထွက်လာတဲ့နေရာပဲ ပြန်ရောက်တာပေါ့။ ဒါပေါ့လေ။ ကျွန်တော် ဘယ်လောက်ပဲ ဒေါသကြီးနေ ကြီးနေ နောက်ဆုံးတော့ 'အချစ်'ဆီကိုပဲ ပြန်ရောက်ရတာမဟုတ်လား။ 'အချစ်'ကို ကျွန်တော် ဘယ်တော့မှ အနိုင်ရတော့မှာ မဟုတ်ပါဘူး။

လူတွေက ကျွန်တော့်ကို ဝိုင်းကြည့်နေကြတယ်။ ဒါပေမယ့် အရင် အခါတွေတုန်းကလို လူတွေဝိုင်းကြည့်တာ ကျွန်တော် ဂရုမယူမိတော့ဘူး။ လူအကြည့်ခံရတာ သိပ်ကြိုက်တဲ့ကျွန်တော်ဟာ ခု ဝိုင်းကြည့်နေတဲ့ လူတွေ ကို ဂရုစိုက်မနေအားဘူး။ ဘုရားပေါ် ပြန်ပြေးတက်ခဲ့တယ်။ ဟုတ်တယ် ဟုတ်တယ်။ ဘောလုံးပွဲမှာ ပြေးသလိုပဲ။ သိတယ်မဟုတ်လား။

'အချစ်'ကို လမ်းတဝက်မှာ ပြန်တွေ့ရတယ်။ မဟုတ်ဘူးလေ၊ လှေကားတစ်ဖက်လောက်မှာ 'အချစ်'က ဆောင့်ညောင့်ကလေး ထိုင်နေ



Generated by CamScanner from intsig.com

တာကိုး။ 'အချစ်'ကိုလဲ ကျွန်တော်လှမ်းမြင်ရော ဆက်မပြေးတော့ဘူး။ အရှိန်သတ်ပြီး 'အချစ်'ဆီကို ဖြေးဖြေးချင်းတက်လာခဲ့တယ်။ မယ်သီလရှင်ကြီး တစ်ပါးက 'အချစ်'ကို ဘေးကနေ ယပ်ခတ်ပေးနေတယ်။ 'အချစ်'က ငုံ့နေရာက ခေါင်းကို ဟိုဘက်ဒီဘက် ဆတ်ကနဲခါလိုက်ပြီး သက်ပြင်းချလိုက်တယ်။ ကျွန်တော့်ကိုလဲမြင်ရော ပြုံးနေကျအပြုံးမျိုး ပြုံးပြတယ်။ ကျွန်တော်နဲ့'အချစ်'ကို ဘေးကလူတွေက ကြည့်နေကြတယ်။ ဒါပေမယ့် ကျွန်တော်တို့ မရှက်ကြပါဘူး။

"ဘာလို့လဲ 'အချစ်' "

'အချစ်'က ဘာမှပြန်မပြောဘူး။

ကျွန်တော်ကလဲ တကယ်တော့ စိတ်ပူချင်ယောင်ဆောင်ပြီး မေးတာပါ။ သိတယ်မဟုတ်လား။ ဘာလို့ဆို ဒီလိုမျိုးတော့ ကျွန်တော်ကရိုးနေလို့။ ကျွန်တော်တွေ့ခဲ့ဘူးပေါင်း များပြီ။ ကောင်မလေးတွေဟာ သူတို့မကျေနပ်တာ တစ်ခုခုရှိလို့ရှိရင် ဒါမှမဟုတ် သူတို့ကို နိုင်ထက်စီးနင်း တစ်ခုခုလုပ်လာပြီဆိုရင် အဲလိုပဲ နေမကောင်းဖြစ်ချင်ယောင်ဆောင်တတ်ကြတာပဲ။ သူတို့ကို သနားပြီး ပြန်ချော့အောင်လို့လေ။ သိတယ်မဟုတ်လား။ ဒါပေမဲ့ ကျွန်တော်ကလဲ အဲလိုမျိုး မူယာမာယာတွေ အမုန်းဆုံး။

"မောင် ဘာလုပ်ပေးရမလဲ"

" 'အေး'အိမ်ပြန်ချင်ပြီ"

"ဘယ်ဖြစ်ပါ့မလဲ ဆေးရုံလေးဘာလေး ပြသင့်ပြအုံးမှပေါ့။

Generated by CamScanner from intsig.com

စပယ်ရှယ်လစ်ဆရာဝန်တွေဆီလဲ သွားချင်သွားလေ"

ကျွန်တော်'အချစ်'ကို ငေါ့လိုက်တယ်။ ကျွန်တော်ငေါ့လိုက်တာကို 'အချစ်'က သိသွားပုံရတယ်။ ပြုံးနေကျ အပြုံးမျိုးနဲ့ ပြုံးပြီး ၁၀စက္ကန့် လောက် ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ သူ့မျက်လုံးက တလက်လက်နဲ့။ 'အချစ်'ဝမ်းနဲသွားပုံရတယ်။ ကျွန်တော်မှားသွားပါသလား။

"ကိစ္စမရှိပါဘူးကွယ် 'အေး'ဒီလိုဘဲဖြစ်နေကျပါ"

❊ ❊ ❊

Generated by CamScanner from intsig.com

## ၁၂။

'အချစ်'ကို ဖေဖေ့အိမ်ခေါ်သွားတဲ့အကြောင်း၊ ဖေဖေက ကျွန်တော်တို့ကို လက်မထပ်သေးဖို့ပြောတဲ့အကြောင်း၊ 'အချစ်'နဲ့ ဘုရားပေါ်မှာဖြစ်ကြတဲ့အကြောင်းတွေ အကုန်လုံးကို ထုံးစံအတိုင်း ကိုကြီးကျော်ကို ကျွန်တော်ပြောပြလိုက်တယ်။ ကျွန်တော်နဲ့ပတ်သက်လို့တော့ ကိုကြီးကျော်ပဲ ငြိုတော့တယ်လို့ ကျွန်တော်ထင်တယ်။ အဓိကဖြစ်တဲ့ ကျွန်တော့်ရဲ့အချစ်ဆုံး 'အချစ်'ကလဲ ကျွန်တော့်ကို ကောင်းကောင်းကြီး ပညာပြနေပြီလေ။ သိတယ်မဟုတ်လား။

Generated by CamScanner from intsig.com

ကိုကြီးကျော်ကတော့ ထုံးစံအတိုင်း ပါးစပ်ထဲကဆေးတံကို ဖြုတ်ကနဲချွတ်လိုက်ပြီး ငုံထားတဲ့မီးခိုးတွေကို ဖြေးဖြေးချင်း မှုတ်ထုတ်လိုက်တယ်။ ပြီးကျတော့ သူ့ဆေးတံကို သူ အကြာကြီး စိုက်ကြည့်နေတယ်။ အဲလိုမျိုးအိုက်တင် သူလုပ်ပြီဆိုရင် ကျွန်တော့်အတွက် အကောင်းဆုံးအဖြေတစ်ခုကတော့ ထွက်လာတတ်တာပဲ။ ကျွန်တော် အားတက်ပြီး သူ့ကိုငေးကြည့်နေမိတယ်။

ပထမဆုံး ကိုကြီးကျော်ရဲ့ ခြောက်ကပ်ကပ်ရီသံကို စကြားရတယ်။ မဟုတ်ဘူးလေ၊ ပါးစပ်ဖွင့်ရီတာမှမဟုတ်ဘဲ။ ရင်ခေါင်းထဲမှာတွင် ရီတာလို့ ကျွန်တော်ထင်တာပဲ။ ကိုကြီးကျော်က ကျွန်တော့်ကို ပြုံးပြီးစိုက်ကြည့်လိုက်တယ်။ ခေါင်းလဲ တဆတ်ဆတ်ငြိမ့်သေးတယ်။

"မင်း အဖေပြောတာ မှန်တယ် အောင်အောင်"

ကျွန်တော်ပူထူသွားတယ်။ ကျွန်တော်သာ ကိုကြီးကျော်ကို မချစ်ဘူးဆိုရင် ထ ထိုးမိမှာသေချာတယ်။

"ဟုတ်တယ်အောင်အောင်၊ မင်းအဖေပြောတာ တကယ်မှန်ပါတယ်"

ကျွန်တော်ဘာမှ ပြန်မပြောဘူး။ ဘာပြောရမယ်လဲ မသိတော့ဘူး။ ကိုကြီးကျော်က သက်ပြင်းချလိုက်တယ်။

"စောပါသေးတယ် ငါ့ညီရာ၊ သိပ်ကိုစောပါသေးတယ်"

" 'အချစ်' မှာ အချိန်မရှိပါဘူး ကိုကြီးကျော်"

"အေး၊ မင်းအဲသလို မဆိုင်တဲ့နေရာမှာ စိတ်ကူးယဉ်တတ်နေလို့ကို

စောပါသေးတယ်လို့ ငါပြောတာကွ”

“ခင်ဗျားစကားတွေ ကျုပ်နားမလည်ဘူး”

“နောက်တော့ တဖြေးဖြေး နားလည်လာမှာပေါ့ကွာ”

ကျွန်တော်မကျေနပ်ဘူး။ လူတွေက ဘာလို့ ကျွန်တော့်အပေါ် အနိုင်နဲ့ပိုင်းချင်ကြတာလဲ။ ကျွန်တော့်ကို သူတို့တတွေ ဘယ်တော့မှ အခွင့်မပေးကြဘူး။ အခွင့်ပေးရင်လဲ ငိုနေတဲ့ကလေးတစ်ယောက်ကို ချော့တဲ့ သဘောလောက်ပဲ အခွင့်ပေးတတ်ကြတယ်။ အဲဒါမျိုးဆို ကျွန်တော် မုန်းတယ်။ ကျွန်တော့်ကို သူတို့နဲ့ တတန်းထဲ ဘယ်တော့မှ မထားကြတာ ဘာလို့လဲ။

“ဒီမှာကိုကြီးကျော်၊ ခင်ဗျားအမြဲ ကျွန်တော့်ကို ဆရာလုပ်တယ်။

“ဒီလိုတော့ မပြောပါနဲ့အောင်အောင်ရာ၊ မင်းကောင်းစေချင်တာ တစ်ခုထဲ ငါသိတာပါ”

“ကျုပ်ကောင်းမယ်ထင်တာကို ခင်ဗျားဘယ်တုန်းက လိုက်လျော ဘူးလို့လဲ”

“မင်းကတော့ ကောင်းမယ်ထင်တာလောက်ပဲ တွေးနေတာကိုးကွ”

“မကောင်းဘူးထင်တာကော တွေးရမလား ကိုကြီးကျော်၊ စိတ်ညစ် ရရုံပဲ ရှိမယ်မဟုတ်လား”

“အေး၊ ကောင်းမယ်ထင်တာ ဖြစ်မလာရင် ပိုစိတ်ညစ်ရတတ် တယ်ကွ”

“ကျွန်တော်လိုချင်တာ မရခဲ့ဘူးဆိုတာ မရှိခဲ့ပါဘူးကိုကြီးကျော်”



Generated by CamScanner from intsig.com

"ဒါပေမယ့် ခု မင်းဘာလို့ စိတ်ညစ်နေရလဲ"

ဟုတ်သားပဲ၊ ကျွန်တော်ဘာလို့စိတ်ညစ်နေရသလဲ။ ကျွန်တော်လို ချင်တာ မရလို့မဟုတ်လား။ ကျွန်တော်လိုချင်တာ ရရင်ကော စိတ်ချမ်းသာ မယ်လား။ တစ်ခုခုကိုလိုချင်ရင် တစ်ယောက်ယောက်က ပေးမှရမှာပေါ့။ အဲဒီအခါ ကျွန်တော်ကလိုချင်တာရလို့ စိတ်ချမ်းသာမယ်၊ ပေးလိုက်ရတဲ့ လူကတော့ ဆုံးရှုံးသွားလို့ စိတ်ဆင်းရဲမယ်။ အဲဒါ ကျွန်တော်နဲ့ ဘာဆိုင် လို့လဲ။

"ကျွန်တော်ဘာလုပ်ရမလဲ ကိုကြီးကျော်"

"ဘာမှ မလုပ်နဲ့ကွာ၊ စောင့်ရှုံစောင့်နေပါ"

"ကျွန်တော်မစောင့်နိုင်ဘူးဗျာ။ ဘယ်လိုမှ စောင့်မနေနိုင်တော့ဘူး"

"ဖြစ်လာတဲ့ဒုက္ခတစ်ခုကို ဆုံးအောင်ခံလိုက်ရင် မင်းစိတ်ချမ်းသာ လာရမှာပါ"

"အဲဒီစိတ်ချမ်းသာမှုကို မရလိုက်ရင်ကော"

"တခြားစိတ်ချမ်းသာစရာတွေ တပုံကြီးပါကွာ"

"ဘာဗျ၊ 'အေး'ကလွဲပြီး တခြားကျွန်တော်ချစ်နိုင်လိမ့်မယ်လို့ ခင်ဗျားထင်နေသလား"

ကိုကြီးကျော်က ဘာမှ ပြန်မပြောဘဲ သူ့ဆေးတန်ကို ခါလိုက် တယ်။ ပြီးတော့ ဆေးတန်ကိုပါးစပ်မှာပြန်တပ်ရင်း ကျွန်တော့်ကို ခေါင်းငြိမ့် ပြတယ်။ ဘယ်လောက်စော်ကားလိုက်တဲ့ ကိုကြီးကျော်ပါလဲလို့။

" 'အေး'ကလွဲလို့ ကျွန်တော် ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး"

"မင်း တစ်ယောက်ထဲကို ငါမပြောပါဘူး သူကလဲ"

"သို မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး။ 'အေး'ကလဲ ကျွန်တော့်ကို အမြဲချစ်နေမှာလဲ။ ကျွန်တော်သိတယ်။ 'အချစ်'ဆိုတာ အလျှော့အတင်း မရှိဘူး"

'အချစ်'မှာ အလျှော့အတင်းမရှိတာ မှန်ပါတယ်လေ။

ဒါပေမဲ့ ချစ်တယ် မချစ်ဘူးဆိုတာတော့ ရှိတယ်ကွ"

စော်ကားတာ၊ စော်ကားတာ၊ ဘယ်လိုမှမဖြစ်နိုင်ဘူး။ 'အချစ်'နဲ့ ကျွန်တော်နဲ့က ချစ်ပြီးကြပြီးပြီ။ သို သိပ်တကယ်အရမ်းကိုချစ်ပြီးကြပြီးပြီ၊ ဘာလို့ချစ်ပြီးကြမှ ပြန်မချစ်တော့လို့ရမလဲ။ ကိုကြီးကျော် 'အချစ်' အကြောင်းဘယ်လောက်နားလည်လို့လဲ။

"ခင်ဗျားကြီး ကျွန်တော့်လောက် မချစ်တတ်သေးပါဘူးဗျာ"

"မဟုတ်ဘူး၊ မင်းလိုသာ မချစ်တတ်ရင်နေမယ်။ မင်းလောက်တော့ ချစ်တတ်တယ်ကွ၊ သိရဲ့လား။ မင်း ငယ်ပါသေးတယ် အောင်အောင်ရာ"

ကြည့် ကြည့်။ တွေ့လား။ သူ့စကား ကျွန်တော့်အပေါ် ဘယ် လောက် နိုင်ထက်စီးနင်းရှိလိုက်သလဲလို့။ အမြဲတန်း ကျွန်တော့်ကို အနိုင်နဲ့ ပိုင်းချင်တဲ့ ကိုကြီးကျော်။

"ခင်ဗျား ကျွန်တော့်ကို တန်းတူထားဆက်ဆံလို့ မဖြစ်ဘူးလား ကိုကြီးကျော်"

"ဒီကိစ္စမျိုးမှာ မင်းနဲ့ငါ တန်းတူဆက်ဆံလို့ မရဘူး။ မင်းဟာမင်း မှန်တယ်ထင်ရင် စကတည်းက ငါ့ကိုမတိုင်ပင်ဘဲ မင်းကြိုက်သလို လုပ်ပါ

လား''

ဒါလဲ ကျွန်တော့်ကို အနိုင်နဲ့ပိုင်းတာပဲ။ လက်ဖြောက်နေမှန်းသိလို့ ဖြဲချောက်တာ။ ကျွန်တော်သူ့ကို မတိုင်ပင်ဘဲ ဘယ်တော့မှ မလုပ်ဘူးဆိုတာ ဒါ့လို့ သက်သက် စလို့ပြောတာ။

''ဟုတ်တယ်၊ မင်း စကတည်းကမှားတယ်။ ဒီကိစ္စမှာ မင်းကြိုက်တာလုပ်ရမှ မင်းစိတ်ချမ်းသာမယ်ထင်ရင် မင်းတို့ဟာမင်းတို့ ဆုံးဖြတ်ပြီး လက်ထပ်လိုက်ကြပါလား။ ဘာလို့ရှည်ပြီး မင်းအဖေဆီ ကောင်မလေးကို ခေါ်သွားရတာလဲ။ အမှန်က နှစ်လမ်းဘဲရှိတယ်ကွ ဘယ်သူ့ကိုမှ မတိုင်ပင်ဘဲ မင်းတို့ချင်းသဘောတူ ခိုးပြေးချင်ပြေး ဒါမှမဟုတ် လူကြီးမိဘစီမံရာ နာခံ ပါဘဲ။ ငါကတော့ ခုလို မင်းအဖေနဲ့တိုင်ပင်မိတာ ပိုကောင်းတယ်လို့ ထင်တယ်''

''ဘာလို့လဲ''

''မင်းကောင်းစေချင်လို့ပေါ့ကွာ''

ကျွန်တော်ဝမ်းနည်းသွားတယ်။ ကျွန်တော့် 'အချစ်'ကို သူတို့တွေ မယုံကြဘူး။ ကျွန်တော်ဘယ်လောက်ခံစားနေရတယ်ဆိုတာ သူတို့တွေ မသိကြဘူး။ လူငယ်တွေရဲ့နေရာကို လူကြီးတွေ ဘယ်တော့မှ ဝင်မကြည့်ချင်ကြဘူး။ ဒါပေါ့လေ သူတို့မှာ အချစ်မှ မရှိတော့ဘဲ။ သူတို့အဖို့တော့ ပေါ့ပေါ့ကလေးပေါ့။ ဒါပေမယ့် လူငယ်တွေကိုသူတို့ ဘာလို့ အမြဲအနိုင်ယူချင်ကြပါသလဲ။

''ကျွန်တော် 'အချစ်'ကို တကယ်ချစ်တာပါ ကိုကြီးကျော်ရယ်၊

Generated by CamScanner from intsig.com

ကျွန်တော့်နေရာကို ခဏလေးနေကြည့်စမ်းပါ"

"ငါယုံတယ်ကွာ။ ဒါပေမဲ့ မင်းထက်ခံရတဲ့နေရာ၊ လူးနေအောင် လိမ့်နေအောင် ခံရတဲ့နေရာမျိုးမှာ ငါနေဘူးပြီးပါပြီ ငါ့ညီရာ"

ကိုကြီးကျော်ဆွေးသွားပုံရတယ်။ လမ်းမဘက်ကို အဓိပ္ပါယ်မရှိတဲ့ မျက်လုံးနဲ့ ငေးကြည့်နေတယ်။

"ငါလဲ တစ်ချိန်တုန်းက ခု မင်းငါ့ကိုတိုင်ပင်သလိုပဲ ငါ့ဆရာ တစ်ယောက်ကို ငါ့ရဲ့အချစ်အကြောင်းတွေ ဖွင့်တိုင်ပင်ဘူးတယ်ကွ၊ မင်းတို့ ကမှ နှစ်ယောက်လုံးချစ်ကြတာပါ။ ငါ့တုန်းက တစ်ယောက်တည်းအချစ်၊ ငါတစ်ယောက်တည်းက ချစ်ရတဲ့အချစ်။ အေး...ငါ ငါ့ရဲ့အချစ်ကို လက်လွှတ်ရခါနီး သေတော့မလိုဖြစ်နေတဲ့အခါမှာ ငါ့ဆရာက ငါခု မင်း ကိုပြောတဲ့ စကားမျိုးတွေပဲပြောတာပဲကွ။ ငါဘာလုပ်လိုက်သလဲသိလား၊ ငါ့ဆရာရဲ့ရင်ဘတ်ကို ဆွဲဖြောက်ပြီး လက်သီးနဲ့ရွယ်တဲ့အထိ လုပ်ခဲ့ဘူး တယ်။ ငါ့ရဲ့အချစ်ကို မယုံရကောင်းလားပေါ့ကွာ။ အေး၊ အဲဒီတုန်းက ငါ မင်းအရွယ် ငါ့ဆရာက ခု ငါ့အရွယ်"

သူ့စကားတွေ အကုန်လုံးတော့နားမလည်ပါ။ ခံပြီးတော့တော့ ကျွန်တော်သိလိုက်သလိုပဲ။ ဒါပေမယ့် အဓိပ္ပါယ်မရှိဘူးလို့ ကျွန်တော် ထင်နေတယ်။

သူ သူ့ဆရာကို လက်သီးနဲ့ရွယ်သလို ကျွန်တော်သူ့ကို လက်သီးနဲ့ မရွယ်မိတဲ့အတွက် သူ့ထက် ကျွန်တော်က ပိုတော်တယ်လို့တော့ ကျွန်တော့် ကိုယ်ကျွန်တော် ထင်လိုက်တယ်။

"ငါ ငါ့ဆရာကို အဲဒီတုန်းက လက်သီးနဲ့ရွယ်ခဲ့သလို မင်း ခု ငါ့ကို လက်သီးနဲ့မရွယ်တာကိုက မင်းဟာ ငါ့လောက်မချစ်တတ်သေးဘူး။ ငါ့လောက် မခံရဘူးသေးဘူးဆိုတဲ့ အဓိပ္ပါယ်ပဲ"

"ဒါပေမယ့် ခုအချိန်မှာတော့ ကိုကြီးကျော် ကျွန်တော့်လောက် ချစ်တတ်ပါ့အုံးမလား"

"ဒါတော့ ငါမသိဘူး။ ခုအချိန်မှာ ငါ့အဖို့ အချစ်ဆိုတာ ရီစရာ အဖြစ် ပြန်ပြောရမယ့် ဒဏ္ဍာရီကလေးတစ်ခုပါ ငါ့ညီရာ"

ကျွန်တော်သူ့ကို နှုတ်မဆက်တော့ဘဲ လှည့်ထွက်လာခဲ့တယ်။ ထုံးစံ အတိုင်း ကားကိုတအားမောင်းထွက်လိုက်တယ်။ သူကတော့ ကျွန်တော်ကို အိမ်ဝကနေ ပြုံးကြည့်နေတော့မှာပဲ။ ဒါပေမယ့် ကျွန်တော်သူ့ကို တကယ် စိတ်ဆိုးလာခဲ့တယ်။ လမ်းမရောက်မှ သူ့ကို ပြောခဲ့ဖို့စကားတခွန်း မေ့ကျန်ခဲ့မှန်း ကျွန်တော်သတိရလိုက်တယ်။

"ကိုကြီးကျော်ရယ်၊ ကျွန်တော်ကိုကြီးကျော်တို့ အရွယ်ရောက် တဲ့အခါ အချစ်ဆိုတာ ရီစရာအဖြစ်ပြန်ပြောရမဲ့ ဒဏ္ဍာရီကလေးတစ်ခုလို့ ပြောချင် ပြောဖြစ်ပါလိမ့်မယ်။ ခုတော့ ကျွန်တော် 'အချစ်'ကို ချစ်ကြည့် ပါရစေအုံး။ လွမ်းကြည့်ပါရစေအုံး။ လူးနေအောင် လိမ့်နေအောင် ခံကြည့် ပါရစေအုံး"

❊ ❊ ❊



Generated by CamScanner from intsig.com

## ၁၃။

အိမ်မှာ တယ်လီဖုန်းရှိကြသလား။ တယ်လီဖုန်းနဲ့ ရီးစားစကားကော ပြောဘူးကြသလား၊ မဟုတ်ဘူးလေ၊ ရီးစားရှိတဲ့အခါကျတော့ ကိုယ့်ရီးစားနဲ့ တိုးတိုးကလေး စကားပြောကြတာကို ပြောတယ်လို့ ခေါ်တယ်မဟုတ်လား။ ဟုတ်တယ် ဟုတ်တယ်၊ ကျွန်တော်က မေ့သွားလို့ပါနော်၊ 'အချစ်စကား' 'အချစ်စကား'။

သိပ်ချစ်တဲ့အခါကျရင် 'အချစ်'ကလေးတွေနဲ့ 'အချစ်စကား' ပြောရတာ ဘယ်လောက်ပျော်ဖို့ကောင်းသလဲ၊ ဟုတ်တယ်မဟုတ်လားနော်။ ဘယ်လောက် ပြောရပြောရ မောတယ်မရှိဘူး။ ဘယ်လောက် နွဲ့ရနွဲ့ ငြီးငွေ့တယ်လဲ မရှိဘူး။ ဘယ်လောက်ရိုးတဲ့စကားဖြစ်ဖြစ် ချစ်စရာကောင်း နေတတ်တယ်လေ။ သိတယ်မဟုတ်လား။

အရင်ကဆိုရင် 'အချစ်'နဲ့ လူချင်းမတွေ့ရတဲ့အခါတွေမှာ ကျွန်တော် 'အချစ်'ဆီ တစ်နေ့ ဖုန်းငါးခါလောက်ဆက်တယ်။ ဒါပေမယ့် အားရလှတယ်မရှိပါဘူး။ အရင်ကဆိုရင်ပေါ့။ ခုတော့'အချစ်'ဆီ ကျွန်တော်တယ်လီဖုန်း မဆက်ဘူး။ ဘယ်လောက်ကြာပြီလဲ။ သုံးရက်တောင် ကြာသွားပြီ။ မရိုးနဲ့လေ၊ သုံးရက်ဆိုတာ ဘယ်လောက်ကြာသလဲ။ ၂၄နာရီသုံးခါ။ မိနစ်ပေါင်း ၄၃၂၀။ စက္ကန့်ပေါင်း ၂၅၉၂၀၀။ ကြည့်စမ်း၊ 'အချစ်'ကို ကျွန်တော် တစ်စက္ကန့်လေးတောင် ခွဲမနေချင်ဘူး။ တစ်စက္ကန့်ကို တစ်ခါလောက် 'အချစ်'ကို ကျွန်တော်တွေ့ချင်နေတယ်။ 'အချစ်'ကို မတွေ့ရတဲ့ အခါပေါင်း ၂၅၉၂၀၀ခါ ရှိပြီကွယ်။ ကျွန်တော် ဘယ်လောက်လွမ်းလိုက်မလဲ၊ စဉ်းစားကြည့်ကြစမ်း။ ဒါပေမယ့် ကျွန်တော့်ဖာသာ စိတ်ကိုတင်းပြီး နေပြလိုက်တယ်။ မဟုတ်ဘူး မဟုတ်ဘူး။ ကျွန်တော် စိတ်ကောက်နေတာ မဟုတ်ဘူး။ ကိုယ့်'အချစ်'အတွက် ကိုယ်ဖာသာ တစ်ယောက်တည်း စိတ်ကောက်ပြီး ဝမ်းနဲ့နေရတာ ဘယ်လောက်ကောင်းသလဲလို့ သိကြရဲ့လား။ အရင်ကတော့ ပျော်ဖို့ကောင်းခဲ့တာပေါ့။ ဘာလို့ဆို အလကားကြေး ဖဲရိုက်လို့ ရှုံးတဲ့အခါ ပျော်စရာကောင်းသလိုမို့လို့။ ခုတော့ ကျွန်တော်က တကယ်ရှုံးရပြီကိုး။ ဟုတ်တယ်၊ ကျွန်တော်တကယ်ရှုံးနေရပြီ။ အိပ်ထဲရှိသမျှကုန်အောင် ရှုံးနေရတဲ့ဖဲသမလားလိုပေါ့။ ကျွန်တော့်အသဲနှလုံး တစ်ခုလုံး အရှုံးကြေး ပေးလိုက်ရပြီလေ၊ သိတယ်မဟုတ်လား။

ပိုပြီးနာရတဲ့အခါ ပိုပြီးတုန့်ပြန်တတ်တယ်။

ကျွန်တော့်အနာက 'အချစ်'အနာ။ ကမ္ဘာပေါ်မှာ အနာဆုံးအနာ။

ဒါကြောင့် ကျွန်တော် ကမ္ဘာပေါ်မှာ အကောင်းဆုံးလက်နက်နဲ့ တုန့်ပြန်ဖို့ ဆုံးဖြတ်ခဲ့တယ်။ 'အချစ်လက်နက်နဲ့'လေ။ ဟုတ်တယ်။ 'အချစ်လက်နက်' နဲ့ တုန့်ပြန်လို့ကတော့ ကျွန်တော့်ကို ဒါလောက်ရျစ်တဲ့ 'အချစ်' ဘယ်ခံနိုင်တော့မှာလဲ၊ သိတယ်မဟုတ်လား။ 'အချစ်'ဆီ ကျွန်တော်သွားလဲ မသွားတော့ဘူး။ ဖုန်းလဲမဆက်တော့ဘူး။ ခံနိုင်ရည်ရှိရင်တော့ ခံပေါ့ 'အချစ်'ရယ်။

ဒါပေမယ့် 'အချစ်လက်နက်'ကို သုံးရတာ ကျွန်တော့်အဖို့လဲ သက်သာလှတယ်တော့ မဟုတ်ဘူး။ 'အချစ်လက်နက်'နဲ့ အပစ်ခံရတဲ့ 'အချစ်'တော့ ဘယ်လိုနေတယ်မသိဘူး။ ပစ်ရတဲ့ကျွန်တော့်မှာတော့ သေလုပြီ။

တကယ်တော့ 'အချစ်'ကို ကျွန်တော်ခွဲမနေနိုင်ပါဘူးလေ။

'အချစ်'နဲ့ အဆက်အသွယ်ပြတ်နေခဲ့တဲ့ လေးရက်မြောက်တဲ့နေ့။

"နဲနဲကလေးဘဲ လွဲသွားတယ်ကွာ၊ ငါထင်တယ် စုလောက်ဆို ဘတ်စကားဂိတ်လောက်မှာဘဲ ရှိအုံးမယ်"

အိမ်ပေါ်ရောက်ရောက်ချင်း ကိုကြီးကျော်က ဆီးပြောတယ်။ ကျွန်တော်ချက်ချင်း သိလိုက်တယ်။ ကျွန်တော်နဲ့ ခုအချိန် အရေးတကြီး တွေ့ချင်ရာဆိုလို့ 'အချစ်'ပဲ ရှိတယ်မဟုတ်လား။ ဒါပေမယ့် မသိချင်ယောင် ဆောင်လိုက်တယ်။

"ဘယ်သူလဲ ကိုကြီးကျော်"

"ချီး၊ မင်းသိရဲ့သားနဲ့ကွာ"



Generated by CamScanner from intsig.com

"တကယ်မသိတာပါဗျ၊ ဘယ်သူလဲ ဖေဖေ လိုက်လာလို့လား"

"ကလေးကလား လုပ်မနေစမ်းနဲ့ကွာ၊ ဘယ်သူရှိရမှာလဲ မင့်ကောင်မလေးပေါ့၊ ခုနမှ ထပြန်သွားတာ"

ကျွန်တော်အရေးမစိုက်တဲ့ အိုက်တင်မျိုး လုပ်ပြလိုက်တယ်။ဒါပေမယ့် စိတ်ထဲမှာတော့ တော်တော်ဝမ်းသာနေပြီ။ ဟုတ်တယ် ဟုတ်တယ်။ နှစ်မျိုးဝမ်းသာတာ။ တစ်မျိုးက 'အချစ်'နဲ့ ပြန်တွေ့ကြဖို့ အခွင့်အရေးရလာလို့ ဝမ်းသာတာ။ အင်းလေ သူကစပြီး တွေ့ဖို့ကြိုးစား တာဆိုတော့ ဘာကိစ္စလဲဆိုပြီး 'အချစ်'ကို သွားမေးလို့ရတယ်မဟုတ်လား။ အပေါ်စီးကနေလေ သိတယ်မဟုတ်လား။ နောက်တမျိုးကတော့ ကျွန်တော်ရဲ့ 'အချစ်လက်နက်'ဒဏ်ကို 'အချစ်'ကောင်းကောင်းကြီး ခံနေရပြီဆိုပြီး 'အချစ်ကျားနာခဲ' ခဲလိုက်ရတဲ့အနေမျိုး ဝမ်းသာတာ။ ဒါပေမယ့် ကျွန်တော် ဝမ်းမသာသလိုဘဲ နေလိုက်တယ်။

ကိုကြီးကျော်ကတော့ ကျွန်တော်ဝမ်းသာနေတာကို သိနေသလိုပဲ။

"ဟေ့ကောင် ဒါ အရေးကြီးတဲ့ကိစ္စကွ၊ မင်းအိုက်တင်ခံမနေနဲ့"

"ဘာ အိုက်တင်ခံရမှာလဲ၊ ခင်ဗျားပဲပြောတော့ 'အေး'ကို မရလဲ နောက်အသစ်တွေ ပုံလို့ဆို"

"ငါပြောတာ မင်းနားမလည်တာ ခက်တယ်ကွာ"

ကိုကြီးကျော်က သက်ပြင်းချပြန်ရော။ ခက်တာပဲ၊ သူ့ဘာသာတွေပြောချင်မှန်း ကျွန်တော်က တကယ်ကိုမသိတာ။

"ကဲ ဟေ့ကောင် ဘာကိစ္စကားဂိတ် လိုက်သွားကြည့်အုံးကွာ။ ရှိလဲ

ဒီပြန်ခေါ်ခဲ့၊ ငါ လက်ဘက်ရည်ဆိုင်ဘက် သွားနေပေးမယ်''

''မသွားဘူးဗျာ''

''မင်းကလဲကွာ၊ သွားချင်နေရက်သားနဲ့'' ·

ကိုကြီးကျော်က သူ့အပေါ်အင်္ကျီကလေးကိုင်ပြီး အိမ်ပေါ်က အရင်ဆင်းသွားတယ်။ ကျွန်တော်ဆုံးဖြတ်လိုက်တယ်။ 'အချစ်'ဆီ လိုက်မသွားတော့ဘူး။ ခုနေ လိုက်သွားပြီး တွေ့လိုက်ရလို့တော့ ''စိတ်ကောက်နေလား၊ မောင်စိတ်ကောက်ပြေအောင် မောင့်ကို 'အေး'နမ်းမယ်လေ။ နဖူးလား၊ ပါးလား၊ လည်ပင်းလား၊ ပါးစပ်လား၊ နှာခေါင်းလား၊ မျက်လုံးလား။ ပြီးကျတော့ မေးရိုးလား''ဆိုတာလောက်နဲ့တွင် ပြီးသွားမှာ။ ကျွန်တော်ကလဲ အဲလောက်နဲ့တင် ကျေနပ်မိမှာ။ နောက်ထပ် တစ်ပတ်လောက် 'အချစ်' နဲ့မတွေ့ဘဲ နေပြလိုက်ရင် ''လက်ထပ်ကြမယ်လေ''ဆိုတဲ့အဆင့်ထိ ရောက်လာမယ်လို့ ကျွန်တော်ထင်နေတယ်။ ပြီးကျတော့ ကိုကြီးကျော်ပြောတဲ့ ''မင်းကလဲကွာ သွားချင်ရက်သားနဲ့''ဆိုတဲ့စကားကိုလဲ ကျွန်တော် မခံနိုင်ဘူး။ အနှာပေါ် မီးပွားကျသလိုလေ သိတယ်မဟုတ်လား။

''ဟော့ကောင် ဘယ်လိုက်လာတာလဲ''

''လက်ဘက်ရည်သောက်ချင်လို့''

ကိုကြီးကျော်က တက်တချက်ခေါက်လိုက်တယ်။ ပြီးကျတော့ ကျွန်တော့်ကိုမကြည့်ဘဲ ဟားတိုက်ရီနေတယ်။

❊ ❊ ❊



Generated by CamScanner from intsig.com

# ၁၄။

ဖေဖေဆိပြန်မရောက်တဲ့ ဆယ်ရက်လောက်အတောအတွင်း ကျွန်တော့်အခြေအနေကိုပြောပြမယ်။ အခြေအနေဆိုပေမယ့် နှစ်ခုထဲပါ။ တစ်ခုက 'အချစ်' ကိစ္စ။ နောက်တစ်ခုက 'ဝက်' ကိစ္စ။ 'အချစ်' ကိစ္စကတော့ သိပြီးကြပြီမဟုတ်လား။ ခု ကျွန်တော်ပြောပြမှာက 'ဝက်' ကိစ္စ။ အင်းလေ ငွေကိစ္စပေါ့။ 'ငွေ' ကိစ္စကိုပြောလိုက်ရင် အားလုံးပြည့်စုံပြီပဲ။ ငွေရှိရင် ကျွန်တော့်အဖို့ ဘာမဆို မဟုတ်လား။

ဖေဖေ့အိမ်က ထွက်လာတုန်းက ကျွန်တော့်အိတ်ထဲမှာ ငွေငါးရာ

လောက်ပါတယ်။ အင်းလေ အဲလောက်ကတော့ အမြဲလိုလို ကျွန်တော့်မှာ ရှိနေတတ်တာပဲဟာ။ ဘာဆန်းတာမှတ်လို့။

ဒါပေမယ့် ဆယ်ရက်ရှိပြီ။ ဆယ်ရက်ကို ငွေငါးရာ။ တရက်ကို ငွေငါးဆယ်။ ဘယ်လောက်ပါ့မလဲ။ ကိုကြီးကျော်တို့အိမ်ကနေ မြို့ထဲ တစ်ခေါက်ထွက်၊ မြို့ထဲကနေ ကိုကြီးကျော်အိမ်ပြန်ရောက်ရင် သိပ်သေချာတာပေါ့၊ တစ်ဂါလံ။ မဟုတ်ဘူးလေ။ ဓာတ်ဆီကိုပြောပါတယ်။ ကျွန်တော့်ကားက ဓာတ်ဆီသိပ်စားတာ။ ကျွန်တော်အသုံးအဖြုန်းကြီးသလိုပေါ့။ ဓာတ်ဆီဖိုးတင် တစ်နေ့ ဆယ့်လေးငါးကျပ်။

အဲဒီတော့ တစ်ပတ်မပြည့်ခင် ကျွန်တော့်မှာပါလာတဲ့ ငွေငါးရာ ကုန်သွားတယ်။ ဖေဖေ့ဆီ ဒါမှမဟုတ် ဖွားဖွားဆီသွားတောင်းရင် ရမှန်း သိပေမယ့် ကျွန်တော်အိမ်ဘက်ကို ခြေဦးကလေးတောင် မလှဲ့ခဲ့ဘူး။ စိတ်နာလို့။ ဒါပေမယ့် ကျွန်တော် ဘယ်လောက်စိတ်နာနေသလဲဆိုတာတော့ မပြောပြတော့ပါဘူးနော်။ လေကုန်တယ်။ ကြည့်လေ ဖေဖေ ခုလောက်ဆို ကျွန်တော့်ကို အဆက်အသွယ်ကလေး ဘာလေး လုပ်ဖို့ကောင်းပြီ။ ကျောင်းမှာသွားမေးရင်လဲ ကျွန်တော်ဘယ်မှာရှိတတ်တယ်ဆိုတာ သိနိုင်သားပဲ။ ဟုတ်တယ်မဟုတ်လား။ မေမေလဲ ကျွန်တော့်ကို စိတ်ကောက်နေပြီနဲ့ တူတယ်။

ကျွန်တော် စောမြဝင်းဆီက ငွေငါးရာသွားချေးတယ်။ သူ့မှာ လောလောဆယ် သုံးရာပဲ အပိုရှိနေလို့ သုံးရာပဲရခဲ့တယ်။ သူ့ဖားသားကြီး ဆီမှာ လှည့်ကြည့်အုံးမယ်လို့လဲ ကျွန်တော့်ကိုမှာလိုက်တယ်။ ကျွန်တော်

အားတက်သွားတယ်။ ပေပေမရှိလဲ ကျွန်တော့်မှာ အပေါင်းအသင်းတွေ ရှိသားပဲ။ သိတယ်မဟုတ်လား။

ဒါပေမဲ့ ငွေတစ်ရာဆိုတာ တစ်ကျပ်ပေါင်းတခ်ရာနော်၊ ရုပ်ရှင် တစ်ခါကြည့် တစ်ယောက်မှ လေးကျပ်။ ခေါက်ဆွဲနှစ်ပွဲက ခုနစ်ကျပ်။ လေဟာပြင်ဈေးမှာ 'ဝက်ပတ်လည်' သွားစားအုံး တစ်ဆယ်ထားပါတော့။ ငွေတစ်ရာ ဒီတစ်နေ့တော့ ဘယ်ကုန်ပါ့မလဲ။

ကျွန်တော် 'မတူး'နဲ့ ဒီနေ့ လျှောက်လည်တယ်။ မဟုတ်ဘူးပေါ့ သူ့နာမယ်တော့ ကျွန်တော်ဘယ်သိမလဲ။ အသားကလေး ညိုညက်ညက်မို့ 'မတူး'လို့ ကျွန်တော်က ခေါ်လိုက်တာ။ သနားစရာတော့ကောင်းပါတယ်။ ကျွန်တော်က 'အချစ်'ရဲ့အစား အဖော်ရှာတာ။ သူက ကျွန်တော်နဲ့ ဘယ်နေ့ တွဲရမလဲလို့ စောင့်နေတဲ့ အငတ်မလေး။ ဟုတ်တယ် ဟုတ်တယ်။ 'ကြည်ရ အောင်'ရဲ့အချစ်ကို စောင့်နေတဲ့ 'အချစ်'ငတ်မလေး။ အချစ်ငတ်တယ် ဆိုတာ သိကြရဲ့လား။ ရုပ်ရှင်ကြည့်ချင်တာ၊ ရေမွှေးဝယ်ချင်တာ၊ မြင်းကားစီး ချင်တာလေ၊ သိတယ်မဟုတ်လား။

လက်ဖက်ရည်အချိုပေါ့ပေါ့ သောက်ဖူးကြသလား။ ကျွန်တော် ကတော့ လက်ဖက်ရည်သောက်ရင် အချိုပေါ့ပေါ့ခါးခါးမှ ဟုတ်တယ် လက်ဖက်ရည် ချိုချို အခါးပေါ့ပေါ့သောက်ရတာ သိပ်စိတ်ညစ်ဖို့ ကောင်း တာပဲ။ အီလည်လည်နဲ့။

'မတူး'နဲ့သွားရတာ လက်ဖက်ရည်ချိုချို အခါးပေါ့ပေါ့ သောက်ရ တာနဲ့ သိပ်တူတာဘဲ။ အီလည်လည်နဲ့။ ရင်ကြပ်နေတဲ့အခါ နှိုးဆိုဘူးဟာ

ဘယ်လောက်မှန်းဖို့ ကောင်းတတ်သလဲ။ စိတ်ညစ်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတဲ့အခါ စကားတွေအများကြီး လာအပြောခံနေရတာလဲ အဲလိုမျိုးပဲ။ 'မတူး'က အလွန်စကားများတဲ့ ကောင်မလေး။ တတွတ်တွတ်နဲ့ နားတယ် မရှိဘူး။ ဘယ်အကြောင်းကနေ ဘယ်အကြောင်းရောက်သွားမှန်းမသိဘူး။ ခုတစ်မျိုး နောက်ပြီးကျတစ်မျိုးနဲ့။ ဒါပေမယ့် 'မတူး'ပြောတဲ့စကားတွေကို ခြုံကြည့်လိုက်ရင်တော့ တူတာတစ်ခုရှိတယ်။ သူများတွေရဲ့ 'အတင်း'။ စကားများရတဲ့အထဲ သူများ'အတင်း'ပါ ပြောလာတော့ ကျွန်တော် စိတ်ပျက်မိတယ်။

ကျွန်တော်နဲ့တွဲသွားရလို့ သူဂုဏ်ယူနေတာလား။ ပြိုင်ကားစီးရလို့ ဂုဏ်ယူနေတာလားတော့ မသိဘူး။ ဟန်ပြပြနဲ့။ မီးပွိုင့်မှာရပ်နေတဲ့အခါ ကျွန်တော့်ကားဘေးမှာ လာရပ်တဲ့ကားတွေပေါ်က လူတွေက ကျွန်တော် တို့ကို ကြည့်နေရင်လဲ သူ့ကိုယ်သူ နေသာထိုင်သာရှိအောင် လုပ်နေတာလား၊ ဘေးကလူတွေ တမင်ကြည့်အောင် လုပ်နေတာလားတော့မသိဘူး။ စကား မရှိ စကားရှာပြီး ကျယ်လောင် ကျယ်လောင်လုပ်နေတတ်တယ်။ ဒါပေမယ့် စိတ်မဝင်စားဘဲ လျှောက်ပြောနေမှန်း သူ့နှုတ်ခမ်းကိုကြည့်ရင် အသိသာ ကြီးပဲ။ ဟန်လုပ်ပြီး စကားပြောတဲ့ နှုတ်ခမ်းရွဲ့တဲ့တဲ့ကို စိုက်ကြည့်နေပြီး ဘေးကအရောင်ထွက်သမျှ အရာတွေကိုသာ စိတ်ဝင်စားတတ်တဲ့ မျက်လုံး ကလေးတွေကိုကော မြင်ဘူးကြရဲ့လား။ မျက်လုံးတစ်ခုလုံး အနက်ရောင် တွေ ကွင်းထားပေမဲ့ အသစ်အဆန်းပေါ်သမျှကို လိုချင်နေတဲ့ ကောင်မလေး တွေ၊ ဘေးကဖြတ်သွားတဲ့ ကောင်မလေးတွေ ဘာဝတ်တယ်၊ ဘယ်သူနဲ့

တွဲသွားတယ်ဆိုတာကို ကြည့်ကြည့်နေတတ်တဲ့ ကောင်မလေးတွေ၊ သူကလွဲရင် တခြားကောင်မလေးတွေအားလုံးရဲ့ မကောင်းကြောင်း အပြစ်ရှာပြောတတ်တဲ့ ကောင်မလေးတွေကတော့ ကျွန်တော့်အဖို့ ပေါမှပေါ။

ဒီကနေ့ဆိုရင် 'မတူး'ပေါ့။

ကိုကြီးကျော် လမ်းထိပ်က ထွက်စောင့်နေတယ်။ ဘာလို့လဲ။ ကိုကြီးကျော်ဟာ ဘယ်တော့မှ အရေးတကြီး အလုပ်လုပ်တတ်တဲ့လူ မဟုတ်ဘူး။ ခပ်လှမ်းလှမ်းကတည်းက သူလမ်းထိပ်မှာ ကျွန်တော့်ကို ထွက်မျှော်နေမှန်းသိရတယ်။ ဘာလို့ဆို ကျွန်တော့်ကား လာနေတာလဲ မြင်ရော ကားဆီကိုကြိုပြီး လျှောက်လာတာကို မြင်ရလို့။ ကျွန်တော်က သွားနေတဲ့လူ၊ သူက ရပ်နေတဲ့လူ အချိန်တန်ရင်တော့ သူ့အနားကို ကျွန်တော် ရောက်လာမှာဘဲမဟုတ်လား။ ဘာလို့သူက ကျွန်တော့်ကားဆီကို ကြိုပြီး လျှောက်လာရပါသလဲ။ ကျွန်တော်စိတ်ပူသွားတယ်။ တစ်ခုခုတော့-

"မင်း ဘာလို့နောက်ကျနေတာလဲ"

"လျှောက်လည်နေလို့"

"ခု လည်ပြီးခဲ့ပြီလား"

"ခု အိပ်တော့မလို့"

ကျွန်တော့်ဘေးမှာ ကိုကြီးကျော်က ဝင်ထိုင်လိုက်တယ်။ သူ့မျက်နှာက တော်တော်လေးနက်နေပုံရတယ်။ သူသက်ပြင်းချနေပြီ။ ဘာများလဲ။

"မင်းအားရင်တော့ ငါနဲ့ခဏလိုက်ခဲ့ကွာ"

"ကိုကြီးကျော် ကိစ္စလား"



Generated by CamScanner from intsig.com

မြင့်ကို ● ၀၁၀၀
၈၄လမ်း၊ ၄၁-၄၂ ကြား၊ မန္တလေး၊

"မဟုတ်ဘူး မင်းကိုစ္စ"

"ကျွန်တော့်ကိစ္စ"

"မဟုတ်ဘူး မဟုတ်ဘူးကွာ ငါနောက်မှ ပြောတော့မယ်။ မဟုတ်ဘူး၊ မဟုတ်ဘူး ငါပြောစရာကို လိုမယ်မထင်ဘူး"

"ဟာ ခင်ဗျားဟာက ဘာတွေလဲဗျ"

"မင်း အားရင်တော့ ငါနဲ့စကားလိုက်ခဲ့ပါကွာ"

ဘာလဲဖြစ်ဖြစ် လိုက်သွားဖို့ ကျွန်တော်အသင့်ဖြစ်နေပြီ၊ အမြဲတမ်း အေးစက်စက်နေတတ်တဲ့ကိုကြီးကျော်ဟာ ခုဘာလို့ ပြာရာတော်နေရပါ သလဲ။ ကျွန်တော့်ကားကို တအားမောင်းထွက်ခဲ့တယ်။ ဟုတ်တယ်။ ကျွန်တော့်ရင် သိပ်ခုန်လာရင် ဒီလိုပဲ သိပ်မြန်မြန်မောင်းတတ်တယ်။ ကျွန်တော်ကတော့ အမြဲရင်ခုန်နေရတာပါလေ။ ပြိုင်ကား အမြဲမောင်း နေတဲ့လူ မဟုတ်လား။

"ဘယ်မောင်းရမလဲ"

"ကျောက်မြောင်း"

"ဘာလဲ ကိုတင်ကြီးတို့အိမ်လား"

ကိုကြီးကျော်က ခေါင်းငြိမ့်ပြတယ်။ သူသိပ်စကားပြောချင်နေပုံ မရဘူး။ ကိုတင်ကြီးဆိုတာက သူနဲ့ ဆွေမျိုးအဝေးကြီးတော်တဲ့လူ။ ဒါပေမယ့် ခေါ်တာ၊ ဟုတ်တယ် ကိုတင်ကြီးမိန်းမ မမ 'မ'ကလေး ခေါ်တာဘဲ။ မဟုတ်ဘူးလေ၊ သူ့နာမယ်က 'မ'။ ကျွန်တော့်ထက် အသက်ကြီးလို့ ကျွန်တော်က မမ 'မ'လို့ခေါ်တာ။



Generated by CamScanner from intsig.com

သူတို့အိမ်ကို ကျွန်တော်နှစ်ခါသုံးခါပဲ ရောက်ဖူးတယ်။ ဒါပေမယ့် ကျွန်တော့်ကိုလဲ သူတို့က ခင်ကြပါတယ်လေ။ ဘယ်လောက်ခင်သလဲဆိုတာတော့ ဒေါက်တာတင်ကြီးရယ် ကျွန်တော်ရယ် နှစ်ယောက်တည်းပဲ သိကြတယ်။ ဘာလို့ဆို ကျွန်တော်တို့နှစ်ယောက်တည်းသိမှ ဖြစ်မယ့်အကူအညီတစ်ခုကို ဒေါက်တာတင်ကြီးက ပေးဘူးလို့။

"ကျွန်တော်ပါလိုက်မှ ပြီးမှာမို့လား ကိုကြီးကျော်"

"အေး"

"ကျွန်တော်နဲ့သူတို့နဲ့ အရေးတကြီး တွေ့စရာမရှိပါဘူး"

"ငါ့ကိစ္စအတွက်နဲ့ မင်းမော်တော်ကားကို ဘယ်တုန်းက အသုံးချဘူးလို့လဲ"

"ဆောရီး ကျွန်တော် ဒီသဘောပြောတာမဟုတ်ပါဘူး"

"မင်းသိပ်သိချင်နေသလား"

"ကျွန်တော်စိတ်ပူနေတယ်ဗျာ"

ကိုကြီးကျော် သက်ပြင်းချပြန်ပြီ။ ကိုကြီးကျော်ရယ် "အချစ်"ရယ် နှစ်ယောက် သက်ပြင်းချရင် ကျွန်တော်သိပ်စိတ်ပူတာပဲ။ တစ်ခုခု မလေးနက်ဘဲ သူတို့ ဘယ်တော့မှ အလကားသက်ပြင်းမချတတ်ဘူး။

"မနက်က မင်းကောင်မလေး လာသွားတယ်"

"အဲဒါဘာဖြစ်လဲ"

"အောင်အောင် မင်းကိစ္စကို ငါဘယ်တော့မှ အသေးအဖွဲလို့ သဘောမထားဘူးကွ အဲဒါမင်းသိရဲ့လား၊ အေး မင်းက မင်းကောင်မလေး

အကြောင်း ငါပြောလိုင်း စိတ်မဝင်စားသလို အရေးမစိုက်သလို လုပ်လုပ် နေတတ်တယ်''

''ကျွန်တော် အရေးမစိုက်ချင်တော့ဘူး''

''မရဘူးကွ၊ မင်း စ,မိနေပြီ''

''ဟုတ်သားယ်၊ စ,ချင်းပြန်ဆုတ်တာ ပိုလွယ်လိမ့်မယ်၊ ခင်ဗျားတို့ပဲ ပြောတယ်မဟုတ်လား၊ ကျွန်တော်တို့ လက်မထပ်ဖြစ်ရင် ကောင်းမယ် လို့လေ''

''ကောင်းမယ်လို့ ငါမပြောပါဘူး၊ စောသေးတယ်လို့ပဲ ပြောတာ ပါ''

''အင်းလေ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားက ကျွန်တော့်ထက်ပိုပြီး ရှစ်ခဲ့ဘူးတဲ့လူ၊ ပိုပြီး အလူးအလိမ့် ခံရဘူးတဲ့လူဆိုတော့ ခင်ဗျားစကား ကျွန်တော် နားထောင်ရမှာပေါ့''

''မင်းငါ့ကို မရိန့်ကွာ၊ ငါက ကောင်းမယ်ထင်တာကို ပြောတာပါ။ မင်းကလဲ မင်းကောင်းမယ်ထင်တာကို လုပ်နိုင်တာပဲ။ နို မင်းခြေတစ်လှမ်း ကျွံမိပြီမဟုတ်လား''

''နောက်ခြေတဖက် ကျန်ပါသေးတယ်ဗျာ''

''မင်း ယောကျ်ားမဟုတ်ဘူးလား''

ဟုတ်တယ်။ ကျွန်တော်ကယောကျ်ားပဲ။ ဒါပေမယ့် ယောကျ်ား ဆိုတာ ဝမ်းမနဲ့ရဘူးလား။ စိတ်မကောက်ရဘူးလား။ ခုကျွန်တော် သူတို့ကို စိတ်ကောက်ပြနေတာလေ။ သိတယ်မဟုတ်လား။ တကယ်တော့ ကျွန်တော့်



Generated by CamScanner from intsig.com

မျက်စိထဲမှာ 'အချစ်'ရဲ့ အရုပ်ကလေးကပ်နေတယ်။ ကျွန်တော့် နားထဲမှာ 'အချစ်'ရဲ့ တိုးတိုးသံကလေးတွေ။ ကျွန်တော့်နှာခေါင်းထဲမှာ 'အချစ်'ရဲ့ 'အချစ်နံ့'။ ကျွန်တော်ပါးပေါ်မှာ 'အချစ်'ရဲ့ အနမ်းကလေးတွေ။ ဒါပေမယ့် ကျွန်တော်ဟန်ဆောင်နေနိုင်ပါ့မလဲ။

ကိုကြီးကျော်က 'အချစ်'ရဲ့အကြောင်းကို စိတ်ဝင်စားလာပြီဆိုတော့လဲ ကျွန်တော်ဝမ်းသာမိပြန်ရော။ မြဲသိပ်အောင့်အီးထားပြီး ဟန်ဆောင်နေခဲ့တဲ့ လူစွမ်းကောင်းကြီး ကျွန်တော်။ သတ္တိတွေ ဘာလို့ကြောင်နေပြန်ပြီလဲ။ တကယ်တော့ ဝမ်းသာစရာဖြစ်ဖြစ်၊ ဝမ်းနဲစရာဖြစ်ဖြစ် ပြောစရာရှိလာရင် ကျွန်တော်ကြာကြာ ထိန်းမထားနိုင်တတ်ပါဘူးလေ။

ကောင်မလေးတွေဟာ သူတို့ရင်ထဲမှာ ပြောချင်လွန်းလွန်းအားကြီးနေတဲ့စကားတွေ အထပ်ထပ်နဲ့ ပြည့်ကြပ်လာပြီဆိုရင် အဲဒီစကားတွေပြောဖို့ အခွင့်အလမ်းပေးလာတဲ့လူရဲ့ ရင်ခွင်ထဲမှာ ခေါင်းမှီပြီးပြောချင်တဲ့ စကားတွေရော၊ မျက်ရည်တွေပါ အန်ထုတ်တတ်ကြတယ် မှတ်လား။ ကျွန်တော်ကတော့ ကောင်ကလေးဘဲ၊ ကိုကြီးကျော်ရဲ့ရင်ခွင်မှာ ခေါင်းမှီလို့ ဘယ်ဖြစ်ပါ့မလဲ။ ငိုလို့ကော ဘယ်ဖြစ်ပါ့မလဲ။ ဒါပေမယ့် ပြောတော့ ပြောပြချင်နေတယ်။ ပြောဖို့ရာစကားတွေ ရွေးကြည့်တော့ လုလုပပ ရှာမရဘူး။ စိစိရိရိ ထွက်မလာဘူး။ တစ်ခုထဲရယ်၊ ဟုတ်တယ် ဟုတ်တယ်။ ပြောနေကျတစ်ခုထဲရယ်။

"ကျွန်တော် 'အေး'ကို လက်ထပ်ချင်တယ် ကိုကြီးကျော်".

"ငါသိပါတယ် ငါ့ညီရယ်။ ငါ ကောင်းကောင်းကြီးသိပါတယ်"



Generated by CamScanner from intsig.com

ကျွန်တော် ဝမ်းနဲသွားတယ်။

ကိုကြီးကျော်က ကျွန်တော့်ကို စိုက်ကြည့်နေပြီ။ တစ်ခုခုကို သူ လေးလေးနက်နက် ဆုံးဖြတ်ပြီးပုံရတယ်။ သက်ပြင်းမချတော့ပေမယ့် သူ့မျက်နှာက သိပ်ပြတ်သားနေပြီ။ ကျွန်တော် သူ့ကို မကြည့်ရဲတော့ဘူး။

"မင်း သူ့ကို ဘာလို့လက်ထပ်ချင်ရတာလဲ"

ကျွန်တော် မဖြေချင်တော့ဘူး။

"မင်း သူ့ကို ဘယ်လောက်ထိ ချစ်နိုင်သလဲ"

ကျွန်တော် မဖြေချင်တော့ဘူး။

"မင်း သူ့အတွက် ဘယ်လောက်စွန့်လွှတ်နိုင်သလဲ"

ကျွန်တော် မဖြေချင်တော့ဘူး။

"မင်း သူ့ကို ဘာအာမခံချက်တွေ ပေးနိုင်သလဲ"

ကျွန်တော် မဖြေချင်တော့ဘူး။

"မင်း သူ့ကို ချစ်တယ်ဆိုကွ"

ကျွန်တော် မဖြေချင်တော့ဘူး။

"မင်း 'အချစ်'အကြောင်းကို သိတယ်ဆိုကွ။ ဘယ်လောက်သိသလဲ ပြောကောင်း မင်းဘယ်လောက်ထိ သိသလဲ"

ကျွန်တော့်ဒေါသကို ထိန်းလို့မရနိုင်တော့ဘူး။ ကျွန်တော်ဘယ်လောက်ထိ ဝမ်းနဲနေရပြီလဲ။ ကျွန်တော့်ကို ကိုကြီးကျော် ဘယ်လောက်ထိ နှိပ်စက်နေပြီလဲ။ ဒါတွေမေးဖို့ ကျွန်တော့်ကို ခေါ်လာတာလား။ 'အချစ်'နဲ့ ကျွန်တော့်ကိစ္စကို သူ ဒါလောက်ထိ တစ်ခါမှ စိတ်မဝင်စားဖူးဘူး။ ခု

သူ ဘာတွေဖြစ်နေသလဲ။ ကျွန်တော် ကားကို ဆောင့်ပြီးရပ်လိုက်တယ်။

"မရပ်နဲ့ အချိန်သိပ်မရဘူး။ သူတို့ဆေးခန်းမသွားခင် အိမ်အရောက် သွားချင်တယ်"

ကိုကြီးကျော်က အမိန့်ပေးနေပြီ။ ကျွန်တော် ဘာလို့ ကားကို ပြန်မောင်းထွက်မိသလဲ။ ကိုကြီးကျော်စကားကို ဘာလို့နားထောင်မိနေသလဲ။ ကိုကြီးကျော်ရဲ့ မျက်လုံးတွေက ဘာလို့ အရောင်ထွက်နေကြသလဲ။

"ငါမေးတာ မင်းမဖြေရသေးဘူး။ မင်း 'အချစ်'အကြောင်း ဘယ်လောက်သိသလဲဆိုတာ"

"မသိဘူး၊ မသိဘူး"

"အေး သိပ်ကောင်းတာပေါ့ကွာ 'အချစ်'အကြောင်း မသိဘူးဆိုတာ"

"မှတ်ဖူး၊ မှတ်ဖူး၊ သိတယ်။ ဒါပေမယ့် ကျွန်တော့်'အချစ်' အကြောင်းပဲ ကျွန်တော်သိတယ်။"

"မင်း သူနဲ့မတွေ့တာ ဘယ်လောက်ကြာပလဲ"

"ဆယ်ရက်"

"မင်းပြောခဲ့ဘူးတဲ့စကားကို မှတ်မိသလား။ 'အချစ်'မှာ အချိန်မရှိဘူးဆိုတာလေ"

ကျွန်တော် ဘာမှမဖြေဘူး။ ဟုတ်သားပဲ။ ကျွန်တော်ကလဲ အဲလိုမျိုး ပြောခဲ့ဘူးသားပဲ။

"အေး 'အချစ်'မှာ အချိန်မရှိသလို အရွယ်ဆိုတာမှာလဲ အချိန်မရှိ



Generated by CamScanner from intsig.com

ဘူးကွ။ သိရဲ့လား''

''ဘာဖြစ်နေတာလဲ ကိုကြီးကျော်၊ သူ တစ်ခုခု ဖြစ်နေပြီလား''

ကိုကြီးကျော်က ဖြေးဖြေးလေး ခေါင်းငြိမ့်ပြတယ်။

''သူ၊ အခု ရောဂါတစ်ခုခုဖြစ်နေပြီပေါ့၊ ဟုတ်လား''

ကိုကြီးကျော်က ဖြေးဖြေးလေး ခေါင်းငြိမ့်ပြတယ်။

တစ်ခုဂ ''ခင်ဗျား၊ ဘာလို့ ကြိုမပြောလဲ၊ ခင်ဗျား၊ ဘာလို့ ကျွန်တော့်ကို ကြိုမပြောလဲ''

'အချစ်'မှာ ရောဂါတစ်ခုခုရှိနေတာကို ကိုကြီးကျော် ဘာလို့ ကျွန်တော့်ကို ကြိုမပြောခဲ့သလဲ။ ခုမှ ဘာလို့ သူက အရေးကြီးနေရတာလဲ။ 'အချစ်'ရောဂါက သိပ်အရေးကြီးနေပြီလား။ 'အချစ်'မှာ ရောဂါတစ်ခုခု ရှိနေတာ ကျွန်တော့်အရင် ကိုကြီးကျော်သိသွားတာ ကျွန်တော်မနာလိုဘူး၊ အဲဒီအကြောင်း 'အချစ်'သိသွားရင် ကျွန်တော့်ကို ဘယ်လောက်အထင်သေးလိုက်မလဲ။ ပြီးကျတော့ 'အချစ်'ကျွန်တော့်ကို လာရှာတယ် ဆိုတာကော။ သူ့ရောဂါနဲ့ပတ်သက်နေလို့လား။ အဲ့လိုဆိုရင် 'အချစ်' ဘယ်လောက် ဝမ်းနဲနေလိမ့်မလဲ။

''ငါလဲ ဒီနေ့မှ အကြောင်းစုံလို့ ပြောကြရင်းကမှ သိလာခဲ့တာ။ သိသိချင်း သူတို့လင်မယား ဆေးတိုက်မသွားခင် မင့်ကိုခေါ်ပြီး အိမ်လာတွေ့ပါမယ်လို့ မှာထားခဲ့တယ်''

''ဘာရောဂါတဲ့လဲ ကိုကြီးကျော်''

''ငါပြောတာထက် သူတို့ပြောပြရင် မင်းပိုနားလည်မှာပါ''



Generated by CamScanner from intsig.com

"အသက်အန္တရာယ် ထိခိုက်နိုင်သလား"

ကိုကြီးကျော်မျက်နှာပျက်သွားတယ်။ တော်တော်စိတ်မကောင်းတဲ့ မျက်လုံးတွေနဲ့ ကျွန်တော့်ကို ကြည့်လိုက်တယ်။ ကျွန်တော့်ရင်ထဲမှာ ပူလိုက်တာ။

"ငါ စိတ်မကောင်းဘူး ညီလေးရာ"

ကျွန်တော့်ကားကို ရပ်လိုက်မိပြန်ပြီ။

ကျွန်တော့်ကားက အမိုးဖွင့်ထားတော့၊ ကားတံခါးမဖွင့်ဘဲ ကား ပေါ်က ခုန်ဆင်းလိုက်တယ်။ ကိုကြီးကျော်ထိုင်နေတဲ့ဘက်ကို ကျွန်တော် ကွေ့ပြေးသွားတယ်။ ဟီးနိုးကားကြီးတစ်စင်း ကျွန်တော့်ဘေးက ပွတ်ပြီး ရှောင်သွားတယ်နဲ့တူပါတယ်။ ကိုကြီးကျော်ဘက်က ကားတံခါးကို တအား ဆွဲဖွင့်လိုက်တယ်။

"ခင်ဗျားကြီး ဆင်းတော့"

ကိုကြီးကျော်က ဘာမှ ပြန်မပြောဘူး။ ကျွန်တော့်ကိုလဲ မကြည့်ဘူး။ ကားပေါ်က ဖြေးဖြေးချင်း ဆင်းလိုက်တယ်။ ကျွန်တော့်အသားတွေ ဆတ်ဆတ်တုန်နေတယ်။ ကိုကြီးကျော်ရဲ့ရင်ဘတ်ကို ဆောင့်ဆွဲလိုက်တယ်။ ကိုကြီးကျော်ရဲ့မျက်လုံးက ဝင်းနေတာပဲ။ ကျွန်တော်သူ့ကို မကြည့်ဘဲ၊ ဆွဲထိုးပစ်လိုက်တယ်။ သူ ကတ္တရာလမ်းမပေါ် ပုံရက်သားလဲကျသွားမယ်လို့ ကျွန်တော်မထင်ခဲ့ဘူး။

ကိုကြီးကျော်က သူ့ပါးကိုပွတ်ရင်း ထလာတယ်။ ပြီးကျတော့ ပြုံးနေကျအပြုံးမျိုးနဲ့။



Generated by CamScanner from intsig.com

"ငါ နှစ်ခု စိတ်မကောင်းဘူးကွာ"

ကျွန်တော် ကားတံခါးဘောင်ကို လက်ထောက်ပြီး ငိုင်နေမိတယ်။ ဝမ်းလဲမနဲဘူးထင်တယ်။ ဒေါသလဲ မဖြစ်ဘူးထင်တယ်။ ဒါပေမယ့် ဘာတွေဖြစ်နေမှန်းလဲ မသိတော့ဘူးထင်တယ်။

"တစ်ခုက မင်းကောင်မလေးအတွက် စိတ်မကောင်းတာ။ နောက် တစ်ခုက မင်းအတွက်"

"ဘာလို့လဲ"

"မင်း အခု လူးနေအောင် လိမ့်နေအောင် ချစ်တတ်နေပြီမို့လို့"

ကိုကြီးကျော်က ကျွန်တော့်ပုခုန်းကို လာဖက်တယ်။ လိုက်ကနဲဖြစ် သွားတယ်။ ကျွန်တော်တို့ ကားပေါ်ပြန်တက်ပြီး ကျောက်မြောင်းဘက်ကို ဆက်မောင်းလာခဲ့တယ်။

ဒေါက်တာတင်ကြီးနဲ့ မမ 'မ'တို့ဆေးတိုက်သွားခါနီးလေးကပ်ပြီး ရောက်သွားတယ်။ ကျွန်တော်နဲ့ကိုကြီးကျော် စိတ်လှုပ်ရှားနေသလောက် သူတို့ကတော့ အေးအေးကလေးပဲ။ ဒါပေမယ့် သူတို့ကတော့ ဒေါက်တာ တွေပဲလေ။ သိတယ်မှတ်လား။

"ကျွန်တော်စိတ်မကောင်းပါဘူး ကိုကြည်ရအောင်။ အဲဒီ မိန်းခလေး"

" 'အေး'လို့ ခေါ်ပါတယ် ဒေါက်တာ"

"ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒီ 'အေး'ဆိုတဲ့မိန်းခလေးက ကျွန်တော့်မိန်းမဆီမှာ ဆေးကုနေတာကြာပါပြီ။ မနက်ကမှ 'လူကီးမီးယား'



Generated by CamScanner from intsig.com

ရောဂါအကြောင်း ပြောကြရင်းနဲ့ ဟော့ဒီ 'ကိုကျော်'က အဲဒါ ခင်ဗျား လက်ထပ်မယ့် မိန်းခလေးမှန်းပြောပြလို့ ကျွန်တော်တို့သိရတာပဲ။ စိတ် မကောင်းပါဘူးဗျာ။ တကယ်ပါ''

''ဒါပေမယ့် 'အေး'က ကျွန်တော့်ကို ဘာမှ ဖွင့်မပြောခဲ့ဘူး ဒေါက်တာ။ နောက်ပြီး သူ့ကိုကြည့်ရတာလဲ ဘာမှမဖြစ်သလိုဘဲ''

''အသားတွေ တဖြေးဖြေး ဖြူဖတ်ဖြူယော်ဖြစ်လာပြီး မူးတတ် မော်တတ်လာတာကလွဲရင် သိပ်တော့ မသိသာလှပါဘူး၊ ပြီးတော့ ခင်ဗျား မိန်းခလေးက သတ္တိခဲဗျ။ သူ့အခြေအနေကို သူသိနေပေမယ့် ဟန်မပျက်ဘူး။ ကျွန်တော်တို့က ဆေးရုံတက်ဖို့ပြောပေမယ့်လဲ ခပ်ပြုံးပြုံးပဲ။ ခေါင်းခါပြ တတ်တယ်။ ဒါကြောင့်လဲ ခင်ဗျားကို သူ ဖွင့်မပြောတာ နေမှာပေါ့''

ကြည့်စမ်းပါဦး 'အချစ်'ရယ်။ 'အချစ်'အကြောင်းဟာ မောင့် အကြောင်းပေါ့။ မောင့်ကိုတော့ ပြောပြဖို့ကောင်းပါတယ်ကွယ်။ မောင့်ကို ချစ်တယ်ဆို။

'သူ့အခြေအနေကို သူသိနေတယ်ဆိုတာကတော့ ဘာလဲဒေါက်တာ'

ဒေါက်တာတင်ကြီးက သူ့မေးနောက်ကိုသူ ပွတ်လိုက်တယ်။ သူ့ခေါင်းကို သူ ညှိလိုက်တယ်။ ကျွန်တော့်ကို ပုတ်ခတ်ပုတ်ခတ်မျက်လုံးနဲ့ ကြည့်လိုက် တယ်။ ကျွန်တော့်ပါးစပ်ကို ရေမထားမိဘူး။ ကျွန်တော့်မျက်တောင်က မခတ်မိဘူး။ ဒေါက်တာတင်ကြီးကိုပဲ စိုက်ကြည့်နေမိတယ်။ ကျွန်တော့် ခြေဖျားတွေ တဆတ်ဆတ် တုန်နေတယ်။

''သူ ကြာကြာ မနေရတော့ဘူးလေ်တယ်ဗျာ''

Generated by CamScanner from intsig.com

ကျွန်တော် ကိုကြီးကျော်ကို စောင့်ပခေါ်တော့ဘဲ ကားပေါ်ခုန်တက်ပြီး မောင်းထွက်ခဲ့တယ်။

ကျွန်တော့်ရင်ထဲမှာ ကမ္ဘာ့အပူ။

ကျွန်တော့်ရင်ထဲမှာ ကမ္ဘာ့အေးမှာ။

ကျွန်တော့်နှလုံးခုန်သံ ကမ္ဘာ့အမြန်ဆုံး။

❊ ❊ ❊



Generated by CamScanner from intsig.com

## ၁၅။

'အချစ်အိမ်'

'အချစ်'နေတဲ့အိမ်ကို 'အချစ်အိမ်'လို့ ကျွန်တော်ခေါ်တယ်။ အဲဒီအိမ်ကို ခုတစ်ခါပဲ ကျွန်တော်ရောက်ဖူးသေးတယ်။ ဘာလို့ဆို 'အချစ်'က ပြောဘူးတယ် မှတ်လား။ သူ့အဆောင်ကို လိုက်မလာရဘူးလို့။ ရပ်ကွက်ထဲက သိကုန်မယ်လို့လေ။

ဒါပေမယ့် ခုတစ်ခါတော့ ကျွန်တော်မသွားလို့ မဖြစ်ဘူးထင်တယ်။ နောက်ပြီးကျတော့ 'အချစ်'က ကျွန်တော့်ကို လိုက်ရှာနေတယ်မှတ်လား။

Generated by CamScanner from intsig.com

ဒါဆို ကျွန်တော် အဆောင်ကိုလိုက်လာတာ 'အချစ်'က အိပ်ဆိုးမှာ မှတ်ပါဘူးနော်၊ စိတ်ဆိုးမယ်ဆိုလဲ ဆိုးပဲပေါ့လေ။ 'အချစ်'အိပ်ဆိုးမှာကို ကျွန်တော်ကောင်းကောင်းကြီး ခံနိုင်ရည် ရှိနေပြီပဲ။ 'အချစ်'အိပ်ဆိုးတဲ့အခါ ကျွန်တော်ပြုံးပြမှာပေါ့၊ ဒါပေမယ့် ကျွန်တော်မငိုချင်ဘူး၊ 'အချစ်'အိမ်ကို ကျွန်တော်လာပါရစေနော်၊

အိမ်က နှစ်ထပ်အိမ်လေး။ အောက်ထပ်မှာ အိမ်ရှင်ဧည့်နေပြီ၊ ကျောင်းသူတွေတော့ အပေါ်ထပ်မှာ ထားပုံရတယ်။ မိန်းမပျိုကြီး တစ်ယောက်က ကျွန်တော့်ကို အကဲခတ်ကြည့်ပြီး ဧည့်ခန်းမှာပဲ ထိုင်နေခိုင်းတယ်၊ 'အချစ်'ကို သူခေါ်ပေးမယ်တဲ့။

"ဒေါ်ဒေါ် ဟို သူနေကောင်းရဲ့လား"

မိန်းမကြီးက ကြောင်စီစီနဲ့ ကျွန်တော့်ကိုကြည့်တယ်။ ပြီးကျတော့ 'ကောင်းပါတယ်'လို့ ပြောရင်းထွက်သွားတယ်။ သူထွက်သွားတဲ့လှေကား အတိုင်း ကျွန်တော့်မျက်စေ့က ပါသွားတယ်။ 'အချစ်' အိပ်ရာထဲမှာ မှိန်းနေတယ်လို့လဲ မြင်တယ်။ သနပ်ခါးလိမ်းနေတယ်လို့လဲ မြင်တယ်။ လက်နောက်ပြန်ကြီး ဘော်လီကြယ်သီးတပ်နေတယ်လို့လဲ မြင်တယ်။ ပြီးကျတော့ ကုတင်တိုင်ကိုမှီပြီး စိတ်မောလူမော ဖြစ်နေတယ်လို့လဲ မြင်တယ်၊ အခုပါပဲလေ၊ ကျွန်တော် 'အချစ်'ကို မြင်နေကျ မဟုတ်တာမတွေ့ မှန်းပြီး မြင်ကြည့်နေတယ်၊ ဒါပေါ့။ 'အချစ်'အိမ်ကို စုတစ်ခါပဲ ကျွန်တော် ရောက်ဖူးသေးတာဆိုတော့ သူ့အိပ်ခန်းထဲမှာ သူ့တစ်ယောက်ထဲ ဘယ်လို နေမလဲဆိုတာတွေ ကျွန်တော်သိချင်နေတာပေါ့။

ခြေသံကြားတိုင်း ခုန မိန်းမကြီးတက်သွားတဲ့လှေကားကို ကျွန်တော် လှည့်လှည့်ကြည့်နေမိတယ်။ 'အချစ်'က ဘာလို့ကြာနေတာလဲ။ ရေချိုးနေလို့လား။ ဒါမှမဟုတ် ကျွန်တော့်ကို ချက်ချင်းဆင်းတွေ့ရမှာ ရှက်နေလို့လား။ ဟုတ်တယ် ဟုတ်တယ် 'အချစ်'နဲ့တွေ့မှာ ကျွန်တော်လဲ ရှက်နေတယ်။ ကျွန်တော်တို့ မတွေ့ကြရတာ ဆယ်ရက်ရှိသွားပြီပဲ။

'အချစ်' နဲ့တွေ့တွေ့ချင်း စပြောဖို့စကားတွေ ကျွန်တော်စဉ်းစားနေမိတယ်။ ဘာတွေပြောရင် ကောင်းမလဲ။ 'အချစ်'ရဲ့ ရောဂါအကြောင်းလား။ ကျွန်တော် ဘယ်လောက်လွမ်းနေတယ်ဆိုတဲ့အကြောင်းလား။ လက်ထပ်ကြဖို့ကိစ္စကို ပြန်ပြောရင်ကောင်းမလား။ ကျွန်တော်ဘာတွေပြောရမယ်မှန်း စဉ်းစားမရတော့ဘူး။ ရှုပ်နေပြီ။

စိတ်ပူတတ်ဖူးကြသလား။ စိတ်ပူတဲ့အခါ ဘယ်လောက်မောရသလဲ။ ဘယ်လောက်ရင်ခုန်ရသလဲ။

ခု ကျွန်တော်စိတ်ပူနေပြီ။ 'အချစ်'အတွက် စိတ်ပူနေရပြီ။ ဘာကိုမှ မတွေးတတ်တော့ဘူး။ မျက်စိထဲမှာ နေမကောင်းနေတဲ့ 'အချစ်'ကို မြင်နေတယ်။ နားထဲမှာ ဒေါက်တာတင်ကြီးရဲ့စကားကို ကြားနေရတယ်။ ကျွန်တော့်နှလုံးသားဟာ ခုန်တက်သွားပြီး ပြန်ကျမလာတော့သလိုဘဲ။ ကျွန်တော့်ဦးနှောက်ထဲက ဘာတစ်ခုမှ တိတိကျကျ အဖြေထွက်မလာဘူး။ 'အချစ်'နဲ့တွေ့ရင် ဘာကစပြောရမှန်းတောင် ကျွန်တော်မသိတော့ဘူးဖြစ်နေတယ် မှတ်လား။

အပေါ်ထပ်ကိုတက်တဲ့ လှေကားအလယ်ခေါင်လောက်က အထစ်



Generated by CamScanner from intsig.com

တထစ်က နင်းလိုက်တိုင်း 'ကျွိ'ကနဲမြည်မြည်သွားတတ်တယ်။ 'ကျွိ' 'ကျွိ'မြည်တိုင်း ကျွန်တော်လှည့်လှည့်ကြည့်နေရတယ်။

ဟော မြည်ပြန်ပြီ။ ဟုတ်တယ် ဟုတ်တယ်။ မိန်းမကြီး။ သူအရင် ဆင်းလာတယ်။ မိန်းမကြီး ကျွန်တော့်အနားကို ရောက်တဲ့အထိ လှေကား ထိပ်ကိုပဲ ကျွန်တော်ကြည့်နေမိတယ်။ ဒါပေမယ့် 'အချစ်'ခြေထောက် ကလေးတွေ ပေါ်မလာဘူး။ ဖနောင့်နီနီကလေး ဘာလို့ ကြာနေတာလဲ။

ချက်ချင်း ကျွန်တော် ဆုံးဖြတ်ရတော့မယ်။ မှတ်ဖူးလေ၊ 'အချစ်' ဆင်းလာတဲ့အခါမှာ တစ်ခုခုတော့ ကျွန်တော်ပြောရမှာပေါ့။ ဘာကစပြောရ မယ်ဆိုတာကို ကျွန်တော်ချက်ချင်းဆုံးဖြတ်မှ ဖြစ်မှာပေါ့။ ဟုတ်ပြီ ဟုတ်ပြီ၊ 'အချစ်နေကောင်းလား'ဆိုတာက စပြီးပြောမယ်။ ဒါဆိုရင် အကောင်းဆုံး ဘဲ။ ဘာလို့ဆို 'အချစ်'ကို ကျွန်တော်နေကောင်းစေချင်မှန်း 'အချစ်' သိသွားမယ်။ အဲဒီကျတော့ သူ့ကို ကျွန်တော်ဘယ်လောက်ဂရုစိုက်တယ်၊ ဘယ်လောက်လွမ်းနေတယ်၊ ဘယ်လောက်ထိ ချစ်နေသေးတယ်ဆိုတာ သူသိသွားမယ်။ ပြီးကျတော့ 'အချစ်'မှာ ဖြစ်နေတဲ့ ရောဂါနဲ့ပတ်သက်ပြီး ကျွန်တော်သိနေပြီလို့ ပြောလို့က မဖြစ်သေးဘူးမှတ်လား။ အဲဒီတော့ 'အချစ်' နေကောင်းလားလို့ မေးလိုက်ရင် သူ့ရောဂါအခြေအနေကိုပါ တစ်ခါထဲမေးပြီးသားလို ဖြစ်ရောပေါ့။ ဟုတ်တယ် မှတ်လား။ကောင်းတယ် ကောင်းတယ်။ အဲလို စကားစမယ်။ ဒါပေမယ့် ကျွန်တော်မျက်နှာပိုးလဲ သတ်ထားအုံးမှနော။ နို့မို့ဆို ကျွန်တော်မျက်နှာမကောင်းတာ သူသိသွားပြီး စိတ်မကောင်း ဖြစ်နေအုံးမယ်။



Generated by CamScanner from intsig.com

"ဒီမယ်မောင်ရင်"

"ကြည်ရအောင်ပါခင်ဗျာ"

"ဘာကွယ့်"

"ဩော် ကျွန်တော်နာမယ် ပြောတာပါ"

"ထားပါကွယ် ခု မိန်းခလေးက ပြောနိုင်းလိုက်တယ်။ သူကောင်းကောင်းနေမကောင်းလို့ ဆင်းမတွေ့နိုင်တော့ဘူးတဲ့"

"ခင်ဗျာ"

ကျွန်တော်သိပ်တုန်လှုပ်သွားတယ်။ 'အချစ်' နေမကောင်းဘူးတဲ့။ ကျွန်တော်သိပ်ဝမ်းနဲသွားတယ်။ "အချစ်" နေမကောင်းဘူးတဲ့။ ပြီးကျတော့ ကျွန်တော် သိပ်ဒေါသဖြစ်သွားတယ်။ မိန်းမကြီးညာတယ်။

"စောစောကပြောတော့ နေကောင်းတယ်ဆို"

"အေး စောစောကတော့ နေကောင်းနေတာ တွေ့တာပဲ"

"ကျွန်တော်တောင်းပန်ပါတယ် ဒေါ်ဒေါ်ရယ်၊ သူ့ကိုတွေ့ပါရစေ"

"သူက၊ နေမကောင်းဘူးလို့ ပြောနိုင်းလိုက်တယ်ကွယ်"

"သူ တကယ်နေမကောင်းလို့လား"

မိန်းမကြီးက သက်ပြင်းချတယ်။ လူတွေက ဘာလို့ သက်ပြင်းချတတ်ကြပါသလဲ။ လူတွေသက်ပြင်းချတာ ကျွန်တော်အလွန်မုန်းတယ်။ သိတယ်မှတ်လား။

"မှတ်ပါဘူးဒေါ်ဒေါ်ရယ်၊ သူနေကောင်းကောင်း မကောင်းကောင်း ကျွန်တော်တွေ့ပါရစေ"

ဟုတ်တယ်လေ၊ နေမကောင်းဘူးဆိုလဲ ကျွန်တော်စိတ်ပူရမှာပဲ။ နေကောင်းတယ်ဆိုလဲ ကျွန်တော်ကို ဘာလို့ အတွေ့မခံရတာလဲလို့ သိချင်နေတာပဲ။

"အို မင်းအပေါ်ထပ်တက်လို့တော့ ဘယ်ဖြစ်မလဲ"

"ဒါဖြင့် သူ့ကိုခေါ်ပေးပါ ဒေါ်ဒေါ်ရယ်"

မိန်းမကြီးက သက်ပြင်းချပြန်ရော။ ခက်လိုက်တာ။ ဒါပေမယ့်လေ၊ ကျွန်တော့်စိတ်တွေ ဘယ်လောက်ပူနေမယ်ဆိုတာ အဖွားကြီး ဘယ်သိနိုင်ပါ့မလဲ။ ဒါပေမဲ့ ကျွန်တော်စိတ်တော်တော်ထိခိုက်သွားပြီဆိုတာကိုတော့ သိသွားပုံရတယ်။ ဒါလောက်ဆို ကျွန်တော်သိဖို့ကောင်းပါပြီလေ။

'အချစ်'ဟာ ဘယ်လောက်ထူးဆန်းလိုက်ပါသလဲ၊ ကျွန်တော်သူ့ဆီမလာတော့ ကျွန်တော့်ဆီကို သူလိုက်လာတယ်။ ခု ကျွန်တော်သူ့ဆီလာတော့ ကျွန်တော့်ကို နှင်လွှတ်တယ်။

"ဒေါ်ဒေါ်၊ သူက ကျွန်တော့်ကို မတွေ့ချင်လို့တဲ့လား"

မိန်းမကြီးက လေးလေးနက်နက် ခေါင်းငြိမ့်ပြတယ်။ ကျွန်တော်တို့ရဲ့အကြောင်းတွေ အဖွားကြီးသိနေပြီလား။ တစ်ခါမှ မမြင်ဘူးသေးတဲ့ ကျွန်တော့်ကို ဒါလောက် ဂရုစိုက်ပုံရရင် ကျွန်တော့်တို့အကြောင်းတွေ သူသိနေလို့နေမှာပေါ့။ ဒါဆို 'အချစ်'ရဲ့ရောဂါအကြောင်းကိုကော။ တကယ်တော့ မိန်းခလေးဘော်ဒါငှားစားတဲ့ လူတစ်ယောက်ဟာ သူ့အဆောင်က မိန်းခလေးတွေရဲ့ ရီးစားကိစ္စတွေမှာ ဝိုပြီး ကြပ်မတ်ရမယ် မှတ်လား။ ခု ကျွန်တော့်ကို ဒါလောက်လိုက်လျှော်နေတာ 'အချစ်'ကလေးရဲ့ ရောဂါ



Generated by CamScanner from intsig.com

အခြေအနေကိုပါ သိနေလို့ ခွင့်လွှတ်ထားတာနေမှာပေါ့။

"သူ ငိုနေသလားဒေါ်ဒေါ်"

မိန်းမကြီးက ခေါင်းခါတယ်။

"ကျွန်တော့်ကို ဆင်းမတွေ့နိုင်ဘူးလို့ ပြောပြီးတော့ကော သူ့အခန်းတံခါးကို တအားဆောင့်ပိတ်လိုက်သေးလား"

မိန်းမကြီးက ခေါင်းခါတယ်။

"သူ အိပ်ရာပေါ်က မထနိုင်လောက်အောင် ဖြစ်နေပြီလားဒေါ်ဒေါ်"

မိန်းမကြီးက ခေါင်းခါတယ်။

ကျွန်တော်နားလည်သွားပြီ။ 'အချစ်'ဒါလောက်ထိ နေမကောင်းမဖြစ်နိုင်သေးဘူး။ ကျွန်တော့်ကို မတွေ့ချင်လို့ဘဲ။ မိန်းမကြီးကို နှုတ်မဆက်ဘဲ လှဲ့ထွက်လာခဲ့တယ်။ ကားပေါ်ရောက်မှ တစ်ခုခုကို သတိရမိတယ်။ အိပ်ထဲက စာရွက်ကလေးတရွက်ထုတ်ပြီး 'အချစ်'ကိုအပြောချင်ဆုံး စာတစ်ကြောင်းရေးလိုက်တယ်။ ဟုတ်တယ်။ ကျွန်တော့်နှလုံးခုန်သံရဲ့ အဓိပ္ပါယ်ကို ကျွန်တော်ရေးချလိုက်တယ်။ ပြီးကျတော့ 'အချစ်'ကို ပေးပေးပါလို့ အမှုးကြီးကို ပေးလိုက်တယ်။

"အချစ်ရယ် လက်ထပ်ကြပါစို့"လို့။

မှတ်မှုးလေ။ အရင်က 'အချစ်'ကို ကျွန်တော့်လက်ထပ်ချင်တာနဲ့တော့ မတူတော့ဘူး။ အရင်က ချစ်လို့ လက်ထပ်ချင်တာ။ ခုက သနားလို့။ ဟုတ်တယ်၊ ဟုတ်တယ်။ 'အချစ်'ကို ကျွန်တော်လက်ထပ်လိုက်ရင်

‘အချစ်’ရဲ့ ရောဂါပျောက်သွားလိမ့်မယ်လို့ပဲ ကျွန်တော်ထင်နေတယ်။ ဘာလို့လဲရတော့ မသိဘူး။

ကျွန်တော် ခု ဘယ်ကိုသွားချင်နေမှန်း မသိဘူး။ ကျွန်တော်သွားချင်တဲ့နေရာတိုင်းကိုတော့ ကျွန်တော့်ကားက လိုက်ပို့ပါ့မလား။ ကျွန်တော့်ကားထဲမှာလဲ ဓာတ်ဆီသိပ်မရှိတော့ဘူး ဒါပေမယ့် ကားကို တအားမောင်းထွက်ခဲ့တယ်။ ဓာတ်ဆီကုန်သွားတဲ့အခါ သူ့ဖာသာ ရပ်သွားလိမ့်မယ်။ အဲဒီအခါ ခြေထောက်နဲ့သွားမယ်။ မှတ်ဖူးလေ ဓာတ်ဆီထည့်ဖို့လဲ ကျွန်တော့်မှာ ငွေမှမရှိတော့ဘဲနဲ့။ သိတယ်မှတ်လား။

ဒါပေမယ့် ဒေါက်တာတင်ကြီးအိမ်ကို ကျွန်တော်ဘာလို့ မောင်းလာမိသလဲ။

ဒါပေမဲ့ ဒေါက်တာတင်ကြီးရဲ့အိမ်ရောက်တော့ အိမ်ရှေ့တံခါးသော့ခတ်ထားတာ တွေ့ရတယ်။ ကျွန်တော်ဘာလုပ်ရမှန်း မသိတော့ပြန်ဘူး။ အိမ်ရှေ့ဝါးရုံတာမှာ ကျွန်တော်အကြာကြီးငိုင်နေတာ တွေ့လို့ထင်တယ်။ ဟိုဘက်အိမ်က လူတစ်ယောက်က ‘ဘာကိစ္စရှိလို့လဲ’လို့ လာမေးတယ်။ ပြီးကျတော့ သူက ဒေါက်တာတင်ကြီးရဲ့ဆေးခန်း သုဝဏ္ဏမှာရှိတယ်ဆိုပြီး ကျွန်တော့်ကို လိပ်စာပေးလိုက်တယ်။

‘အချစ်’က ကျွန်တော့်ကို အတွေ့မခံပေမဲ့ ကျွန်တော်စိတ်မဆိုးပါဘူး။ တကယ်။ ဝမ်းနဲတာလဲ ကျွန်တော့်ကို အတွေ့မခံလို့ မှတ်ဖူး။ ‘အချစ်’ရဲ့ ရောဂါကြောင့်။ ခုအချိန်မှာ ‘အချစ်’ရဲ့ရောဂါနဲ့ပတ်သက်သမျှကိုပဲ ကျွန်တော်တွေးနေတယ်။ ကျွန်တော့်ဦးနှောက်တွေ ခြာခြာလည်ပြီး ဘာလုပ်



Generated by CamScanner from intsig.com

ရမှန်းမသိအောင် ရင်ထဲမှာပူနေပေမယ့် ကျွန်တော်အယောင်အယောင် အမှားမှားနဲ့ လုပ်လိုက်သမျှတွေဟာ 'အချစ်'အတွက်ကလွဲလို့ မရှိဘူး။ ခုလဲ ရုတ်တရက်'အချစ်'ရဲ့ရောဂါနဲ့ပတ်သက်ပြီး ဒေါက်တာတင်ကြီးကို သေသေချာချာ မေးကြည့်ချင်နေတယ်။

သုဝဏ္ဏက ဒေါက်တာတင်ကြီးရဲ့ဆေးခန်းမှာ လူတော်တော်များ တယ်။ ဒါပေမယ့် ကျွန်တော် ဘယ်သူ့မှ ဂရုမစိုက်မိဘူး။ သူ့အခန်းထဲ စွတ်ဝင်လာခဲ့တယ်။ လူနာအဖွားအိုကြီးတစ်ယောက်ကို သူစမ်းသပ်နေတယ်။

"ဟဲလို ဟဲလို၊ ဘယ်လိုဖြစ်လာတာလဲ"

ဒေါက်တာတင်ကြီးက ရင်းရင်းနှီးနှီး ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်ရှာတယ်။ ဒါပေမယ့် ကျွန်တော် မကျေနပ်ဘူး။ ဘယ်လိုလုပ်ပြီး ကျွန်တော် သူ့ကို ပြန်ပြုံးပြရမလဲ။ သူ့ကိုပြုံးပြီး နှုတ်ဆက်ဖို့အင်အား ကျွန်တော့်မှာ မရှိတော့ဘူးဆိုတာ သူမသိဘူးလား။ ဒါနဲ့ သူက ဒေါက်တာဆို။ 'အချစ်'ရဲ့ ရောဂါနဲ့ပတ်သက်လို့ သူနဲ့နဲမှ စိတ်မကောင်းတတ်ဘူးလား။

"ဆရာ ကျွန်တော် ငြိမ်းအေးမယ်ရဲ့ ရောဂါအကြောင်း သေသေချာချာ သိချင်တယ်"

"ခဏနော် ကျွန်တော် ဒီတစ်ယောက် လက်စသတ်လိုက်ချင်လို့ပါ"

ခနော်ဆိုပေမဲ့ သိပ်ကြာတာပဲ။ ကျွန်တော်ထပြန်ချင်စိတ် ပေါက်လာပြန်တယ်။ ဘာလို့လဲ မသိဘူး။

"ကျွန်တော်လဲ ခင်ဗျားသူငယ်ချင်း ကိုကျော်ပြောမှ ခင်ဗျား လက်ထပ်မယ့် မိန်းကလေးမှန်း သိရတယ်ဗျ။ ကျွန်တော် တော်တော်စိတ်မကောင်း



Generated by CamScanner from intsig.com

ဖြစ်သွားတယ်"

ညနေစောင်း သူ့အိမ်ကိုရောက်တုန်းက ပြောပြီးသားကို ပြန်ပြောတယ်။ ကျွန်တော် စိတ်မရှည်ဘူး။

"အဲဒီမိန်းကလေးမှာ လူကီးမီးယားဖြစ်နေတာ နှစ်နှစ်လောက်ရှိပြီဗျ လွန်ခဲ့တဲ့ ၇လ၊ ၈လ လောက်ကမှစပြီး ကျွန်တော့်ဆီမှာ ဆေးကုတာ၊ သူ အခုနေတဲ့ ဘော်ဒါဆောင်ပိုင်ရှင် မိန်းမကြီးကမှတစ်ဆင့် ကျွန်တော့်မိန်းမ ဆီရောက်လာတာ"

"နေပါအုံးဆရာ အဲဒီရောဂါကို ကုရင်ပျောက်ဖို့ ရှိနိုင်တယ် မှတ်လား"

ကျွန်တော့်ကို ညနေကတည်းက ဒေါက်တာတင်ကြီးက မျှော်လင့်ချက်မရှိကြောင်း ပြောပြီးပေမယ့် ကျွန်တော်ဘာလို့ ထပ်မေးမိရပါသလဲ။ ကျွန်တော် မယုံဘူး။ လုံးဝ မယုံဘူး။

"ကျွန်တော်ပြောပြီးပြီပဲဗျာ။ သူ သိပ်ကြာကြာနေရတော့မှာ မှတ်ဘူး လို့"

"ငွေဘယ်လောက် ကုန်ကုန်ပါဗျာ"

ကျွန်တော့်အကြံအိတ်ကို ကျွန်တော်ယောင်ပြီးစမ်းလိုက်မိတယ်။ အိတ်ထဲမှာ ကျပ်တန် သုံးလေးရွက်ပဲရှိလိမ့်မယ်။ ကျွန်တော်စိတ်ပူသွားတယ်။ ဒါပေမယ့် ဒေါက်တာတင်ကြီးက ပြုံးပြီး ခေါင်းခါပြတယ်။

"ခင်ဗျားနားလည်လွယ်အောင် ပြောရရင် လူကီးမီးယားဆိုတာ သွေးကင်ဆာသဘောပဲ။ ဆေးမရှိဘူး။ သွေးထဲမှာရှိတဲ့ သွေးဖြူဥတွေ



Generated by CamScanner from intsig.com

ပွားပွားလာတဲ့ ရောဂါဗျ။ သွေးဖြူဥ သိပ်မပွားနိုင်အောင် ဆေးထိုးပေးရုံပဲ ရတယ်''

''ကျွန်တော်ဘာလုပ်ရမလဲ ဆရာရယ်''

''သူ့ကို စိတ်ချမ်းသာအောင် ထားပါဗျာ''

ကျွန်တော့်ရင်ထဲမှာ ကမ္ဘာအပူဆုံး၊ ဒါပေမယ့် ကျွန်တော့်လက်ဖျား ကလေးတွေ ဘာလို့ အေးစက်နေပါသလဲ။

ကျွန်တော် ကိုကြီးကျော်အိမ်ဘက်ကို ပြန်မောင်းလာခဲ့တယ်။

ကိုကြီးကျော်ရဲ့ အခန်းတံခါး ပိတ်ထားတုန်းပဲ။ ကိုကြီးကျော် ဘယ်သွားနေသလဲ။ အို မှတ်ဖူး မှတ်ဖူး။ အခန်းသော့က ကျွန်တော့်ဆီမှာပါလာတာပဲ။ အခန်းသော့ ဖွင့်မလို့လုပ်နေတုန်း၊ ဟိုဘက်ခန်းက 'အမိစိန်' ကျွန်တော့်နားမှာ လာရပ်တယ်။

''အကို ညွှသည်''

ကျွန်တော်လှည့်ကြည့်လိုက်တော့ မျက်လုံးတွေ ပြာသွားတယ်။ လျှာတွေထူသွားတယ်။ နှလုံးအခုန်ရပ်သွားသလိုဘဲ။ လိုက်ကနဲဖြစ်သွားတယ်။ 'အချစ်'။ ဟုတ်တယ် ဟုတ်တယ်။ ဘယ်လောက်ထူးဆန်းတဲ့ 'အချစ်'ပါလဲ။ သူ ကျွန်တော့်ကို လာစောင့်နေတယ်လေ။

ဒီဘက်ခန်းပိတ်ထားတော့ 'အချစ်'က 'အမိစိန်'တို့ အခန်းဘက်မှာ သွားထိုင်စောင့်နေတယ်။ ငုတ်တုတ်ကလေး။ ကြည့်စမ်း။ ဘယ်လောက် သနားဖို့ကောင်းလိုက်သလဲ။ အို 'အချစ်'ရယ်၊ အသားတွေကလဲ ဖြူဖွေးလို့ပါလား။ နှုတ်ခမ်းကလေးကလဲ ညိုမဲနေပါလား။ ပိန်လဲ ဘယ်လောက်ပိန်



Generated by CamScanner from intsig.com

နေပြီလဲ။

ကျွန်တော်ဖြေးဖြေးချင်းလျှောက်သွားပြီး 'အချစ်'ရှေ့မှာ ငူငူကြီး ရပ်နေမိတယ်။ ဘာကြောင့်မှန်းမသိဘူး။ 'အချစ်'ရဲ့ နဖူးကလေးကို အသာ ကလေးပွတ်လိုက်မိတယ်။ ချွေးတွေစို့လို့ပါလား။ ကျွန်တော် 'အချစ်'ကို ခုတစ်ခါ ဘယ်လိုသနားမိတယ်ဆိုတာ ပြောမပြတတ်ဘူး။ 'အချစ်'ကို ခုလို တစ်ခါမှ ကျွန်တော်မမြင်ဖူးဘူး။ 'အချစ်'မှာ မပြောင်းလွဲတာဆိုလို့ ကျွန်တော့်ကို မော့ကြည့်နေတဲ့အပြုံးကလေး။

"အချစ်"

"မောင်"

ကျွန်တော်ဘာပြောရမှာလဲ။ ဘာကော ပြောနိုင်အုံးမှာလဲ။ ကျွန်တော့် အသံတွေက 'အချစ်'ဆိုတဲ့ စကားလေးနှစ်လုံးထဲကိုပဲ သေသေချာချာ ထွက်မလာနိုင်ဘူး။

"အော် အချစ်ရယ်"

'အချစ်'က ကျွန်တော့်လက်ကို ကိုင်လိုက်တယ်။ ကျွန်တော့်လက် ထက် သူ့လက်က ပိုပြီးအေးစက်နေတယ်ထင်တယ်။ 'နေကောင်းရဲ့လား'လို့ 'အချစ်'ကို ကျွန်တော် မမေးရက်တော့ဘူး။ သူ့ရောဂါအကြောင်းကို သူ့ခဏ လေးဖြစ်ဖြစ် မေ့နေပါစေ။

'မောင် တောင်းပန်ပါတယ် 'အချစ်'ရယ်"

'အချစ်'က ပြုံးပြီးခေါင်းခါတယ်။

"မောင်"



Generated by CamScanner from intsig.com

ကျွန်တော်မှထူးဘဲ 'အချစ်'ကို စိုက်ကြည့်လိုက်တယ်။

''သိပ်ချစ်ကြတဲ့အခါကျရင် စိတ်ကောက်ကြတဲ့အတွက် မတော်းယန်ရဘူး။ တော်းပန်တိုင်းလဲ မကြေဘူး။ မတော်းပန်ဘဲနဲ့လဲ ကြေကြတာဘဲ။ သိတယ်မှတ်လား''

နေမကောင်းနေတဲ့ 'အချစ်'ရဲ့ 'အမောစကား'တွေဟာဘယ်လောက်တောက်ပနေသလဲ။

''ခု 'အချစ်' မောင့်ကိုကြေပြီပေါ့ ဟုတ်လား''

'အချစ်'က ခေါင်းဆတ်ပြီး ငြိမ့်ပြုတယ်။

''မောင်ကကော''

''မောင် 'အချစ်'ကို စိတ်မကောက်နေပါဘူး''

''မညာနဲ့လေ 'အေး' မောင့်ကိုလာရှာတာ မောင်မသိဘူးလား၊ ချက်ချင်း 'အေး'ဆီ ဘာလို့လိုက်မလာလဲ။ 'အေး'ဖြင့် မျှော်လိုက်ရတာ၊ ကိုယ့်ဖာသာတောင် ရှက်မိတယ်''

''မောင်တို့ အခန်းဘက်သွားရအောင်ကွယ်''

'အချစ်'ကို စိတ်ကောက်မိတာနဲ့ပတ်သက်ပြီး ကျွန်တော် ဘာမှ မပြောချင်ဘူး။ မှတ်ဖူး မှတ်ဖူး။ ရှက်လို့မှတ်ဖူး၊ စိတ်မကောင်းလို့၊ ကျွန်တော်စိတ်ကောက်နေတဲ့ရက်အတွင်းမှာမှ 'အချစ်'ရဲ့ရောဂါအကြောင်းကို ကျွန်တော်သိရတယ် မှတ်လား။ ဒေါက်တာတင်ကြီးက 'အချစ်'မှာ လူကီးမီးယားရောဂါဖြစ်နေတာ နှစ်နှစ်လောက်ရှိပြီလို့ပြောပေမယ့် ကျွန်တော်စိတ်ကောက်နေတဲ့ရက်အတွင်းမှာမှ သိရတော့ ကျွန်တော့်မှာ



Generated by CamScanner from intsig.com

အပြစ်တစ်ခုခု ရှိနေသလိုပဲ။ ကျွန်တော်ခံစားရတယ်။ ဒီအတွက် ကျွန်တော် စိတ်အထိခိုက်ဆုံးဘဲ။

ကိုကြီးကျော် အခန်းထဲ ရောက်ရောက်ချင်း ကျွန်တော်ဟန်ဆောင် မနေနိုင်တော့ဘူး။ 'အချစ်'ကို သိုင်းဖက်လိုက်တယ်။ ဒါပေမဲ့ အရမ်း မှုတ်မှုး။ ငိုနေတဲ့ခလေးလေးကိုဖက်ပြီး ချော့ရသလိုမျိုး။ 'အချစ်'ရဲ့မျက်နှာနဲ့ ကျွန်တော့်မျက်နှာနဲ့ ကပ်မထားကြဘူး။ 'အချစ်'ရဲ့ ခေါင်းကို ကျွန်တော့်ရဲ့ ရင်ခွင်ထဲထည့်ပြီး ဖွဖွကလေး ကျွန်တော်ဖက်ထား လိုက်တယ်။ 'အချစ်'က တိုးတိုးကလေးပြောတယ်။

" 'အေး'တို့ လက်ထပ်ကြရအောင်"

အို...ဘယ်လောက်ထူးဆန်းလိုက်သလဲ။ 'အချစ်'ဟာ ဘယ် လောက်ထူးဆန်းတဲ့ ကောင်မလေးလဲလို့။

" 'အချစ်'မောင့်ကို လိုက်ရှာနေတာလဲ အဲဒီအတွက်ပဲလား ဟုတ်လား"

'အချစ်'က ခေါင်းငြိမ့်ပြတယ်။ ကြည့်စမ်းပါအုံး။ ကျွန်တော် ဘယ်လောက်ညံ့လိုက်သလဲ။ 'အချစ်'က ဘယ်လောက်တော်လိုက်သလဲ။ ဒေါက်တာတင်ကြီးဆီက 'အချစ်'ရဲ့ ရောဂါအကြောင်း ကြားကြားချင်း ကျွန်တော့်ကို 'အချစ်'လိုက်ရှာနေတယ်ဆိုတာ သူ့ရောဂါအကြောင်းကြောင့် ဘဲလို့ ကျွန်တော်ထင်မိတယ်။ ခုတော့လက်ထပ်ကြဖို့တဲ့။

"ဟုတ်တယ်၊ ရွှေတိဂုံဘုရားပေါ်မှာ မောင် စိတ်ဆိုးသွားတုန်းလေ 'အချစ်'အရမ်းဝမ်းနဲသွားတာ။ ဒါနဲ့ အဲဒီညကပဲ 'ချစ်ပေ'ဆီ 'အေး'



Generated by CamScanner from intsig.com

စာရေးလိုက်တာ''

''ဘာကိုလဲ''

'' 'အေး' လက်ထပ်ချင်ပြီလို့''

ကျွန်တော်က 'အချစ်' ကို ငေးကြည့်နေမိတယ်။ ဘယ်လောက်သတ္တိကောင်းတဲ့ 'အချစ်' လဲ။

''မောင် စိတ်မကောင်းလိုက်တာ''

''ဘာကိုလဲ''

'' 'အချစ်' လက်ထပ်ချင်တဲ့အကြောင်း၊ 'အချစ်' ရဲ့ဖေဖေကို ဖွင့်ပြောရတာကိုပေါ့''

''အို၊ 'အေး' တို့က ကလေးတွေမှ မှတ်ဖဲ့ဘဲ။ ပြီးကျတော့''

'အချစ်' က ပြောသင့် မပြောသင့် စဉ်းစားနေသလိုဘဲ။ 'အချစ်' ရဲ့မျက်လုံးတွေက ရီဝေနေတယ်။ ဟော 'အချစ်' သက်ပြင်းချနေပြီ။ ကျွန်တော်ကြောက်လိုက်တာ။ လေးနက်တာ တစ်ခုခုကို 'အချစ်' ဖွင့် မပြောပါစေနဲ့။

''ပြီးကျတော့လေ၊ တစ်ချိန်ချိန်မှာပေါ့။ 'အချစ်' လိုချင်တဲ့ အခွင့်အရေးတစ်ခုကို 'ချစ်ဖေ' က လုံးဝမကန့်ကွက်ရဘူးဆိုတဲ့ ကတိတစ်ခုလဲ 'အေး' ရထားတယ်''

တစ်ချိန်ချိန်ဆိုတာ ဘာလဲ။ 'အချစ်' က သူ့အခြေအနေကို သူသိနေပြီလား။ 'အချစ်' ဖွင့်ပြောမှာကို ကျွန်တော် အလွန်ကြောက်တဲ့စကားခု 'အချစ်' က ဖွင့်ပြောတော့မယ်လား။



Generated by CamScanner from intsig.com

"ခု အဲဒီ အခွင့်အရေးကို မောင်နဲ့လက်ထပ်ဖို့ရာမှာ 'အေး'အသုံးချ လိုက်ပြီ။ ချစ်ဖေဆီက 'အေး'အခွင့်အရေးတောင်းဘို့ အချိန်လဲကျနေပြီကိုး"

"အချိန်ကျနေပြီ။ ဟုတ်လားအချစ်"

"ဟင့်အင်း၊ မောင် မမေးရဘူးနော်"

ကျွန်တော်ခေါင်းငြိမ့်ပြလိုက်ရတယ်။ ကျွန်တော်ဆုံးဖြတ်ပြီးနေပြီ လေ။ 'အချစ်'အတွက် နောက်ကို ဘာမဆိုလို့။

"ချစ်ဖေ လကုန်ရင် ရန်ကုန်ဆင်းလာလိမ့်မယ်။ 'အေး'တို့ လက်ထပ်ကြရအောင်နော်"

ကျွန်တော်ခေါင်းပဲ ငြိမ့်ပြနိုင်တော့တယ်။ ဘာစကားမှလဲ ပြောလို့ ရမှာ မှတ်တော့ဘူး။ 'အချစ်'ကို သနားတာရယ်၊ ကျွန်တော်ဝမ်းနဲ့နေတာ ရယ် ပေါင်းလိုက်တော့ ကျွန်တော့်ရင်ထဲ တလှပ်လှပ်နဲ့။ တစ်ခုခုကိုကျွန်တော် ပြောလိုက်ရင် ငိုသံပါသွားမှာ ကျွန်တော်ကြောက်နေတယ်။

"မောင့်ဖေဖေကပါ သဘောတူရင်တော့ 'အေး'သိပ်ပျော်မှာဘဲ ကွယ်"

'အချစ်'ရဲ့ဆံပင်ကို ကျွန်တော့်ပါးနဲ့ အပ်ထားလိုက်တယ်။ 'အချစ်' က ကျွန်တော့်ရဲ့ရင်ဘတ်ကို နမ်းနေတယ်။ 'အချစ်'ကို ချစ်လွန်းလို့ 'အချစ်လွန်' ချင်စိတ်မရှိနိုင်တော့ဘူး။ 'အချစ်'ကို သနားလွန်းလို့ အနားက ခွာမထားချင်တော့ဘူး။

အပြင်ဘက်မှာ မှောင်နေပြီ။

ဒါပေမယ့် အလင်းရောင်ကလေးတစ်ခု လှလှပပ ကျွန်တော့်



Generated by CamScanner from intsig.com

ဦးနှောက်ထဲကို ဖြတ်သွားတယ်။ 'အချစ်'ကို လက်ထပ်ပြီးရင် 'အချစ်'ရဲ့ရောဂါ ပျောက်သွားလိမ့်မယ်လို့ ကျွန်တော်ထင်နေတယ်လေ။ သိတယ် မှုတ်လား။

❊ ❊ ❊



Generated by CamScanner from intsig.com

## ၁၆။

အဲဒီညက 'အချစ်'နဲ့ အချစ်မလွန်မိကြဘူး။ အချစ်မလွန်မိကြဖို့ ကျွန်တော် သိပ်စိတ်ထိန်းနေစရာမလိုဘူး။ ဘာလို့ဆို အဲဒီတစ်ရှိန်လုံးမှာ ကျွန်တော် 'အချစ်'ကို သနားနေတာ တစ်ခုတည်းဘဲ သိနေတယ်။ 'အချစ်'ကို ဘယ်လိုယုယရမလဲဆိုတာဘဲ ကျွန်တော်စဉ်းစားနေတယ်။ အတိုးချပြီး ယုယပြလိုက်တယ်။ ပြန်ခါနီးတော့ အချစ်က ကျွန်တော့်လက်ကို နမ်းတယ်။ ကျွန်တော့်ရဲ့လက်ကို နမ်းဖူးတာ ပထမဆုံးအကြိမ်ဘဲ။

'ချစ်ပေ'ရန်ကုန်ရောက်မလာခင်အတွင်း ကျွန်တော် 'အချစ်'ကို

ဘယ်လောက် ယုယခဲ့သလဲဆိုတာ ပြောပြရအုံးမယ်။ သြော်.. ကျွန်တော်က မေ့သွားလို့ပါနော်။ 'အချစ်'နဲ့ ပြန်တွေ့ကြတဲ့ညက ထူးဆန်းတဲ့အဖြစ်ကလေး တစ်ဖြစ်အကြောင်းကိုမှ ပြောမပြရသေးဘဲနဲ့။ ကျွန်တော် ဘယ်လောက်သတ္တိကောင်းတယ်ဆိုတဲ့အကြောင်း၊ 'အချစ်'အတွက်ဆို ဘာမဆိုစွန့်ရဲတဲ့အကြောင်းလေ။

'အချစ်'ကို အဆောင်ပြန်ပို့ပြီး ကျွန်တော်ပေဖေ့အိမ်ကို ပြန်ခဲ့တယ်။ ဘယ်လောက် အံ့သြစရာကောင်းလိုက်သလဲလို့နော်။ ပေဖေ့အိမ်ကို ကျွန်တော် ဘာပြန်လုပ်မယ်ထင်သလဲ။

ကျွန်တော့်တစ်ခန်းလုံး ပုံစံမပျက်ဘူး။ ကျွန်တော်ရှိနေခဲ့တုန်းကအတိုင်းဘဲ။ သူတို့ ကျွန်တော့်အခန်းကို နေ့တိုင်းဝင်ပြီး ရှင်းလင်းထားပုံရတယ်။ ကျွန်တော့်အိပ်ယာကိုမြင်တော့ ကျွန်တော့်ရင်ထဲ တစ်မျိုးကြီးဖြစ်သွားတယ်။ ယောင်ပြီး အိပ်ယာပေါ်မှာ လှဲချမိသေးတယ်။ ကိုကြီးကျော်အိမ်မှာ အိပ်ရတာထက် အဆအများကြီးကောင်းတာတော့ သေချာတယ်။ ဒါပေမယ့် ချက်ချင်း ကျွန်တော် ပြန်ထလိုက်တယ်။ တစ်ခုခုကို တွေးမိပြီးကြောက်သွားလို့။ ဘာကိုလဲတော့ မသိဘူး။

ကျွန်တော့်ဘီဒိုတွေထဲက မွေ့ယာအောက်က ငွေနှစ်ရာလောက်ရှာရတယ်။ ပေဖေ့အခန်းဘက်ကို ကူးလာတယ်။ ဟုတ်တယ်လေ၊ ပေဖေနဲ့တွေ့ဖို့က အဓိကဘဲ။ ဒါပေမယ့် ပေဖေ့အခန်းက တံခါးသော့ခတ်ထားတယ်။ OUT ဆိုတဲ့ ဆိုင်းဘုတ်ကလေးဘဲ ချိတ်ထားတယ်။ ဒါဆို အန်ဆုံးဖွားဖွားနဲ့တော့ တွေ့သွားမှာဘဲ။ ကျွန်တော်ပြောချင်တဲ့စကားကို ဖွားဖွား



Generated by CamScanner from intsig.com

ကတစ်ဆင့် ဖေဖေ့ကို ပြောလိမ့်မယ်။ ဒါပေမယ့် ဖွားဖွားလဲ မရှိဘူးတဲ့။ သူတို့တတွေ ဘယ်သွားနေကြပါလိမ့်။ ကောင်းတော့လဲ ကောင်းပါတယ်လေ။ ဘာလို့ဆို သူတို့ကို ကျွန်တော်အပြောချင်ဆုံး စကားတစ်ခု ပြောခဲ့ချင်နေပေမယ့်၊ အဲဒီစကားကို သူတို့ မျက်နှာချင်းဆိုင်မှာ ပြောရမှာ ကျွန်တော်ကြောက်နေတယ်။ ဘာလို့လဲ။

ကျွန်တော့်အခန်းထဲ ပြန်ဝင်ခဲ့တယ်။ စာရေးစားပွဲမှာထိုင်လိုက်တာ ဘာလို့ စိတ်လှုပ်ရှားမိပါသလဲ။ ကျွန်တော့်လက်က အကျင့်မပျက်သေးဘူး။ ဘယ်ဘက်အံဆွဲကို အလိုလို ဖွင့်မိရက်သားဖြစ်သွားတယ်။ အံဆွဲထဲက ပန်းနုရောင်စာရွက်ကလေးတွေက ပုံစံမပျက် ရှုတ်ပွနေတယ်။ ပန်းနုရောင်စာရွက်ကလေးတွေက ရိုးစားဟောင်းတွေကို သတိရစေတယ်။ ကျွန်တော်မပြုံးဘဲ မနေနိုင်တော့ဘူး။ ဒါပေမယ့် မဲ့ပြုံး။

ပန်းနုရောင်စာရွက်ကလေးတစ်ရွက် ဆွဲထုတ်လိုက်တယ်။ မှတ်ဖူးမှတ်ဖူး ရိုးစားစာရေးမလို့ မှတ်ပါဘူး။ ကျွန်တော့်အပြောချင်နေဆုံး စကားကလေးကို ဖေဖေ့ဆီရေးထားခဲ့မလို့။ ဟုတ်တယ် ဟုတ်တယ်၊ ဒါဆိုပိုပြီးကောင်းတာပေါ့။ ကျွန်တော့်အသံကို မကြားရတော့ဘဲ ကျွန်တော့်စကားကို ဖေဖေသိသွားလိမ့်မယ်။ သူ အဲဒီအခါ ဝမ်းနဲ့မလားမသိဘူးနော်။

လက်ရေးလှအောင်ရေးဖို့ ကျွန်တော် မစဉ်းစားမိတော့ဘူး။ ကျောင်းမှာ မှတ်စုကူးတဲ့လက်ရေးနဲ့ ရေးချလိုက်တယ်။ စာကြောင်းတစ်ကြောင်းထဲကိုဘဲ လေးခါပြန်ဖတ်မိတယ်။ ဖေဖေတော့မသိဘူး၊ ကျွန်တော့်ဘာသာ ပြန်ဖတ်ရတာတော့ ဖေဖေ့ကိုယ်စား ဝမ်းနဲလို့

သိပ်ကောင်းတာပဲ။

ပေပေ

ကျွန်တော် လက်ထပ်လိုက်ပါပြီ

ကျွန်တော်

ပေပေသဘောမတူမဲ့အတူတူ ကျွန်တော်လက်မထပ်ရသေးပေမယ့် လက်ထပ်လိုက်ပြီလို့ ရေးခဲ့ရတာ ကျွန်တော် ကျေနပ်မိတယ်။ ပေပေ့ အခန်းဝမှာ ကျွန်တော့်စာရွက်ကလေးကို ထမင်းလုံးနဲ့ကပ်ထားလိုက်တယ်။ ကျွန်တော့်အိပ်ခန်းကို ခနလေးဖြစ်ဖြစ် သွားကြည့်နေချင်မိတယ်။

ကားပေါ်ရောက်ပြီးမှ ကျွန်တော့်မော်တော်ကားကိုကြည့်ရတာ ကျွန်တော့်အိပ်ခန်းကိုကြည့်ရတာနဲ့တူနေတယ်။ စိတ်ထဲမှာ မသန့်ဘူး။ ပေပေနဲ့ပတ်သက်တာတွေ ကျွန်တော့်မှာ ရှိနေသမျှတော့ ကျွန်တော် 'အချစ်'ကို လက်ထပ်ရမှာ ဘယ်တော့စိတ်သန့်နိုင်မလဲ။ သိတယ်မှတ်လား။

ပေပေ့အခန်းဝက သော့ချိတ်တဲ့တန်းမှာ ပေပေမြင်သာအောင် ကားသော့ကို ချိတ်ထားလိုက်တယ်။ နံရံပေါ်မှာ တွဲလျောင်းကျပြီး လှုပ်တုတ် လှုပ်တုတ်ဖြစ်နေတဲ့ 'ကားသော့'ကလေးကို ကြည့်ရတာ ကျွန်တော် ပျော်သွားမိတယ်။ အဖိုးကြီးတော့ ခိုက်သွားမှာ သေချာတယ်လို့။

ကားအေားကပြတ်လျှောက်လာတဲ့အခါ ကျွန်တော့်ကားကို ကျွန်တော် ဘာလို့ကိုင်ကြည့်မိပါသလဲ။ ခြံပြင်ရောက်တဲ့အခါကော ဘာလို့ကားကို လှည့်ကြည့်မိပါသလဲ။ ကျွန်တော်ဘယ်လောက်ချစ်သလဲ။ ကားကလေးက မြန်လဲမြန်တယ်။ လှလဲလှတယ်။ ကားအမိုးကလဲ သူ့အလိုလို ဖွင့်လို့



Generated by CamScanner from intsig.com

သိပ်ကောင်းတာပဲ။

မေမေ

ကျွန်တော် လက်ထပ်လိုက်ပါပြီ

ကျွန်တော်

မေမေသဘောမတူမဲ့အတူတူ ကျွန်တော်လက်မထပ်ရသေးပေမယ့် လက်ထပ်လိုက်ပြီလို့ ရေးခဲ့ရတာ ကျွန်တော် ကျေနပ်မိတယ်။ မေမေ့အခန်းဝမှာ ကျွန်တော့်စာရွက်ကလေးကို ထမင်းလုံးနဲ့ကပ်ထားလိုက်တယ်၊ ကျွန်တော့်အိပ်ခန်းကို ခနလေးဖြစ်ဖြစ် သွားကြည့်နေချင်မိတယ်။

ကားပေါ်ရောက်ပြီးမှ ကျွန်တော့်မော်တော်ကားကိုကြည့်ရတာ ကျွန်တော့်အိပ်ခန်းကိုကြည့်ရတာနဲ့တူနေတယ်။ စိတ်ထဲမှာ မသန့်ဘူး၊ မေမေနဲ့ပတ်သက်တာတွေ ကျွန်တော့်မှာ ရှိနေသမျှတော့ ကျွန်တော် 'အချစ်'ကို လက်ထပ်ရမှာ ဘယ်တော့စိတ်သန့်နိုင်မလဲ။ သိတယ်မှတ်လား၊

မေမေ့အခန်းဝက သော့ချိတ်တဲ့တန်းမှာ မေမေမြင်သာအောင် ကားသော့ကို ချိတ်ထားလိုက်တယ်။ နံရံပေါ်မှာ တွဲလျောင်းကျပြီး လှုပ်တုတ်လှုပ်တုတ်ဖြစ်နေတဲ့ 'ကားသော့'ကလေးကို ကြည့်ရတာ ကျွန်တော် ပျော်သွားမိတယ်။ အဖိုးကြီးတော့ ခိုက်သွားမှာ သေချာတယ်လို့။

ကားဘေးကဖြတ်လျှောက်လာတဲ့အခါ ကျွန်တော့်ကားကို ကျွန်တော် ဘာလို့ကိုင်ကြည့်မိပါသလဲ။ ခြံပြင်ရောက်တဲ့အခါကော ဘာလို့ကားကို လှည့်ကြည့်မိပါသလဲ။ ကျွန်တော်ဘယ်လောက်ချစ်သလဲ။ ကားကလေးက မြန်လဲမြန်တယ်။ လှလဲလှတယ်။ ကားအဖိုးကလဲ သူ့အလိုလို ဖွင့်လို့



Generated by CamScanner from intsig.com

ဖိတ်လို့ရတယ်။ ပြီးကျတော့ ဘယ်လောက်ပြေးတဲ့ ကားကလေးလဲ။ ဒါပေမယ့် အင်ဂျင်က ကားနဲ့မလိုက်ဘူး။ ခြောက်လုံး။ အင်းလေ၊ ခြောက်လုံးဆိုတော့ ဓာတ်ဆီစားတာပေါ့။ ဟုတ်တယ်မှတ်လား။

ပထမဆုံးအကြိမ် ဖေဖေ့အိမ်က ခြေထောက်နဲ့ လမ်းလျှောက်ထွက် ဖူးပြီး။ ကျွန်တော်က 'အချစ်'အတွက် ဘယ်လောက်သတ္တိ ကောင်းသလဲ နော်။

'အချစ်'ကို နေ့တိုင်း ကျွန်တော်သွားခေါ်တယ်။ ကျွန်တော့်မှာ ကားမရှိတော့ပေမယ့် ဘတ်(စ်)ကားလဲ 'အချစ်'နဲ့ဆို 'အချစ်ယာဉ်'ဘဲ မှတ်လား။

ဒါပေမယ့် ကျွန်တော်တို့အပျော်နေရာတွေကို မသွားဖြစ်ကြတော့ ဘူး။ ကျွန်တော်ဘယ်ကိုမှလဲ သွားချင်စိတ် မရှိတော့ဘူး။ 'အချစ်'အနား မှာဘဲ အမြဲချစ်နေချင်တယ်။ 'အချစ်'ကလဲ ဒီအတိုင်းဘဲ။ ကျွန်တော့်အနား မှာပဲ ကပ်နေတော့တယ်။ 'အချစ်'ရဲ့ရောဂါအခြေအနေကို ကျွန်တော်သိနေ သလို သူကိုယ်တိုင်လဲ သိမှာပါဘဲ။ 'အချစ်' ကြာကြာမနေရတော့ဘူး ဆိုတဲ့ကိစ္စကို တွေးမိတိုင်း ကျွန်တော် 'အချစ်'ကို ပိုယုယတယ်။ ဒါပေမယ့်လေ ကျွန်တော်က စက္ကန့်တိုင်းမှာတောင် 'အချစ်'ရဲ့ရောဂါကိစ္စကို မေ့လို့မှမရဘဲ။ ဒီတော့ စက္ကန့်နဲ့အမျှ 'အချစ်'ကို ကျွန်တော်ယုယနေရ တာပေါ့။

"မောင် 'အေး'ကို ဘာလို့ ဒါလောက်ယုယနေတာလဲ၊ 'အေး' သိချင်လိုက်တာ"


Generated by CamScanner from intsig.com

'အချစ်' ရဲ့အမေးက သိရက်နဲ့မေးတဲ့အမေးမျိုး။ ကျွန်တော် ဘယ်လို ဖြေရမလဲ။ အမှန် ကျွန်တော်သိတဲ့အတိုင်း ဖြေလိုက်ရင် 'အချစ်' ဘယ်လောက် ဝမ်းနဲသွားမလဲ။ သူကိုယ်တိုင်က သိနေတဲ့တိုင်အောင် ကျွန်တော့်ကိုတော့ လုံးဝသိစေချင်မှာမှုတ်ဖူး။ ဒါပေမယ့်လေ 'အချစ်' ကိုယ်တိုင်ကော သူကြာကြာနေရတော့မှာ မှုတ်ဖူးဆိုတာကို သိသေးရဲ့လား။ ဒေါက်တာတင်ကြီးကကော ကောင်မလေးတစ်ယောက်ကို သေရတော့မယ့်အကြောင်း ဖွင့်ပြောပါ့မလား။ ကျွန်တော်'အချစ်'ကို ယုယနေတာ အလိုလိုက်နေတာဟာ အကောင်းဆုံးဘဲပေါ့။

"ချစ်လို့ ယုယတာပေါ့ 'အချစ်ရယ်"

ဒီအပြင် ကျွန်တော်ဘယ်လိုဖြေရမှာလဲ။

"မှုတ်ပါဘူး။ 'အေး' သိပါတယ်"

"ဘာကိုသိတာလဲ"

"ဟော၊ ကြည့်ကြည့်၊ သူမျက်နှာပျက်နေပြီ။ ဒါကြောင့် 'အေး' သိပါတယ်ပြောတာပေါ့"

'အချစ်'က သိနေပြီလား။ ကျွန်တော့်ရင်တွေ တုန်လိုက်တာ။ မောလိုက်ရတာ။ ကျွန်တော့်ဆံပင်ကြားထဲမှာ ချွေးစို့နေပြီ။

"မောင်မညာပါဘူး 'အချစ်'ရယ်၊ တကယ်ပါ။ မောင် 'အချစ်'ကို ချစ်လွန်းလို့ ခုလို ယုယနေတာပေါ့"

"မှုတ်ပါဘူး 'အေး'သိပါတယ်"

"ဘာကိုသိတာလဲ"



Generated by CamScanner from intsig.com

" 'အေး' မောင့်ကို လက်မထပ်မှာစိုးလို့ ဒါလောက် ယုယနေတာ ပါ၊ ဟုတ်တယ် မှတ်လား"

ကျွန်တော်ဝမ်းသာသွားတယ်။ ပြီးကျတော့ ဝမ်းလဲနဲသွားတယ်။ ဘယ်လိုမှန်း မသိပါဘူး။

"ဟုတ်တယ်၊ ဟုတ်တယ်"

ကျွန်တော်မြန်မြန်ကြီး ဖြေလိုက်ရတယ်။ 'အချစ်'က ရှိတယ်လေ။ ဘယ်လောက်သနားဖို့ ကောင်းတဲ့ 'အချစ်'လဲ။ 'အချစ်'ကို နေ့တိုင်း ကျွန်တော်သွားခေါ်ပေမယ့် ကိုကြီးကျော်ထိမ်မှာ ကျွန်တော်တို့ ည မအိပ်ကြ ဘူး။ ဒီတော့ 'အချစ်'လဲ မလွှန့်မိကြဘူး။ အဲဒီရက်အတောအတွင်းမှာ 'အချစ်'က ခနခန မူးတတ်တယ်။ သူမူးသွားတဲ့အခါ ကျွန်တော့်ကိုခေါ်ပြီး ကျွန်တော့်ရင်ခွင်မှာ မှီနေတတ်တယ်။ ကျွန်တော့်လက်ကို တအားဖျစ်ပြီး ဆုပ်ကိုင်ထားတတ်တယ်။ သူ့နဖူးမှာ ချွေးစေးတွေ ပြန်လာပြီဆိုရင် ကျွန်တော်အမြဲဘဲ ကျွန်တော့်ပါးနဲ့ သုပ်ပေးတတ်တယ်။ အဲလိုမျိုး ခနခန နေမကောင်းဖြစ်တတ်လို့ 'အချစ်' လုပ်အားပေးလဲ မသွားတော့ဘူး။ ခွင့်ယူထားတယ်။ ကျွန်တော်လား။ ကျွန်တော်ကတော့ ကျောင်းမတက်တာ ဘယ်လောက်ကြာပြီလဲ။ ကျွန်တော်'အချစ်'နားမှာပဲ အမြဲနေတယ်လေ။ သိတယ်မှတ်လား။

'အချစ်'က ဘယ်ကိုမှ မသွားတတ်ပါဘူး။ စနေ့ယားတီးချင်လို့ဆိုပြီး ကျောင်းကိုနှစ်ခါပဲ သွားဘူးသေးတယ်။ ရုပ်ရှင်လဲ တစ်ခါဘဲ သွားကြည့် တယ်။ ကျော်ဟိန်းကားပြလို့တဲ့။ 'အချစ်'က ကျော်ဟိန်းကို ကြိုက်တယ်



Generated by CamScanner from intsig.com

လေ။ သိတယ်မှတ်လား။

အိမ်မှာနေကြတဲ့အခါ 'အချစ်'က အမြဲလိုပဲ စာဖတ်နေတတ်တယ်။ အိပ်ခန်းထဲမှာ စာဖတ်ကြပေမယ့် 'အချစ်'မလွှဲမိကြဘူး။ 'အချစ်'သွားချင်တဲ့နေရာတွေ ကျွန်တော်လိုက်ပို့တတ်သလို 'အချစ်'လုပ်နိုင်းတာတွေ အကုန်လုပ်ပြတယ်။ 'အချစ်'လုပ်မနိုင်းတာတွေလဲ ကျွန်တော် အကုန်လုပ်မိတာပါဘဲလေ။ ကျွန်တော်မရှက်ပါဘူး ပြောပြပါ့မယ်။ 'အချစ်' ရေချိုးတဲ့အခါတိုင်းကျနော် 'အချစ်'အတွက် သနပ်ခါးသွေးပေးထားတတ်တယ်။ ဟုတ်တယ် ဟုတ်တယ်။ 'အချစ်' ကြိုက်တတ်မှန်းသိလို့ ကျွန်တော်ဈေးမှာ မဝယ်ဘူး ကျောက်ပျဉ်နဲ့သနပ်ခါး သွားဝယ်ထားတယ်။ ဒီတုန်းက 'အချစ်'က ရီတယ်လေ၊ သနပ်ခါးမကောင်းလို့တဲ့။ ဒါပေမယ့် အဲဒီသနပ်ခါးဘဲ သူလိမ်းတယ်။ အဲလိုမျိုးပေါ့။ ကျွန်တော်အစွမ်းကုန် သူ့ကိုယုယပြတယ်။ မရီကြပါနဲ့နော်။ ကျွန်တော်လေ 'အချစ်'ကို ခြေသဲလဲလှိုးပေးတယ်။ လက်သဲချွန်ချွန်ကလေးတွေကြားထဲက ဂျီးတွေလဲထုတ်ပေးတယ်။ သူ့ဆံပင်ကလေးတွေ နှစ်ဖက်ခွဲပြီး ဖားလျားချတဲ့အခါ ငယ်ထိပ်က ခွဲကြောင်းလေး ညီနေအောင်လဲ ကျွန်တော်က ဖီးပေးတယ်။ သူ ဘောလီ အင်္ကျီလဲတဲ့အခါလဲ ကျွန်တော်က နှိပ်စေ့တွေ တပ်ပေးတာဘဲ။ 'အချစ်'က နေ့လည်ကျရင်လဲ မောလို့ဆိုပြီး အိပ်တတ်တယ်။ အဲဒီအခါ ကျွန်တော် သူ့ဘေးမှာထိုင်ပြီး အမြဲယပ်ခတ်ပေးတယ်။ သူ အိပ်မောကျနေတဲ့အခါ ကျရင် 'အချစ်' တကိုယ်လုံးအနှံ့ ကျွန်တော်ဖြေးဖြေးကလေးမွှေးမွှေးပေး တတ်တယ်။ ဖြူဖျော့နေတဲ့ 'အချစ်'ရဲ့ အသားအရည်ဟာ



Generated by CamScanner from intsig.com

ကျွန်တော့်ကို မမြူဆွယ်နိုင်ပါဘူး။ ဒါပေမဲ့ ကျွန်တော်နမ်းဟာကလဲ ချစ်လို့ နမ်းတာဘဲဟာ။ ဒါပေမယ့် တစ်မျိုးအချစ်လေ။ သိတယ်မှတ်လား။ 'အချစ်' အိပ်နေတုန်း 'အချစ်'ရဲ့ ခြေခုံလေးကို ဖိုးပြီးနမ်းရတာ ကျွန်တော်အကြိုက်ဆုံးဘဲ။ ပြီးတော့ ဝမ်းအနဲရဆုံးဘဲ။ 'အချစ်' အိပ်ပျော်နေတဲ့ ကွပ်ပျစ်ကလေးရဲ့ ဘေးက ကြမ်းပြင်ပေါ်မှာ ကျွန်တော်ထိုင်ပြီး 'အချစ်'ရဲ့ ခြေခုံကလေးကို နမ်းရင်းက ကျွန်တော်အိပ်ပျော်သွားတတ်တယ်။ ဒါပေမယ့် ကျွန်တော့်အိပ်မက်တွေကတော့ ဘယ်မှာကောင်းနိုင်မှာတဲ့လဲ။

ကျွန်တော်သူ့ကို ဒါလောက်ယုယပြီး အလိုလိုက်နေတာကို 'အချစ်' က ဘာမှမပြောဘူး။ ဘယ်တော့မှလဲ မတားဘူး။ တကယ်တော့ အဲလိုမျိုး ယုယတယ်ဆိုတာကို သူဘယ်နိုင်းရက်ပါ့မလဲ။ ဟုတ်တယ် မှတ်လား။ ကျွန်တော်ထင်ပါတယ်လေ။ 'အချစ်'က သူ့ရောဂါအခြေအနေအကြောင်းကို သူ့ဖာသာသိနေပါပြီ။ ကျွန်တော်အဲဒါကို တွေးမိတိုင်း ကြက်သီးထမိတယ်။ ဘယ်လောက်ဝမ်းနဲဖို့ ကောင်းလိုက်ပါသလဲ။ ကျွန်တော် ငိုတော့ မငိုမိဘူး။ ကျွန်တော်က မငိုတတ်ဘူးလေ။ သိတယ် မှတ်လား။

"မောင် စာမေးပွဲဖြေရတော့မယ်နော်"

"ဟင့်အင်း"

"မောင် စာမေးပွဲဖြေမယ်မှတ်လား"

"ဟင့်အင်း"

"အို မောင် စာမေးပွဲဖြေရမှာပေါ့"

"အင်း အင်း ဖြေမယ်"



Generated by CamScanner from intsig.com

'အချစ်'က ပြုံးတယ်။ သူ့အပြုံးက ကျွန်တော်သူ့ကို တမင်အလို လိုက်နေမှန်း သိနေတဲ့အပြုံးမျိုး။ ဒါပေမယ့် ကျွန်တော့်ဘောင်းဘီအိတ်ကို ဘာလို့စမ်းကြည့်မိပါသလဲ။ ကျွန်တော့်အိတ်ထဲမှာ ငွေငါးဆယ်လောက် ပဲရှိတယ်။ ကျွန်တော် ကျောင်းလခမသွင်းတာလဲ နှစ်လရှိပြီ။ မှတ်ဖူးလေ အဲဒီတုန်းက ပိုက်ဆံရှိသားဘဲ။ ကျောင်းလခ မှန်မှန်မသွင်းတာကို ကျွန်တော် တို့က ဂုဏ်ယူတတ်တာကိုး၊ သိတယ်မှတ်လား။

ဒါပေမယ့် 'အချစ်'အတွက် ကျွန်တော် စာမေးပွဲဖြေဖြစ်တယ်။

❊ ❊ ❊



Generated by CamScanner from intsig.com

# ၁၇။

''မောင်၊ ရော''

'အချစ်'က စက္ကူအိတ်ကလေးတစ်အိတ်ကို ကိုကြီးကျော်အိမ် ရောက်ရောက်ချင်း ထုတ်ပေးတယ်''

''အဲဒီထဲမှာ ငွေ၂၀၀ပါတယ်။ စာမေးပွဲကြေးသွင်းလိုက်၊ ပြီးရင် 'အေး'တို့သုံးဘို့ပေါ့ ဗိုတာဂရိ''

ကျွန်တော်အံ့ဩသွားတယ်။ ဝမ်းလဲနဲ့သွားတယ်။ ဘယ်တုန်းကမှ ကောင်မလေးတယောက်ရဲ့ အထောက်အပံ့ကို ကျွန်တော်မယူဖူးဘူး။ အထူးသဖြင့်ဆိုရင် 'အချစ်'ဆီက။ 'အချစ်'ကို ကျွန်တော်ကဘဲ ပေးချင် တယ်။ ခုအချိန်ဆိုရင် ကျွန်တော်က ပိုပြီးပေးရမယ်။ ဒေါက်တာတင်ကြီးသာ

တတ်နိုင်မယ်ဆိုရင် ကျွန်တော့်အသက်ကိုတောင် ခုကထဲက လဲပေးထားလိုက်ချင်သေးတယ်။

"ကိစ္စမရှိပါဘူး 'အချစ်'ရယ်။ မောင့်မှာရှိပါတယ်"

ကျွန်တော့်အသံက ဘာ့ကြောင့်အားမရှိပါသလဲ။ ကျွန်တော်မညာပါဘူး။ 'အချစ်'ပေးတဲ့ ပိုက်ဆံကို လိုချင်တဲ့စိတ်ကလေးတော့ ကျွန်တော့်မှာ နဲနဲရှိနေသေးတယ်။ ကျွန်တော့်ရဲအခက်အခဲတစ်ခုတော့ ပြေလည်သွားနိုင်တယ် မှတ်လား။ ဒါပေမဲ့ အဲဒီပိုက်ဆံကို မလိုချင်တာလဲ သေချာတယ်။ ကျွန်တော်ဟာ ဘယ်တော့မှ မပြတ်သားပါဘူးလေ။

ကျွန်တော့်မှာ ငွေမရှိနေတာ 'အချစ်'က ဘယ်လိုလုပ်ပြီး သိသွားသလဲ။ ကိုကြီးကျော်ပြောပြသလား။ မဖြစ်နိုင်ဘူး။ ကိုကြီးကျော်နဲ့ 'အချစ်'နဲ့ နှစ်ယောက်ထဲ အိမ်မှာရှိနေတဲ့အချိန်ဆိုတာ ရှိမှမရှိဘဲနဲ့။ ဒါဖြင့် 'အချစ်'က ဘယ်လိုလုပ် သိသွားသလဲ။

" 'အချစ်' ဘယ်လိုသိတာလဲ"

"ဘာကိုလဲ"

"မောင့်မှာ ငွေမရှိတာလေ"

"ဟင့်အင်း၊ 'အေး'တကယ်မသိ"

"ဒါဖြင့် ခု ဘာလို့ပေးတာလဲ"

"အေးရဲပိုက်ဆံနဲ့ မောင် စာမေးပွဲဖြေစေချင်လို့"

မဖြစ်နိုင်ဘူး 'အချစ်'ညာတာပါ။ ဒါပေမဲ့ 'အချစ်'က ဘယ်လောက်လိမ္မာလိုက်ပါသလဲနော်။

“ ‘အေး’ ရဲ့ပိုက်ဆံနဲ့ မောင်စာမေးပွဲဖြေရင် မောင်အောင်မှာ သေချာတယ်။ တကယ်။ ပြီးကျတော့လေ မောင့်ဘဝအတွက် ‘အေး’ ရဲ့ ချွေးနဲ့စာနဲ့ တစ်ခုခု ကူညီလိုက်ရရင် ‘အေး’ သိပ်ပျော်မှာဘဲ သိလား”

ကျွန်တော့်ရင် ဒိတ်ကနဲခုန်သွားတယ်။ ‘အချစ်’ ရဲ့စကားဟာ ဘယ်လောက် အဓိပ္ပါယ်ရှိနေသလဲ။ သေချာပါပြီလေ။ ‘အချစ်’ ဟာ သူ့အခြေအနေကို သူသိနေပါပြီ။ ‘အချစ်’ ရဲ့ ရောဂါအကြောင်းကို ကျွန်တော်ဘယ်လိုလုပ်ပြီး စိတ်ထဲက ဖျောက်ပစ်ရမှာလဲ။ အမျိုးမျိုး ကျွန်တော်ကြိုးစားပြီးပြီ။ ‘အချစ်’ အတွက်လဲ အတတ်နိုင်ဆုံး အလိုလိုက်ပြီး ယုယခဲ့တယ်။ ကျွန်တော်အတွက်လဲ ကြံဖန်ပြီး စိတ်ဖြေဖျောက်ခဲ့တယ်။ ကျွန်တော့်အတွက် ဖြေဖျောက်တဲ့နည်းကတော့ ‘အချစ်’ ကို ကျွန်တော် လက်ထပ်ပြီးရင် သူ့ရောဂါလဲ ပျောက်သွားမှာဘဲလို့ ထင်ထားလိုက်တဲ့ နည်းဘဲ။

ကျွန်တော်မျက်နှာပျက်သွားတာကို ‘အချစ်’ မသိရအောင် ချက်ချင်း ပြင်လိုက်ရတယ်။

“ဟုတ်တယ် ဟုတ်တယ်၊ ‘အချစ်’ ပြောတာမှန်တယ်။ ‘အချစ်’ ရဲ့ပိုက်ဆံနဲ့ဆိုရင် မောင်က စာမေးပွဲအောင်မှာ သေချာတယ်”

“ဒါပေမယ့် စာတော့ကျက်ရမယ်နော်”

“မလိုဘူးထင်ပါတယ်၊ ‘အချစ်’ ပိုက်ဆံနဲ့ ဖြေမှာပဲဟာ”

“ဟင့်အင်း၊ စာကျက်ရမယ်”

“ဟုတ်တယ် ဟုတ်တယ်၊ ‘အချစ်’ ပြောတာမှန်တယ်။ မောင်



Generated by CamScanner from intsig.com

စကျက်ရမှာပေါ့"

ကျွန်တော်စာမေးပွဲ ပထမဆုံးနေ့ကစပြီး 'အချစ်'ရောဂါ သိသိ သာသာ သဲလာတာဘဲ။

ကျွန်တော်စာမေးပွဲဖြေရာက ပြန်လာတော့ 'အချစ်'က လမ်းထိပ်ကနေ ထွက်စောင့်နေတယ်။ အိမ်ထဲကိုရောက်ကြတော့ သိပ်စိတ်ပူနေတဲ့ 'အချစ်'ကို ကျွန်တော်နောက်ချင်စိတ် ပေါ်လာတယ်။

"မောင် ဖြေနိုင်ရဲ့လား"

"ဟင့်အင်း"

"ဘာလို့လဲ"

"မောင်စာမေးပွဲမှ သွားမဖြေဘဲ"

"ဟုတ်လား"

'အချစ်'က ကျွန်တော် သူ့ကို နောက်နေမှန်းသိပုံရတယ်။ ဒါပေမယ့် သူက သိပ်နောက်စေချင်ပုံမပေါ်ဘူး။ ဘာလို့ဆို သူစိတ်မဝင်စားတဲ့ စကားတွေဆို အဲလိုမျိုး အမြဲတမ်း 'ဟုတ်လား ဟုတ်လား'ဆိုပြီး လုပ်တတ်တယ်လေ။ ဒါပေမယ့် ကျွန်တော်'အချစ်'ကို နောက်ချင်နေသေးတယ်။ 'အချစ်' ပျော်အောင်လို့။ သိတယ်မှုတ်လား။

"မောင် ဒီနေ့ ကောင်မလေးတစ်ယောက်နဲ့ လျှောက်လည်တယ်"

"ဟုတ်လား"

"သိပ်ပျော်တာဘဲကွာ"

"ဟုတ်လား"



Generated by CamScanner from intsig.com

"ကောင်မလေးက လှလဲ တကယ်လှတယ်"

"ဟုတ်လား။ 'အေး' ထက်လှလား"

"အင်း"

"အဲဒီကောင်မလေးက စန္ဒယားကော တီးတတ်လား"

"အင်း"

"ဟုတ်လား၊ သူက မင်းမင်းလတ်ကိုကော ကြိုက်ရဲ့လား"

"အင်း"

"သူက အဝတ်စကလေးတွေနဲ့ အရုပ်ကလေးတွေကော ချုပ်တတ်သလား"

"သိပ် ချုပ်တတ်တာပေါ့"

"မောင့်ကိုကော လက်ထပ်မယ်တဲ့လား"

"သိပ်ထပ်တာပေါ့"

"ဟုတ်လား။ ပြီးတော့ကျတော့ အဲဒီကောင်မလေးက မောင့်ကို စာမေးပွဲကြေးကော ပေးနိုင်သလား"

ကျွန်တော် 'အချစ်' ကို ပွေးပြီးဖက်လိုက်တယ်။ ခါးကနေ သိုင်းမပြီး ပတ်ချာလှည့်ပစ်လိုက်တယ်။ 'အချစ်' က ကျွန်တော့်ကို ပြန်ဖက်ပြီး ကျွန်တော့် လည်ပင်းပေါ် ခေါင်းမှီနေတယ်။ ကျွန်တော်က ပြန်ခွာလိုက်ပေမဲ့ 'အချစ်' က မခွာတော့ဘူး။ ကျွန်တော့်ကို ဖက်ရက်မှီနေတယ်။ အို 'အချစ်' ရဲ့ တကိုယ်လုံး အေးစက်လို့ပါလား။ ချွေးစေးတွေလဲ ထွက်နေပါလား။

"'အချစ်' ဆေးတိုက်သွားရအောင်နော်"

'အချစ်'က ခေါင်းခါတယ်။ 'အချစ်'ကို မွေ့ယာပေါ် ပွေ့တင်ပြီး ကျွန်တော်ယပ်ခတ်ပေးလိုက်တယ်။ 'အချစ်' အိပ်ပျော်သွားပြီး။

ကျွန်တော့်စာမေးပွဲနောက်ဆုံးနေ့ ဖြေပြီးပြန်လာတဲ့ညနေခင်း။

နောက်ပြီးကျတော့ နောက်ဆုံး 'အချစ်ညနေခင်း'။

အရင်နေ့တွေကလို ကျွန်တော့်ကို 'အချစ်'လမ်းမှာ ထွက်ကြို မနေဘူး။ ကျွန်တော်စိတ်ပူပြီး အိမ်ဘက်ကို ပြေးလာခဲ့မိတယ်။ 'အချစ်' မူးပြီးတော့များ မောနေပြီလား။ ဒါပေမယ့် 'အချစ်'ကို ခြံအဝင်ပေါက်ဝမှာ ထိုင်ရက်တွေ့ရတယ်။ ငုတ်တုတ်ကလေးထိုင်နေတာ ငြိမ်လို့။ ကျွန်တော့် စိတ်ထဲ ဘယ်လိုကြီးမှန်း မသိဘူး။ ကျွန်တော်သူ့အနားမှာ ရပ်လိုက်တော့ မော့ပြီး ပြုံးရှာတယ်။ ဒါပေမယ့် အချစ်ရဲ့မျက်လုံးတွေ ဘာလို့စိုနေကြသလဲ။ 'အချစ်' ငိုနေသလား။ မဖြစ်နိုင်ဘူး။ 'အချစ်'ငိုတာ ကျွန်တော်တစ်ခါမှ မတွေ့ဘူးဘူး။

" 'အချစ်'ဘာဖြစ်လို့လဲ"

"ဆူးစူးခံရလို့"

ကျွန်တော် 'အချစ်'ရဲ့ဘေးမှာ ထိုင်ချလိုက်တယ်။ 'အချစ်'ရဲ့ ခြေသလုံးကလေးကို ယောင်ရမ်းပြီး ကိုင်မလိုက်တယ်။ 'အချစ်'က သူ့ခြေသလုံးကလေးပေါ်သွားတော့ ထမိကို ပြန်ဆွဲချပြီး ဖုံးလိုက်တယ်။

"ဘယ်နား စူးသွားသလဲ ဟင် 'အချစ်' "

"ခြေမ၊ ဒါပေမယ့် ဆူးတော့ထွက်သွားပါပြီ"

"နာနေသေးလား"



Generated by CamScanner from intsig.com

"နဲနဲကိုက်တယ်"

"လာ အိမ်ထဲသွားရအောင်"

လာလို့ခေါ်လိုက်ပေမယ့် ကျွန်တော် 'အချစ်'ကို ပွေ့ချီပြီးသား ဖြစ်နေပြီ။ 'အချစ်'က ရှက်နေသေးတယ်။ ဒါပေမယ့် ဘာမှ မပြောတော့ ဘူး။ သူ့ကို ကျွန်တော် ယုယချင်တိုင်း ယုယခွင့်ပေးလိုက်တယ်လို့ဘဲ ထင်မိတယ်။ ကျွန်တော်အံ့ကြိတ်လိုက်မိနေပါလား။

" 'အေး'ရဲ့ကိုယ်က ပေါ့ပေါ့လေးနော် မောင်"

ကျွန်တော်ဝမ်းနဲသွားတယ်။ 'အချစ်' ဘာကိုပြောချင်တယ်ဆိုတာ ကျွန်တော်သိပါတယ်။

"မပေါ့ပါဘူး၊ တော်တော်လေးတယ်။ သားသားလေးများ 'အချစ်' ရဲ့ ဗိုက်ထဲမှာ ရှိနေပြီလားမသိဘူး"

ကျွန်တော်စကားလမ်းကြောင်းကို ပြောင်းအောင် မနဲပြောနေရတယ်။ တကယ်တော့ 'အချစ်'ရဲ့ကိုယ်က ပေါ့ပေါ့ကလေးကျွန်တော့ဘယ်။

"သားသားလေးမရှိနိုင်ပါဘူးမောင်ရယ်၊ 'အေး'တို့ ဘာမှမှ မဖြစ် ကြဘဲနဲ့"

"ဟင့်အင်း 'အချစ်'က မောင့်ကိုချစ်တယ်၊ မောင်က 'အချစ်'ကို ချစ်တယ်။ အဲလိုဆိုရင် သားသားလေးက အလိုလိုဖြစ်လာနိုင်တာပဲ"

"အဲလိုသာဖြစ်မယ်ဆိုရင် ခုညနေပဲ မောင့်ဘို့ သားသားလေး မွေးပေးချင်လိုက်တာ"

'အချစ်'ရဲ့စကားတွေဟာ ရဲတင်းလာကြပြီ။ ကျွန်တော့်ကို သူ့အခြေ



Generated by CamScanner from intsig.com

အနေဖွင့်ပြောဖို့ ခင်းလာကြပြီ။ ကျွန်တော်မကြားချင်ဘူး။ သိနေပြီးသားပေ
မယ့် 'အချစ်' ဖွင့်ပြောလာမှာ ကြောက်နေတယ်။ ခုအထိ ကျွန်တော့်စိတ်ထဲ
မှာ ကျွန်တော်တို့လက်ထပ်ပြီးရင် 'အချစ်' ရောဂါပျောက်သွားမယ် ထင်နေ
တုန်းဘဲ၊ ဒေါက်တာတင်ကြီးရဲ့စကားကိုလဲ ခုထိ ကျွန်တော်မယုံချင်သေး
ဘူး။ ဒါကြောင့် 'အချစ်' ဖွင့်မပြောပါစေနဲ့။ 'အချစ်' ဖွင့်ပြောရင် ကျွန်တော်
ယုံမိလိမ့်မယ်။

အိမ်ပေါ်ရောက်တော့ 'အချစ်' ကို အိပ်ခန်းထဲပွေ့ခေါ်သွားတယ်။ ကုတင်ပေါ်မှာ သာသာကလေးချပြီး 'အချစ်' ရဲ့ခြေထောက်နားမှာ ကျွန်တော် မြန်မြန်သွားထိုင်လိုက်တယ်။ 'အချစ်' ကျွန်တော့်ကို စကားပြောမှာ ကျွန်တော်ကြောက်နေလို့။ 'အချစ်' ရဲ့ထမီကလေးကို အသာမပြီး 'အချစ်' ရဲ့ ခြေသလုံးကလေးကို ကျွန်တော့်လက်ပေါ် ပွေ့တင်လိုက်တယ်။ အို ခြေမမှာ သွေးတွေစိုလို့ပါလား။ သွေးတွေကို ကျွန်တော့်လက်ဖဝါးနဲ့ပွတ်ပြီး သုတ်လိုက်တယ်။

"'အချစ်' က သွေးတွေညှစ်ထုတ်လိုက်တာလား"

'အချစ်' က ခေါင်းခါတယ်။ မျက်လုံးကို သူ့ခြေထောက် မကြည့်မိအောင် တမင်လွှဲထားတယ်။

"သွေးတွေ သိပ်ထွက်နေသလားမောင်"

ကျွန်တော်ချက်ချင်းဖြေလိုက်ရတယ်။

"မထွက်ပါဘူး၊ မထွက်ပါဘူး"

"[illegible]" က ပြုံးတယ်။ သူသိပါတယ်ဆိုတဲ့အပြုံးလေး။

Generated by CamScanner from intsig.com

''သွေးတွေက ဘာအရောင်လဲမောင်''

''ဟင့်အင်း သွေးမထွက်တော့ပါဘူး''

''မညာပါနဲ့မောင်ရယ်၊ 'အေး' ကြောက်နေတာ မှတ်ပါဘူး။ သွေးတွေကို မကြည့်ချင်နေတာပါ''

ကျွန်တော်စကားကို ဘယ်လိုလွှဲရမှန်းမသိဘူး။ 'အချစ်'ကို ဘာမှ ပြန်မပြောဖြစ်အောင် 'အချစ်'ရဲ့ဆူးစူးထားတဲ့နေရာကလေးကိုဘဲ၊ ငုံ့ကြည့်နေမိတယ်။

''မောင် ဆူးစူးတဲ့နေရာက သွေးနဲ့နဲ့ညှစ်ထုတ်ပေးပါလား၊ ဆူးက အဆိပ်ရှိတယ်ထင်တယ်။ နဲနဲကိုက်တယ်''

ကျွန်တော် 'အချစ်'ရဲ့ခြေမကလေးကို ငုံထားလိုက်တယ်။

''အိုကွယ် 'အေး'ခြေထောက်မှာ သဲတွေနဲ့၊ နောက်ပီး 'အေး'ရဲ့ သွေးတွေ မောင့်ပါးစပ်ထဲ ဝင်ကုန်အုံးမယ်''

ကျွန်တော်ဘာမှပြန်မပြောဘဲ ငြိမ်ငြိမ်နေဆိုတဲ့သဘောမျိုး လက်ကာပြလိုက်တယ်။ သွေးနဲ့ပတ်သက်တဲ့စကား 'အချစ်'မပြောစေချင်ဘူး။ 'အချစ်'ကလဲ ဆူးစူးတာကို အရေးလုပ်ပြီး 'သွေး'စကားကိုဘဲ ပြောပြောနေတယ်။ တကယ်တော့ ဆူးစူးခံရတာဟာ ဒီညနေအဖို့ အခိကမှတ်ဖူးဆိုတာ ကျွန်တော်တို့နှစ်ယောက်စလုံး သိနေကြပြီဘဲ။

''မောင်''

ကျွန်တော့်ရင် ဒိတ်ကနဲခုန်ရပြန်ပြီ။ 'အချစ်'က ဘာတွေပြောအုံးမလို့လဲ။ ကျွန်တော်မထူးမိဘူး။ သူ့ခြေမကလေးကိုဘဲ ငုံ့ပြီးစုပ်ပေးနေ

ဦးအေး ရှုံ့မဲ့တော့ပါးကို အချစ်က ဆုပ်ကိုင်လိုက်တယ်။

"မောင်က 'အေး'ကို သိပ်ယုယတယ်ကွယ်။ 'အေး' စိတ်မကောင်းပါဘူး"

"အချစ်"ရဲ့အသံက မောသံပါလာပြီ။

"အချစ် မောလာအုံးမယ်ကွယ်၊ သိပ်စကားမပြောနဲ့"

" 'အေး'ကို မချုပ်ချယ်ပါနဲ့တော့ကွယ်"

"အို၊ ဟုတ်တယ် ဟုတ်တယ်၊ ပြော ပြော၊ 'အချစ်'ပြောချင်ပြောလေ မောင်နားထောင်မှာပေါ့"

" 'အေး'ကဗျာကလေးတစ်ပုဒ်ကို သတိရလို့ပါ။

'မမြင်ဘူးတော့ မှူးမြစ်ထင်သည်

မကြင်ဘူးကော့ ဆူး'အချစ်'ထင်သည်'တဲ့။

မောင်လဲ 'အေး'ကိုချစ်ရတာ ဆူးအစူးခံရသလိုနေမှာဘဲနော် ဆူးအစူးခံရတာ ဖျက်တက် ဖျက်တက်နဲ့ အနေရသိပ်ခက်တာမောင်ရဲ့"

ရင်ထဲမှာ အောင့်သွားတယ်။ ဟုတ်သားဘဲ 'အချစ်'ကို ချစ်ရတာ ကျွန်တော့်နှလုံးသားထဲ 'အချစ်'ဆူးစူးခံရတာနဲ့ ဘာထူးလို့လဲ။ ဒါပေမယ့် 'အချစ်'ထင်သလို ဖျက်တက်ဖျက်တက်နေတဲ့ ဝေဒနာတော့ မခံစားရဘူး။ တစ်စ တစ်စ တုန်နေအောင်ချစ်လာတဲ့ဝေဒနာ။ ဒါပေမယ့် 'အချစ်'ကိုတော့ ဘာမှ ရှင်းမပြတော့ဘူး။

"မောင်"

ဟော ခေါ်ပြန်ပြီ။



Generated by CamScanner from intsig.com

''မောင့်မှာ ဝိုက်ဆံ ဘယ်လောက်ကျန်သေးလဲ''

''ဘာစားချင်လို့လဲ 'အချစ်' ဘာဝယ်ပေးရမလဲ''

''ဆေးရုံသွားချင်လို့''

ကျွန်တော့်ဦးနှောက်တွေ တွန်းကန်ပြီး ကျွန်တော့်ခေါင်းဟာ အစိပ်စိပ်ကွဲသွားသလားလို့ ထင်ရတယ်။ ကျွန်တော့်အသဲနှလုံးတွေ ရင်ညွန့်သိမှာ တွယ်ကပ်မနေတော့ဘဲ ပြုတ်ကျကုန်သလိုဘဲ။ ကျွန်တော့် တစ်ကိုယ်လုံး ဆတ်ကနဲတုန်သွားတယ်။ 'အချစ်'ကို ကျွန်တော် ငေးကြောင်ကြည့်နေမိတယ်။

''တက္ကစီ ငှားပါလားကွယ်''

ကျွန်တော်ချက်ချင်း လမ်းထိပ်ပြေးထွက်လာခဲ့တယ်။ တွေ့သမျှကားတွေကို ကျွန်တော် လှမ်းတားမိနေသလားမသိဘူး။ ကျွန်တော်တို့ချင်း ဖွင့်မပြောခဲ့ကြပေမယ့် စု ဘယ်လောက်အရေးကြီးနေပြီဆိုတာ သိနေတယ်။ ကိုယ်ပိုင်ကားတစ်စင်းငှားရတယ်။ ကားမောင်းတဲ့လူကို ဘာမှမပြောတော့ဘဲ ကားပေါ်တက်ထိုင်ပြီး အိမ်ဘက်ကို မောင်းနိုင်းလိုက်တယ်။

'' 'အချစ်'က ဆေးရုံကြီးကို မောင်းနိုင်းတယ်။ ကျွန်တော်က ကျောက်မြောင်းက ဒေါက်တာတင်ကြီးအိမ်ကို အရင်မောင်းနိုင်းတယ်။ ဒရိုင်ဘာကို ကျွန်တော်လမ်းညွှန်နေတာကြည့်ပြီး 'အချစ်'က ကျွန်တော့်ရင်ခွင်ထဲကနေ မော့ပြီးပြုံးကြည့်နေတယ်။ ခုအချိန်မှာ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ဘာမှ ရှင်းပြနေစရာမလိုတော့ဘူး ထင်တယ်။

ဒေါက်တာတင်ကြီးက ဆေးရုံကြီးမှာမတင်ဘဲ 'ရွှေမိုးဆောင်'

ဆေးခန်းကို ပို့ရင်ကောင်းမယ်လို့ ပြောတယ်။ ကျွန်တော်အားတက်သွားတယ်။ ပိုကောင်းမယ်တဲ့ ဘာလို့လဲ။

"ကျွန်တော်လဲ လာကြည့်လို့လွယ်တယ်၊ ဂကျွန်တော့်သူငယ်ချင်း ဆရာဝန်တွေလဲများတယ်။ သူ့အနားမှာလဲ တစ်ချိန်လုံး ခင်ဗျား စောင့်ကြည့်နေလို့ရတယ်။ သီးသန့်အခန်းရှိတော့ ခင်ဗျားတို့ချင်း ပြောချင်တာလဲ ပြောလို့ရတာပေါ့ဗျာ"

ကျွန်တော့်ကို တိုးတိုးကလေးကပ်ပြီး ဒေါက်တာဟင်ကြီးက ပြောတယ်။ ကျွန်တော်ယောင်ချာချာဖြစ်နေပြီ။ ကျွန်တော်ဘာလုပ်ရမလဲ။ ကျွန်တော်ဘာလုပ်ရမလဲ။

ဒေါက်တာတင်ကြီးက "ရွှေမိုးဆောင်း"ဆေးခန်းမှာ လိုက်အပ်ပေးတယ်။

"အကောင်းဆုံးအခန်း လုပ်ပေးပါဗျာ။ လိုအပ်တာ အကုန်ပြောပါ။ ငွေဘယ်လောက်ကုန်ကုန်ပါ"

ကျွန်တော်တွေ့တဲ့လူတွေကို လျှောက်ပြောနေမိတယ်။ ဆရာဝန်တွေကတော့ ဘာမှပြန်မပြောဘူး။ သူတို့ လုပ်စရာရှိတာတွေ လုပ်နေကြတယ် "အချစ်"ကတော့ ကျွန်တော့်ရင်ခွင်ထဲမှာ ပြုံးလို့။ "အချစ်"အတွက် အခန်းရပြီးပေမယ့် ကျွန်တော် "အချစ်"ကို ပွေ့ထားတုန်းဘဲ။

"မောင် စိတ်တွေ သိပ်မပူနဲ့လေ၊ လုပ်စရာရှိတာ လုပ်အုံးမှပေါ့"

ကျွန်တော်"အချစ်"ရဲ့နဖူးကလေးကို အကြာကြီးနမ်းပြီး ငိုးထား... ကားနဲ့ ပြန်ထွက်လာခဲ့တယ်။ ပထမဆုံး ကျွန်တော်သတိရနေကျ ပေ...



Generated by CamScanner from intsig.com

အိမ်ကို မောင်းနိုင်းလိုက်တယ်။

ကျွန်တော့်ကိုတွေ့လိုက်တော့ ဖေဖေ့မျက်နှာက အံ့သြဝမ်းသာသွားသလိုဘဲ။ ကျွန်တော့်ဆီပြေးလာပြီး ပုခုန်းကို ကိုင်လိုက်တယ်။

"သား"

ကျွန်တော်ပြန်မထူးဘူး။

"နေကောင်းတယ်နော် သား"

ကျွန်တော်ခေါင်းငြိမ့်ပြတယ်။

"မိန်းကလေးကော"

ကျွန်တော်ခေါင်းဘဲ ငြိမ့်ပြတယ်။

"သား ဖေဖေ့ကို တစ်ခုခုပြောအုံးလေ"

"ကျွန်တော့်ကို ငွေငါးထောင်လောက် ချေးပါဖေဖေ"

"ဘာလုပ်ဖို့လဲ သား"

"ကျွန်တော့်ကိုယ်ရေးကိုယ်တာအတွက်ပါ"

"မင်း မိန်းကလေးကို ကွာရှင်းတော့မလို့လား"

"ကျွန်တော်ခေါင်းဘဲ ငြိမ့်ပြလိုက်တယ်"

"စဉ်းစဉ်းစားစားတော့ လုပ်ပါသားရယ်။ ဒါပေမယ့် ဖေဖေ မင်းလိုတဲ့ငွေ ပေးလိုက်မယ် ဟုတ်လား"

ကျွန်တော်ခေါင်းငြိမ့်ပြလိုက်တယ်။

❊ ❊ ❊

Generated by CamScanner from intsig.com

# ၁၈။

'အချစ်'ရဲ့ အခန်းဝကနေ ဒေါက်တာတင်ကြီးက ဆီးပြီးပြောတယ်။

''သွေးဖြူဥတွေ အလွန်များနေပြီဗျာ၊ တားထားနိုင်တဲ့ဆေးတော့ ရှိတယ်။ သူက လက်မခံဘူး။ ခင်ဗျားပြောကြည့်ပါအုံး''

သူတို့က 'အချစ်'အကြောင်း ဘယ်လောက်သိကြလို့လဲ။ 'အချစ်'ကို ကျွန်တော်ပြောလို့ကော ရမယ်ထင်သလား။

''သူ ကြိုက်တာလုပ်ပေးပါ ဒေါက်တာ''

ဒေါက်တာတင်ကြီး အံ့သြပြီးကျန်ခဲ့တယ်။ ကျွန်တော်အခန်းထဲ ပြန်ဝင်လာတယ်။

'အချစ်'က ပြုံးနေတုန်းပဲ။

''မောင် မောနေပြီလား''

ဒါပေမယ့် 'အချစ်'ရဲ့အသံက မောသံပါနေတယ်။

'' 'အေး'ကို တစ်ခု ကူညီပါလား''

ကျွန်တော်ခေါင်းငြိမ့်တယ်။

''ကားရှိသေးလား''

ကျွန်တော်ခေါင်းငြိမ့်တယ်။

'' 'အေး'ရဲ့အဆောင်ကိုပြန်ပြီး ဒိုင်ယာရီစာအုပ် သွားယူပေးပါလား''

ကျွန်တော်ခေါင်းငြိမ့်တယ်။

''အဲဒီဒိုင်ယာရီထဲမှာ 'ချစ်ဖေ'ရဲ့ လိပ်စာရှိတယ်။ သံကြိုးရိုက်ပေးပါ''

ကျွန်တော်ခေါင်းငြိမ့်တယ်။

''လက်ထပ်စာချုပ်တစ်ခုလဲ ဝင်ဝယ်ခဲ့''

ကျွန်တော်ခေါင်းငြိမ့်တယ်။

''ပြီးတော့ကျတော့ ကက်ဆက်တစ်ခုရှာပေးကွယ်။ မင်းမင်းလတ်သီချင်းတွေ နားထောင်ချင်လို့''

ကျွန်တော်ခေါင်းငြိမ့်တယ်။

ကျွန်တော့်တစ်ကိုယ်လုံး လှုပ်ရှားနိုင်တာဆိုလို့ ခေါင်းပဲရှိတော့တယ်။ ကျွန်တော့်ဦးနှောက်ကလဲ ခေါင်းငြိမ့်ဖို့ တစ်ခုတည်းဘဲ အလုပ်လုပ်တော့တယ်။ ကျွန်တော်ဒီ့ပြင် ဘာများလုပ်နိုင်အုံးမှာလဲ။

"မောင် သွားတော့လေ၊ မြန်မြန်လဲ ပြန်ခဲ့နော်၊ 'အေး' စောင့်နေမယ်"

ကျွန်တော် တော်တော်နဲ့ 'အချစ်'ဆီက မျက်လုံးခွာလို့မရဘူး။ ကျွန်တော်အပြင်သွားနေတုန်း 'အချစ်'တစ်ခုခုဖြစ်သွားမှာ ကျွန်တော်စိုးရိမ်နေတယ်။ ကျွန်တော်မသိတဲ့ ဆရာဝန်မတစ်ယောက်နဲ့ နတ်(စ်)မလေးနှစ်ယောက်ဝင်လာတယ်။ သူတို့လက်ထဲမှာ ဖန်ဘူးတွေ ပလပ်စတစ်ပိုက်တွေနဲ့ ရှုပ်ပွနေတာဘဲ။ အဲဒါတွေကိုကြည့်ရတာ ကျွန်တော်စိတ်မချမ်းသာဘူး။

'အချစ်'နားမှာ ဆရာဝန်မနဲ့ နတ်(စ်)မတွေ အလုပ်ရှုပ်နေကြတာကို ကျွန်တော်ငေးကြည့်နေမိတယ်။ 'အချစ်'ကတော့ သူတို့ကို လုံးဝ ဂရုမစိုက်ဘူး။ အလုပ်ရှုပ်နေတဲ့လက်တွေကြားထဲမှာ 'အချစ်'ရဲ့ မျက်နှာကလေးဟာ ကျွန်တော်မြင်ဘူးသမျှထဲ သနားစရာအကောင်းဆုံးဘဲ။ ကျွန်တော်အံကြိတ်နေရတယ်။ ကျွန်တော်ကတော့လေ ဝမ်းနဲတဲ့အခါ အံဘဲကြိတ်ရုံကြိတ်တတ်တာဘဲ။ ကျွန်တော်ငိုလို့မှ မရဘဲနဲ့။

ကျွန်တော်အခန်းထဲက မြန်မြန်လှဲ့ထွက်ခဲ့ရတယ်။ 'အချစ်' လိုချင်တာကလေးတွေ သွားယူပေးရအုံးမယ် မှတ်လား။ ကျွန်တော်အခန်းဝရောက်မှ ဘာလို့မှန်းမသိဘူး 'အချစ်'ကို လှဲ့ကြည့်ချင်မိတယ်။

"ဒီမယ်ရှင်"

ကျွန်တော်လှဲ့ကြည့်လိုက်တယ်။

"ရှင့်ကိုခေါ်နေတယ်"

နတ်(စ်)မ တစ်ယောက်က ပြောတယ်။ ဟုတ်သားဘဲ 'အချစ်'က



Generated by CamScanner from intsig.com

ကျွန်တော့်ကိုလက်ယပ်ခေါ်နေပါလား။ ဒါပေမယ့် 'အချစ်'ရဲ့လက်ကလေး က ပျော့ဖတ်ဖတ်နဲ့။ လှုပ်တယ်ဆိုရုံကလေး။ 'အချစ်'အားတော်တော် နဲ့နေပြီနဲ့ တူတယ်။ ကျွန်တော်ကုတင်နားကို ပြေးသွားတယ်။ 'အချစ်' တစ်ကိုယ်လုံး ဘာကိရိယာတွေမှန်းမသိဘူး။ ရှုပ်ပွနေတာဘဲ။ ဆရာဝန်မက 'အချစ်'ရဲ့လက်ကိုကိုင်ပြီး သွေးစမ်းတယ်။ မှတ်ချက်ရေးပြီးတော့ သူတို့ အပြင်ကို မြန်မြန်ပြန်ထွက်သွားကြတယ်။ ဟော အရေးကြီးပြီနဲ့တူတယ်။ နတ်(စ်)မ တစ်ယောက် 'အချစ်'နားမှာ ရပ်ပြီးကျန်ခဲ့တယ်။ 'အချစ်'ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေတယ်။ 'အချစ်'က အဲဒီနတ်(စ်)မလေး ကို အပြင်ထွက်ပေးဖို့ လက်ဟန်နဲ့ပြတယ်။ နတ်(စ်)မလေးက မသွားချင် သွားချင်နဲ့ ထွက်သွားတယ်။ 'အချစ်'က စကားပြောတယ်။ ဒါပေမယ့် ဘာသံမှ မထွက်ဘူး။ ကျွန်တော့်နားကို 'အချစ်'ရဲ့ပါးစပ်နား ကပ်ထား လိုက်တယ်။

"'အေး' စောင့်နေချိန်မရတော့ဘူး"

ကျွန်တော်ဘာမှ ပြန်မပြောတော့ဘူး။

"'အေး'ရဲ့ရောဂါအကြောင်းတွေ'မောင့်ကိုဖွင့်မပြောခဲ့ဘာ စိတ်ဆိုး လား"

ကျွန်တော် ခေါင်းခါပြတယ်။

"'အေး' မောင့်ကိုချစ်လို့ပါ။ သိတယ်မှတ်လား"

သိတယ်မှတ်လားတဲ့။ 'အချစ်'က သိတယ်မှတ်လားတဲ့။ သိဘူး ဆိုပြီး 'အချစ်'ကို ကျွန်တော်နောက်ရမယ့်အချိန် မဟုတ်တော့ဘူး။ 'အချစ်'


Generated by CamScanner from intsig.com

ရဲ့ အသက်ရှုသံက ပြင်းပေမဲ့ ထွက်သက်လေက အားပျော့နေပြီမှတ်လား။

''မောင်'အချစ်'အကြောင်း သိတယ်မှတ်လား။ 'အေးကို ပြောပြပါ လားကွယ်''

'အချစ်'က ကျွန်တော့်ထက်တော်တယ်။ မင်းမင်းလတ်ကို ကြိုက်တယ်။ အဝတ်စနဲ့ အရုပ်ကလေးတွေ ချုပ်တတ်တယ်။ ပြီးတော့ကျတော့ 'အချစ်'က လှတယ်လို့ ကျွန်တော်ပြောရမယ်လား။ ကျွန်တော်ဘယ်လို ပြောရမှာလဲ။ တလှိုက်လှိုက်နဲ့ တစ်ဆို့ဆို့ကြီးဖြစ်နေတယ်။ တစ်ခုခုပြောရရင် ငိုသံပါသွားလိမ့်မယ်။

''စိတ်ကို တင်းမှပေါ့ကွယ်။ ပြီးကျတော့ 'အေး'တို့ လက်ထပ်ရတော့မှာဘဲဟာ၊ မောင်ပျော်တယ်မှတ်လား''

ကျွန်တော်ခေါင်းငြိမ့်ပြတယ်။

'' 'ချစ်ပေ'ကိုမစောင့်နိုင်တော့တာတော့ 'အေး'ဝမ်းနဲတယ်ကွယ်''

'အချစ်'က ရှိုက်လိုက်သလား။ ကျွန်တော်ရှိုက်သံတစ်ချက် ကြားလိုက်သလိုဘဲ။ 'အချစ်'မငိုပါစေနဲ့။

''ဒါပေမယ့်လေ 'ချစ်ပေ'က သဘောတူမှာပါ''

'အချစ်'ရဲ့ရင်ထဲမှာ စကားတွေ ပြောစရာအများကြီး ရှိနေတယ်ဆိုတာ ကျွန်တော်သိနေတယ်။ ဒါပေမယ့် စကားတစ်လုံးအတွက် 'အချစ်'မှာ 'အမောအမော'။ ကျွန်တော့်မှာလဲ စကားမပြောပေမယ့် အမောပေါင်းတစ်ကုဋေ။

''မောင် လက်ထပ်တယ်ဆိုတာ သိရဲ့လား''



Generated by CamScanner from intsig.com

ကျွန်တော်ခေါင်းခါပြလိုက်တယ်။ 'အချစ်'က ပြုံးတယ်။

''လက်ထပ်တယ်ဆိုတာ လက်ကလေးနှစ်ဖက် ထပ်တာပေါ့''

ကျွန်တော်ခေါင်းငြိမ့်ပြလိုက်တယ်။ 'အချစ်'က ပြုံးတယ်။

'' 'အေး'တို့ စုလက်ထပ်ကြရအောင်''

'အချစ်'က ကျွန်တော့်လက်ကို ကိုင်လိုက်တယ်။ လက်ထပ်တဲ့အနေအထားမျိုးဖြစ်အောင် ကျွန်တော့်လက်ကိုပြင်ပေးတယ်။ ဒါပေမယ့် 'အချစ်'မှာ အားမှမရှိဘဲ။ ကျွန်တော်က အလိုက်သင့်လုပ်ပေးရတယ်။

'' 'အေး' မောင့်မယားဖြစ်ပြီ၊ 'အေး'ကိုနမ်း''

ကျွန်တော်'အချစ်'ရဲ့ပါးကို နမ်းတယ်။

''နဖူး''

ကျွန်တော် 'အချစ်'ရဲ့နဖူးကိုနမ်းတယ်။

''နှာခေါင်း''

ကျွန်တော်နမ်းတယ်။

''မျက်စိ''

ကျွန်တော်နမ်းတယ်။

''ပါးစပ်''

ကျွန်တော်နမ်းတယ်။

''လည်ပင်း''

ကျွန်တော်နမ်းတယ်။

''ပြီးကျတော့ မေးရိုး မေးရိုး''



Generated by CamScanner from intsig.com

"အချစ်"က အသက်ဝအောင်ရှူပြီး အားယူလိုက်တယ်။ ကျွန်တော် သူ့မေးစေ့ကိုနမ်းဖို့ မော့ပေးတယ်။ "အချစ်"ရဲ့မေးစေ့ကို ကျွန်တော့်နှုတ်ခမ်းနဲ့ ဖိထားလိုက်တယ်။ အကြာကြီး အကြာကြီး။

"အချစ်"ရဲ့နှုတ်ခမ်း လှုပ်သွားပါသလား။

"အချစ်"စကားတစ်ခုခု ပြောလိုက်ပါသလား။

"အချစ်"ရဲ့စကားသံကို မပီကလာ ကြားလိုက်သလိုဘဲ။ ဘာပြောတယ်ဆိုတာ ကျွန်တော်သိချင်လိုက်တာ။ ပြန်ပြောပါအုံး "အချစ်"ရယ်။ အဲဒီစကားကို မကြားလိုက်ရရင် မောင့်တစ်သက်လုံး အိပ်မက်ဆိုး အမက်ခံထိရတော့မှာဘဲ။ ဘာလို့ဆို မောင်မကြားလိုက်ရတဲ့ အဲဒီစကားက "အချစ်"ရဲ့နောက်ဆုံးစကားလေ။

ကျွန်တော် "အချစ်"ရဲ့မျက်နှာကို ငေးကြည့်နေမိတယ်။ အသံတစ်သံ ကြားလိုက်တယ်။ ဘုရား ဘုရား။ "အချစ်"ရဲ့အသံဖြစ်ပါစေ။ ဒါပေမယ့် "အချစ်"ရဲ့ "အချစ်သံ"မှုတ်ဖူး။ မိုးကြိုးသံ။ ဟုတ်တယ် ဟုတ်တယ် မိုးကြိုးသံ။

"သား"

"အချစ်"ရဲ့မျက်စိနားမှာ မျက်ရည်စတွေ ဟုတ်တယ် ဟုတ်တယ်၊ ငို...ငို "အချစ်"ငိုလေ။

"မေမေ့သူငယ်ချင်းဆရာဝန်တစ်ယောက်က မင်းကို ဒီဆေးရုံပေါ်မှာ တွေ့တယ်ဆိုလို့ မေမေလိုက်လာတာပါ"

"အချစ်"ရဲ့မျက်တောင်ကလေး လှုပ်သွားပါသလား။ လေတိုက်လို့



Generated by CamScanner from intsig.com

လှုပ်တာ မဖြစ်ပါစေနဲ့။

"ဖေဖေ့ကို ကြိုပြောဖို့ကောင်းတယ်ကွာ"

'အချစ်'က ပြုံးနေပါသလား။ 'အချစ်'အိပ်ပျော်နေတာဖြစ်ပါစေ။

"ဖေဖေတောင်းပန်ပါတယ် သားရယ်"

'အချစ်' ဟော့ 'အချစ်' ပြောလိုက်စမ်း၊ ပြောလိုက်စမ်း။ တစ်ခါက မောင့်ကို ပြောသလို ထပြောလိုက်စမ်း။ ('အချစ်'အတွက် စိတ်ကောက်ကြတဲ့အခါ တောင်းပန်လို့မှရဘူး)လို့ ပြောလိုက်လေ 'အချစ်'ရဲ့။ ပြောလိုက်လေ။ မောင်ဘာမှ ပြောလို့မရတော့လို့ပါ 'အချစ်'ရယ်။ မောင့်ကိုယ်စား 'အချစ်' စကားထပြောလိုက်စမ်းပါ။ 'အချစ်'။ ဟော့ 'အချစ်' ဆိုတဲ့ကောင်မလေး။

ဖေဖေက ကျွန်တော့်ပုခုံးကို လာဖက်တယ်။ ကျွန်တော်ဘာလုပ်ရမှာလဲ။ ကျွန်တော်ဘာကိုမှာမှ မသိတော့ဘဲ။

"သူ ဘယ်အချိန်ကဆုံးသလဲ"

ဖေဖေ့ကို ကျွန်တော်လှည့်ကြည့်လိုက်တယ်။ 'အချစ်'ဟာ လက်ထပ်ပြီးပြီးချင်း ဆုံးသွားပါသလား။ ကျွန်တော်တစ်ခါမှ မမြင်ဘူးတဲ့ အကြည့်နဲ့ ဖေဖေကကြည့်နေတယ်။ ကျွန်တော့်အသဲနှလုံးကလဲ တစ်ခါမှ မခုန်ဘူးတဲ့နှုန်းနဲ့ ခုန်နေတယ်။ ကျွန်တော့်ရင်ထဲမှာ တလှုပ်လှုပ်နဲ့။

မေမေ့ရှေ့မှာ မလုပ်ဖူးတဲ့အလုပ်တစ်ခု ကျွန်တော်လုပ်လိုက်တယ်။ ဟုတ်တယ်၊ ဟုတ်တယ်။ မေမေ့ရင်ခွင်ထဲမှာ တစ်ခါမှ မလုပ်ဘူးတဲ့ အလုပ်လေ၊ သိတယ်မှတ်လား။

ကျွန်တော် ငိုတယ်။

❋ ❋ ❋

သုမောင်

(၃၀-၁၀-၇၄)

ERICH SEGAL ၏ LOVE STORYကို အနည်းငယ်မျှ မှီးပါသည်။




Generated by CamScanner from intsig.com